မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုလ္လာလာဘိဝံသ
ဟောကြားရေးသားစီရင်အပ်သော

သီကောင်းစရာ

ဝိပဿနာ

ဒွါဒသမတွဲ

သာသနာ	မြန်မာနှစ်	ခရစ်နှစ်
၂၅၄၈	၁၃၆၆	၂၀၀၄

(၂၁) ဦးဇ ● ပထဝီကိစ ● ပါဒေးဘုယာ ● ကျောင်းတိုက်ကြီး



ဤစာအုပ်မှာ သိကောင်းစရာဆောင်ပုဒ်များ

- ယုံကြည်ကိုယ်ကျင့်၊ ပေးကမ်းနှင့်၊ ညီသင့်ဉာဏ်ပညာ။
  အိမ်ထောင်ရှင်များ၊ ဤလေးပါး၊ တူငြားစိတ်ချမ်းသာ။
  နောက်နောင်ဘဝ၊ တွေ့ဆုံကြ၊ ရောက်ရနတ်ပြည်ရှာ။

- အလုပ်မှန်ကန်၊ ညီညွတ်ပြန်၊ အမှန်တိုးတက်ကြောင်း။

- ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊ ကျိုးရှိရာကျင့်၊
  ကိုယ်နှင့်တူထား၊ ဤလေးပါး၊ ပြုငြားချီးမြှောက်မည်။

- ပတ္တိ,ပတ္တာ၊ ဒါနမှာ၊ သွင်းကာယူရသည်။
  ပစာ,ဝေယျာ၊ သီလမှာ၊ သွင်းကာယူရသည်။
  နာ,ဟော,ဖြောင့်စွာ၊ ဘာဝနာ၊ သွင်းကာယူရသည်။

- ဒါနကောင်းမှု၊ ကိုယ်တိုင်ပြုငြား၊ သူများပြုစေ၊
  ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊ ဒါနလေးမျိုးဖြစ်သတည်း။

- တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။
  ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်နန်း၊ လှူဒါန်းသောက်ရေကန်။
  ကျောင်းလှူတစ်ဝ၊ နိဗ္ဗာ၊ ပုညရှိသူမှန်။
  သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြန်။ (စည်)

မဟာစည်နာယက

အဂ္ဂမဟာဂဏမုဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုလ္လာလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

သိကောင်းစရာ

ဓမ္မပဒေသာ

ဒွါဒသမတွဲ



သာသနာ	မြန်မာနှစ်	ခရစ်နှစ်
၂၅၄၈	၁၃၆၆	၂၀၀၄

စာမူခွင့်ပြုချက်အမှတ်
၁၉၉/၂၀၀၄ (၃)

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ
၂၀၀၀

ထုတ်ဝေခြင်း
၂၀၀၄-ခု၊ စက်တင်ဘာလ

တန်ဖိုး
( )

မျက်နှာဖုံး
YNT

ပုံနှိပ်-ထုတ်ဝေ
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ်(၇)၊
သဒ္ဓမ္မရံသီရိပ်သာ၊ သဒ္ဓမ္မရံသီစာပေ၊
ဒု-ဗိုလ်မှူးကြီးတင်အောင်(လေ)(အငြိမ်းစား)၊ (၀၃၃၆၆)က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁-လမ်း၊ အမှတ် ၁၈၉၊
စွယ်တော်စာပုံနှိပ်တိုက်က ပုံနှိပ်သည်။



သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	
၁။	စက်ဘီး တရားစခန်းသိမ်းမှ မေးပါ သိကောင်းစရာ	၁
၂။	ဖရင့်ဗင်ဒါ မေးပါ သိကောင်းစရာ	၅
၃။	မလေးရှားမှ အလှူရှင်တစ်ဦးက မေးရာ ဖြေပေးပါ	၁၁
၄။	ဝိပဿနာ ဘာကြောင့် အားထုတ်ရပါသနည်း	၁၅
၅။	စက်ဘီးတရားစခန်းမှ မေးရာ ဖြေပေးပါ	၂၁
၆။	သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ သြဝါဒကထာ	၂၇
၇။	သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ၁၃၆၂-ခုနှစ် သြဝါဒကထာ	၂၉
၈။	နံနက်ခင်း သြဝါဒ	၃၅
၉။	အစဉ်အလာကောင်းကာ တိုးတက်လာ ရှေဟသ်ာ	၄၁
၁၀။	ပုညဘုရား ၁၀-ပါးမှ အကျယ် ၄၀-ပွားလာ သိကောင်းစရာ	၅၁
၁၁။	ဒါန ၁-ပါးမှ အကျယ် ၄-ပါးပွားလာ သိကောင်းစရာ	၅၇
၁၂။	ရှမ့တ်ချက်တိုင်းမှာ ကွန်ရှေ(၅)ပါး ဝင်၍ပါ	၆၃
၁၃။	နီပေါဒကာများမေးကြ ဖြေပေးရ	၆၉
၁၄။	နီပေါနိုင်ငံမှာ ပါသာဒသိမ် သမုတ်ပါ သိကောင်းစရာ	၇၅
၁၅။	ရဟန်းခံပွဲမှာ ဟောကြားခဲ့ရာ သိကောင်းစရာ	၈၁
၁၆။	ကဉ္ဇမလ္လာမှာ ကထိန်အနုမောဒနာ	၈၇

၁၇။ ရဟန်း သာမဏေတို့ သိကောင်းစရာ ဩဝါဒကထာ ၁၀၁
၁၈။ ကိုတာကိနာဘာလူး တရားစခန်းမှမေးရာ ဖြေပေးပါ ၁၀၇
၁၉။ မလေးရှားနိုင်ငံ တရားစခန်းမှ ယောဂီများကမေးရာ ဖြေပေးပါ ၁၁၅
၂၀။ အထွေထွေအမှတ်ဖြင့် တရားရပါ သိကောင်းစရာ ၁၂၃
၂၁။ သီလနှင့်စပ်ကာ ကုသိုလ်(၄)မျိုး ရှိပါ ၁၃၃
၂၂။ ဘာဝနာနှင့်စပ်ကာ ကုသိုလ်(၄)မျိုး ရှိပါ ၁၃၉
၂၃။ အပစာယန ဝေယျာဝစ္စတို့နှင့်စပ်ကာ ကုသိုလ်(၄)မျိုးစီ ရှိပါ ၁၄၇
၂၄။ ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်ကာ ကုသိုလ်(၄)မျိုးစီ ရှိပါ ၁၅၃
၂၅။ ဓမ္မသဝနနှင့်စပ်ကာ ကုသိုလ်(၄)မျိုး ရှိပါ ၁၅၉
၂၆။ ဓမ္မဒေသနာနှင့်စပ်ကာ ကုသိုလ်(၄)မျိုး ရှိပါ ၁၆၅
၂၇။ ဒိဋ္ဌုဇုကမ္မနှင့်စပ်ကာ ကုသိုလ်(၄)မျိုး ရှိပါ ၁၇၀
၂၈။ အချိန်အားလျော်စွာ အားထုတ်ပါက တရားရ ၁၇၇
၂၉။ စကားပြောတိုင်း ကုသိုလ်ရပါ သိကောင်းစရာ ၁၈၃
၃၀။ အလုပ်မှန်ကန် ညီညွတ်ရန် ဩဝါဒကထာ ၁၈၉
၃၁။ ၁၃၆၁-ခု၊ ဝါခေါင်လဆုတ် ၄-ရက်၊ နံနက်ခင်းဩဝါဒ ၁၉၅
၃၂။ ရေစက်ဆုံနှင့် ပဋ္ဌာန်းဆက်ဖြစ်ပုံ မေးပါ သိကောင်းစရာ ၂၀၇
၃၃။ ဩဝါဒတောင်းလာ သိကောင်းစရာ ၂၁၃
၃၄။ ကံပြုလုပ်သည့် ကိစ္စ ၄-ဖြာ သိကောင်းစရာ ၂၂၁
၃၅။ ကုသိုလ်ကံ ၄-မျိုး အကျိုးပေးထူးပါ သိကောင်းစရာ ၂၂၇
၃၆။ အကျိုးပေးရာကာလ ကွဲပြားပါ သိကောင်းစရာ ၂၃၃
၃၇။ ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပါ သိကောင်းစရာ ၂၃၉
၃၈။ ပဋိပတ္တိသာသနာ ဆောင်ရွက်ကြရာ သိကောင်းစရာ ၂၄၅

နိဒါန်း

ရှေးဘုန်းရှေးကံ ကြီးမားသူတို့အတွက် ကပ္ပရက္ခ ဟုခေါ်သော အလိုရှိတိုင်း ခူးဆွတ် သုံးစွဲနိုင်သည့် ပဒေသာပင်များသည် မြေမှ အလိုအလျောက် ပေါ်ပေါက်တတ်ပါသည်။

ထိုအတူ သာသနာတော်နှင့် ကြုံကြိုက်ခွင့် ရနေကြသော ပါရမီရှိသူတို့အတွက်လည်း အနှစ်သာရ ဓမ္မပဒေသာပင်များသည် ဘုရားရှင်၏ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မကွဲ နှာ ရှစ်သောင်းလေးထောင်တို့မှ ပေါ်ပေါက်မြဲ ဖြစ်ပါသည်။

သို့သော် ကိစ္စများမြောင် လူတို့ဘောင်ဝယ် ဓမ္မပဒေသာပင်ကို ရယူနိုင်ဖို့ ခဲယဉ်းလှ၏။ တရားအနှစ်သာရများကို လေ့လာသင်ယူနိုင်ဖို့ ခက်ခဲလှ၏။ သဒ္ဓမ္မရံသီရိပ်သာဆရာတော် က ပါဠိတော် အဋ္ဌကထာဋီကာများမှ မှတ်သားဖွယ်ရာများကို ရှာဖွေထုတ်နှတ်၍ "သိကောင်းစရာ ဓမ္မပဒေသာ"များ အဖြစ် လူ့ဘောင်လူ့လောက ပုဂ္ဂိုလ်များအတွက် ဟောကြားရေးသားလာခဲ့ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်သည် မြတ်မင်္ဂလာ၊ မြစ်မခ စသော ဘာသာရေးမဂ္ဂဇင်းများတွင်လည်း ဓမ္မပဒေသာဆောင်းပါးများကို လစဉ် ရေးသားချီးမြှင့်ကာ ဓမ္မလက်ဆောင်ပေးလျက်ရှိပါသည်။

ထိုဆောင်းပါးများကို စုစည်းကာ "သိကောင်းစရာဓမ္မပဒေသာ" စာစုတွဲများအဖြစ် ပြုစုလာခဲ့ရာ ယခုအခါ ဒွါဒသမတွဲအဖြစ် ရောက်ခဲ့ပါပြီ။

ဓမ္မပဒေသာ	ပထမတွဲတွင်	ဆောင်းပါးပေါင်း	၃၉ ပုဒ်
ဓမ္မပဒေသာ	ဒုတိယတွဲတွင်	ဆောင်းပါးပေါင်း	၃၀ ပုဒ်
ဓမ္မပဒေသာ	တတိယတွဲတွင်	ဆောင်းပါးပေါင်း	၃၅ ပုဒ်
ဓမ္မပဒေသာ	စတုတ္ထတွဲတွင်	ဆောင်းပါးပေါင်း	၂၇ ပုဒ်
ဓမ္မပဒေသာ	ပဉ္စမတွဲတွင်	ဆောင်းပါးပေါင်း	၂၇ ပုဒ်
ဓမ္မပဒေသာ	ဆဋ္ဌမတွဲတွင်	ဆောင်းပါးပေါင်း	၃၁ ပုဒ်
ဓမ္မပဒေသာ	သတ္တမတွဲတွင်	ဆောင်းပါးပေါင်း	၄၁ ပုဒ်
ဓမ္မပဒေသာ	အဋ္ဌမတွဲတွင်	ဆောင်းပါးပေါင်း	၃၅ ပုဒ်
ဓမ္မပဒေသာ	နဝမတွဲတွင်	ဆောင်းပါးပေါင်း	၃၃ ပုဒ်
ဓမ္မပဒေသာ	ဒသမတွဲတွင်	ဆောင်းပါးပေါင်း	၃၄ ပုဒ်
ဓမ္မပဒေသာ	ကောဒသမတွဲတွင်	ဆောင်းပါးပေါင်း	၄၀ ပုဒ်
ဓမ္မပဒေသာ	ဒွါဒသမတွဲတွင်	ဆောင်းပါးပေါင်း	၃၈ ပုဒ်

တို့ကို စုစည်းပြုစုထားပါသည်။

ဤဓမ္မပဒေသာ ဒွါဒသမတွဲ၌-

- ရေစက်ဆုံခြင်း၊ ရေစက်ကုန်ခြင်းနှင့် ပဋ္ဌာန်းဆက်ဖြစ်ခြင်းအကြောင်းများ
- ပြည်ပသာသနာအတွက် ဆောင်ရွက်မှုအတွေ့အကြုံများ
- သြဝါဒကထာများအပါအဝင်

ဓမ္မဆောင်းပါးပေါင်းများစွာကို လွယ်ကူရှင်းလင်းစွာ ရေးသားစုစည်းထားပါသည်။

ထို့ကြောင့် ဤ"သိကောင်းစရာဓမ္မပဒေသာ" ဒွါဒသမတွဲသည် ဟောပြော ရေးသား လေ့လာ လိုက်နာ ကျင့်ကြံကြသူများအတွက် တရားအနစ်သာရများကို ကောင်းစွာ ပေးနိုင်ပါလိမ့်မည်။

ဦးဝါယမ
(ကံပေါက်)

စက်ပူဟာကားစခန်းသိမ်းမှ မေးပါ သိကောင်းစရာ

စက်ပူနိုင်ငံမှ ဒေါက်တာဒေါ်ခင်ခင်ဝင်းက ဆရာတော်တို့ကို တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဒေါက်တာ မောင်မောင်မိုးတို့သည် ၁၃၆၁-ခု၊ ပြာသိုလဆုတ် ၁၃-ရက်၊ (၂-၂-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ (M.A.I) မြန်မာလေယာဉ်ဖြင့် စက်ပူသို့ ကြွလာခဲ့ကြပါသည်။ စက်ပူလေဆိပ်သို့ မြန်မာစံတော်ချိန် နံနက်(၁၀)နာရီ မိနစ်(၄၀)၊ စက်ပူစံတော်ချိန် (၁၂)နာရီ မိနစ်(၂၀)အချိန်တွင် ရောက်ကြပါသည်။

ဆရာတော်နှင့် ဒေါက်တာမောင်မောင်မိုးတို့သည် စက်ပူနိုင်ငံ တိသရဏာတရားရိပ်သာ၌ ၁၃၆၁-ခု၊ တပို့တွဲလဆန်း (၁)ရက်၊ (၅-၂-၂၀၀၀) စနေနေ့မှစ၍ (၁၀)ရက်တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ တရားသိမ်းသောနေ့၌ ယောဂီများက သူတို့သိလိုရာ မေးခွန်းများကို မေးလျှောက်ကြပါသည်။ ဖြေကြားသင့်သော မေးခွန်းများမှာ-

မေး။ "ယောဂီများသည် တရားသဘောကို ပိုထင်ရှား၍ အသေးစိတ်သိစေ ရန် ဗျာန်သမာဓိကို ထူထောင်ပြီးမှ ဝိပဿနာဘက်သို့ကူးပြောင်း လျှင် လေ့ကျင့်မှုကို အကူအညီပေး မပေးနှင့် တိုးတက်မှုကို မြန် ဆန်စေခြင်းရှိ၊ မရှိကို ညွှန်ကြားပေးတော်မူပါဘုရား"။

ဖြေ။ ယောဂီသည် သမထစျာန်သမာဓိကို ရှေးဦးစွာ ဖြစ်အောင်ကျင့်ပြီးမှ ဝိပဿနာတရားကို အားထုတ်ပါလျှင် သမထစျာန်သမာဓိ အားကောင်းသည်နှင့်အမျှ ဝိပဿနာတရားအားထုတ်ရာ၌ အကူအညီရ၍ တရားတွေ မြန်မြန်တွေ့နိုင်ပေသည်၊ တရားမြန်မြန် တိုးတက်သွားနိုင်ပေသည်။

သို့ပါသော်လည်း မှန်ကန်သော သမထစျာန်သမာဓိများ မဖြစ်ပါက အချိန်ကုန်လူပန်းပြီး တရားမရနိုင်ဘဲ ဖြစ်သွားနိုင်ပေသည်။ လောကီအာရုံများ၌ နစ်မြုပ်သွားနိုင်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။ ဦးကျော်တေဇက အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

မေး။ ထို့နောက် ဖြေကြားသင့်သော မေးခွန်းမှာ - "ကွယ်လွန်သွားသူတစ်ဦးအတွက် တစ်နှစ်ကျော်မျှ ပူဆွေးနေသူကို ဘယ်လိုနှစ်သိမ့်၊ ဖြေသိမ့်ပေးရပါမလဲဘုရား" ဟု မေးလျှောက်ပါသည်။

ဖြေ။ ကွယ်လွန်ခြင်းကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သော်မှလည်း မလွှဲဆန်နိုင်ကြပေ၊ တစ်ဦးတစ်ယောက်၏ ကွယ်လွန်ခြင်းကိုလည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဘိညာဉ်ရသော ရဟန္တာတို့သော်မှလည်း မကာကွယ်ပေးနိုင်ကြပေ။ အားလုံးသောပုဂ္ဂိုလ်သတ္တဝါတို့သည် ကွယ်လွန်ကြရမည်သာ ဖြစ်ပေသည်ဟု ပညာဖြင့်ဆင်ခြင်၍ တရားယူရပါမည်။

ကွယ်လွန်သွားသောသူအတွက် ရည်မှန်း၍ ဒါနစသော ကောင်းမှုကုသိုလ်များပြု၍ ကွယ်လွန်သွားသူထံ ရောက်ပါစေ၊ ရပါစေဟု အမျှဝေခြင်းသည်သာ နှစ်သိမ့်၊ ဖြေသိမ့်ဖို့ရန် အကောင်းဆုံးနည်းလမ်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

မေး။ ထို့နောက် ဖြေကြားသင့်သော မေးခွန်းမှာ - "တပည့်တော်တို့ရုံးမှာ အလုပ်လုပ်နေသည့်အချိန်တွင် အာရုံ (၆)ပါးကို ဘယ်နည်းဖြင့် ထိန်းသိမ်းနိုင်ပါမလဲဘုရား" ဟု မေးလျှောက်ပါသည်။

ဖြေ။ ရုံးမှာ အလုပ်လုပ်နေချိန်တွင် အာရုံ (၆)ပါးကို **ထိန်းသိမ်း**နိုင်ဖို့ရာမှာ မိမိခန္ဓာကိုယ်၌ ကိုယ်ကာယလှုပ်ရှားမှုကိုသော်လည်းကောင်း၊ ဝေဒနာတစ်ခုခုကိုသော်လည်းကောင်း၊ မိမိ၏စိတ်ကိုသော်လည်းကောင်း သတိကပ်ထားနိုင်ပါက (ဝါ) ရှုမှတ်နိုင်ပါက အာရုံ(၆)ပါးကို ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

မေး။ ထို့နောက် ဖြေကြားသင့်သော မေးခွန်းမှာ - "ယောဂီတွေဟာ စားနေစဉ်မှာ အထင်ရှားဆုံး ကိုယ်ကာယအာရုံကို ရှုမှတ်ရမည် ဆိုပါလျှင် အခြားအာရုံများဖြစ်သော ဌာန်းကို ကိုင်ယူချင်သည့်စိတ်၊ ပါးစပ်ဆီသို့ ဌာန်းကို ယူချင်သောစိတ်တို့ကို ရှုမှတ်ရန်လိုအပ်ပါသလား။ ဖြေရှင်းပေးတော်မူပါဘုရား" ဟု မေးလျှောက်ပါသည်။

ဖြေ။ ဝိပဿနာအားထုတ်ခါစ ယောဂီတို့သည် ဝိပဿနာဉာဏ်များ အားနည်းနေသေးသောကြောင့် စားနေစဉ်မှာ ထင်ရှားသည့် လှုပ်ရှားသော ကိုယ်အမူအရာ တစ်ခုခုကို ရှုမှတ်ကြရပေသည်။ ဆက်ကာဆက်ကာရှုမှတ်၍ ဝိပဿနာဉာဏ်များ အားရှိလာသောအခါ တခြားအာရုံဖြစ်သည့် ဌာန်းကို ကိုင်ယူချင်သောစိတ်၊ ပါးစပ်ဆီသို့ ဆောင်ယူချင်သောစိတ်ဟူသော (ကိုယ်ကာယရုပ်အာရုံမှ) တခြားနာမ်အာရုံများကိုပါ ရှုမှတ်လို့ ရလာကြမည်ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဗရင့်ပင်ခါ မေးပါ ဘိကောင်းစကာ

သြစတြေးလျှနိုင်ငံ ဘလူးမောင်တိန်းရိပ်သာမှ မစ္စတာခရက်စ်နှင့် မစ္စတာရာတို့က ဆရာတော်တို့ကို တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးခင်မောင်ဇော်တို့သည် ၁၃ဖေ၁-၃၊ တပို့တွဲလဆုတ် (၁၀)ရက်၊ (၂၉-၂-၂၀၀၀) အင်္ဂါနေ့ နံနက်(၁၀)နာရီ (၄၅)မိနစ်အချိန်တွင် ရန်ကုန်လေဆိပ်မှ (T.G) လေယာဉ်ဖြင့် ဘန်ကောက်သို့ ကြွလာခဲ့ကြပါသည်။

ဘန်ကောက်မှတစ်ဆင့် သြစတြေးလျှနိုင်ငံ ဆစ်ဒနီသို့ ကြွလာခဲ့ကြပါသည်။ ဆစ်ဒနီလေဆိပ်သို့ (၁-၃-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီ (၁၀)မိနစ်အချိန်တွင် ရောက်ကြပါသည်။ ထိုမှတစ်ဆင့် ဘလူးမောင်တိန်းရိပ်သာသို့ မော်တော်ကားဖြင့် ကြွလာခဲ့ကြပါသည်။ ဘလူးမောင်တိန်းရိပ်သာသို့ နံနက်(၁၀)နာရီ (၄၅)မိနစ်တွင် ရောက်ကြပါသည်။

ဘလူးမောင်တိန်းရိပ်သာ၌ ၁၃ဖေ၁-၃၊ တပို့တွဲလကွယ် (၁၄)ရက်၊ (၄-၃-၂၀၀၀) စနေနေ့မှစ၍ (၁၄)ရက် တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ နိုင်ငံခြားသား ယောဂီနှင့် မြန်မာယောဂီ (၁၈)ယောက်တို့ ဝင်ရောက်အားထုတ်ကြပါသည်။ တရားစစ်သောအခါ ယောဂီများက သူတို့ သိလိုရာများကို မေးလျှောက်ကြပါသည်။ ဒေါက်တာ ဒေါ်သန်းသန်းညိမ်းက အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

၁၃၆၁-ခု၊ တပေါင်းလဆန်း (၇)ရက်၊ (၁၁-၃-၂၀၀၀) စနေနေ့ တရားစစ်ပေးရာတွင် အသက်(၅၂)နှစ်ရှိသူ ဟော်လန်လူမျိုး အင်ဂျင်နီယာ ဖရင့်ဗင်ဒါအမည်ရှိသူ အမျိုးသားယောဂီက လျှောက်ထားသည်မှာ - "သူတရားထိုင်ရာတွင် သူမှာ မဖြစ်ဖူးသည့် သူတစ်ပါးတို့အား အလွန်ချမ်းသာစေချင်သော မေတ္တာစိတ်ဓာတ်တွေ ထင်ရှားစွာ ဖြစ်လာပါသည်။ ဤကဲ့သို့ ဘာကြောင့်ဖြစ်ရပါသလဲ"ဟု လျှောက်ထားပါသည်။

ဖောင်းတယ်၊ ပိန်တယ်စသည်ဖြင့် ဝိပဿနာတရား အားထုတ်လိုက်သောအခါ စိတ်ကို ညစ်နွမ်းစေတတ်သည့် လောဘ၊ ဒေါသ၊ မောဟများ ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်းတို့၌ ဖြစ်ခွင့်မရ၍ ကင်းပျောက်သွားကြပေသည်။ ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်းတို့၌ စိတ်ကို ကြည်လင်စေတတ်သည့် အလောဘ၊ အဒေါသ၊ အမောဟများ ဖြစ်ခွင့်ရလာကြ၍ စိတ်တွေ ကြည်လင်လာကြရပေသည်။ အထူးသဖြင့် အဒေါသ - မေတ္တာဓာတ်များ ဖြစ်ခွင့်ရကြသောကြောင့် သူတစ်ပါးတို့အား အလွန်ချမ်းသာစေချင်သည့် မေတ္တာစိတ်ဓာတ်များ ဖြစ်လာရခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

"ဤကဲ့သို့ မေတ္တာစိတ်ဓာတ်များဖြစ်လာသောအခါ မေတ္တာကိုပင် ဆက်လက်၍ ပွားများရပါမည်လား"ဟု မေးလျှောက်ပါသည်။ မေတ္တာစိတ်ဓာတ်များ ထင်ရှားစွာ ဖြစ်နေသည့်အခိုက်မှာသာ မေတ္တာပွားသင့်ပါသည်၊ မေတ္တာစိတ်ဓာတ်များ မထင်မရှားဖြစ်လာသောအခါ မေတ္တာကို ဆက်လက်၍ မပွားသင့်ပါ။ ဝိပဿနာတရားပွားများခိုက်ဖြစ်၍ ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ဝိပဿနာကိုသာ ဆက်လက်၍ ရှုမှတ်ပွားများသင့်ပါသည်ဟု ဖြေကြားပေးလိုက်ရပါသည်။ ဒေါက်တာ ဒေါ်သန်းသန်းညိမ်းက အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

နောက်တစ်နေ့ တရားစစ်ပေးရာတွင် ဖရင့်ဗင်ဒါက မေးလျှောက်ပြန်သည်မှာ "ဝိပဿနာတရား အားထုတ်ရသည့် အလုပ်ကို သူအလွန်

နစ်သက်ပါသည်၊ နိုင်ငံခြားသားများ တရားအားထုတ်လျှင် တရားရနိုင်ပါသလားဟု မေးလျှောက်ပါသည်။

နိုင်ငံခြားသားများ မြန်မာပြည်သို့လာရောက်၍ တရားအားထုတ်ကြသဖြင့် တရားရသွားသောပုဂ္ဂိုလ်များ အများအပြား ရှိခဲ့ကြပါသည်။ ထို့ကြောင့် ဖရင့်ဗင်ဒါလည်း နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါက တရားရနိုင်ပါသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

ထို့နောက် ဖရင့်ဗင်ဒါက လျှောက်ထားပြန်သည်မှာ - "သူတရားအားထုတ်ရာတွင် အနိစ္စ၊ ဒုက္ခတို့ကို သိပါသည်။ အနတ္တကို မသိပါ၊ အနတ္တဆိုသည်မှာ အတ္တကောင်မရှိဟုဆိုတဲ့ အဓိပ္ပါယ်ကိုတော့ သိပါသည်။ အတ္တကောင်မရှိလျှင် ဘဝတွေ ဘယ်လိုဖြစ်နိုင်ပါသလဲ"ဟု မေးလျှောက်ပြန်ပါသည်။

အတ္တကောင်ရှိသည်ဟု ယူဆပါလျှင် သတ္တဝါတွေဟာ မြဲသည်ဟူသော သဿတဒိဋ္ဌိ ဖြစ်သွားနိုင်ပေသည်။ သတ္တဝါတွေဟာ ယခုဘဝမှ ကွယ်လွန်သေဆုံးသွားလျှင် ရုပ်ကိုယ်ကြီးကသာ အလောင်းကောင်အဖြစ်ဖြင့် ဤဘဝမှာ ကျန်ရှိခဲ့သည်၊ အတ္တကောင်က နောက်နောင်ဘဝများသို့ ပြောင်းပြောင်းသွားသည်၊ အတ္တကောင်ဟာ မြဲသည်ဟု အယူရှိသွားကြပါလျှင် သဿတဒိဋ္ဌိဖြစ်သွားကြ၍ အပါယ်သံသရာမှ မလွတ်မြောက်ဘဲ ဖြစ်ကြရပေမည်။

ပုဂ္ဂိုလ်သတ္တဝါတွေ နောက်နောင်ဘဝများ၌ ဖြစ်ကြရသည်မှာ မိမိတို့ ပြုခဲ့ကြသည့် ကံကြောင့် နောက်နောင်ဘဝများ၌ ဖြစ်ကြခြင်း ဖြစ်ပေသည်။ ကံကြောင့် ဘဝဖြစ်ပုံမှာ ဥပမာအားဖြင့် ဖယောင်းတိုင် မီးညှိထွန်းသည်နှင့်လည်း တူပေသည်၊ တံဆိပ်တုံးနှိပ်တာနှင့်လည်း တူပေသည်။

မှောင်မိုက်နေသောအခါ ရှေးဦးစွာ ပထမဖယောင်းတိုင် တစ်တိုင်ကို မီးညှိထွန်းထား၏။ ထို့နောက် တစ်နေရာ၌ မှောင်နေသည့်အတွက်

ဒုတိယဖယောင်းတိုင်ဖြင့် ပထမဖယောင်းတိုင်မှမီးကို လာညှိထွန်း၍ ယူသွား၏။ ဒုတိယဖယောင်းတိုင်ဖြင့် လာထွန်းယူသွားသော မီးသည် ပထမဖယောင်းတိုင်မှ မီးလားဟုမေးလျှင် မဟုတ်ပေ။ ပထမဖယောင်းတိုင်က မီးနှင့်လည်း ကင်း၍ဖြစ်သည့် မီးလည်း မဟုတ်ပေ။ ပထမဖယောင်းတိုင်မှ မီးကြောင့်ပင် ဒုတိယဖယောင်းတိုင်မီး ဖြစ်လာရပေသည်။

ပထမဖယောင်းတိုင်မှ မီးနှင့် မိမိတို့ပြုထားသည့် ကံနှင့် တူပေသည်။ ဒုတိယဖယောင်းတိုင်မှ မီးနှင့် နောက်နောင်ဘဝတို့၌ ဖြစ်ရခြင်းနှင့် တူပေသည်။

တံဆိပ်တုံးတစ်ခု၌ မှင်သုတ်၍ စက္ကူပေါ်၌ နှိပ်ချလိုက်သောအခါ စက္ကူပေါ်၌ စာလုံးများ ထင်၍ကျန်ခဲ့၏။ စက္ကူပေါ်၌ ထင်၍နေသော စာလုံးတို့သည် တံဆိပ်တုံးထဲမှ စာလုံးတွေလားဟု မေးခဲ့သော် မဟုတ်ပေ။ စက္ကူပေါ်၌ထင်နေသော စာလုံးတို့သည် တံဆိပ်တုံးထဲမှ စာလုံးများနှင့်ကင်း၍ ဖြစ်နေ၊ ထင်နေခြင်းလည်း မဟုတ်ပေ။ တံဆိပ်တုံးထဲမှ စာလုံးများကြောင့် စက္ကူပေါ်၌ စာလုံးများ ဖြစ်လာ၊ ထင်လာကြခြင်း ဖြစ်ပေသည်။

တံဆိပ်တုံးထဲမှ စာလုံးများနှင့် "ကံ"နှင့် တူပေသည်။ စက္ကူပေါ်၌ ထင်နေသော စာလုံးများနှင့် နောက်နောင်ဘဝတို့၌ ဖြစ်ရခြင်းများနှင့် တူပေသည်။ ထို့ကြောင့် ဘဝတွေဖြစ်ရသည်မှာ "ကံ"ကြောင့် ဖြစ်ရသည်ဟု ပြောကြားပေးလိုက်ရပါသည်။

ထို့နောက် တရားစစ်ရာတွင် ဖရင့်ဗင်ဒါက မေးလျှောက်ပြန်သည်မှာ- "မြင်တယ်၊ မြင်တယ်ဟု ရှုမှတ်ရာ၌ မှတ်ပြီးတာနှင့် မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ ပျက်သွားကြသည်ဟုဆိုရာ၌ မြင်သိစိတ် မှတ်သိစိတ်တို့ ဘာကြောင့် ဖြစ်ရပါသလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ရုပ်နှင့်နာမ် (၂)ပါးရှိ၍ မြင်သိစိတ်၊ မှတ်သိစိတ်တို့ ဖြစ်ကြရပေသည်။ ဤခန္ဓာကိုယ်၌ ရုပ်တရားနှင့် နာမ်တရားဟူ၍ (၂)ပါးရှိကြပေသည်။

ဤရုပ်နှင့်နာမ် နှစ်ပါးရှိလို့သာ မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ ဖြစ်ကြရပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

ရုပ်သက်သက်သာရှိသော အသည်းသတ်ဘုံတွင် ဖြစ်ကြရသော ပုဂ္ဂိုလ်တို့၌ မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ မရှိကြပေ၊ နာမ်သက်သက်သာရှိသော အရူပဘုံတွင် ဖြစ်ကြရသောပုဂ္ဂိုလ်တို့၌ မျက်စိအကြည်ရုပ်မရှိ၍ မြင်သိစိတ် မဖြစ်နိုင်ပေ၊ မြင်သိစိတ်ကို ရှုမှတ်သည့် မှတ်သိစိတ်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ မရှိကြပေ။ ဤလူ့ဘုံတွင် ဖြစ်ကြရသောပုဂ္ဂိုလ်တို့၌ ရုပ်နှင့်နာမ် (၂)ပါးလုံး ရှိကြသောကြောင့် မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ ဖြစ်ကြရခြင်း ဖြစ်ပေသည်ဟု သိကြရပေသည်။

နောက်တစ်နည်း မြင်သိစိတ်နှင့် မှတ်သိစိတ်တို့ ဖြစ်ကြရသည်မှာ အကြောင်း(၄)ချက်နှင့် ပြည့်စုံမှသာ ဖြစ်ကြရပေသည်။

၁။ မျက်စိအကြည်ဓာတ်လည်းရှိခြင်း။

၂။ ရူပါရုံအဆင်းလည်းရှိခြင်း။

၃။ အရောင်အလင်းလည်းရှိခြင်း။

၄။ နလုံးသွင်းမှုလည်းရှိခြင်းဟူသော ဤအကြောင်း (၄)ချက်နှင့် ပြည့်စုံမှသာ မြင်သိစိတ် ဖြစ်နိုင်ပေသည်။ မြင်သိစိတ်ဖြစ်မှသာ မှတ်သိစိတ်လည်း ဖြစ်နိုင်ပေသည်။ ဤအကြောင်း(၄)ချက် မပြည့်စုံပါက မြင်သိစိတ် မဖြစ်နိုင်၍ မှတ်သိစိတ်လည်း မဖြစ်နိုင်ဟု သိနိုင်ကြရပေသည်။

ဖရင့်ဗင်ဒါကို ဖြေကြားပေးစဉ်က အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါးဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မလေးရှားမှ အလှူရှင်တစ်ဦး၏ မေးခွန်း ရေးပေးပါ

မလေးရှားနိုင်ငံမှ မစ္စတာလင်ဘွန်ချိန်းက တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဒေါက်တာမောင်မောင်မိုးတို့သည် စက်ပူနိုင်ငံ (၁၀)ရက်တရားစခန်းမှတစ်ဆင့် ၁၃၆၁-ခု၊ တပို့တွဲလဆန်း (၁၀)ရက်၊ (၁၄-၂-၂၀၀၀) တနလာနေ့ ည(၈)နာရီ (၁၀)မိနစ်အချိန်တွင် ကားဖြင့် မလေးရှားနိုင်ငံ ဂျပိုးဘာရူးမြို့ စိတ္တသုခရိပ်သာသို့ ကြွလာခဲ့ကြပါသည်။ စိတ္တသုခရိပ်သာ၌ (၇)ရက်တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ ထိုတရားစခန်း၌ ရှင်သာမဏေယောဂီ (၁၀)ပါး အမျိုးသမီးယောဂီ(၅)ယောက် ဝင်ရောက်အားထုတ်ကြပါသည်။

နေ့စဉ် နံနက်(၉)နာရီမှ (၁၀)နာရီခွဲအထိ၊ နေ့လည်(၂) နာရီမှ ညနေ(၄)နာရီအထိ တရားစစ်ပေးကြရပါသည်။ ဆွမ်းနှင့် နဝကမ္မစသော လှူဖွယ်ပစ္စည်းများကို အလှူရှင်များက လာရောက်၍ လှူဒါန်းလျက် ရှိကြပါသည်။ ထိုသို့ လာရောက်၍ လှူဒါန်းကြသည့် အလှူရှင်များထဲမှ မလေးရှားလူမျိုး အမျိုးသမီးအလှူရှင်တစ်ဦးက လျှောက်ထားသည်မှာ - "သူ၏လင်ယောက်ျား တုတ်အာစီအမည်ရှိသူ အမျိုးသားသည် သူနှင့် အဆင်မပြေ ဖြစ်နေပါသည်။ ဘယ်လိုပင် ကောင်းအောင် ပြုလုပ်ကြပါသော်လည်း အကောင်းမမြင်ဘဲ အပြစ်ကိုသာမြင်၍ အဆင်မပြေ ဖြစ်နေ

ကြရပါသည်။ အဲဒီလိုဖြစ်နေတာကို ကောင်းအောင် ဘယ်လိုပြုပြင်ရပါမလဲ ဘုရား"ဟု လျှောက်ထားပါသည်။ ဒေါ်စန်းစန်းဝင်းက အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

အိမ်ထောင်ရှင်နှစ်ဦးတို့သည် ယခုပစ္စုပ္ပန်ဘဝမှာ ကောင်းအောင် ပြုပြင်၍ ကောင်းအောင်ပင် နေထိုင်ကြပါသော်လည်း အကောင်းမထင်၊ တစ်ဦး၏အပြစ်ကို တစ်ဦးကမြင်နေ၍ အဆင်မပြေ ဖြစ်နေခြင်းသည် မည်သူ့ကြောင့်မှ မဟုတ်ပေ၊ အတိတ်ဘဝများက မိမိတို့ ပြုခဲ့ကြသည့် မကောင်းမှု အကုသိုလ်ကံကြောင့်ပင် ဖြစ်ပေသည်။ ထိုမကောင်းမှု အကုသိုလ်ကံ၏ အကျိုးပေးပင် ဖြစ်ပေသည်။ ထိုမကောင်းမှုအကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကုသိုလ်ကံဖြင့်သာ ကျော်လွန်နိုင်ကြမည် ဖြစ်ပေသည်။

ကုသိုလ်ကံတို့ကို ရှေးကထက် ဆထက်တိုး၍ ပြုလုပ်ကြရမည် ဖြစ်ပေသည်။ မိမိတို့ဘက်က ပြုလုပ်ကြရမည့် ဇနီးမယားနှင့် ကျင့်ဝတ်၊ လင်ယောက်ျားနှင့် ကျင့်ဝတ်တို့ကို ရှေးကထက် ဆထက်တိုး၍ ကျေပွန်အောင် ပြုလုပ်ကြရမည် ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်၏ အမှားအယွင်းများကို အနာမယူပါဘဲ သည်းခံကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ နေထိုင်သွားကြပါက ကုသိုလ်တရားများ တစ်နေ့တခြား တိုးတက်ကြီးပွားလာမည် ဖြစ်ပေသည်။ တစ်ဦး၏အပြစ်ကို တစ်ဦးမြင်နေ၍ အဆင်မပြေသည့် မကောင်းကျိုးများ ပျောက်ကင်းသွားကြမည် ဖြစ်ပေသည်။ ကောင်းကျိုးချမ်းသာများ ရရှိလာကြမည် ဖြစ်ပေသည်ဟု အကျဉ်းမျှကိုသာ ဖြေကြားပေးလိုက်ရပါသည်။

မစ္စတာတုတ်အာစီ၏ မိသားစုတို့ကဲ့သို့ တစ်ဦးကိုတစ်ဦး အပြစ်မြင်နေကြ၍ အဆင်မပြေကြသည့် အခြားအိမ်ထောင်ရှင် မိသားစုများလည်း အများအပြား ရှိနေကြပေသည်။ ထိုမိသားစုတို့သည်လည်း အတိတ်ဘဝများက မိမိတို့ပြုခဲ့မိကြသည့် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ဆင်ခြင်၍ ကုသိုလ်တရားတို့ကို ရှေးကထက် ဆထက်တိုး၍

ပြုလုပ်ကြပါက မိသားစုတို့ အဆင်ပြေခြင်းဟူသော ကောင်းကျိုးများကို ရရှိကြမည် ဖြစ်ပေသည်။

အကြင် အဆင်မပြေဖြစ်နေကြသည့် အိမ်ထောင်ရှင်နှစ်ဦးတို့သည် အတိတ်ဘဝများက မိမိတို့ပြုခဲ့ကြသည့် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ဆင်ခြင်ခြင်းလည်း မရှိကြပေ၊ တစ်ဦး၏အပြစ်ကို တစ်ဦးက ခွင့်လွှတ်၍ သည်းခံခြင်းလည်း မရှိကြပေ၊ တစ်ဦးအပေါ်တစ်ဦး မကျေနပ်သည့် အာယာတများလည်း ရှိနေကြ၏။ ထိုအိမ်ထောင်ရှင်နှစ်ဦးတို့သည် အကုသိုလ်တရား တိုးပွားမှု နောင်ဘဝများ၌လည်း အဆင်မပြေ ဖြစ်ကြလိမ့်မည်၊ ယုတ်နိမ့်ရာဘုံဘဝများသို့လည်း ရောက်သွားကြမည် ဖြစ်ပေသည်။

လူဘောင် လူလောကမှ နေထိုင်ကြသည့် အိမ်ထောင်ရှင်နှစ်ဦးတို့သည် တစ်ဦး၏အကျိုးကို တစ်ဦးက အလိုလားအပ်ဆုံး ပုဂ္ဂိုလ်နှစ်ဦးတို့ ဖြစ်ကြပေသည်။ ယခုဘဝအတွက် နောက်ဘဝများအတွက် ချမ်းသာစွာ နေနိုင်ရအောင် တစ်ဦးကိုတစ်ဦးက အများဆုံး အထောက်အပံ့ပေးကြရမည့် ပုဂ္ဂိုလ်နှစ်ဦးတို့ ဖြစ်ကြပေသည်။

ထို့ကြောင့် မြတ်စွာဘုရားက တစ်ဦး၏အကျိုးကို တစ်ဦးက လိုလား၍ ယခုဘဝနှင့် နောက်ဘဝများ၌ အတူတကွ ချမ်းသာစွာ နေထိုင်လိုကြသည့် အိမ်ထောင်ရှင်နှစ်ဦးတို့သည် တရား(၄)ပါးကို အညီအမျှ လိုက်နာကျင့်ကြံကြရမည်ဟု ဟောကြားတော်မူခဲ့ပါသည်။

၁။ သမသဒ္ဓါ = အိမ်ထောင်ရှင်နှစ်ဦးတို့သည် ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုးပေးဟူသော ဤ(၅)မျိုးတို့၌ ယုံကြည်ချက် သद္ဓါ တရားချင်း တူကြရမည်။ တူအောင်ကျင့်ကြရမည်။

၂။ သမသီလာ = အိမ်ထောင်ရှင်နှစ်ဦးတို့သည် သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာ မခိုးခြင်း၊ သူ့သားမယား မဖျက်ဆီးမလွန်ကျူးခြင်း၊ လိမ်မပြောခြင်း၊ အရက်သေစာ မသောက်စားခြင်းစသော ကိုယ်ကျင့်သီလချင်း တူကြရမည်။ တူအောင် ကျင့်ကြရမည်။

၃။ သမစာဂါ = အိမ်ထောင်ရှင်နှစ်ဦးတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းကြသည့်အခါမှာ သဘောထားချင်း တူကြရမည်။ တူအောင် ကျင့်ကြရမည်။

၄။ သမပညာ = အိမ်ထောင်ရှင်နှစ်ဦးတို့သည် သွားသင့်သောအခါမှသွားခြင်း၊ ပြောသင့်သောအခါမှပြောခြင်း၊ စားသင့်သောအခါမှ စားခြင်း၊ နေသင့်သောအခါမှနေခြင်းစသော အတွေးအခေါ် ဉာဏ်ပညာချင်း တူကြရမည်။ တူအောင် ကျင့်ကြရမည်ဟူသော တရား(၄)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

ဤတရား(၄)ပါးကို အညီအမျှ ကျင့်နိုင်ကြသော အိမ်ထောင်ရှင်နှစ်ဦးတို့သည် -

(က) ယခုဘဝမှာလည်း တစ်ဦးကိုတစ်ဦး တွေ့မြင်ရတိုင်း တွေ့မြင်ရတိုင်း စိတ်ချမ်းသာနေကြပါလိမ့်မည်။

(ခ) နောက်နောင်ဘဝများ၌လည်း ထိုအိမ်ထောင်ရှင်နှစ်ဦးတို့ ပြန်၍ တွေ့ဆုံကြရပါလိမ့်မည်။

(ဂ) ထိုအိမ်ထောင်ရှင်နှစ်ဦးတို့သည် ဒုတိယဘဝမှာ အပါယ်သို့ မကျရပါဘဲ နတ်ပြည်သို့ ရောက်ကြရပါလိမ့်မည်ဟု အကျိုး(၃)ပါး ရရှိနိုင်သည်ကို ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ်

ယုံကြည်ကိုယ်ကျင့်၊ ပေးကမ်းနှင့်၊ ညီသင့်ဉာဏ်ပညာ။
အိမ်ထောင်ရှင်များ၊ ဤလေးပါး၊ တူခြားစိတ်ချမ်းသာ။
နောက်နောင်ဘဝ၊ တွေ့ဆုံကြ၊ ရောက်ရနတ်ပြည်ရှာ။

ဖြေကြားပေးစဉ်အခါက အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံရှင်းလင်းစွာ သိနိုင်ကြစေရန် အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဝိပဿနာ ဘာကြောင့်အားထုတ်ရပါသနည်း

စက်ဘူနိုင်ငံမှ ဒေါက်တာဒေါ်ခင်ခင်ဝင်းက ဆရာတော်တို့ကို တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဒေါက်တာ မောင်မောင်မိုးတို့သည် ၁၃ဖေ-၃၊ ပြာသိုလဆုတ် (၁၃)ရက်၊ (၂-၂-၂၀၀၀)ဗုဒ္ဓဟူးနေ့ နံနက်(၇)နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ (M.A.I) မြန်မာလေယာဉ်ဖြင့် စက်ဘူသို့ ကြွလာခဲ့ကြ ပါသည်။ စက်ဘူလေဆိပ်သို့ မြန်မာစံတော်ချိန် နံနက်(၁၀)နာရီ (၄၀)မိနစ်၊ စက်ဘူစံတော်ချိန် (၁၂)နာရီ မိနစ်(၂၀)အချိန်တွင် ရောက်ကြပါသည်။

(၅-၂-၂၀၀၀) စနေနေ့မှ တရားစခန်း စဖွင့်မည်ဖြစ်၍ B.D.M.S ရိပ်သာကျောင်း၌ ခေတ္တနေထိုင်ခိုက်မှာ စက်ဘူ၌ရှိနေကြသော မြန်မာ ယောဂီများက သူတို့ သိလိုရာများကို မေးလျှောက်ကြပါသည်။ သြစတြေးလျှ နိုင်ငံမှ စက်ဘူသို့ ခေတ္တရောက်ရှိနေသော အမျိုးသမီးယောဂီတစ်ဦးက လျှောက်ထားသည်မှာ - "သူ၏ အချို့သောမိတ်ဆွေများက သူ့ကိုမေးကြ ပါသည်။ ဝိပဿနာတရားကို ဘာကြောင့်အားထုတ်ရတာလဲ၊ အားမထုတ်ဘဲ ကောင်းစွာနေနိုင်ပါလျက် ဘာကြောင့်အားထုတ်ရပါသလဲဟု မေးကြပါသည်၊ သူမဖြေတတ်ပါ။ ဆရာတော်ဖြေကြားပေးပါဘုရား" ဟု လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ရခြင်း၏ အကြောင်းမှာ - မိမိတို့၏ သန္တာန်၌ ရှိနေကြသည့် ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ဖြစ်စေတတ်သည့် အပါယ်ဘုံဘဝများသို့လည်း ကျရောက်စေနိုင်သည့် အကုသိုလ်အညစ်အကြေးတို့ကို ကင်းစင်စေလိုကြ၍၊ အကုသိုလ်အညစ်အကြေးများ ကင်းစင်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်လိုကြ၍ ဝိပဿနာတရားကို အားထုတ်ကြရခြင်း ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်မှသာ အကုသိုလ်အညစ်အကြေးများ ကုန်သွားကြပေမည်၊ အကုသိုလ်အညစ်အကြေးများ ကုန်သွားကြရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြမည် ဖြစ်ပေသည်၊ ထို့ကြောင့် ဝိပဿနာတရားကို အားထုတ်ကြရခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

မိမိတို့၏သန္တာန်၌ အကုသိုလ်အညစ်အကြေးများ မကင်းစင်သမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခများ မကင်းကြသေးပေ၊ ဆင်းရဲဒုက္ခများနှင့် တွေ့ကြရဦးမည်သာ ဖြစ်ပေသည်။ ထိုအကုသိုလ်အညစ်အကြေးတို့သည် အကျဉ်းချုပ်အားဖြင့် (၃)မျိုးရှိပေသည်။

၁။ ကိုယ်နှင့်နှုတ်တို့၌ဖြစ်သော အကုသိုလ်အညစ်အကြေး၊
၂။ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်အညစ်အကြေး၊
၃။ အစမထင်သံသရာတစ်ခွင်က ကိန်း၍ လိုက်ပါလာသော အနုသယအကုသိုလ်အညစ်အကြေးဟူ၍ (၃)မျိုးရှိပေသည်။

ထိုအကုသိုလ်အညစ်အကြေးတို့သည် အဆိပ်ပင်ကြီးနှင့် တူကြပေသည်။ ထိုအဆိပ်ပင်ကြီး၌ အပိုင်း(၃)ပိုင်းရှိပေသည်။

(က) အကိုင်းအခက်များက တစ်ပိုင်း၊
(ခ) ပင်စည်လုံးပတ်ကြီးက တစ်ပိုင်း၊
(ဂ) မြေအောက်ထဲတွင် မြှုပ်နေသည့် ရေသောက်မြစ်ကြီးက တစ်ပိုင်း ဟူ၍ (၃)ပိုင်းရှိပေသည်။

ကိုယ်နှုတ်တို့၌ဖြစ်သော အကုသိုလ်အညစ်အကြေးတို့သည် အဆိပ်ပင်ကြီး၏ အကိုင်းအခက်များနှင့် တူကြပေသည်၊ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်အညစ်အကြေးတို့သည် အဆိပ်ပင်ကြီး၏ ပင်စည်လုံးပတ်ကြီးနှင့် တူကြပေသည်၊ အစမထင်သံသရာတစ်ခွင်မှ ကိန်း၍ လိုက်ပါလာသော အနုသယအကုသိုလ်အညစ်အကြေးတို့သည် အဆိပ်ပင်ကြီး၏ မြေအောက်ထဲတွင် မြှုပ်နေသော ရေသောက်မြစ်ကြီးနှင့် တူကြပေသည်။

အဆိပ်သင့်ခြင်း ဘေးဒုက္ခအမျိုးမျိုးတို့မှ ကင်းစေရန်အတွက် အဆိပ်ပင်ကြီး၏ အကိုင်းအခက်များကိုလည်း ပယ်ဖြတ်ကြရပေသည်၊ အဆိပ်ပင်ကြီး၏ ပင်စည်လုံးပတ်ကြီးကိုလည်း ပယ်ဖြတ်ကြရပေသည်၊ အဆိပ်ပင်ကြီး၏ ရေသောက်မြစ်ကြီးကိုလည်း ပယ်ဖြတ်ကြရပေသည်။

ထို့အတူ မိမိတို့၏သန္တာန်၌ရှိနေကြသော အဆိပ်နှင့်တူသည့် အကုသိုလ်အညစ်အကြေး (၃)မျိုးတို့ကိုလည်း ပယ်ဖြတ်ကြရပေသည်။

၁။ ကိုယ်နှင့်နှုတ်တို့၌ဖြစ်သော အကုသိုလ်အညစ်အကြေးတို့ကို သီလဖြင့် ပယ်ဖြတ်ကြရပေသည်။ သီလကို လုံ့ရြိုအောင် စောင့်ထိန်းထားသောအခါ ကိုယ်ဖြင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူ့သား မယား လွန်ကျူးဖျက်ဆီးခြင်းတို့ကို မပြုလုပ်နိုင်သောကြောင့် ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေသည်။ နှုတ်ဖြင့် လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုရှိပြောခြင်း၊ အကျိုးမရှိသော စကားတို့ကို ပြောဆိုခြင်းတို့ကို မပြုလုပ်နိုင်သောကြောင့် ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေသည်။

ဆောင်ပုဒ်။ ။ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုများ၊ ပယ်ရှားမြတ်သီလာ။

၂။ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်အညစ်အကြေးတို့ကို သမထဖြင့် ပယ်ဖြတ်ကြရပေသည်၊ သမထတရား ပွားများအားထုတ်လိုက်သော အခါ ကိုယ်နှင့်နှုတ်တို့သို့ မရောက်လာဘဲ စိတ်အစဉ်မှာ အရာရာကို

လိုချင်နေသော လောဘ အကုသိုလ်အညစ်အကြေး၊ လိုချင်သည့်အတိုင်း မရလာသဖြင့် စိတ်နလုံး မသာမယာဖြစ်ရခြင်း ဒေါသ ဒေါမနဿ အကုသိုလ် အညစ်အကြေးတို့ ငြိမ်းပျောက်သွားသောကြောင့် ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေသည်။

ဆောင်ပုဒ်။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုမျှား၊ ပယ်ရှားမြတ်သမာ။

၃။ အစမထင် သံသရာတစ်ခွင်က ကိန်း၍ လိုက်ပါလာသော အနုသယ အကုသိုလ်အညစ်အကြေးတို့ကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် ပယ်ဖြတ်ကြရပေသည်။ ဝိပဿနာတရား ပွားများအားထုတ်၍ မဂ်ပညာများ ဖြစ်လာသောအခါ အစမထင်သံသရာတစ်ခွင်က ကိန်း၍လိုက်ပါလာသော အနုသယ အကုသိုလ်အညစ်အကြေးတို့ ကင်းပြတ်သွား၍ ပယ်ခြင်းကိစ္စ ပြီးမြောက်သွားကြပေသည်။

ဆောင်ပုဒ်။ ။ ဘဝစဉ်ဆက်၊ ကိန်းလျက်ပါငြား၊ အကုမျှား၊ ပယ်ရှားမြတ်ပညာ။

အဆိပ်ပင်ကြီး၏ အကိုင်းအခက်များနှင့် ပင်စည်လုံးပတ်ကြီးတို့ကို ပယ်ဖြတ်ထားပါသော်လည်း မြေအောက်ထဲတွင်မြုပ်နေသော ရေသောက်မြစ်ကြီးကို တူးဖော်၍ မပယ်ဖြတ်ဘဲထားလိုက်ပါက မိုး ရေ လေများနှင့် တွေ့ထိ၍ အားပြန်ပြည့်လာသောအခါ အကိုင်းအခက်များ ပြန်၍ ထွက်လာ ပြီးလျှင် လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို အဆိပ်သင့်စေ၍ ဆင်းရဲဒုက္ခများကို ပြန်၍ ဖြစ်စေပေသည်။

ထို့အတူ အကြင်ပုဂ္ဂိုလ်တို့သည် အဆိပ်ပင်ကြီး၏ အကိုင်းအခက်များနှင့်တူသည့် ကိုယ်နှုတ်တို့ဌာ်ဖြစ်သော အကုသိုလ်အညစ်အကြေးတို့ကို သီလဖြင့် ပယ်ဖြတ်ထားကြ၏။ အဆိပ်ပင်ကြီး၏ ပင်စည်လုံးပတ်ကြီးနှင့် တူသည့် စိတ်အစဉ်ဌာ်ဖြစ်သော အကုသိုလ်အညစ်အကြေးတို့ကို သမထဖြင့်

ပယ်ဖြတ်ထားကြ၏။ မြေအောက်ထဲတွင် မြုပ်နေသည့် ရေသောက်မြစ်ကြီးနှင့်တူသည့် အစမထင် သံသရာတစ်ခွင်က ကိန်း၍လိုက်ပါလာသော အနုသယအကုသိုလ်အညစ်အကြေးတို့ကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် မပယ်ဖြတ်ဘဲ နေကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် နောက်နောင်ဘဝများ၌ အဆိပ်သင့်သကဲ့သို့ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရမည် ဖြစ်ပေသည်။ အပါယ်သို့ကျရောက်၍ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့်လည်း တွေ့ကြရမည် ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ကိုယ်နှုတ်တို့၌ဖြစ်သော အကုသိုလ်အညစ်အကြေး၊ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်အညစ်အကြေး၊ အစမထင် သံသရာတစ်ခွင်က ကိန်း၍လိုက်ပါလာသော အနုသယ အကုသိုလ်အညစ်အကြေးဟူသော အကုသိုလ်အညစ်အကြေး (၃)မျိုးလုံး ကင်းပြတ်သွားနိုင်ကြပေသည်။

ဝိပဿနာတရား ရှုမှတ်နေသည့်အခိုက်၌ ကိုယ်နှုတ်တို့၌ ဖြစ်သည့် အကုသိုလ်အညစ်အကြေးများလည်း ဖြစ်ခွင့်မရ၊ စိတ်အစဉ်၌ ဖြစ်သည့် အကုသိုလ်အညစ်အကြေးများလည်း ဖြစ်ခွင့်မရ၊ အနုသယအကုသိုလ် အညစ်အကြေးများလည်း ဖြစ်ခွင့်မရ၍ ကင်းပြတ်သွားကြပေသည်။

ဤကဲ့သို့ ကင်းပြတ်သွားသောကြောင့် နောက်နောင်ဘဝများ၌ ဖြစ်ရမည့် ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် အပါယ်ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်သွားကြရပေသည်။ ထို့ကြောင့် ဝိပဿနာတရားကို ပွားများ အားထုတ်ရခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

ဖြေကြားပေးစဉ်အခါက အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်၊ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စကၢ်ပူတကၢ်းစၢန်းမှ မေးကၢ ဖြေပေးပါ

စကၢ်ပူနိုင်ငံမှ ဒေါက်တာဒေါ်ခင်ခင်ဝင်းက ဆရာတော်တို့ကို တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဒေါက်တာ မောင်မောင်မိုးတို့သည် ၁၃ဖေ-၃၊ ပြာသိုလဆုတ် (၁၃)ရက်၊ (၂-၂-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ (M.A.I) မြန်မာလေယာဉ်ဖြင့် စကၢ်ပူသို့ ကြွလာခဲ့ကြပါသည်။ စကၢ်ပူလေဆိပ်သို့ မြန်မာစံတော်ချိန် နံနက်(၁၀)နာရီ မိနစ်(၄၀)၊ စကၢ်ပူ စံတော်ချိန် (၁၂)နာရီ မိနစ်(၂၀)အချိန်တွင် ရောက်ကြပါသည်။

တိသရဏရိပ်သာ၌ ၁၃ဖေ-၃၊ တပို့တွဲလဆန်း ၁-ရက်၊ (၅-၂-၂၀၀၀) စနေနေ့မှစ၍ (၁၀)ရက်တရားစခန်းဖွင့်ကာ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ နံနက်(၈)နာရီခွဲမှ (၁၀)နာရီခွဲအထိ၊ ညနေ(၃)နာရီမှ (၅)နာရီအထိ ယောဂီများကို တရားစစ်ပေးကြရပါသည်။ ယောဂီများက သူတို့သိလိုရာများကို မေးလျှောက်ကြပါသည်။ ဦးကျော်တေဇ-က အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

အသက်(၂၅)နှစ်ရှိ ဟုဂျင်နီ အမည်ရှိသူ စကၢ်ပူအမျိုးသမီးယောဂီက မေးလျှောက်သည်မှာ "ဆရာတော် တရားဟောကြားရာတွင် ဝိပဿနာ တရား အားထုတ်ရာ၌ ရှေးဦးစွာ သမာधိဖြစ်အောင် အားထုတ်ရမည်ဟု

ဟောကြားပါသည်၊ သို့ဖြစ်၍ ဝိပဿနာတရားအားမထုတ်မီ ရှေးဦးစွာ သမထတရားကို အားထုတ်ရပါမည်လား"ဟု မေးလျှောက်ပါသည်။

ဤကဲ့သို့ သမထတရား အားထုတ်ပြီးမှ ဝိပဿနာတရားကို အားထုတ်ရမည်ဟု ဆိုလိုရင်းမဟုတ်ပေ၊ ရှေးဦးစွာ ဝိပဿနာခဏိကသမာဓိ ဖြစ်အောင် အားထုတ်ရမည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဝိပဿနာခဏိက သမာဓိဆိုသည်မှာ ရူပမှတ်ချက်တိုင်း ရူပမှတ်ချက်တိုင်းမှာ ရူပမှတ်အပ်သည့် အာရုံ၌ မှတ်သိစိတ် တစ်ခဏ တစ်ခဏမျှ တည်တည်သွားသည့် ဝိပဿနာ ခဏိကသမာဓိကို ဆိုလိုရင်းဖြစ်သည်ဟု ဖြေကြားပေးလိုက်ရပါသည်။

ဥပမာ - ဖောင်းတယ်၊ ပိန်တယ်ဟု ရူပမှတ်ရာ၌ ဖောင်းတယ်ဟု ရူပမှတ်လိုက်သောအခါ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် မှတ်သိစိတ် တစ်ခဏမျှ တည်သွားပေသည်။ ပိန်တယ်ဟု ရူပမှတ်လိုက်သည့်အခါမှာ လည်း ပိန်စမှ ပိန်ဆုံးတိုင်အောင် မှတ်သိစိတ် တစ်ခဏမျှ တည်သွား ပေသည်။ ဤကဲ့သို့ မှတ်သိစိတ် တစ်ခဏ တစ်ခဏမျှ တည်တည်သွား သည်ကို ဝိပဿနာခဏိကသမာဓိဟု ဆိုရပေသည်။

ထို့နောက် ဟုဂျင်နီက မေးလျှောက်ပြန်သည်မှာ- "ဝိပဿနာတရား ရူပမှတ်ရာ၌ စိတ်တွေလှုပ်ရှား၍ မငြိမ်မသက် ဖြစ်နေသည်ကို ဝိပဿနာ ဖြစ်အောင် ဘယ်လိုရူပမှတ်ရပါမလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ဝိပဿနာတရားရူပမှတ်ရာ၌ စိတ်တွေလှုပ်ရှား၍ မငြိမ်မသက် ဖြစ်နေသည်ကိုပင် ပြန်၍ ရူပမှတ်ရပါသည်။ လှုပ်ရှား၍ မငြိမ်မသက် ဖြစ်နေသော စိတ်ကိုပင် စိတ်လှုပ်ရှားသည် စိတ်ပျံ့လွင့်သည်ဟု လှုပ်ရှား ပျံ့လွင့်နေသည့်စိတ်ကိုပင် ပြန်၍ ရူပမှတ်ရပေသည်။ လှုပ်ရှား ပျံ့လွင့် နေသောစိတ်ကို မှတ်သိစိတ်က မီအောင် ရူပမှတ်နိုင်သောအခါ လှုပ်ရှား ပျံ့လွင့်နေသည့်စိတ်များ ပျောက်ကင်းသွားနိုင်ပေသည်။ စိတ်တည်ငြိမ်မှုများ ရရှိလာမည် ဖြစ်ပေသည်။ ဤကဲ့သို့ ရူပမှတ်ခြင်းသည် စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပေသည်။

နောက်တစ်နေ့တွင် ဟာ့ဂျင်နီက မေးလျှောက်ပြန်သည်မှာ- "သူတရား ထိုင်မှတ်လျှင် မကြာမီအချိန်အတွင်းမှာ တစ်ကိုယ်လုံး တင်းကျပ်မှုများ ဖြစ်လာတတ်ပါသည်၊ ပျောက်အောင် ဘယ်လို ရှုမှတ်ရပါမလဲ" ဟု မေးလျှောက်ပြန်ပါသည်။

တစ်ကိုယ်လုံး တင်းကျပ်လာသောအခါ ပျောက်သွားရအောင် ရည်ရွယ်၍ မရှုမှတ်ရပေ၊ သိအောင် ရှုမှတ်ရမည် ဖြစ်ပေသည်၊ တစ်ကိုယ်လုံး တင်းကျပ်နေသည်များကို တင်းကျပ်တယ်၊ တင်းကျပ်တယ်ဟု ရှုမှတ်ရပေသည်။ ပိုး၍ပိုး၍ တိုး၍တိုး၍ တင်းကျပ်လာတာ၊ ပြန်၍ပြန်၍ လျော့လာတာများကို သိအောင် စူးစိုက်၍ ရှုမှတ်ရပေသည်။ ဤကဲ့သို့ အတိုးအလျော့ကို သိလာသောအခါ တင်းကျပ်မှုများ တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားနိုင်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

အသက်(၈၀)ရှိ ဂျီအေစီနာအမည်ရှိသူ သီရိလင်္ကာ အမျိုးသမီးယောဂီကြီးက မေးလျှောက်သည်မှာ- "သူ ဝိပဿနာတရား ထိုင်၍ရှုမှတ်သည့်အခါ ရှေးဦးစွာ မေတ္တာပို့ပါသည်၊ ထို့နောက် ဝင်လေ၊ ထွက်လေကို ရှုမှတ်ပါသည်။ ထို့နောက် နာတာ၊ ကျင်တာ စသော ဝေဒနာကို ရှုမှတ်ပါသည်။ နားကအသံကြားလာသောအခါ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်ပါသည်။ ဤကဲ့သို့ ပြောင်းလဲ၍ ရှုမှတ်နေခြင်းသည် မှန်ပါရဲ့လား" ဟု မေးလျှောက်ပါသည်။

ဤကဲ့သို့ ပေါ်ရာပေါ်ရာကို ပြောင်းလဲ၍ ရှုမှတ်နေခြင်းသည် မှန်ကန်သောနည်းဖြင့် ရှုမှတ်နေခြင်းပင် ဖြစ်ပါပေသည်။ ဝိပဿနာရှုသည့်အခါမှာ မပေါ်တာ မထင်ရှားတာများကို မရှုမှတ်ရပေ၊ ပေါ်ရာ ထင်ရှားရာများကို ရှုမှတ်ရပေသည်။ ရှေးဦးစွာ မေတ္တာပွားခြင်းသည် ဝိပဿနာမရှုမှတ်မီ ပြုလုပ်ရသည့် ပုဗ္ဗဘာဂပရိကမ် ဖြစ်ပေသည်။ ဝင်လေ၊ ထွက်လေကို ရှုမှတ်ခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်ပေသည်။ နာတာ၊ ကျင်တာစသော ဝေဒနာကို ရှုမှတ်ခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်ပေသည်။ နားကကြားသည့် အသံကို ရှုမှတ်ခြင်းသည် ဓမ္မာနုပဿနာ

သတိပဋ္ဌာန် ဖြစ်ပေသည်။ ဂျီအေစီနာ၏ ရှုမှတ်နေခြင်းသည် မှန်ကန်သော နည်းဖြင့် ရှုမှတ်နေခြင်းပင် ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

အသက်(၂၅)နှစ်ရှိ ရပ်ချင်ဖန်အမည်ရှိသူ စက်ဘီးပူအမျိုးသမီး ယောဂီက မေးလျှောက်သည်မှာ- "သူတရားထိုင်မှတ်သောအခါ (၁၀)မိနစ် ခန့်မှစ၍ နာကျင်မှု ဒုက္ခဝေဒနာ ဖြစ်လာပါသည်၊ ဝေဒနာများ ပြင်းထန်လာသောအခါ ဝေဒနာကို မရှုမှတ်တော့ပါဘဲ ဝင်လေ၊ ထွက်လေကို ပြောင်း၍ ရှုမှတ်ပါသည်။ ဤကဲ့သို့ပြောင်းရွှေ့၍ ရှုမှတ်တာ မှန်ပါရဲ့လား" ဟု မေးလျှောက်ပါသည်။

နာကျင်သည့် ဒုက္ခဝေဒနာကို ရှုမှတ်ရာမှာ ရှုမှတ်ပုံ (၂)မျိုး ရှိနေပါသည်။ နာကျင်မှု ဒုက္ခဝေဒနာများ မခံသာအောင် ပြင်းထန်လာသောအခါ ဝေဒနာကို မရှုမှတ်တော့ပါဘဲ ပင်ကိုယ်က ရှုမှတ်မြဲဖြစ်သည့် ဝင်လေ ထွက်လေ ဖောင်း ဝိန် စသည်များကို အာရုံပြောင်း၍ ရှုမှတ်ခြင်းနှင့် ဤကဲ့သို့ အာရုံပြောင်း၍ မရှုမှတ်ပါဘဲ ဝေဒနာ၏ သဘောကိုသိအောင် စူးစိုက်၍ ရှုမှတ်ခြင်းဟူ၍ ရှုမှတ်ပုံ (၂)မျိုးရှိပေသည်။

နာကျင်နေသည့် ဒုက္ခဝေဒနာကို မရှုမှတ်ပါဘဲ အာရုံပြောင်း၍ ဝင်လေ ထွက်လေ ဖောင်း ဝိန်စသည်တို့ကို ရှုမှတ်ခြင်းသည် အာရုံပြောင်းလိုက်သောကြောင့် နာကျင်မှုဒုက္ခဝေဒနာများ ခေတ္တခဏ သက်သာသွားတတ်ပေသည်။ သို့ပါသော်လည်း နောက်တစ်ဖန် ပြင်းထန်စွာ ပြန်နာလာတတ်ပေသည်။ ဤကဲ့သို့ ပြန်၍ပြန်၍ နာနေသောကြောင့် ဒုက္ခဝေဒနာကို သည်းမခံနိုင်ဘဲ ဖြစ်နေတတ်ကြပေသည်။

ဝေဒနာမှတစ်ပါးသော ဝင်လေ ထွက်လေ ဖောင်း ဝိန်စသော အာရုံများသို့ မပြောင်းပါဘဲ ဝေဒနာ၏သဘောကို သိအောင်ရှုမှတ်ခြင်းသည် မြတ်စွာဘုရား၏ အလိုကျ ရှုမှတ်ခြင်းပင် ဖြစ်ပေသည်။ ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျှော့၊ စိတ်ကိုလည်း အနည်းငယ်လျှော့ပြီး ဝေဒနာပေါ်ဌ ရှုမှတ်သိစိတ်ကို တည့်တည့်ချလိုက်ပြီးလျှင် တိုး၍တိုး၍နာတာ၊ ပြန်၍ပြန်၍

လျှော့သွားသည်များကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ဤကဲ့သို့ စူးစိုက်၍ ရှုမှတ်လိုက်သောအခါ ဝေဒနာ၏ အတိုး အလျော့သဘောကို သိလာပြီးလျှင် ရှုမှတ်လို့ ကောင်းလာတတ်ကြပေသည်။ ဝေဒနာကို သည်းခံနိုင်လာတတ်ကြပေသည်။

ဆက်ကာဆက်ကာရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့် အားရှိ ထက်သန်လာသောအခါ နာတယ်ဟု ရှုမှတ်လိုက်လျှင် နာနေသည့် သဘောများ ပေါ်လာပြီးလျှင် အမြန်ပျောက်ပျောက်သွားသည်ကို တွေ့သိ လာတတ်ကြပေသည်။ ပေါ်တာက ဖြစ်၊ ပျောက်ပျောက်သွားတာက ပျက်ပင် ဖြစ်ပေသည်။ ဤကဲ့သို့ အဖြစ်နှင့်အပျက်ကို သိသွားသောအခါ ဒုက္ခ ဝေဒနာကို ရှုမှတ်ရသည်မှာ ပို၍ကောင်းလာတတ်ကြပေသည်။ ထို့ကြောင့် ဝေဒနာ၏ သဘောကို သိအောင်ရှုမှတ်ခြင်းသည် မြတ်စွာဘုရား၏ အလိုကျ ဖြစ်၍ အကောင်းဆုံး ရှုမှတ်ခြင်းဖြစ်သည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ရပ်ချင်ဖန်က နောက်တစ်နေ့ တရားစစ်ရာတွင် မေးလျှောက်ပြန် သည်မှာ- "ဝေဒနာကို စူးစိုက်၍ ရှုမှတ်နေသောအခါ ခန္ဓာကိုယ် ရှေ့သို့ ညွှတ်ညွှတ်ကျသွားပါသည်၊ ပြန်၍ပြန်၍ထူကာ ရှုမှတ်နေရပါသည်။ ဤကဲ့သို့ ခန္ဓာကိုယ် ညွှတ်ညွှတ်ကျနေသည်မှာ တရားသဘောအရ ဖြစ်တာ မှန်ပါရဲ့လား" ဟု မေးလျှောက်ပါသည်။

ခန္ဓာကိုယ် ရှေ့သို့ ညွှတ်ညွှတ်ကျနေသည်မှာ တရားသဘောအရ ဖြစ်တာ မှန်ပေသည်၊ ဝေဒနာကို စူးစိုက်၍ ရှုမှတ်ရာ၌ သမာဓိဖြစ်တာ များ၍ ခန္ဓာကိုယ်ကို တည့်မတ်အောင် ကြောင့်ကြစိုက်ကာ ထိန်းထားသည့် ဝီရိယလျော့သွားပေသည်။ ထို့ကြောင့် ခန္ဓာကိုယ် ရှေ့သို့ ညွှတ်ညွှတ်ကျသွား ခြင်း ဖြစ်ပေသည်၊ ဝီရိယလွန်ကဲလာလျှင် သမာဓိအားနည်းသွားတတ် ပေသည်၊ သမာဓိလွန်ကဲလာလျှင် ဝီရိယလျော့ရဲကာ အားနည်းသွားတတ် ပါသည်၊ ဝီရိယအားနည်းသွားသောကြောင့် ခန္ဓာကိုယ် ရှေ့သို့ ညွှတ်ညွှတ် ကျသွားခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

အသက်(၃၇)နှစ်ရှိ အယ်လီနာဖောင်အမည်ရှိသူ စက်ဘီးပူ အမျိုးသမီး ယောဂီက မေးလျှောက်သည်မှာ- "သူဆွမ်းစားရာတွင် ရှုမှတ်ရာ၌ စားရသည့် ဒုက္ခအမျိုးမျိုးတို့ကို သိလာပါသည်။ ထို့နောက် အသားဟင်းများကို မစားချင်သည့်စိတ်များ ဖြစ်လာပြီးလျှင် အသားဟင်းများကို စားလို့ မရတော့ပါ။ ဘာကြောင့် ဤကဲ့သို့ ဖြစ်ရပါသလဲ" ဟု မေးလျှောက်ပါသည်။

ဤကဲ့သို့ အသားဟင်းများကို မစားချင်သောစိတ်များ ဖြစ်လာပြီးလျှင် အသားဟင်းများကို စားလို့ မရတော့ခြင်းသည် ဝိပဿနာတရား ရှုမှတ်ရာ၌ မှတ်ချက်တိုင်း မှတ်ချက်တိုင်း လောဘ၊ ဒေါသ၊ မောဟတို့ကိုပယ်၍ မလိုချင် မတပ်မက်သည့် အလောဘ၊ အမျက်မထွက်တတ်သည့် အဒေါသ=မေတ္တာ၊ အမှန်ကို သိတတ်သည့် အမောဟတို့ ဖြစ်လာကြပေသည်။ ထို့ကြောင့် အသားဟင်းများကို မစားချင်သောစိတ်များ ဖြစ်လာပြီးလျှင် အသားဟင်းများကို စားလို့မရတော့ခြင်း ဖြစ်ပေသည်။ အထူးသဖြင့် သတ္တဝါတို့ကို ချမ်းသာစေချင်သည့် အဒေါသ=မေတ္တာဓာတ်များ ဖြစ်လာသောကြောင့် အသားဟင်းများကို မစားနိုင်တော့ခြင်း ဖြစ်လာနိုင်ပေသည်" ဟု ဖြေကြားပေးခဲ့ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ပြည့်စုံရှင်းလင်းစွာ သိစေကြရန်အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သဒ္ဒမ္မဂုံသီရိပ်သာဆရာတော်၏ ဩဝါဒကထာ

ဆရာတော်၏ စေလွှတ်ချက်အရ ဦးဥတ္တမ မလေးရှားနိုင်ငံသို့ ကြွရောက်၍ ပြည်ပသာသနာအတွက် ဆောင်ရွက်ခြင်းသည် သဒ္ဒမ္မရံသီ ရိပ်သာ၏ ပြည်ပသာသနာအတွက် ရှေးဦးပထမ ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အကောင်းဆုံး ဆောင်ရွက်ခြင်းဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အကောင်းဆုံး ဆောင်ရွက်ခြင်းဖြစ်ဖို့ရာမှာ ဦးဥတ္တမ၌ အချက်(၃)ချက်နှင့် ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ ဝိနည်းသိက္ခာပုဒ်အပြစ်များမှ ကင်းလွတ်စေခြင်း။

၂။ အရာရာမှာ အမှတ်သတိရှိခြင်း။

၃။ အရာရာမှာ သည်းခံနိုင်ခြင်းဟူသော ဤအချက်(၃)ချက်နှင့် ပြည့်စုံရမည် ဖြစ်ပါသည်။

အကျယ်သိဖွယ်

၁။ ဝိနည်းသိက္ခာပုဒ်အပြစ်များမှ ကင်းလွတ်စေခြင်းဟု ဆိုရာ၌-အကပ်ခံသောအခါ လူတစ်ယောက် "မ"ချီနိုင်သော ဝတ္ထုပစ္စည်းကို တစ်တောင့်ထွာအတွင်းသို့ လာရောက်၍ ကပ်ခြင်းနှင့် နဝကမ္မဝတ္ထုဌေ
များကို မကိုင်ယူခြင်းစသော ဝိနည်းသိက္ခာပုဒ်အပြစ်များမှ ကင်းလွတ်စေ

ခြင်းဟု ဆိုလိုပါသည်။ လှူဒါန်းလာသော နဝကမ္မဝတ္ထုဌေများကို ဤရိပ်သာ ကော်မတီအဖွဲ့အား ကပ္ပိယအဖြစ်ဖြင့် လွှဲအပ်ထားသင့်ပါသည်။

၂။ အရာရာမှာ အမှတ်သတိရှိခြင်းဟု ဆိုရာ၌ - အထွေထွေသမ္ဘဝည အမှတ်သတိဖြင့် နေထိုင်ဖို့ရာ ဖြစ်ပါသည်။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ လျောင်းရာ၊ ဆွမ်းဘောဇဉ်တို့ကို စားရာ၊ သောက်ရာ၊ ကွေးဆန့်ရာ၊ ကိုင်ယူရာ စသည်တို့၌ အမှတ်သတိဖြင့် ပြုလုပ်ခြင်းဟု ဆိုလိုပါသည်။

၃။ အရာရာမှာသည်းခံနိုင်ခြင်းဟု ဆိုရာ၌ - စားသောက်ဖွယ်ရာများ မပြည့်စုံခြင်း၊ နေရာထိုင်ခင်းများ မပြည့်စုံခြင်း၊ မိမိအလိုကျ မဖြစ်ခြင်း စသည်တို့၌ မကျေနပ်သည့် အမှုအရာများကို မဖြစ်စေမူ၍ အရာရာမှာ သည်းခံရမည်ဟု ဆိုလိုပါသည်။

ဤအချက်(၃)ချက်နှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ပါက မိမိ အတွက်လည်း ကုသိုလ်များရရှိ၍ အကျိုးများမည် ဖြစ်ပေသည်။ သာသနာ တော်ကြီး အရှည်တည်တံ့ တိုးတက်ကြီးပွားရန်အတွက်လည်း အကျိုးများ မည် ဖြစ်ပေသည်။ သက်ဆိုင်ရာ ဒကာ ဒကာမများအတွက်လည်း ကုသိုလ်များ ရရှိ၍ အကျိုးများကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ၁၃၆၂-ခုနှစ် သြဝါဒကထာ

နှစ်စဉ်နှစ်တိုင်းလည်း သဒ္ဓမ္မရံသီရိပ်သာဝေယျာဝစ္စအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးဌာန သြဝါဒ မိန့်ခွန်းစကား ပြောကြားခဲ့ပါသည်။ ယခုနှစ် ၁၃၆၂-ခု၊ တန်ခူးလဆုတ် (၅)ရက်၊ (၂၃-၄-၂၀၀၀) တနင်္ဂနွေနေ့ သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးဌာန မိန့်ကြားရမည့် သြဝါဒမှာ တိုးတက်ကြီးပွားကြောင်းတရား (၂)ပါးပင်ဖြစ်ပါသည်။

ထိုထို ဘာသာရေး သာသနာရေးကိစ္စတို့ကို အဖွဲ့အစည်းများဖြင့် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြရာ၌ အကြောင်းတရား (၂)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြပါက မိမိတို့ရည်မှန်းသည့်အတိုင်း တိုးတက်ကြီးပွားလာကြမည် ဖြစ်ပေသည်။

အကြောင်းတရား (၂)ပါးမှာ -

၁။ မိမိတို့ ဆောင်ရွက်ကြသည့် အလုပ်များသည် မှန်ကန်ခြင်း။

၂။ အတူတကွ ဆောင်ရွက်ကြသောပုဂ္ဂိုလ်တို့ ညီညွတ်ခြင်းဟူသော ဤအကြောင်းတရား (၂)ပါးတို့နှင့် ပြည့်စုံအောင် ဆောင်ရွက်ကြပါလျှင် မိမိတို့ ရည်မှန်းသည့်အတိုင်း တိုးတက်ကြီးပွားလာကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အလုပ်မှန်ကန်၊ ညီညွတ်ပြန်၊ အမှန်တိုးတက်ကြောင်း။

အလုပ်မှန်ကန်ခြင်းဟုဆိုရာ၌- သဒ္ဓမ္မရံသီရိပ်သာ ပဋိပတ္တိသာသနာ ဝိပဿနာအလုပ်သည် ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ပြသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့်လျော်ညီသော ရှုနည်း မှတ်နည်းတို့ဖြင့် ပြသပေးနေသည့် ပဋိပတ္တိသာသနာ ဝိပဿနာအလုပ် ဖြစ်ပေသည်။ ထို့ကြောင့် အလုပ်မှန်ကန်ခြင်းနှင့် ပြည့်စုံသည်ဟု ဆိုရပေသည်။

ထိုအလုပ်မှန်ကန်ခြင်း၌ ဝေယျာဝစ္စအဖွဲ့မှ သက်၊ ဆွမ်း၊ ကျောင်း ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ခြင်းလည်း မှန်ကန်ရမည်ဟု ဆိုလိုပါသည်။ ထိုပစ္စည်းလေးပါး ထောက်ပံ့မှုမှန်ကန်ခြင်း၌ အပိုင်း (၃)ပိုင်းရှိပေသည်။

(က) အဖွဲ့ငယ်အသီးသီးတို့၌ အလုပ်မှန် မမှန်ကို ကြည့်ရှုစစ်ဆေး၍ မှန်ကန်အောင် ပြုပြင်ပေးရခြင်း။
(ခ) မှန်ကန်သော်လည်း အားနည်းနေသေးလျှင် ဖြည့်ပေးရခြင်း။
(ဂ) မှန်ကန်သော်လည်း ဆောင်ရွက်သည့်အခါ ကုသိုလ်ဖြစ်အောင် ဆောင်ရွက်ရခြင်းဟူ၍ အပိုင်း (၃)ပိုင်းရှိပေသည်။

အကျယ်သိဖွယ်

(က) အဖွဲ့ငယ်အသီးသီးတို့၌ အလုပ်မှန် မမှန်ကို ကြည့်ရှုစစ်ဆေး၍ မှန်ကန်အောင် ပြုပြင်ပေးရခြင်းဟု ဆိုရာ၌ - သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအဖွဲ့တွင် ရုံးအဖွဲ့၊ ဆွမ်းကွမ်းအဖွဲ့၊ ဆောက်လုပ်ရေးအဖွဲ့၊ ဓမ္မဒေသနာအဖွဲ့ စသည်ဖြင့် အဖွဲ့ငယ်များ ရှိကြပေသည်။ ထိုအဖွဲ့ငယ်များ၏ ဆောင်ရွက်ပုံ မှန် မမှန်များကို ကြည့်ရှုစစ်ဆေး၍ မှန်ကန်အောင် ပြုပြင်ပေးရမည်ဟု ဆိုလိုပါသည်။

ထိုအဖွဲ့ငယ်တို့တွင် ရုံးအဖွဲ့နှင့် ဆွမ်းကွမ်းအဖွဲ့တို့သည် အလုပ်မှန်ကန်ခြင်းဟူသော အကြောင်းနှင့် ပြည့်စုံလျက်ရှိကြပေသည်။

ရုံးအဖွဲ့ အလုပ်မှုန်ကန်ပုံ

ရုံးအဖွဲ့၏ အလုပ်မှုန်ကန်ခြင်းကြောင့် မရမ်းကုန်း သဒ္ဓမ္မရံသီရိပ်သာ၌ ယောဂီ အဝင် အထွက်စာရင်း။ ဝင်ငွေ ထွက်ငွေ စာရင်းတို့ကို မှုန်ကန်စွာ ပြုလုပ်နိုင်ခဲ့ပေသည်။ ရိပ်သာခွဲများဖြစ်ကြသည့် ကျောက်ကုန်း ရန်ကင်း သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာနှင့် အင်းတိုင် ဒီပွါဘိညာသဒ္ဓမ္မရံသီရိပ်သာတို့၌ ဝင်ငွေ ထွက်ငွေ စာရင်းများကိုလည်း မှုန်ကန်စွာ ပြုလုပ်နိုင်ခဲ့ကြပေသည်။ ထို့ကြောင့် ရုံးအဖွဲ့၏ အလုပ်မှုန်ကန်ခြင်းမှာ ထင်ရှားလှပေသည်။

ဆွမ်းကွမ်းအဖွဲ့ အလုပ်မှုန်ကန်ခြင်း

ဆွမ်းကွမ်းအဖွဲ့ အလုပ်မှုန်ကန်ခြင်းကြောင့် ယခုအခါမှာ သဒ္ဓမ္မရံသီရိပ်သာ၌ သံဃာ၊ ယောဂီ (၁၅၀)ခန့်တို့ကို နေ့စဉ် အရုဏ်၊ နေ့ဆွမ်းတို့၌ သင့်လျော်သော ဆွမ်းဟောဇဉ်အာဟာရတို့ကို အချိန်မီ စီမံချက်ပြုတ်ကာ ဆက်ကပ်နိုင်ခဲ့ကြပေသည်။ ထို့ကြောင့် ဆွမ်းအလှူရှင်များ နေ့စဉ်လိုပင် လာရောက်၍ လှူဒါန်းလျက်ရှိကြပေသည်။ ထို့ကြောင့်ပင်လျှင် ဆွမ်းကွမ်းအဖွဲ့၏ အလုပ်မှုန်ကန်ကြောင်းမှာလည်း ထင်ရှားလှပေသည်။

(ခ) မှုန်ကန်သော်လည်း အားနည်းနေသေးလျှင် ဖြည့်ပေးရခြင်းဟု ဆိုရာ၌- အဖွဲ့ငယ်အသီးသီးတို့၌ ဆောင်ရွက်သူ နည်းပါးနေခြင်း၊ ဆောင်ရွက်နိုင်သည့်စွမ်းအင် နည်းပါးနေခြင်းတို့ကို ကြည့်ရှု စစ်ဆေး၍ ဖြည့်ပေးရမည်ဟု ဆိုလိုပါသည်။ ယခုအချိန်အခါမှာ ဆောက်လုပ်ရေး အဖွဲ့တွင် အားနည်းနေသည်ဟု သိရပါသည်။ သင့်လျော်သော ပုဂ္ဂိုလ်များကို ဖြည့်ဆည်းပေးရမည် ဖြစ်ပေသည်။

(ဂ) မှုန်ကန်သော်လည်း ဆောင်ရွက်သည့်အခါမှာ ကုသိုလ်ဖြစ်အောင် ဆောင်ရွက်ခြင်းဟု ဆိုရာ၌- ဘာသာရေး သာသနာရေး အလုပ်တစ်ခုခုကို ဆောင်ရွက်ကြရာ၌ မိမိလည်း ကုသိုလ်ဖြစ်အောင်၊ အတူတကွ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များလည်း ကုသိုလ်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဟု ဆိုလိုပါသည်။

ညီညွတ်ပြန်ဟု ဆိုရာ၌- ညီညွတ်ဖို့ရာမှာ ခိုးမြောက်ထောက်ပံ့ခြင်းတရား (၄)ပါးနှင့် ဗြဟ္မစိုရ်တရား (၄)ပါးတို့ ဖြင့် ဆောင်ရွက်ကြပါက ညီညွတ်ကြမည် ဖြစ်ပေသည်။

ခိုးမြောက်ထောက်ပံ့ခြင်းတရား (၄)ပါးမှာ -

၁။ ဒါန = အဖွဲ့သူ အဖွဲ့သားတို့သည် နည်းများမဆို တစ်ဦးကိုတစ်ဦးက ပေးကမ်းလှူဒါန်းခြင်း ရှိကြရမည်။

၂။ ပေယျဝဇ = အဖွဲ့သူ အဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦးက ပြောဆိုခွင့် ကြုံလာသောအခါ မေတ္တာ၊ ကရုဏာရှေ့ထား၍ ချိုချိုသာသာ ကြင်ကြင်နာနာ ပြောဆိုခြင်း ရှိကြရမည်။

၃။ အတ္ထာစရိယ = အဖွဲ့သူ အဖွဲ့သားတို့သည် တစ်ဦး၏အကျိုးကို တစ်ဦးက ဆောင်ရွက်ပေးခြင်း ရှိကြရမည်။ လောကရေးရာဘက်ကလည်း အကျိုးရှိအောင် ဆောင်ရွက်ပေးကြရမည်။ ဓမ္မရေးရာဘက်ကလည်း သဒ္ဓါ၊ သီလ၊ သမာဓိ၊ ပညာ စသည်များ တိုးတက်လာရအောင်၊ အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်း ရှိကြရမည်။

၄။ သမာနတ္တတာ = အဖွဲ့သူ အဖွဲ့သားတို့သည် သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ နေထိုင်ပေးခြင်း ရှိကြရမည်။

ဤခိုးမြောက်ထောက်ပံ့ခြင်း တရား (၄)ပါးဖြင့် အတူတကွ ဆောင်ရွက်ကြပါလျှင် အမြဲတမ်း ညီညွတ်နေကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်

ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊ ကျိုးရှိရာကျင့်၊
ကိုယ်နှင့်တူထား၊ ဤလေးပါး၊ ပြုဖြားချီးမြှောက်မည်။

ဗြဟ္မစိုရ်တရား (၄)ပါးမှာ-

၁။ မေတ္တာ = အကျိုးစီးပွားကို လိုလားသောအားဖြင့် ချစ်ခြင်း။

၂။ ကရုဏာ = ဆင်းရဲကို ပယ်ဖျောက်လိုသောအားဖြင့် သနားခြင်း။

၃။ မုဒိတာ = သူတစ်ပါးတို့ ပြည့်စုံနေသည်ကို ဝမ်းမြောက်ခြင်း။

၄။ ဥပေက္ခာ = ချမ်းသာ၊ ဆင်းရဲဖြစ်ကြရသည်မှာ ကံကြောင့်သာဟု လျှစ်လျူရှုခြင်းဟူ၍ (၄)ပါးဖြစ်ပေသည်။

ထိုပြဟ္မစိုရ်တရား (၄)ပါးတို့ကို ပုဂ္ဂိုလ်အနိမ့်အမြင့်အားလျော်စွာ ပွားများကြရပေသည်။ ကိုယ်နှင့် အဆင့်အတန်းတူသူများကို အထူးအားဖြင့် မေတ္တာနှင့်ယှဉ်သောစိတ်ကို ထားကြရပေသည်။ မေတ္တာတရား ပွားများကြရပေသည်။ မေတ္တာမပွားနိုင်လျှင် ဂုဏ်ပြိုင်ချင်သည့်စိတ်များ ဖြစ်လာတတ်ကြပေသည်။ သို့ဖြစ်၍ ကိုယ်နှင့် အဆင့်အတန်းတူသော ပုဂ္ဂိုလ်တို့အား အထူး မေတ္တာပွားများကြရပေသည်။

ဆောင်ပုဒ်

ကိုယ်နှင့်တူလျှင်၊ မေတ္တာယှဉ်၊ စိတ်တွင်ထားရမည်။
မေတ္တာမယှဉ်၊ ဂုဏ်ပြိုင်ချင်၊ စိတ်တွင်ဖြစ်တတ်သည်။

ကိုယ့်အောက် ဂုဏ်သိက္ခာ အဆင့်အတန်းနိမ့်ကျသော ပုဂ္ဂိုလ်တို့အား အထူးအားဖြင့် သနားခြင်း ကရုဏာနှင့်ယှဉ်သော စိတ်ကို ထားကြရပေသည်၊ ကရုဏာတရား ပွားများကြရပေသည်။ ကရုဏာ မပွားနိုင်လျှင် ညှဉ်းဆဲချင်သည့်စိတ်များ ဖြစ်လာတတ်ကြပေသည်။ သို့ဖြစ်၍ ကိုယ့်အောက် အဆင့်အတန်းနိမ့်သောပုဂ္ဂိုလ်တို့အား အထူး ကရုဏာပွားများကြရပေသည်။

ဆောင်ပုဒ်

ကိုယ့်အောက်နိမ့်လျှင်၊ ကရုဏာယှဉ်၊ စိတ်တွင်ထားရမည်။
ကရုဏာမယှဉ်၊ ညှဉ်းဆဲချင်၊ စိတ်တွင်ဖြစ်တတ်သည်။

ကိုယ့်ထက် ဂုဏ်သိက္ခာကြီးမား အဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်တို့အား အထူးအားဖြင့် ဝမ်းမြောက်ခြင်း မုဒိတာနှင့်ယှဉ်သောစိတ်ကို ထားကြရပေသည်၊ မုဒိတာတရား ပွားများကြရပေသည်။ မုဒိတာမပွားနိုင်လျှင် သူ့စည်းစိမ်၌ ငြူစူခြင်း ဣဿာများ ဖြစ်လာတတ်ကြပေသည်။ သို့ဖြစ်၍

ကိုယ့်ထက် အဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်တို့အား အထူးမုဒိတာ ပွားများကြရပေသည်။

ဆောင်ပုဒ်

ကိုယ့်ထက်မြင့်လျှင်၊ မုဒိတာယှဉ်၊ စိတ်တွင်ထားရမည်။
မုဒိတာမယှဉ်၊ ကျွန်ုပ်ဝင်၊ စိတ်တွင်ဖြစ်တတ်သည်။

ကိုယ် ကိုယ်တိုင် မကယ်တင်နိုင်သော ဆင်းရဲဒုက္ခရောက်နေသူတို့အား အထူးအားဖြင့် သူ့ကံကြောင့်သူ ဤကဲ့သို့ ဆင်းရဲဒုက္ခရောက်နေရခြင်း ဖြစ်ပေသည်ဟု လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သော စိတ်ကို ထားကြရပေသည်၊ ဥပေက္ခာတရား ပွားများကြရပေသည်။ ဥပေက္ခာ မပွားနိုင်လျှင် စိုးရိမ်ပူပန်ခြင်း သောကများ ဖြစ်လာတတ်ကြပေသည်။ သို့ဖြစ်၍ မကယ်တင်နိုင်သောသူတို့အား အထူး ဥပေက္ခာပွားများကြရ ပေသည်။

ဆောင်ပုဒ်

မကယ်နိုင်လျှင်၊ ဥပေက္ခာယှဉ်၊ စိတ်တွင်ထားရမည်။
ဥပေက္ခာမယှဉ်၊ သောကဝင်၊ စိတ်တွင်ဖြစ်တတ်သည်။

ဤပြဟ္မစိုရ်တရား (၄)ပါးဖြင့် အတူတကွ ဆောင်ရွက်ကြပါလျှင် အမြဲတမ်း ညီညွတ်နေကြမည် ဖြစ်ပေသည်။

ဤကဲ့သို့ မိမိတို့ ဆောင်ရွက်သည့် အလုပ်ကလည်း မှန်ကန်ခြင်း၊ အတူတကွ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်တို့ကလည်း ညီညွတ်ခြင်းဟူသော အကြောင်းတရား (၂)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါလျှင် သဒ္ဓမ္မ ရံသီရိပ်သာ ပဋိပတ္တိသာသနာသည် အစဉ်အဆက် တိုးတက်ကြီးပွား လျက်ရှိနေမည် ဖြစ်ပေသည်ဟု သြဝါဒစကား မိန့်ကြားပေးလိုက်ရပါသည်။

နုံနုက်ခင်းသြဝါဒ

ယခုအခါမှာ ဒုလ္လဘာရဟန်းများကလည်း များ၊ သာမဏေယ်များကလည်း များ၊ ယောဂီယ်လေးများကလည်း များနေသော အချိန်အခါ ဖြစ်၍ မကြာခဏ သြဝါဒတရား ဟောကြားပေးရပါသည်။ သြဝါဒတရားကို နာကြားကြမှသာ ရိုရိုသေသေ စူးစူးစိုက်စိုက် မပြတ်မလပ် ရှုမှတ်နိုင်ကြမည် ဖြစ်ပေသည်။ ရိုရိုသေသေ စူးစူးစိုက်စိုက် မပြတ်မလပ် ရှုမှတ်နိုင်မှသာ မိမိတို့ အလိုရှိအပ်သော တရားများကို ရရှိသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ယနေ့ ၁၃၆၂-ခု၊ တန်ခူးလဆုတ် (၇)ရက်၊ (၂၆- ၄-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်မှာ သြဝါဒတရား (၂)မျိုးကို အတိုချုပ် ဟောကြားပေးပါမည်။

သြဝါဒတရား (၂)မျိုးမှာ -

၁။ အမှတ်တရဖြစ်အောင် အားထုတ်ကြရမည်၊

၂။ နေ့စဉ် တရားလျှောက်ကြရမည်ဟူ၍ (၂)မျိုး ဖြစ်ပေသည်။

အကျယ်သိဖွယ်

၁။ အမှတ်တရဖြစ်အောင် အားထုတ်ကြရမည်ဟု ဆိုရာ၌ - မိမိတို့ ဤသဒ္ဓမ္မရတနာ၏ဟု သာ၌ ဘယ်ခုနှစ်က အားထုတ်ခဲ့သည်၊ ဘယ်လောက် ရက်တွေကြာအောင် အားထုတ်ခဲ့သည်၊ ဘယ်ဥာဏ်အဆင့်ထိအောင်

အားထုတ်ခဲ့သည်၊ ဘယ်လိုတရားသဘောတွေ ထူးခြားစွာ တွေ့သိခဲ့ရသည်စသည်ဖြင့် အမှတ်တရဖြစ်အောင် အားထုတ်ကြရမည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ အမှတ်တရဖြစ်အောင် အားထုတ်ကြပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဖိုလ် တရားထူး တရားမြတ်များရသည်အထိ အကျိုးများသွားကြမည် ဖြစ်ပေသည်။ မိမိတို့ကို ဤရိပ်သာသို့ ပို့ပေးကြသော မိဘ ဆွေမျိုး မိတ်ဆွေသင်္ဃာတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၍ အကျိုးများကြမည် ဖြစ်ပေသည်။

ထူးခြားစွာ တရားတွေ့နိုင်ပုံ

ရိပ်သာမှ ဆရာသမားများက ညွှန်ကြားပြသပေးသည့်အတိုင်း ရိုရိုသေသေ စူးစူးစိုက်စိုက် မပြတ်မလပ် ရှုမှတ်၍ သမ္မသနဉာဏ်သို့ ရောက်လာသောအခါ အချို့သောယောဂီများမှာ တစ်သက်တာတွင် တစ်ခါမျှ မခံစားခဲ့ဖူးသည့် ဆင်းရဲဒုက္ခဝေဒနာဆိုးကြီးများကို ခံစားတွေ့သိကြရပေသည်။ တစ်သက်တာတွင် တစ်ခါမျှ မတွေ့မြင်ဖူးသည့် အာရုံနိမိတ်ဆိုးကြီးများကိုလည်း တွေ့မြင်ကြရပေသည်။

ရိပ်သာမှ ဆရာသမားများက ညွှန်ကြားပြသပေးသည့်အတိုင်း ရိုရိုသေသေ စူးစူးစိုက်စိုက် မပြတ်မလပ် ရှုမှတ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ အချို့သော ယောဂီများမှာ တစ်သက်တာတွင် တစ်ခါမျှ မတွေ့ကြုံ မခံစားခဲ့ရဖူးသော ပေါ့ပါးမှု၊ ငြိမ်းအေးမှု၊ လူသာမန် မဆိုထားနှင့် နတ်သာမန်တို့ပင် မခံစား မတွေ့သိနိုင်သည့် ကိုယ်ချမ်းသာ စိတ်ချမ်းသာမှုများကို ခံစားတွေ့သိကြရပေသည်။

အချို့သော ယောဂီများမှာ ထိုင်မှတ်ရာတွင် မျက်စိကို မှိတ်ထားပါသော်လည်း တစ်သက်တာတွင် တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးသည့် အလွန်ကြည်နူးဖွယ်ကောင်းသည့် ကျောင်း ဘုရား စေတီ၊ နောက်လိုက်သံယာများ နှင့်တကွ မြတ်စွာဘုရား ရောင်ခြည်တော်ခြောက်သွယ်ဖြင့် ကောင်းကင်မှ

ကြွလာပုံ၊ နတ်သမီး နတ်သား နတ်ဗိမာန် ဥယျာဉ် ရေကန် ပင်လယ်မြစ် ချောင်း စသည်များကို တွေ့မြင်ကြရပေသည်။ တစ်သက်တာတွင် ဘယ်လိုမှ မမျှော်လင့်မရသည့် ကြည်နူးဖွယ်များကို တွေ့မြင်ကြရပေသည်။

ဤကဲ့သို့ မိမိတို့ ဤရိပ်သာ၌ အားထုတ်စဉ်က ဘယ်ဉာဏ်အဆင့် ထိအောင် ရောက်ခဲ့သည်၊ ဘယ်လို တရားသဘောတွေကို ထူးခြားစွာ တွေ့သိခဲ့ရသည်၊ ဘယ်လို ထူးဆန်းသည့် အာရုံနိမိတ်တွေကို တွေ့မြင်ခဲ့ရသည်၊ ဘယ်နေ့ ဘယ်ရက်မှာ ဉာဏ်စဉ်တရား နာခဲ့ရသည် စသည်ဖြင့် မိမိတို့ တွေ့သိခဲ့ရပုံများကို နောင်အခါ ပြန်သတိရတိုင်း သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမည် ဖြစ်ပေသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်တိုင်း ဖြစ်တိုင်း ကုသိုလ်တရားများ ရရှိကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အမှတ်တရဖြစ်အောင် အားထုတ်ကြရမည်ဟု ဩဝါဒတရား မိန့်ကြားရခြင်း ဖြစ်ပေသည်။

၂။ နေ့စဉ် တရားလျှောက်ကြရမည်ဟု ဆိုရာ၌ အချို့သော ယောဂီငယ်များကလည်း တရားဘယ်လိုလျှောက်ရမှန်း မသိဘဲ ဖြစ်နေတတ်ကြပေသည်။ တရားအတွေ့ကောင်းသည့် အချို့သော ယောဂီများကလည်း တရားတွေ ဘယ်ကစ၍ လျှောက်ရမည်ကို မသိဘဲ ဖြစ်နေတတ်ကြပေသည်။ အချို့သော ယောဂီများကလည်း တရားတွေ မထူးခြားရ ဘာမျှ လျှောက်ထားစရာ မရှိဘဲ ဖြစ်နေတတ်ကြပေသည်။ သို့ဖြစ်၍ တရား မလျှောက်ဘဲ နေမိတတ်ကြပေသည်။

ဤကဲ့သို့ မနေကြမှု၍ ယောဂီသစ်များ နေ့စဉ် တရားလျှောက်ကြရမည် ဖြစ်ပေသည်။ ယောဂီဟောင်းများလည်း တစ်ပတ်တစ်ခါ စသည်ဖြင့် တရားလျှောက်ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ တရားလျှောက်ကြမှသာ ကမ္မဋ္ဌာန်းဆရာများက တရားကောင်းတာ၊ မကောင်းတာများကို ပြုပြင်ပေးနိုင်ကြမည် ဖြစ်ပေသည်။ ပြုပြင်ပေးမှသာ ရှေ့သို့ တရားတွေ တိုးတက်သွားနိုင်ကြမည် ဖြစ်ပေသည်။

တရားတွေ ရှုမှတ်လို့ ကောင်းတိုင်းလည်း တရားတွေ တိုးတက်သည်ဟု မဆိုနိုင်ပေ၊ တရားတွေ ရှုမှတ်လို့ မကောင်းတိုင်းလည်း တရားတွေ ရှေ့သို့ မတက်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ယောဂီများကတော့ ကောင်းတာကိုလည်း ရှုမှတ်ကြရပေသည်၊ မကောင်းတာကိုလည်း ရှုမှတ်ကြရပေသည်။

ကမ္မဋ္ဌာန်းဆရာများထံ တရားလျှောက်လိုက်သောအခါ ကမ္မဋ္ဌာန်းဆရာများက ဉာဏ်စဉ်အားလျော်စွာ၊ ထိုထိုအကြောင်းအားလျော်စွာ ကောင်းပုံ၊ မကောင်းပုံများကို ကြည့်ရှု၍ ပြုပြင်ပေးကြမည် ဖြစ်ပေသည်။ ဤကဲ့သို့ ပြုပြင်ပေးမှသာ ရှေ့သို့ တရားတွေ တိုးတက်သွားနိုင်ကြမည် ဖြစ်ပေသည်။ ဗိမိတို့၏ ပါရမီအားလျော်စွာ တရားထူး တရားမြတ်များ ရရှိသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ယောဂီသစ်များ နေ့စဉ် တရားလျှောက်ကြရမည်ဟု ဆိုလိုပါသည်။ တရားလျှောက်သည့်အခါမှာလည်း အစဉ် ၃-ခုထား၍ လျှောက်ကြရမည် ဖြစ်ပေသည်။

အစဉ် ၃-ခုမှာ -

၁။ ထိုင်အမှတ်ကို ရှေ့ဦးစွာ ပထမ လျှောက်ကြရမည်၊

၂။ စင်္ကြံအမှတ်ကို ဒုတိယ လျှောက်ကြရမည်၊

၃။ အတွေ့တွေ့အမှတ်ကို တတိယ လျှောက်ကြရမည်ဖြစ်ပေသည်။

အကျယ်သိဖွယ်

၁။ ထိုင်အမှတ်ကို ရှေ့ဦးစွာ ပထမ လျှောက်ကြရမည်ဟု ဆိုရာ၌ -

လျှောက်ပုံမှာ "ယခု တပည့်တော် ၁-နာရီပြည့်အောင် မထိုင်နိုင်သေးပါ၊ နာရီဝက်သာ ထိုင်နိုင်ပါသေးသည်ဘုရား။ ၁-နာရီပြည့်အောင် ထိုင်နိုင်ပါပြီဘုရား။ သို့ပါသော်လည်း နာရီဝက်မှာ တစ်ခါ ပြင်ရပါသည်ဘုရား။ ၁-နာရီ မပြင်ဘဲ ထိုင်နိုင်ပါပြီဘုရား။ ၂-နာရီအထိ ထိုင်နိုင်ပါပြီဘုရား။ ၃-နာရီ၊ ၄-နာရီအထိ ထိုင်နိုင်ပါပြီဘုရား။ မျက်စိကို မှိတ်ထားပါသော်လည်း ဘယ်လို အာရုံနိမိတ်မျိုးတွေ တွေ့ရပါသည်ဘုရား။ ခန္ဓာကိုယ်မှ ဖြစ်မှု

ပျက်မှုသံသောများကို ဘယ်လိုတွေ့ရပါသည်ဘုရား" စသည်ဖြင့် လျှောက်ထားကြရပေသည်။

၂။ စကြီအမှတ်ကို ဒုတိယ လျှောက်ကြရမည်ဟု ဆိုရာ၌ - လျှောက်ပုံမှာ "ယခု တပည့်တော် ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်ဟု တစ်လှမ်းမှာ ၁-မှတ်ပဲ မှတ်နိုင်ပါသေးသည်ဘုရား။ ယခု တပည့်တော် ကြွတယ်၊ ချတယ်ဟု တစ်လှမ်းမှာ ၂-မှတ် မှတ်နိုင်ပါပြီဘုရား။ ယခု တပည့်တော် ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု တစ်လှမ်းမှာ ၃-မှတ် မှတ်နိုင်ပါပြီဘုရား။ ယခု တပည့်တော် တစ်လှမ်းမှာ ၆-မှတ် မှတ်နိုင်ပါပြီဘုရား။

ယခု တပည့်တော် ပေါ့တာ လေးတာတို့ကိုတော့ မသိသေးပါဘုရား။ သိရင်လည်း ပေါ့တာ လေးတာကို သိပါပြီဘုရား။ ကုန်ပျက်သည့်ဘက်သို့ စိတ်ကိုညွှတ်၍ ရှုမှတ်လို့ မရသေးပါဘုရား၊ ရရင်လည်း ကုန်ပျက်သည့်ဘက်သို့ စိတ်ကိုညွှတ်၍ ရှုမှတ်လို့ ရပါပြီဘုရား။ သို့ပါသော်လည်း ကုန်ပျက်တာများကို မတွေ့ရသေးပါဘုရား။ တွေ့ရင်လည်း ကုန်ပျက်တာများကို တွေ့ရပါပြီဘုရား" စသည်ဖြင့် လျှောက်ထားကြရပေသည်။

၃။ အထွေထွေအမှတ်ကို တတိယလျှောက်ကြရမည်ဟု ဆိုရာ၌ - လျှောက်ပုံမှာ "ယခု တပည့်တော် အထွေထွေအမှတ်ကို ရာခိုင်နှုန်း ၃၀၊ ၄၀၊ ၅၀-လောက်ပဲ ရှုမှတ်လို့ ရပါသေးသည်ဘုရား။ ထို့ထက် ပို၍ ရလျှင်လည်း ရာခိုင်နှုန်း ၆၀၊ ၇၀၊ ၈၀-ခန့် ရှုမှတ်လို့ ရပါပြီဘုရား။ ထိုင်ထ ကွေး ဆန့် စသည်တို့၌ ချင်စိတ်ကစ၍ ရှုမှတ်လို့ ရပါပြီဘုရား။ မရသေးရင်လည်း ချင်စိတ်ကစ၍ ရှုမှတ်လို့ မရသေးပါဘုရား။ ဆွမ်းစားရာ၌ မည်မျှလောက် ရှုမှတ်လို့ ရပါပြီ၊ ရေချိုးရာ တံခါးဖွင့် ပိတ်ရာ စသည်တို့၌ လည်း မည်မျှလောက် ရှုမှတ်လို့ ရပါပြီဘုရား" စသည်ဖြင့် လျှောက်ထားကြရပေသည်။

ဤကဲ့သို့ ထိုင်အမှတ်ကို ပထမ၊ စင်္ကြံအမှတ်ကို ဒုတိယ၊ အထွေထွေအမှတ်ကို တတိယဟူ၍ အစဉ်ထား၍ လျှောက်ထားကြပါက တရားလျှောက်ကြားကြရသည်မှာ မခက်တော့ပါဘဲ လွယ်ကူသွားကြမည် ဖြစ်ပေသည်။ ကမ္မဋ္ဌာန်းဆရာများကလည်း အစဉ်ထား၍ မှတ်သားကြရသည့် အတွက်ကြောင့် တရားစစ်မှတ်တမ်း ရေးသားကြရသည်မှာ လွယ်ကူသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အစဉ် ၃-ခုထား၍ တရားလျှောက်ကြားကြရမည်ဟု သြဝါဒတရား မိန့်ကြားရခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အစဦးအလာကောင်းကာ တိုးတက်လာ ရှေဟသီ

ညောင်တုန်းမြို့ ရှေဟသီးတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး သည် ၁၂၆၂-ခု၊ တပေါင်းလဆန်း (၁၂) ရက်နေ့မှ စတင်တည်ထောင်ခဲ့ရာ ၁၃၆၂-ခု၊ တပေါင်းလဆန်း (၁၂) ရက်နေ့တွင် အနှစ်တစ်ရာပြည့်မြောက်ပြီ ဖြစ်ပေသည်။ မြန်မာပြည်တစ်ဝန်းလုံး ပရိယတ္တိသာသနာဘက်တွင် အစဉ် အလာမပျက်ပါဘဲ တိုးတက်လာခဲ့သော ကျောင်းတိုက်ကြီး တစ်တိုက် ဖြစ်ပေသည်။ မြန်မာပြည်နှင့်တကွ ကမ္ဘာအရပ်ရပ်သို့ပါ ကျော်ကြား ထင်ရှားသော ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပေသည်။ နောင်အနာဂတ် သာသနာအတွက် တိုးတက်အောင် ဆောင်ရွက်ကြမည့် ထေရ်ရှင် အဆက်ဆက်တို့ နည်းယူဖွယ်ကောင်းသည့် ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပါပေသည်။

ဆရာတော်ကြီး ၂-ပါး တည်ထောင်ခဲ့ခြင်း

ညောင်တုန်းမြို့ ရှေဟသီးတောရကျောင်းတိုက်ကြီးကို ဆရာတော် ကြီး ဦးသီလနှင့် ကျောင်းတော်ရာဆရာတော်ဘုရားကြီးတို့ တည်ထောင် တော်မူခဲ့ကြပါသည်။

အကျယ်သိဖွယ်

ဆရာတော်ဦးသီလဟူသည် တော တောင်အထပ်ထပ်သို့ ကြွရောက်၍ တရားအားထုတ်ကာ သီတင်းသုံး နေထိုင်တော်မူခဲ့သော ဆရာတော်ကြီး တစ်ပါး ဖြစ်ပေသည်။ ထိုသို့ သီတင်းသုံး နေထိုင်တော်မူခဲ့ရာတွင် တောတွင်းနေ သတ္တဝါများဖြစ်ကြသည့် ဆင်ဆိုး ကျားဆိုး စသည်တို့နှင့် တွေ့ကြုံရပါသော်လည်း ထိတ်လန့်တော်မူခြင်း မရှိပေ။ ဆင်ဆိုး ကျားဆိုး စသည်တို့ကသာ ရှောင်ကွင်း၍ သွားကြရပေသည်။ ဤမျှလောက် သီလ သမာဓိ ပညာဂုဏ်များနှင့် ပြည့်စုံတော်မူခဲ့၍ အောက်မြန်မာပြည်တစ်ဝန်းတွင် ရဟန္တာပုဂ္ဂိုလ်တစ်ပါးကဲ့သို့ ထင်ရှားခဲ့ပေသည်။ ရဟန်း ရှင် လူ ထိုထိုပုဂ္ဂိုလ်တို့၏ ကြည်ညိုလေးစားခြင်းကို ခံယူတော်မူခဲ့ရသည့် ဆရာတော်ကြီးတစ်ပါး ဖြစ်ပေသည်။

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးဟူသည် သီလ သမာဓိ ပညာဂုဏ်များနှင့် ပြည့်စုံတော်မူ၍ သီပေါမင်းက ဆက်ကပ်တော်မူသော သာသနာလက်ဦးရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသော ဆရာတော်ကြီးတစ်ပါးဖြစ်ပေသည်။

ဤကဲ့သို့ သီလ သမာဓိ ပညာဂုဏ်များနှင့်လည်း ပြည့်စုံ၊ အရည်ကိုမြင်တော်မူတတ်ကြသော ဒိဋ္ဌဝိသုဒ္ဓိဂုဏ်များနှင့်လည်း ပြည့်စုံတော်မူကြသော ဆရာတော်ကြီး နှစ်ပါးတို့သည် ၁၂၆၂-ခု၊ တပေါင်းလဆန်း (၁၂)ရက်နေ့မှစ၍ ဤညောင်တုန်းမြို့ ရွှေဟသ်တောရကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူခဲ့ကြပေသည်။

အစဉ်အလာကောင်းခဲ့ခြင်း

၁။ ထိုသို့ တည်ထောင်ခဲ့ပြီးသည့်နောက်တွင် ကျောင်းတော်ရာ ဆရာတော် ဘဒ္ဒန္တသာသန ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့ ရွှေဟသ်တောရ ကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ်ဖြင့် ၁၂၆၂-ခုနှစ်မှ ၁၂၇၂-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၂။ အဂ္ဂမဟာပဏ္ဍိတ ရှေ့ကျင်နိကာယ ဥပဇ္ဈာယ ဘွဲ့တံဆိပ်တော်များ ကို ရရှိတော်မူခဲ့သော အလက်ာ်နိသယ၊ စေတိယဝိနိစ္ဆယ၊ သြဝါဒ ဒီပနီစသော ကျမ်းစာများကို ပြုစုတော်မူခဲ့သည့် ပထမစံကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့. ရှေ့ဟသ်ာတောရ ကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ်ဖြင့် ၁၂၇၂-ခုနှစ်မှ ၁၃၀၉-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၃။ ပဋိသမ္ဘိဒါမဂ် ဘာသာပြန်၊ သုဒိန္နသုဂဟိတကျမ်း၊ အာနိသံသဒီပက ကျမ်း စသည့် ကျမ်းစာများကို ပြုစုတော်မူခဲ့သော ဒုတိယစံကျောင်း ဆရာတော် ဘဒ္ဒန္တကလျာဏ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့. ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ်ဖြင့် ၁၃၀၉-ခုနှစ်မှ ၁၃၁၃-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၄။ တတိယစံကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့. ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယက အဖြစ်ဖြင့် ၁၃၁၃-ခုနှစ်မှ ၁၃၁၇-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၅။ အဂ္ဂမဟာပဏ္ဍိတ အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို ရရှိ တော်မူခဲ့သော ကခ်ီမေးခွန်းနှင့်အဖြေ၊ သြဝါဒသုတရတနာပဒေသာ အဖြာဖြာ စသော ကျမ်းပေါင်း မြောက်များစွာကို ပြုစုတော်မူခဲ့သည့် စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့. ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယက အဖြစ်ဖြင့် ၁၃၁၇-ခုနှစ်မှ ၁၃၅၀-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၆။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သော ပဉ္စမ စံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့. ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယက အဖြစ်ဖြင့် ၁၃၅၀-ခုနှစ်မှ ၁၃၅၉-ခုနှစ်အထိ ဆောင်ရွက်တော်မူခဲ့ပါသည်။

၇။ ဆဋ္ဌစံကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ ဆရာတော်ဘုရားကြီးက ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယက အဖြစ်ဖြင့် ၁၃၅၉-ခုနှစ်မှ ၁၃၆၂-ခုနှစ်အထိ (ယခုလက်ရှိ) ဆောင်ရွက်လျက် ရှိတော်မူပါသည်။

ဤကဲ့သို့ ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်ကြီးသည် သီလ သမာဓိ ပညာဂုဏ်များနှင့် ပြည့်စုံကြသော ဆရာတော်ထေရ်ရှင် အဆက်ဆက်တို့က ပရိယတ္တိစာပေကျမ်းဂန်များကို ရေးသားတော်မူခဲ့ခြင်း၊ စာသင်သား ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေကျမ်းဂန်များကို တတ်မြောက်အောင် သင်ကြားပို့ချပေးခြင်းဟူသော အစဉ်အလာကောင်းနှင့် ပြည့်စုံခဲ့ပါပေသည်။

တိုးတက်လာခြင်း အကြောင်း ၂-ပါး

ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ အစဉ်အလာမပျက် တိုးတက်လာခြင်းသည် အကြောင်း ၂-ပါးနှင့် ပြည့်စုံခဲ့၍ တိုးတက်လာခြင်း ဖြစ်ပေသည်။ အကြောင်း ၂-ပါးမှာ -

၁။ အလုပ်မှန်ကန်ခြင်း။

၂။ ညီညွတ်ခြင်းဟူသော ဤအကြောင်း ၂-ပါးနှင့် ပြည့်စုံ၍ တိုးတက်လာခြင်း ဖြစ်ပေသည်။

အကျယ်သိဖွယ်

(၁) အလုပ်မှန်ကန်ခြင်းဟု ဆိုရာ၌ - ရွှေဟသ်ာတောရ ဆရာတော်ထေရ်ရှင်အဆက်ဆက်တို့သည် ပရိယတ္တိစာပေကျမ်းဂန်များကို ရေးသားခြင်း၊ ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချပေးခြင်းတို့၌ မေတ္တာ ကရုဏာတရားများ ရှေ့ထား၍ ရေးသားတော်မူခြင်း၊ မေတ္တာ ကရုဏာတရားများ ရှေ့ထား၍ စာသင်သား ရဟန်းသာမဏေတို့အား အမြန် တတ်မြောက်စေနိုင်သည့် မှန်ကန်သော နည်းစနစ်များဖြင့်

သင်ကြားပို့ချပေးခြင်း၊ သီတင်းစဉ်တိုင်း အစမ်းစာမေးပွဲများ ကျင်းပ ပြုလုပ်ပေးခြင်းတို့ဖြင့် ပရိယတ္တိစာပေကျမ်းဂန် သင်ကြားပို့ချပေးခြင်း အလုပ်ကလည်း မှန်ကန်တော်မူခဲ့ကြပေသည်။

ရှေ့ဟသ်ာတောရဆရာတော် ထေရ်ရှင်အဆက်ဆက်တို့သည် ကျောင်းတိုက်အုပ်ချုပ်ရေးဌာန အရှည်တည်တံ့ကာ ကောင်းမွန်စေရန်အတွက် ပဓာန နာယကဆရာတော်၊ တိုက်အုပ်ဆရာတော်၊ တိုက်ကြပ်ဆရာတော်၊ ဒု-တိုက်ကြပ်ဆရာတော်ဟူ၍ ဆရာတော်များကို ရွေးချယ်တင်မြှောက်သည့် အလုပ်ကလည်း မှန်ကန်တော်မူခဲ့ကြပေသည်။

ရွေးချယ်တင်မြှောက်သည့် အစဉ်အလာမှန်ကန်ခြင်း

ရှေ့ဟသ်ာတောရ ဆရာတော်ထေရ်ရှင် အဆက်ဆက်တို့သည် ညောင်တုန်းမြို့ ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်ကြီး ပျံလွန်တော်မူသွားလျှင် တိုက်အုပ်ဆရာတော်ကို ပဓာန နာယကဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ကြရ ပေသည်။ တိုက်ကြပ်ဆရာတော်က တိုက်အုပ်ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ကြရပေသည်။ ဒု-တိုက်ကြပ် ဆရာတော်က တိုက်ကြပ်ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ရန် ရွေးချယ် တင်မြှောက်ကြရပေသည်။ ဤကဲ့သို့ ရွေးချယ်တင်မြှောက်သည့် အစဉ် အလာကလည်း မှန်ကန်တော်မူခဲ့ကြပေသည်။

ညောင်တုန်းမြို့ ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး၌ ပဓာန နာယက ဆရာတော် အကြောင်းတစ်ပါးပါးကြောင့် မရှိခဲ့သော်၊ မဆောင်ရွက်နိုင်ခဲ့ သော် တိုက်အုပ်ဆရာတော်က ပဓာန နာယကဆရာတော်အရာ၌ တည်၍ ဆောင်ရွက်နိုင်ခြင်း။ အကြောင်းတစ်ပါးပါးကြောင့် တိုက်အုပ်ဆရာတော် မရှိခဲ့သော်၊ မဆောင်ရွက်နိုင်ခဲ့သော် တိုက်ကြပ်ဆရာတော်က တိုက်အုပ် ဆရာတော်အရာ၌တည်၍ ဆောင်ရွက်နိုင်ခြင်း။ အကြောင်းတစ်ပါးပါးကြောင့် တိုက်ကြပ်ဆရာတော် မရှိခဲ့သော်၊ မဆောင်ရွက်နိုင်ခဲ့သော် ဒု-တိုက်ကြပ်

ဆရာတော်က တိုက်ကြေပ်ဆရာတော်အရာ၌ တည်၍ ဆောင်ရွက်နိုင်ခြင်း ဟူသော အစဉ်အလာသည်လည်း နောင်အနာဂတ် သာသနာအတွက် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြမည့် ထေရ်ရှင်အဆက်ဆက်တို့ နည်းယူဖွယ် ကောင်းလှပါပေသည်။

ဆရာတော်လောင်းလျှာ ရွေးချယ်ပါ သီကောင်းစရာ

ဒု-တိုက်ကြေပ်ဆရာတော်သည် နောင်အနာဂတ်ကာလတွင် ညောင်တုန်းမြို့. ရှေဟသ်တောရကျောင်းတိုက်ကြီး၌ ပဓာန နာယက ဆရာတော်ကြီး ဖြစ်လာမည့် ဆရာတော်လောင်းလျှာပင် ဖြစ်ပေသည်။ ထို့ကြောင့် ဒု-တိုက်ကြေပ်ဆရာတော် ရွေးချယ်ရာတွင် ဘက်စုံကြည့်၍ ရွေးချယ်ကြရပေသည်။

ဒု-တိုက်ကြေပ်ဆရာတော်အဖြစ် ရွေးချယ်ကြရာတွင် အရွေးအချယ် ခံရမည့်ပုဂ္ဂိုလ်၌ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများမှာ သီလ သမာဓိ ပညာဂုဏ် နှင့် ပြည့်စုံခြင်း၊ သာသနာတော်ကြီး တိုးတက်ကြီးပွားလိုသော စိတ်ဓာတ် ရှိခြင်း၊ ရှေဟသ်တောရကျောင်းတိုက်ကြီး၏ ဆရာတော်ထေရ်ရှင် အဆက်ဆက်တို့၌ ကြည်ညိုလေးစားသည့်အနေဖြင့် သံယောဇဉ်ရှိခြင်း၊ ရှေဟသ်တောရကျောင်းတိုက်ကြီး၌ အနေကြာခြင်း၊ ကျောင်းတိုက်အတွက် အရာရာမှာ သည်းခံကာ အနစ်နာခံ၍ ဆောင်ရွက်ခြင်း စသော ဂုဏ် အင်္ဂါများနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ရွေးချယ်တော်မူကြရပေသည်။ ဤကဲ့သို့ ရွေးချယ်ခြင်းသည်လည်း အလုပ်မှန်ကန်ခြင်း တစ်ပါးပင် ဖြစ်ပေသည်။

ဤကဲ့သို့ ဆရာတော်လောင်းလျှာကို ရွေးချယ်ခြင်းသည်လည်း မြတ်စွာဘုရားသာသနာတော်၌ ကောင်းမြတ်သော အစဉ်အလာတစ်ခုပင် ဖြစ်ပေသည်။ သာသနာတော်ကြီး အရှည်တည်တံ့အောင် တိုးတက် ကြီးပွားအောင် ဆောင်ရွက်ကြမည့် ထေရ်ရှင်အဆက်ဆက်တို့ နည်းယူဖွယ် ကောင်းသည့် ရွေးချယ်ခြင်းပင် ဖြစ်ပေသည်။

ပစ္စည်းလေးပါး ထောက်ပံ့ပုံ မှန်ကန်ခြင်း

ညောင်တုန်းမြို့ ရှေ့ဟသ်ာတောရ ဝတ္ထုကဲ့အသင်းကြီး၊ ရှေ့ဟသ်ာ သဟာယအသင်းတို့မှ အဖွဲ့သူ အဖွဲ့သားများနှင့် ရှေ့ဟသ်ာတောရ၏ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများတို့သည် ရှေ့ဟသ်ာတောရ ကျောင်းတိုက်ကြီး ယခုကဲ့သို့ အနှစ်တစ်ရာတိုင်အောင် အရည်တည်တံ့နိုင် စေရန်အတွက်၊ တိုးတက်ကြီးပွားနေစေရန်အတွက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် ပုံမှန် မပျက်မကွက် ထောက်ပံ့နိုင်ခဲ့ ခြင်းသည်လည်း အလုပ်မှန်ကန်လို့သာ ထောက်ပံ့နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

(၂) ညီညွတ်ခြင်းဟု ဆိုရာ၌ - ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီး ယခုလို အနှစ်တစ်ရာပြည့်သည့်တိုင်အောင် အရည်တည်တံ့၍ အရှိန်အဟုန်မပျက်ဘဲ တိုးတက်လာခြင်းသည် ရှေ့ဟသ်ာတောရ ကျောင်းတိုက်ကြီးမှ ဆရာတော် သံဃာတော်များနှင့် ပစ္စည်းလေးပါး ထောက်ပံ့ကာ ကိုးကွယ်ဆည်းကပ်ကြသော ဒါယကာ ဒါယိကာမများ ညီညွတ်ကြခြင်းနှင့် ကျောင်းတိုက်အတွင်းရှိ ဆရာတော် သံဃာတော်များ အချင်းချင်း ညီညွတ်ခြင်းတို့ ရှိခဲ့ကြလို့သာ အနှစ်တစ်ရာတိုင်အောင် အရည်တည်တံ့နိုင်ခြင်း၊ တိုးတက်ကြီးပွားလာခြင်း ဖြစ်ပေသည်။

ဆရာဒကာ ညီညွတ်ခြင်း

ရှေ့ဟသ်ာတောရကျောင်းတိုက်ကြီးကို ပစ္စည်းလေးပါးထောက်ပံ့ကာ ကိုးကွယ်ဆည်းကပ်ကြသော ဒါယကာ ဒါယိကာမတို့သည် ရှေ့ဟသ်ာ တောရကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီးနှင့် တိုက်အုပ်၊ တိုက်ကြပ်စသော ဆရာတော်များ၏ သြဝါဒကို အစဉ်လေးစားကာ ဆောင်ရွက်ခဲ့ကြသောကြောင့် ညီညွတ်ခြင်း ဖြစ်ပေသည်။

ဆရာတော် သံဃာတော်များ ညီညွတ်ခြင်း

ရှေဟသ်ကောရ ဆရာတော် သံဃာတော် ထေရ်ရှင်အဆက်ဆက်တို့သည် မေတ္တာ ကရုဏာတရားများ ရှေ့ထားကာ သင်္ဂီဟဝတ္ထုသုတ္တန် ဒေသနာတော်၌လာသော ထောက်ပံ့ချီးမြှောက်ခြင်းတရား ၄-ပါးတို့ဖြင့် အညီအညွတ် နေထိုင်တော်မူလေ့ရှိကြပေသည်။ ထို့ကြောင့် အစဉ်အလာမပျက် ညီညွတ်လျက် ရှိကြပေသည်။

၁။ ရှေဟသ်ကောရ ထေရ်ရှင်အဆက်ဆက်တို့သည် ဒါန = တစ်ပါးကို တစ်ပါးက မေတ္တာ ကရုဏာတရားများ ရှေ့ထား၍ ထိုက်သင့်သည့် လူ့ဖွယ်ပစ္စည်းများကို လူ့ဒါန်းလေ့ ရှိတော်မူကြပေသည်။

၂။ ရှေဟသ်ကောရ ထေရ်ရှင်အဆက်ဆက်တို့သည် ပေယျဝဇ္ဇ = မိမိတို့အချင်းချင်း တစ်ပါးကိုတစ်ပါးက ပြောဆိုခွင့် ကြုံလာသောအခါ မေတ္တာ ကရုဏာတရားများ ရှေ့ထား၍ ချိုချိုသာသာ ကြင်ကြင်နာနာ ပြောဆိုလေ့ ရှိတော်မူကြပေသည်။

၃။ ရှေဟသ်ကောရ ထေရ်ရှင်အဆက်ဆက်တို့သည် အတ္ထာစရိယ = တစ်ပါးက တစ်ပါး၏ မျက်မှောက်ဘဝအကျိုး နောင်သံသရာဘဝ အကျိုး၊ လောကီအကျိုး လောကုတ္တရာအကျိုးများ ရရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်းအလေ့ ရှိတော်မူကြပေသည်။

၄။ ရှေဟသ်ကောရ ထေရ်ရှင်အဆက်ဆက်တို့သည် သမာနတ္တတာ= သွားအတူ လာအတူ၊ ချမ်းသာအတူ ဆင်းရဲအတူ သီတင်းသုံး နေထိုင်တော်မူလေ့ ရှိတော်မူကြပေသည်။

ဤသင်္ဂီဟဝတ္ထုသုတ္တန် ဒေသနာတော်၌လာသည့် ထောက်ပံ့ချီးမြှောက်ခြင်း တရားလေးပါးတို့ဖြင့် သီတင်းသုံး နေထိုင်တော်မူခဲ့ကြသော ကြောင့် အစဉ်အလာမပျက် ညီညွတ်မှုများ ရှိတော်မူခဲ့ကြခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ရှေ့ဟာသော်တောရ ထေရ်ရှင်အဆက်ဆက်တို့သည် အလုပ်ကလည်း မှန်ကန်ခဲ့ကြသောကြောင့်လည်းကောင်း၊ ညီညွတ်မှုကလည်း ရှိခဲ့ကြသောကြောင့်လည်းကောင်း အနစ်တစ်ရာပြည့်သည်အထိ ရှေ့ဟာသော်တောရကျောင်းတိုက်ကြီး အစဉ်အလာမပျက် တိုးတက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အလုပ်မှန်ကန်၊ ညီညွတ်ပြန်၊ အမှန်တိုးတက်ကြောင်း။

သဒ္ဓမ္မရံသိရိပ်သာဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဥာဏိန္ဒာဘိဝံသ

ပုညဝ-ပါးမှ အကျယ် ၄၀-မှားလာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကောင်းမှုကုသိုလ်တို့ကို ယုံကြည် အားကိုးလျက်ရှိကြပေသည်။ ထိုကောင်းမှုကုသိုလ်တို့သည် မိမိတို့၏ စိတ်အစဉ်ကို ပြုစင်စေတတ်ကြကုန်၏။ ယခုဘဝနှင့် နောင်ဘဝများတို့ ၌ ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိစေတတ်ကြကုန်၏။ ကောင်းမှု ကုသိုလ်တို့သည် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက် သည့်တိုင်အောင် ပို့ဆောင်ပေးတတ်ကြကုန်၏ဟု ယုံကြည် အားကိုးလျက် ရှိကြပေသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်များကို မိမိတို့ စွမ်းနိုင်သမျှ ပြုလုပ်နေလျက် ရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညမှ ကောင်းမှုကုသိုလ်တို့သည် အကျဉ်းချုပ်အားဖြင့် (၁၀)ပါးတို့ ဖြစ်ကြပေ သည်။ အကျယ်ပွားလိုက်သော် (၄၀)တို့ ဖြစ်ကြပေသည်။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ကောင်းမှုကုသိုလ်များကို အလွန်ပင် နှစ်သက်၊ လိုချင်ကြ ပေသည်။ ကောင်းမှုကုသိုလ်တရားများဖြင့် မွေ့လျော်လိုကြပေသည်။ သို့ဖြစ်၍ ပုညကြိယဝတ္ထု - ကောင်းမှုကုသိုလ်(၁၀)ပါးမှ အကျယ်(၄၀) ပွားများရရှိပုံကို ရေးသားဖော်ပြလိုက်ရပေသည်။

အကျဉ်း(၁၀)ပါး

၁။ ဒါန = မိမိပိုင်သောပစ္စည်းများကို သူတစ်ပါးတို့အား ပေးလှူခြင်း။

၂။ သီလ = ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း။

၃။ ဘာဝနာ = စိတ်ဖြင့် ကုသိုလ်ဖြစ်အောင် ပွားများခြင်း။

၄။ အပစာယန = ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ အသက် ဂုဏ်သိက္ခာကြီးမားသူတို့အား အရိုအသေပြုခြင်း။

၅။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ အသက် ဂုဏ်သိက္ခာကြီးမားသူတို့၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးခြင်း။

၆။ ပတ္တိဒါန = မိမိပြုသော ကောင်းမှုကုသိုလ်တို့ကို အမျှဝေခြင်း။

၇။ ပတ္တာနုမောဒန = သူတစ်ပါးတို့ အမျှဝေသည်ကို ဝမ်းမြောက်နှမော် သာဓုခေါ်ခြင်း။

၈။ ဓမ္မသဝန = သူတစ်ပါးတို့ ဟောကြားသည့် တရားတော်များကို နာကြားခြင်း။

၉။ ဓမ္မဒေသနာ = မိမိတတ်သိသမျှ ဗုဒ္ဓ၏ တရားတော်များကို ဟောကြားခြင်း။

၁၀။ ဒိဋ္ဌုဇုကမ္မ = ဖြောင့်မှန်သည့် အယူကောင်း အယူမှန်ကိုယူခြင်း ဟူ၍ အကျဉ်းအားဖြင့် (၁၀)ပါးတို့ ဖြစ်ကြပေသည်။

အကျယ်(၄၀)ဖြစ်ပုံ

ပုညကြိယဝတ္ထု = ကောင်းမှုကုသိုလ်(၁၀)ပါးမှ အကျယ်(၄၀) ဖြစ်လာပုံမှာ -

၁။ ကိုယ်တိုင်ပြုလုပ်ခြင်းက (၁၀)ပါး။

၂။ သူတစ်ပါးတို့ကို ပြုလုပ်စေခြင်းက (၁၀)ပါး။

၃။ ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းက (၁၀)ပါး။

၄။ သူတစ်ပါးတို့ ပြုကြသည်ကို ဝမ်းမြောက်ခြင်းက (၁၀)ပါးဟူ၍ အကျယ်အားဖြင့် (၄၀)ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

(၁) ကိုယ်တိုင်ပြုခြင်းက (၁၀)ပါးဟုဆိုရာ၌ - ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဤပုညကောင်းမှုကုသိုလ်(၁၀)ပါးကို ကိုယ်တိုင်လည်း ပြုလုပ်ကြပေသည်။ ဤကဲ့သို့ ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့်လည်း ကောင်းမှုကုသိုလ်(၁၀)ပါးကို ရရှိကြပေသည်။

(၂) သူတစ်ပါးတို့ကို ပြုလုပ်စေခြင်းက (၁၀)ပါးဟုဆိုရာ၌ - ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဤပုညကောင်းမှုကုသိုလ်(၁၀)ပါးကို မိမိတို့မိသားစုနှင့် အခြားတစ်ပါးသော ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများကိုလည်း ပြုစေကြပေသည်။ ပြုနိုင်ရအောင် ကူညီအားပေး တိုက်တွန်းကြပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ကို ပြုစေခြင်းဖြင့်လည်း ကောင်းမှုကုသိုလ်(၁၀)ပါးကို ရရှိကြပေသည်။

(၃) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းက (၁၀)ပါးဟုဆိုရာ၌ - ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့မိသားစုနှင့် အခြားတစ်ပါးသော ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေတို့အား ကောင်းမှုကုသိုလ် (၁၀)ပါးတို့ကို ပြုလုပ်သဖြင့် ရရှိကြသည့် အကျိုးတရား ဂုဏ်ကျေးဇူးများကို ပြောပြကြပေသည်။ ဤကဲ့သို့ အကျိုးတရား ဂုဏ်ကျေးဇူးများကို ပြောပြခြင်းဖြင့်လည်း ကောင်းမှုကုသိုလ်(၁၀)ပါး ရရှိကြပေသည်။

(၄) သူတစ်ပါးတို့ ပြုကြသည်ကို ဝမ်းမြောက်ခြင်းက (၁၀)ပါးဟုဆိုရာ၌- ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဤပုညကောင်းမှုကုသိုလ်(၁၀)ပါးတို့ကို သူတစ်ပါးတို့ ပြုလုပ်နေကြသည်ကို မြင်ရသောအခါ၊ ကြားရသောအခါတို့၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ပြုလုပ်သည်ကို

ဝမ်းမြောက်ခြင်းဖြင့်လည်း ကောင်းမှုကုသိုလ်(၁၀)ပါး ရရှိကြပေသည်။ ဤကဲ့သို့ အကျယ်အားဖြင့် (၄၀)ဖြစ်ပေသည်။

ပုညပ(၁၀)ပါး အကျဉ်းအားဖြင့် (၃)ပါးဖြစ်ပုံ

ပုညကြိယဝတ္ထုတရားတို့သည် (၁၀)ပါးမှ အကျယ်(၄၀)ဖြစ်ပါသော်လည်း အကျဉ်းချုပ်အားဖြင့် သိထားဖွယ်ရာမှာ ဒါန သီလ ဘာဝနာ ဟူသော ၃-ပါးတို့ပင် ဖြစ်ကြပေသည်။

ပုညကြိယဝတ္ထု = ကောင်းမှုကုသိုလ်(၁၀)ပါးတို့တွင် မိမိပြုသော ကောင်းမှုကုသိုလ်တို့ကို သူတစ်ပါးတို့အား အမျှဝေခြင်းဟူသော ပတ္တိဒါန ကောင်းမှုကုသိုလ်နှင့် သူတစ်ပါးတို့က အမျှဝေသောအခါ ဝမ်းမြောက်နမော်သာဓုခေါ်ခြင်းဟူသော ပတ္တာနုမောဒန ကောင်းမှုကုသိုလ်တို့သည် ပေးလှူခြင်း ဒါနကုသိုလ်ကောင်းမှုဌ ပါဝင်သွားကြပေသည်။ ပေးလှူခြင်း ဒါနကုသိုလ်ကောင်းမှုဌ ထည့်သွင်း၍ ယူကြရပေသည်။

ဆောင်ပုဒ်။ ။ ပတ္တိ,ပတ္တာ၊ ဒါနမှာ သွင်းကာယူရသည်။

ပုညကြိယဝတ္ထု = ကောင်းမှုကုသိုလ်(၁၀)ပါးတို့တွင် ရတနာသုံးပါး၊ ဆရာ မိဘများ၊ အသက် ဂုဏ်သိက္ခာကြီးမားသူတို့အား အရိုအသေပြုခြင်းဟူသော အပစာယန ကောင်းမှုကုသိုလ်နှင့် ရတနာသုံးပါး၊ ဆရာ မိဘများ၊ အသက် ဂုဏ်သိက္ခာကြီးမားသူတို့၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးခြင်းဟူသော ဝေယျာဝစ္စ ကောင်းမှုကုသိုလ်တို့သည် ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း သီလဌ ပါဝင်သွားကြပေသည်။ ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း သီလဌ ထည့်သွင်း၍ ယူကြရပေသည်။

ဆောင်ပုဒ်။ ။ ပစာ,ဝေယျာ၊ သီလမှာ၊ သွင်းကာယူရသည်။

ပုညကြိယဝတ္ထု = ကောင်းမှုကုသိုလ်(၁၀)ပါးတို့တွင် သူတစ်ပါးတို့ဟောကြားအပ်သော ဗုဒ္ဓ၏ တရားတော်များကို နာကြားခြင်းဟူသော ဓမ္မသဝနကောင်းမှုကုသိုလ်၊ မိမိတတ်သိသမျှ ဗုဒ္ဓတရားတော်များကို

သူတစ်ပါးတို့အား ဟောကြားခြင်းဟူသော ဓမ္မဒေသနာကောင်းမှုကုသိုလ်၊ ဖြောင့်မှန်သည့် အယူကောင်း အယူမှန်ကို ယူခြင်းဟူသော ဒိဋ္ဌဇုကမ္မ ကောင်းမှုကုသိုလ်တို့သည် စိတ်ဖြင့် ကုသိုလ်ဖြစ်အောင် ပွားများခြင်းဟူသော ဘာဝနာကောင်းမှုကုသိုလ်တို့၌ ပါဝင်သွားကြပေသည်။ ဘာဝနာကောင်းမှုကုသိုလ်တို့၌ ထည့်သွင်း၍ ယူကြရပေသည်။

ဆောင်ပုဒ်။ ။ နာ,ဟော,ဖြောင့်စွာ၊ ဘာဝနာ၊ သွင်းကာယူရသည်။

ပုညကြိယဝတ္ထု အဓိပ္ပါယ်

ပုညကြိယဝတ္ထု၌ ပုည-ကတစ်ပုဒ်၊ ကြိယ-ကတစ်ပုဒ်၊ ဝတ္ထု-ကတစ်ပုဒ်ဟူ၍ ၃-ပုဒ်ဖြစ်ပေသည်။

ပုည အရ အကျဉ်းအားဖြင့် ကောင်းမှုကုသိုလ်(၁၀)ပါး၊ အကျယ်အားဖြင့် ကောင်းမှုကုသိုလ်(၄၀)တို့သည် မိမိတို့၏ ခန္ဓာအစဉ်၊ နာမ်အစဉ် စိတ်အစဉ်ကို ဖြူစင်စေတတ်သောကြောင့် ပုညလည်း မည်ကြပေသည်။

ကြိယ အရ အကျဉ်းအားဖြင့် ကောင်းမှုကုသိုလ်(၁၀)ပါး၊ အကျယ်အားဖြင့် ကောင်းမှုကုသိုလ်(၄၀)တို့သည် သူတော်ကောင်းတို့ အမြဲမပြတ် ပြုလုပ်အပ်သောကြောင့် ကြိယလည်း မည်ကြပေသည်။

ဝတ္ထု အရ အကျဉ်းအားဖြင့် ကောင်းမှုကုသိုလ်(၁၀)ပါး၊ အကျယ်အားဖြင့် ကောင်းမှုကုသိုလ်(၄၀)တို့သည် ကောင်းကျိုးတရားတို့၏ တည်ရာအကြောင်းဖြစ်သောကြောင့် ဝတ္ထုလည်း မည်ကြပေသည်။

ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်တို့ပြုအပ်သော ပုညကြိယဝတ္ထု ကောင်းမှုတို့သည် ကုသိုလ်တရားများ ဖြစ်ကြပေသည်။ ရဟန္တာ ပုဂ္ဂိုလ်တို့ပြုကြသော ပုညကြိယဝတ္ထု ကောင်းမှုတို့သည် အဗျာကတတရားများ ဖြစ်ကြပေသည်။

ဒါနနှ ၁-ပါးမှ အကျယ် ၄-ပါးတွားလာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါနကုသိုလ်ကောင်းမှုကို ယုံကြည်အားကိုးလျက်ရှိကြပေသည်။ ဒါနကုသိုလ်ကောင်းမှုတို့သည် မိမိတို့၏ စိတ်အစဉ်ကို ဖြူစင်စေကြကုန်၏။ ယခုဘဝနှင့် နောင်ဘဝများတို့၌ ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိစေနိုင်ကြကုန်၏။ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း အထောက်အပံ့ကောင်းတစ်ခုဖြစ်၏ဟု ယုံကြည်အားကိုးလျက် ရှိကြပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလှူရေစက် လက်နှင့်မကွာ ဆိုတာလိုပင် ဒါနကုသိုလ်ကောင်းမှုများကို ပြုလုပ်လှူဒါန်းလျက် ရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ဒါနကုသိုလ်ကောင်းမှုသည် တစ်မျိုးတည်းပင် ဖြစ်ပါသော်လည်း အကျယ်ပွားလိုက်သောအခါ ၄-မျိုး ဖြစ်လာပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါနကုသိုလ်ကောင်းမှုကို အလွန်ပင် နစ်သက်ကြပေသည်၊ အလွန်ပင် လိုချင်ကြပေသည်။ ထို့ကြောင့် ဒါနကုသိုလ်ကောင်းမှု ၁-မျိုးမှ ၄-မျိုး ရရှိလာပုံကို ရေးသားဖော်ပြလိုက်ရပါသည်။

ဒါနကုသိုလ်ကောင်းမှု အကျယ် ၄-မျိုးဖြစ်ပုံ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ဒါနကုသိုလ်ကောင်းမှု တို့သည် -

၁။ ကိုယ်တိုင်ပြုခြင်းက ၁-ပါး။

၂။ သူတစ်ပါးတို့ကို ပြုစေခြင်းက ၁-ပါး။

၃။ ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းက ၁-ပါး။

၄။ သူတစ်ပါးတို့ ပြုလုပ်ကြသည်ကို ဝမ်းမြောက်ခြင်းက ၁-ပါးဟူ၍ အကျယ်အားဖြင့် ၄-မျိုး ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဒါနကောင်းမှု၊ ကိုယ်တိုင်ပြုခြား၊
သူများပြုစေ၊ ဂုဏ်တွေပြောပြ၊
ဝမ်းမြောက်က၊ ဒါနလေးမျိုးဖြစ်သတည်း။

ကိုယ်တိုင်ပြုပုံ

(၁) ကိုယ်တိုင်ပြုခြင်းက ၁-ပါးဟုဆိုရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဝိနည်းဒေသနာတော် အလိုအားဖြင့် သင်္ကန်းအလှူ၊ ဆွမ်းအလှူ၊ ကျောင်းအလှူ၊ ဆေးအလှူဟူသော အလှူဒါန ၄-မျိုးတို့ကို ကိုယ်တိုင် ပြုလုပ် လှူဒါန်းလျက် ရှိကြပေသည်။

သုတ္တန်ဒေသနာတော် အလိုအားဖြင့် အန္န = ဆွမ်းအလှူ၊ ပါန = အဖျော်အလှူ၊ ဝတ္ထ = အဝတ်အလှူ၊ ယာန = ယာဉ်အလှူ၊ မာလ = ပန်းအလှူ၊ ဂန္ဓ = နံ့သာအလှူ၊ ဝိလေပန = နံ့သာပျောင်းအလှူ၊ သေယျ = အိပ်ရာအလှူ၊ အာဝသထ = နေရာကျောင်းအလှူ၊ ပဒီပေယျ = ဆီမီး အလှူဟူသော အလှူဒါန ၁၀-မျိုးတို့ကို အခါအားလျော်စွာ ကိုယ်တိုင် ပြုလုပ် လှူဒါန်းလျက် ရှိကြပေသည်။

အဘိဓမ္မာဒေသနာတော် အလိုအားဖြင့် ရူပါရုံ = အဆင်းအလှူ၊ သဒ္ဒါရုံ = အသံအလှူ၊ ဂန္ဓာရုံ = အနံ့အလှူ၊ ရသာရုံ = အရသာအလှူ၊

ဖောင်ဘုရား = အတွေ့အလှု။ ဓမ္မာရုံ = သဘောတရားအလှုဟူသော အလှု ၆–မျိုးတို့ကို အခါအားလျော်စွာ ကိုယ်တိုင်ပြုလုပ် လှူဒါန်းလျက် ရှိကြပေသည်။

သူတစ်ပါးတို့ကို ပြုစေပုံ

(၂) သူတစ်ပါးတို့ကို ပြုစေခြင်းက ၁–ပါးဟုဆိုရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့ အိမ်သူ အိမ်သား။ သား သမီးများကို သက်နှံ။ ဆွမ်း။ ကျောင်း။ ဆေးစသော လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြဖို့ရန် တိုက်တွန်း စေခိုင်းကြပေသည်။ ခင်မင်ရင်းနှီးသော ဓမ္မမိတ်ဆွေများကိုလည်း လှူဒါန်းကြဖို့ရန် တိုက်တွန်းကြပေသည်။ အလှူဒါနပြုနိုင်ကြရအောင် ကူညီအားပေးကြပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ကို ပြုစေခြင်းအားဖြင့်လည်း ဒါနကုသိုလ်ကောင်းမှုများကို ရရှိကြပေသည်။

ဂုဏ်တော်ပြောပြပုံ

(၃) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းက ၁–ပါးဟုဆိုရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါနကုသိုလ်ကောင်းမှုကို ပြုကြသောအခါ ဒါနကုသိုလ်ဇောတို့သည် ၇–ကြိမ်၊ ၇–ကြိမ် ဖြစ်သွားကြပေသည်။ ဒါနကုသိုလ် ပထမဇောစေတနာ ကုသိုလ်ကံက ယခုဘဝမှာပင် အကျိုးပေးသည်။ ကုသိုလ်ရှင် ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိနေရအောင်၊ ကုသိုလ်ရှင် ပြုလုပ်ချင်သည့် ကိစ္စများ လွယ်လွယ်နှင့် ပြီးမြောက်သွားရအောင်၊ ကုသိုလ်ရှင် လိုချင်သည့် အကျိုးတရားများ လွယ်လွယ်နှင့် ရရှိသွားရအောင် ယခုဘဝမှာပင် အကျိုးပေးသည်ဟု ဒါနကုသိုလ်၏ အကျိုးတရားများကို ပြောပြကြရပေသည်။

သတ္တမဇော = အဆုံးဇော စေတနာ ကုသိုလ်ကံက ဒုတိယဘဝမှာ အကျိုးပေးသည်။ ကုသိုလ်ရှင် ကောင်းမြတ်သည့် လူ့ဘဝ နတ်ဘဝများသို့ ရောက်သွားရအောင် ဒုတိယဘဝမှာ အကျိုးပေးသည်ဟုလည်း ဒါနကုသိုလ်၏ အကျိုးတရားများကို ပြောပြကြရပေသည်။

ဒါနကုသိုလ်၏ အလယ်ဇော ၅-ခု စေတနာ ကုသိုလ်ကံများက တတိယဘဝမှစ၍ နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် ကုသိုလ်ရှင်ကို ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝတို့၌ ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိအောင် အကျိုးပေးသည်ဟုလည်း ဒါနကုသိုလ်၏ အကျိုးတရားများကို ပြောပြကြရပေသည်။ ဤကဲ့သို့ ဒါနကုသိုလ်၏ အကျိုးတရားဂုဏ်ကျေးဇူးများကို ပြောပြခြင်းအားဖြင့်လည်း ဒါနကုသိုလ်ကောင်းမှုများကို ရရှိကြပေသည်။

နောက်တစ်နည်း ဂုဏ်တွေပြောပြပုံ

ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းက ၁-ပါးဟုဆိုရာ၌ ဒါနကုသိုလ်ကောင်းမှုပြုကြသောပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် ဖြစ်လေရာ ဘဝတိုင်းတို့၌ အသက်ရှည်ခြင်းအကျိုး၊ အဆင်းလှပတင့်တယ်ခြင်းအကျိုး၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံခြင်းအကျိုး၊ မိမိကို ကူညီမည့် အခြံအရံပရိသတ်များ ပေါများခြင်းအကျိုး၊ အရာရာမှာ အစိုးရခြင်းအကျိုးဟူသော အကျိုး ၅-မျိုးတို့ကို ရရှိစေနိုင်သည်ဟု ဒါနကုသိုလ်ကောင်းမှု၏ ဂုဏ်ကျေးဇူးတို့ကို ပြောပြကြရပေသည်။

ဒါနကုသိုလ်ကောင်းမှု ပြုထားကြသောပုဂ္ဂိုလ်တို့သည် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကြသောအခါ သက်နီး အဝတ်အရံများ ပေါများခြင်း၊ ဆွမ်းဘောဇဉ်အာဟာရ ပေါများခြင်း၊ နေထိုင်ဖို့ရာ ကျောင်းပေါများခြင်း၊ ဆေးပစ္စည်းပေါများခြင်း၊ အတူနေကြသည့် သီတင်းသုံးဖော်တို့၏ ကြည်ညိုခြင်းကို ခံယူရခြင်းဟူသော အကျိုး ၅-မျိုးတို့ကို ရရှိစေနိုင်သည်ဟု ဒါနကုသိုလ်ကောင်းမှု၏ ဂုဏ်ကျေးဇူးတို့ကို ပြောပြကြရပေသည်။ ဤကဲ့သို့ ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းအားဖြင့်လည်း ဒါနကုသိုလ်ကောင်းမှုများကို ရရှိကြပေသည်။

ဝမ်းမြောက်ပုံ

(၄) ဝမ်းမြောက်ခြင်းက ၁-ပါးဟုဆိုရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့ ဒါနကုသိုလ်ကောင်းမှု ပြုနေကြသည်ကို မြင်ရသောအခါ၊ ကြားရသောအခါတို့၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပေသည်၊ သာဓုခေါ်ကြပေသည်။ ဤကဲ့သို့ ဝမ်းမြောက်သောအားဖြင့်လည်း ဒါနကုသိုလ်ကောင်းမှုကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါန ကုသိုလ်ကောင်းမှု ၁-ပါးမှ အကျယ် ၄-ပါးပွားများကာ ရရှိကြပေသည်။

ဒါနကုသိုလ် ပုညကြီယဝတ္ထုမည်ပုံ

ဒါနကုသိုလ်ကောင်းမှုပြုကြသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ မိမိတို့၏ ပစ္စည်းဥစ္စာမှာ မတပ်မက်သော အလောဘ ဖြစ်လာပေသည်။ ထို အလောဘက စိတ်ကို ညစ်ညူးစေတတ်သော လောဘကို ပယ်လိုက်ပေသည်။ ထို့ကြောင့် စိတ်အစဉ်များ ဖြူစင်သွားပေသည်။

ဒါနကုသိုလ်ကောင်းမှုပြုကြသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ အလှူခံ ပုဂ္ဂိုလ်များကို ချမ်းသာစေချင်သည့် မေတ္တာ = အဒေါသ ဖြစ်လာပေသည်။ ထိုအဒေါသက စိတ်ကို ညစ်ညူးစေတတ်သော ဒေါသကို ပယ်လိုက်ပေသည်။ ထို့ကြောင့် စိတ်အစဉ်များ ဖြူစင်သွားကြပေသည်။

ဒါနကုသိုလ်ကောင်းမှုပြုကြသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဒါနကုသိုလ်ကောင်းမှုကိုပြုသဖြင့် ယခုဘဝနှင့် နောင်ဘဝများတွင် နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိနိုင်သည်ဟု ယုံကြည်ခြင်း ရှေ့သွားရှိသော အသိဉာဏ် = အမောဟ ဖြစ်လာပေသည်။ ထိုအမောဟက စိတ်ကို ညစ်ညူးစေတတ်သော မောဟကို ပယ်လိုက်ပေသည်။ ထို့ကြောင့် စိတ်အစဉ်များ ဖြူစင်သွားကြပေသည်။

ဤကဲ့သို့ စိတ်ကို ညစ်ညူးစေတတ်သော လောဘ၊ ဒေါသ၊ မောဟ တို့ကို အလောဘ၊ အဒေါသ၊ အမောဟတို့က ပယ်လိုက်သောကြောင့် စိတ်အစဉ်များ ဖြူစင်သွားကြပေသည်။ ယင်းကဲ့သို့ စိတ်အစဉ်ကို ဖြူစင်စေတတ်သောကြောင့် ဒါနကုသိုလ်ကောင်းမှုတို့သည် ပုညမည်ကြပေသည်။ ထိုဒါနကုသိုလ်ကောင်းမှုတို့သည် သူတော်ကောင်းတို့ ပြုအပ်သောကြောင့် ကြီယလည်း မည်ကြပေသည်။ ထိုဒါနကုသိုလ်ကောင်းမှုတို့သည် ကောင်းကျိုးတို့၏တည်ရာ အကြောင်းဖြစ်သောကြောင့် ဝတ္ထုလည်း မည်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရှုမှတ်ချက်တိုင်းမှာ ကွန်ရှေ(၅)ပါး ဝင်ရှိပါ

ယခုခေတ်အခါသည် သတိပဋ္ဌာန်ဝိပဿနာတရား ထွန်းကားလာသော ခေတ်အခါဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အချိန်ရသမျှ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်လျက်ရှိကြပေသည်။ ဤကဲ့သို့ အားထုတ်ကြရာတွင် တရားမတွေ့သေးသောပုဂ္ဂိုလ်တို့က တရားတွေ့မြန်မြန်တွေ့ချင်ကြပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်တို့က တရားတွေ့ရှေ့သို့ မြန်မြန်တက်ချင်ကြပေသည်။ တရားထူး တရားမြတ်များ မြန်မြန်ရချင်ကြပေသည်။

ဤကဲ့သို့ တရားတွေ့ မြန်မြန်တွေ့၊ မြန်မြန်တက်၊ မြန်မြန်ရလိုကြသောပုဂ္ဂိုလ်တို့သည် ကွန်ရှေ ၅-ပါး ထက်သန်အောင်လည်း အားထုတ်ကြရပေသည်။ ညီမျှအောင်လည်း အားထုတ်ကြရပေသည်။ ထိုကွန်ရှေ ၅-ပါးတို့သည် ရှုမှတ်ချက်တိုင်း ရှုမှတ်ချက်တိုင်းတို့၌ ပါဝင်နေကြပေသည်။ အဆင့်ဆင့် ကျေးဇူးပြုနေကြပေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ထိုင်၍ရှုမှတ်သောအခါ အသက်ရှူသွင်းလိုက်၍ ဝမ်းဗိုက် ဖောင်းတက်လာခဲ့သော် ဖောင်းတယ်ဟု ရှုမှတ်ကြရပေသည်။ အသက်ရှူထုတ်လိုက်၍ ဝမ်းဗိုက်

ပိန်ကျသွားခဲ့သော် ပိန်တယ်ဟု ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ကြရာတွင် မှတ်ချက်တိုင်း၊ မှတ်ချက်တိုင်းတို့၌ ဣန္ဒြေ ၅-ပါးတို့ ပါဝင်လျက်ရှိကြပေသည်။

ဣန္ဒြေ ၅-ပါးဆိုသည်မှာ -

၁။ သဒ္ဓိန္ဒြေ = ယုံကြည်မှု အားကောင်းခြင်း။

၂။ ဝီရိယိန္ဒြေ = လုံ့လစိုက်မှု အားကောင်းခြင်း။

၃။ သတိန္ဒြေ = အမှတ်သတိရမှု အားကောင်းခြင်း။

၄။ သမာဓိန္ဒြေ = စိတ်တည်ငြိမ်မှု အားကောင်းခြင်း။

၅။ ပညိန္ဒြေ = အသိဉာဏ် အားကောင်းခြင်းဟူ၍ ၅-ပါးဖြစ်ပေသည်။

ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ ဣန္ဒြေ ၅-ပါး ပါဝင်ပုံ

၁။ ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ သဒ္ဓိန္ဒြေ ပါဝင်ပုံမှာ -

ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်နေကြသောပုဂ္ဂိုလ်တို့သည် ရှုမှတ်နေရင်း ရှုမှတ်နေရင်း အမှတ်တွေ ပြည့်သွားသောအခါ သောတာပန်ဖြစ်သွားနိုင်ကြပေသည်။ နိဗ္ဗာန်ချမ်းသာသို့ အာရုံပြုသောအားဖြင့် ရောက်သွားနိုင်ကြပေသည်။ အပါယ်တံခါး အပြီးတိုင် ပိတ်သွားနိုင်ကြပေသည်ဟု ယုံကြည်မှုများ ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေဖြစ်၏။ ထို့ကြောင့် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ သဒ္ဓိန္ဒြေ ပါဝင်နေခြင်း ဖြစ်ပေသည်။

၂။ ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ ဝီရိယိန္ဒြေ ပါဝင်နေပုံမှာ -

ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်နေကြသောပုဂ္ဂိုလ်တို့သည် ထိုင်ထားသည့် ကိုယ်ကာယ၏ ခေါင်း ကိုယ် ခြေ လက်တို့ တည်မြဲတိုင်းမှာ တည်နေရအောင် လုံ့လစိုက်၊ ကြောင့်ကြစိုက်ထားခြင်း ကာယိကဝီရိယ၊ ဖောင်းတာ ပိန်တာများ ပေါ်လာသည့်အခါ ရှုမှတ်နိုင်ရအောင် စိတ်က လုံ့လစိုက်၊ ကြောင့်ကြစိုက်ထားခြင်း စေတသိကဝီရိယတို့ ဖြစ်နေခြင်းသည်

ဝိရိယနေ့ ဖြစ်၏။ ထို့ကြောင့် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ ဝိရိယနေ့ ပါဝင်နေခြင်း ဖြစ်ပေသည်။

၃။ ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ သတိနေ့ ပါဝင်နေပုံမှာ -

ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်နေကြသောပုဂ္ဂိုလ်တို့သည် ဖောင်းတာ ပိန်တာများ ပေါ်လာသောအခါ သတိမမေ့နေပါဘဲ ကပ်ခနဲ ကပ်ခနဲ ရှုမှတ်လိုက်ကြရပေသည်။ ဤကဲ့သို့ သတိမမေ့နေပါဘဲ ကပ်ခနဲ ကပ်ခနဲ ရှုမှတ်နိုင်ခြင်းသည် သတိနေ့ ဖြစ်၏။ ထို့ကြောင့် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ သတိနေ့ ပါဝင်နေခြင်း ဖြစ်ပေသည်။

၄။ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ သမာဓိနေ့ ပါဝင်နေပုံမှာ -

ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ကြသောပုဂ္ဂိုလ်တို့သည် ဖောင်းတာ ပိန်တာများကို ရှုမှတ်လိုက်သောအခါ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် ပိန်စမှ ပိန်ဆုံးတိုင်အောင် မှတ်သိစိတ်များ တည်တည်သွားကြပေသည်။ ဤကဲ့သို့ မှတ်သိစိတ်များ တည်တည်သွားကြခြင်းသည် သမာဓိနေ့ ဖြစ်၏။ ထို့ကြောင့် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ သမာဓိနေ့ ပါဝင်နေခြင်း ဖြစ်ပေသည်။

၅။ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ ပညာနေ့ ပါဝင်နေပုံမှာ -

ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ကြသောပုဂ္ဂိုလ်တို့သည် သမာဓိ ဉာဏ်များ ဖြစ်လာသည်ရှိသော် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်လိုက်သော အခါ ဖောင်းနေတာက တခြား။ မှတ်သိလိုက်တာက တခြား။ ပိန်နေတာက တခြား။ မှတ်သိလိုက်တာက တခြားဟု ကွဲပြားကာ သိလာကြပေသည်။

ဖောင်းတာ ပိန်တာများက အာရုံကို မသိတတ်သော ရုပ်တရား။ မှတ်သိမှတ်သိလိုက်တာများက အာရုံကို သိတတ်သော နာမ်တရားဟု ကွဲပြားကာ သိလာကြပေသည်။ ဤကဲ့သို့ နာမ်နဲ့ ရုပ်ကို ကွဲပြားကာ ပိုင်းခြား၍ သိလာခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၍ ပညာနေ့ ဖြစ်၏။

ထို့ကြောင့် ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ ပညာ့ရှေ့ ပါဝင်နေခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ရာ၌ ဂျာနေ့ ၅-ပါး ပါဝင်နေကြပေသည်။

ဂျာနေ့ ၅-ပါး အဆင့်ဆင့် ကျေးဇူးပြုနေပုံ

သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြရာ၌ အောက်အောက် ဂျာနေ့များက အထက်အထက် ဂျာနေ့များကို အဆင့်ဆင့် ကျေးဇူးပြုနေကြပေသည်။ သဒ္ဓါနေ့က ဝီရိယနေ့ကို ကျေးဇူးပြုပေသည်။ ဝီရိယနေ့က သတိနေ့ကို၊ သတိနေ့က သမာဓိနေ့ကို၊ သမာဓိနေ့က ပညာ့ရှေ့ကို ကျေးဇူးပြုနေကြပေသည်။ ဤကဲ့သို့ အဆင့်ဆင့် ကျေးဇူးပြုနေကြပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်နေရင်း ရှုမှတ်နေရင်း အမှတ်တွေ ပြည့်သွားသောအခါ သောတာပန်ဖြစ်သွားနိုင်ပေသည်။ နိဗ္ဗာန်ချမ်းသာကို အာရုံပြုသောအားဖြင့် ရောက်သွားနိုင်ပေသည်။ အပါယ်တံခါး အပြီးတိုင် ပိတ်သွားနိုင်ပေသည်ဟု ယုံကြည်မှု = သဒ္ဓါနေ့ အားကောင်းသည်နှင့်အမျှ မနားမနေ မပြတ်မလပ် လုံ့လစိုက်ခြင်း ဝီရိယနေ့လည်း အားကောင်းလာပေသည်။ ဤကဲ့သို့ ဝီရိယနေ့ အားကောင်းလာခြင်းသည် သဒ္ဓါနေ့က ကျေးဇူးပြု၍ အားကောင်းလာခြင်းပင် ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် မနားမနေ မပြတ်မလပ် လုံ့လစိုက်မှု ဝီရိယနေ့ အားကောင်းသည်နှင့်အမျှ ပေါ်ရာ ပေါ်ရာ ဖောင်းတာ ပိန်တာစသည့် အာရုံများကို မလွတ်တမ်း ကပ်ခနဲ ကပ်ခနဲ မှတ်နိုင်သည့် သတိနေ့ အားကောင်းလာပေသည်။ ဤကဲ့သို့ အမှတ်သတိရမှု = သတိနေ့ အားကောင်းလာခြင်းသည် လုံ့လစိုက်မှု = ဝီရိယနေ့က ကျေးဇူးပြု၍ အားကောင်းလာခြင်းပင် ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ပေါ်ရာပေါ်ရာ ဖောင်းတာ ပိန်တာစသည့် အာရုံများကို မလွတ်တမ်း ရှုမှတ်နိုင်သည့် သတိန္ဒြေ အားကောင်းသည်နှင့်အမျှ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင်၊ ပိန်စမှ ပိန်ဆုံးတိုင်အောင် အာရုံများ၏ အစမှ အဆုံးတိုင်အောင် မှတ်သိစိတ် တည်တည်သွားသည့် သမာဓိန္ဒြေ အားကောင်းလာပေသည်။ ဤကဲ့သို့ စိတ်တည်ငြိမ်မှု သမာဓိန္ဒြေ = အားကောင်းလာခြင်းသည် အမှတ်သတိ ရမှု = သတိန္ဒြေက ကျေးဇူးပြု၍ အားကောင်းလာခြင်း ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ဖောင်းတာ ပိန်တာစသည့် အာရုံများ၏ အစမှ အဆုံးတိုင်အောင် တည်တည်သွားသည့် သမာဓိန္ဒြေ အားကောင်းသည်နှင့်အမျှ ဖောင်းတာကတခြား ရုပ်တရား၊ မှတ်သိလိုက်တာကတခြား နာမ်တရား၊ ပိန်တာကတခြား ရုပ်တရား၊ မှတ်သိလိုက်တာကတခြား နာမ်တရားဟု နာမ်နှင့်ရုပ် ကွဲပြားကာ ပိုင်းခြား၍ သိမှု = ပညာန္ဒြေ အားကောင်းလာပေသည်။ ဤကဲ့သို့ ပညာန္ဒြေ အသိ ဉာဏ် အားကောင်းလာခြင်းသည် သမာဓိန္ဒြေ = စိတ်တည်ငြိမ်မှုက ကျေးဇူးပြု၍ အားကောင်းလာခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ ဣန္ဒြေ ၅-ပါးတို့ အဆင့်ဆင့် ကျေးဇူးပြုနေကြပေသည်။

သဒ္ဓမ္မရံသိရိပ်သာဆရာတော်

နိုပေါ်ဒကာများ မေးကြ ဖြေပေးရ

နိပေါနိုင်ငံ ကင်မဏ္ဍုမြို့ ကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဉာဏပုဏ္ဏိက-က ဆရာတော်တို့ကို တရားဟော တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦး၊ ဦးကောင်းရင်တို့သည် ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ (၂၄-၁၀-၂၀၀၀) အင်္ဂါနေ့ နံနက် (၇)နာရီခွဲ ရန်ကုန်လေဆိပ်မှ MAI လေယာဉ်ဖြင့် ဘန်ကောက်သို့ ကြွလာခဲ့ကြပါသည်။

ဘန်ကောက်လေဆိပ်မှ နံနက်(၁၀)နာရီ (၄၅)မိနစ်ထွက်သည့် TG ထိုင်းလေယာဉ်ဖြင့် ကင်မဏ္ဍုသို့ ကြွလာခဲ့ကြပါသည်။ နေ့လည် (၁၂)နာရီ မိနစ်(၂၀)အချိန်တွင် ကင်မဏ္ဍု လေဆိပ်သို့ ရောက်ကြပါသည်။ လေဆိပ်၌ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် ဆရာတော်ဦးဉာဏပုဏ္ဏိကတို့ စောင့်၍ ကြိုနေကြပါသည်။ တရားစခန်းဖွင့်ရာ ကမ္ဘာအေးကျောင်းတိုက်သို့ နေ့လည် (၁)နာရီခွဲတွင် ရောက်ကြပါသည်။ နိပေါ ဒါယကာ ဒါယိကာမများက အလွန်ကြည်ညိုသည့် အမှုအရာများဖြင့် ကြိုဆိုကန်တော့ကြပါသည်။

ရောက်လျှင်ရောက်ချင်းပင် ကမ္ဘာအေးကျောင်းတိုက်၌ရှိကြသော ရဟန်း၊ သာမဏေများနှင့် ဒကာ ဒကာမတို့အား သြဝါဒတရား ဟောကြားပေးပါရန် လျှောက်ထားသဖြင့် ၁။ အလုပ်မှန်ကန်ခြင်း၊ ၂။ ညီညွတ်ကြခြင်း

ဟူသော ဤအကြောင်း ၂-ပါးနှင့် ပြည့်စုံအောင် ကျင့်သုံးကြရမည်။ ကျင့်သုံးနိုင်ပါက အမှန်တကယ်ပင် တိုးတက်လာကြမည် ဖြစ်ပေသည်ဟု သြဝါဒတရား ဟောကြားပေးရပါသည်။

နီပေါနိုင်ငံ ကဋ္ဌမဏ္ဍူမြို့ ကမ္ဘာအေးကျောင်းတိုက်၌ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့မှစ၍ (၇)ရက်တရားစခန်းဖွင့်ကာ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ အားထုတ်ကြသည့် ရှင်သာမဏေများနှင့် အမျိုးသား အမျိုးသမီးယောဂီ ၄၃-ယောက် ရှိကြပါသည်။

နီပေါလူမျိုး ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ကြည်ညိုတတ်သည့် သဒ္ဓါတရားနှင့် ပြည့်စုံကြသော လူမျိုးများ ဖြစ်ကြသည့်အားလျော်စွာ ဆရာတော်တို့ကို သူတို့၏အိမ်များသို့ အလွန်ပင် ဆွမ်းစားပင့်လိုကြပေသည်။ သို့ပါသော်လည်း တရားစခန်းအတွင်း၌ မိမိတို့အိမ်သို့ ဆွမ်းစားမပင့်ရဟူသော သတ်မှတ်ချက်ကြောင့် မပင့်ကြရဘဲ ဖြစ်ကြရပေသည်။ တရားစခန်း၌ ၄-ရက်ဆက်တိုက် ဆွမ်းလှူသော ဒကာကြီးတစ်ဦးက ဆွမ်းစားမဟုတ်ပါဘဲ ညနေဘက်မှာ သူတို့အိမ်သို့ အပူဇော်ခံ ကြွရောက်ပါရန် ပင့်လျှောက်သဖြင့် ကြွရောက်ခဲ့ရပါသည်။ မိသားစုတို့က လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော်ကြပါသည်။

လှူဒါန်းပူဇော်ကြပြီးသောအခါ သူတို့မေးလိုရာများကို မေးလျှောက်ကြပါသည်။ အိမ်ရှင်ဒကာကြီးက မေးလျှောက်သည်မှာ - "သူ ဝိပဿနာတရားကို အသင့်အတင့် အားထုတ်ခဲ့ဖူးပါသည်။ တရားသဘောများကိုလည်း အသင့်အတင့် သိခဲ့ပါသည်။ သို့ပါသော်လည်း လူမှုကိစ္စက အလွန်များလှသောကြောင့် ဆက်လက်၍ အားမထုတ်နိုင်ခဲ့ပါ။ ဘယ်လိုတရားရအောင် ကျင့်သုံးရပါမလဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ ဝိပဿနာတရား အားထုတ်ဖို့ အချိန်တစ်ခုကို သတ်မှတ်ထား၍ အားထုတ်ရမည်ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဥပမာ . . . နံနက် (၅)နာရီမှ (၆)နာရီအထိ ဝိပဿနာတရားပဲ အားထုတ်မည်၊ အခြားလူမှုကိစ္စများကို မပြုလုပ်ဟု အချိန်ကို သတ်မှတ်၍ အားထုတ်ရမည် ဖြစ်ပေသည်။

ထို့နောက် အိမ်ရှင်ဒကာမကြီးက မေးလျှောက်သည်မှာ - "သူ့မှာ သားသမီးတွေ များပါသည်၊ သားသမီးတွေအားလုံး အညီအမျှ ချမ်းသာ စေချင်ပါသည်၊ ဘယ်လိုလုပ်ရပါ့မလဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ သားသမီးတွေအားလုံး အညီအမျှ ချမ်းသာစေချင်လျှင် သားသမီး တွေအပေါ်မှာ မေတ္တာများများ ပွားပေးရပါမည်ဟု ဖြေကြားပေးခဲ့ ရပါသည်။

ထို့နောက် အိမ်ရှင် ဒကာမကြီးက မေးလျှောက်ပြန်သည်မှာ - "သူ့မှာ သားသမီးတွေအပေါ် စိုးရိမ်မှုတွေ အလွန်များပါသည်။ အဲဒီစိုးရိမ် မှုများကို ဘယ်လိုပယ်ဖျောက်ရပါ့မလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ သားသမီးတွေအပေါ်မှာ ဖြစ်နေသည့် စိုးရိမ်မှုများကို ပယ်ဖျောက်ဖို့ ရာမှာ ဥပေက္ခာဘာဝနာကို ပွားများရမည် ဖြစ်ပေသည်။ သား သမီးတွေ ပစ္စည်းဥစ္စာများ ပြည့်စုံကြတာ မပြည့်စုံကြတာ၊ ချမ်းသာ မှု ရှိကြတာ မရှိကြတာများ ဖြစ်ကြရသည်မှာ ရှေးဘဝများက သူတို့ ပြုထားသည့် ကံကြောင့်ပင် ဖြစ်ပေသည်။ သူတို့ကံပဲဟု ဥပေက္ခာဘာဝနာကို ပွားများရပါမည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မြေးတော်သူ အမျိုးသမီးတစ်ဦးက မေးလျှောက်သည် မှာ - "ဆရာတော်အနေဖြင့် နိပေါလူမျိုးတို့၏ ယဉ်ကျေးမှုအခြေအနေကို ဘယ်လို မြင်ပါသလဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ ဆရာတော်၏အမြင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသည့် နိပေါလူမျိုး တို့၏ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပုံနှင့် သာသနာတော်ကို ကြည်ညိုလေးစားပုံတို့သည် မြန်မာလူမျိုးများနှင့် တူကြတာများ သည်ကို တွေ့မြင်ရပါသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

နိုပေါဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ ဘုရားကို ရှိခိုးဦးချပုံ၊ ရဟန်းသံဃာတော်များကို ရှိခိုးဦးချပုံတို့သည် နဖူး၊ လက် ၂-ဖက်၊ ဒူး ၂-ဖက် ထိခြင်းဟူသော ထိခြင်း ၅-ပါးဖြင့် ရှိခိုးဦးချပုံများကို တွေ့မြင်ရပေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ရှိခိုးဦးချပုံများနှင့် တူလှပေသည်။

နိုပေါဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ အလှူဒါနပြုကြရာတွင် မိမိတို့ပိုင်သော ပစ္စည်းများကို နည်းများမဟူ ကြည်ဖြူသဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်းကြပေသည်။ အလှူခံပုဂ္ဂိုလ်တို့အား ကြည်ညိုသောအမူအရာဖြင့် ရိုရိုသေသေ လေးလေးစားစား လှူဒါန်းလေ့ရှိကြပေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ လှူဒါန်းပုံနှင့် တူလှပေသည်။

တို့နောက် အိမ်ရှင် ဒကာကြီး ဒကာမကြီးများ၏ သမီးတော်သူတစ်ဦး ဆရာတော်တို့ နေထိုင်ရာ ကမ္ဘာအေးကျောင်းတိုက်သို့ ရောက်လာသောအခါ မေးလျှောက်ပြန်သည်မှာ - "သူ၏ မိဘနှစ်ပါးတို့သည် အသက်အရွယ် ကြီးရင့်သွားကြပြီဖြစ်၍ အပါယ်တံခါးပိတ်သည့် သောတာပန်ဖြစ်အောင် ဝိပဿနာတရားကို အားမထုတ်နိုင်ကြတော့ပါ။ နောင်ဘဝများမှာ အပါယ်မကျသွားနိုင်ရအောင် သူတို့ ဘယ်လိုနေထိုင် ကျင့်ကြံကြရပါ့မလဲ" ဟု မေးလျှောက်ပါသည်။

ဖြေ။ ယခုဘဝမှာ သောတာပန်ဖြစ်အောင် ဝိပဿနာတရား အားမထုတ်နိုင်ကြသော မိဘ ၂-ပါးတို့သည် အမြဲမပြတ် ကုသိုလ်ဖြစ်နိုင်သည့် နိဗဗာနကုသိုလ်(၇)မျိုးကို ပြုလုပ်ကြပါလျှင် သောတာပန်နှင့် အလားတူ နောင်ဘဝများမှာ အပါယ်မကျရပါဘဲ၊ ကောင်းမြတ်သည့် လူပြည်နတ်ပြည်သို့ ရောက်ကြရမည် ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။ နိဗဗာနကုသိုလ်(၇)မျိုးကိုလည်း အတိုချုပ် ဟောကြားပေးလိုက်ပါသည်။

 ်ိုးမ

နိပေါဒကာမျှား မေးကြ ဖြေပေးရ ၇၃

နိဗဒ္ဓကုသိုလ်(၇)မျိုး

၁။ ဘုရား တရား သံဃာ ရတနာသုံးပါးကို အမြဲကြည်ညှိ ကိုးကွယ်ဆည်းကပ်ခြင်း။

၂။ ၅-ပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း။

၃။ စာရေးတံမဲချ၍ လှူဒါန်းလေ့ရှိခြင်း။

၄။ လပြည့် ၁၅-ရက်တစ်ခါ၊ လကွယ် ၁၅-ရက်တစ်ခါ ဆွမ်းကျွေးလေ့ရှိခြင်း။

၅။ ဝါဆိုသက်နံ့ လှူဒါန်းလေ့ရှိခြင်း။

၆။ သောက်ရေကန် သောက်ရေတွင်း သောက်ရေအိုးစင်တို့ကို လှူဒါန်းခြင်း။

၇။ ကျောင်းဆောက်၍ လှူဒါန်းခြင်းဟူသော နိဗဒ္ဓကုသိုလ်(၇)မျိုး ရှိသော ပုဂ္ဂိုလ်တို့သည် သောတာပန်နှင့် အလားတူ နောင်ဘဝများ၌ အပါယ်သို့ မကျနိုင်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဆောင်ပုဒ်များ

တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။
ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်နံ့၊ လှူဒါန်းသောက်ရေကန်။
ကျောင်းလှူတစ်ဝ၊ နိဗဒ္ဓ၊ ပုညရှိသူမှန်။
သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြန်။ (မဟာစည်)

ထို့နောက် အိမ်ရှင်ဒကာကြီး ဒကာမကြီးများ၏ သမီးဖြစ်သူက မေးလျှောက်ပြန်သည်မှာ - "နိပေါဠ် တရားရိပ်သာများ ရှိပါသည်၊ ထိုတရားရိပ်သာများကို တိုးတက်ကြီးပွားလာရအောင် ဘယ်လို ဆောင်ရွက်ရပါ့မလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ တရားရိပ်သာများ တိုးတက်ကြီးပွားလာရအောင် ဆောင်ရွက်ရန်မှာ-

၁။ တရားရိပ်သာသို့ လာရောက်၍ ဝိပဿနာတရား အားထုတ်ကြသော

ရဟန်း ရှင် လူ ယောဂီပုဂ္ဂိုလ်တို့ တရားပြန်ပြန်တွေ့အောင် တရားပြပေးနိုင်သည့် ကမ္မဋ္ဌာန်းဆရာရှိရမည်။

၂။ တရားရိပ်သာသို့ လာရောက်၍ ဝိပဿနာတရား အားထုတ်ကြသော ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်တို့အား ဆွမ်းဘောဇဉ်၊ ကျောင်းအိပ်ရာနေရာ၊ ရေမီး စသည်များ ပြည့်စုံ၍ ချမ်းသာစွာ နေနိုင်ရအောင် စီမံထားပေးခြင်း ရှိရမည်။

ဤဆောင်ရွက်ဖွယ် ၂-ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ပေးပါက တရားရိပ်သာများ တိုးတက်ကြီးပွားလာမည် ဖြစ်ပါသည်ဟု ဖြေကြားပေးလိုက်ရပါသည်။ ဆရာတော် ဦးဥာဏပုဏ္ဏိက-က နီပေါလို ဘာသာပြန်ပေးပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းချုပ်မှုကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိစေနိုင်ကြရန်အတွက် ရည်သန်၍ အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နီပေါနိုင်ငံမှာ ပါဆာဒသိမ် သမုတ်ပါ သိကောင်းစရာ

နီပေါနိုင်ငံ ကင်္ဘာမဏ္ဍာပြိုကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဥာဏပုဏ္ဏိက-က ဆရာတော်တို့ကို တရားဟော တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦး။ ဦးကောင်းရင်တို့သည် ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ (၂၄-၁၀-၂၀၀၀) အင်္ဂါနေ့ နံနက် (၇)နာရီခွဲ ရန်ကုန်လေဆိပ်မှ MAI လေယာဉ်ဖြင့် ဘန်ကောက်သို့ ကြွလာခဲ့ကြပါသည်။

ဘန်ကောက်လေဆိပ်မှ နံနက်(၁၀)နာရီ (၄၅)မိနစ်ထွက်သည့် TG ထိုင်းလေယာဉ်ဖြင့် ကင်္ဘာမဏ္ဍာသို့ ကြွလာခဲ့ကြပါသည်။ နေ့လည် (၁၂)နာရီ မိနစ်(၂၀)အချိန်တွင် ကင်္ဘာမဏ္ဍာလေဆိပ်သို့ ရောက်ကြပါသည်။ လေဆိပ်ဌာ ပြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် ဆရာတော်ဦးဥာဏပုဏ္ဏိကတို့ စောင့်၍ ကြိုနေကြပါသည်။ တရားစခန်းဖွင့်ရာ ကမ္ဘာအေးကျောင်းတိုက်သို့ နေ့လည် (၁)နာရီခွဲတွင် ရောက်ကြပါသည်။ နီပေါ ဒါယကာ ဒါယိကာမများက အလွန်ကြည်ညိုသည့် အမူအရာများဖြင့် ကြိုဆိုကန်တော့ကြပါသည်။

ရောက်လျှင်ရောက်ချင်းပင် ကမ္ဘာအေးကျောင်းတိုက်ဌာရိုကြသော ရဟန်း၊ သာမဏေများနှင့် ဒါယကာ ဒါယိကာမတို့အား သြဝါဒတရား ဟောကြားပေးပါရန် လျှောက်ထားသဖြင့် ၁။ အလုပ်မှန်ကန်ခြင်း၊ ၂။ ညီညွတ်ကြခြင်းဟူသော ဤအကြောင်း ၂-ပါးနှင့် ပြည့်စုံအောင်

ကျင့်သုံးကြရမည်။ ကျင့်သုံးနိုင်ပါက အမှန်တကယ်ပင် တိုးတက်လာ ကြမည် ဖြစ်ပေသည်ဟု သြဝါဒတရား ဟောကြားပေးရပါသည်။

နီပေါနိုင်ငံ ကင်ဠမဏ္ဍိုမြို့ ကမ္ဘာအေးကျောင်းတိုက်၌ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့မှစ၍ (၇)ရက်တရားစခန်းဖွင့်ကာ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ ဤကဲ့သို့ တရားဟော တရားပြ ဆောင်ရွက်ကြရာတွင် နီပေါနိုင်ငံ ကမ္ဘာအေးကျောင်းတိုက်၌ သိမ်မရှိသေး၍ ပါသာဒသိမ် သမုတ်ရန် စီစဉ်ကြပါသည်။

မြန်မာပြည်မှာ ၁၁-နှစ်ကြာ နေထိုင်ခြင်း

ပါသာဒသိမ် သမုတ်ရခြင်း အကြောင်းကို မဖော်ပြမီ ပါသာဒသိမ် သမုတ်တော်မူသည့် ဆရာတော်၏ အကြောင်းကို ရှေးဦးစွာ ဖော်ပြပါမည်။ ပါသာဒသိမ် သမုတ်သည့် ဆရာတော်သည် မြန်မာပြည်မှ ပရိယတ္တိနှင့် ပဋိပတ္တိ (၂)မျိုးလုံးကို သင်ယူဆည်းပူးခဲ့သည့် နီပေါနိုင်ငံသား ဆရာတော် တစ်ပါး ဖြစ်ပေသည်။ မြန်မာနိုင်ငံ၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပေသည်။ ဘွဲ့အမည်တော်မှာ အရှင်ဉာဏပုဏ္ဏိက ဖြစ်ပေသည်။ မြန်မာပြည်မှာ ၁၁-နှစ် နေထိုင်ကာ ပရိယတ်၊ ပဋိပတ် ၂-ဖြာ သင်ယူဆည်းပူးခဲ့သော ဆရာတော် ဖြစ်ပေသည်။

မြန်မာပြည်၌ ရဟန်းဖြစ်ခြင်း

ဆရာတော် အရှင်ဉာဏပုဏ္ဏိကသည် အသက်(၁၆)နှစ်အရွယ်တွင် နီပေါနိုင်ငံမှ ၁၉၅၆-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိကာ ရှင်သာမဏေ ဝတ်၍ ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။ ရန်ကုန်မြို့၊ အလုံမြို့နယ် နေ ဦးယုကြည်နှင့် ညီမဒေါ်ကြင်အေးတို့၏ ပစ္စည်းလေးပါး ထောက်ပံ့ခြင်း ကို ခံယူ၍ ဆဋ္ဌသင်္ဂါယနာတင်ရာ လှိုဏ်ဂူကြီးအနီး ကမ္ဘာအေး သိမ် တော်ကြီး၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဦးသူရိယာဘိဝံသ ကို ဥပဇ္ဈာယ်ပြု၍ ၁၉၅၉-ခုနှစ်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

စာမေးပွဲများ အောင်ခဲ့ခြင်း

ပထမငယ်တန်းနှင့် ပထမလတ်တန်းကို မန္တလေးမြို့၊ အနောက်ပြင်မြတောင်တိုက် ရွှေဝါဝင်းကျောင်းမှ အောင်မြင်ခဲ့ပါသည်။ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့ကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံတိုက်မှ အောင်မြင်ခဲ့ပါသည်။ ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူပြီးသောအခါ ၁၉၆၇-ခုနှစ်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီးထံတွင် ဥဏ္ဏာစဉ်တရားနာရသည့်အထိ ဝိပဿနာတရားကို အားထုတ်ခဲ့ပါသည်။

ဆရာတော် အရှင်ဥဏ္ဏာပုဏ္ဏိကသည် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာအတွက် မြန်မာနိုင်ငံမှ သင်ယူအားထုတ်ပြီးသောအခါ အိန္ဒိယနိုင်ငံ ဗာရာဏသီ သက္ကတ တက္ကသိုလ်၌ ဒီပလိုမာတန်းကို သင်ယူကာ အောင်မြင်ခဲ့ပါသည်။ လန်ဒန်နှင့် အမေရိကန်နိုင်ငံတို့၌ အင်္ဂလိပ်ဘာသာရပ်ကို သင်ယူ လေ့လာခဲ့ပါသည်။ ဘာသန္တရစာပေများကို သင်ယူလေ့လာပြီးသောအခါ ၁၉၈၄-ခုနှစ်မှစ၍ နိုပေါနိုင်ငံ ကင်္ဘမဏ္ဍာပြို့၌ ကမ္ဘာအေးကျောင်းတိုက်ကို ကျောင်းငယ်လေးများမှ စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၉၅-ခုနှစ်မှစ၍ အခန်းပေါင်း (၄၆)ခန်းရှိသည့် (၃)ထပ်ကျောင်းတော်ကြီးကို တည်ထောင်ခဲ့ရာ ၁၉၉၇-ခုနှစ်တွင် ပြီးမြောက်ခြင်းသို့ ရောက်ခဲ့သည်ဟု သိရပါသည်။

ကျောင်းတော်ကြီး တည်ထောင်ပြီးသောအခါမှာ နိုပေါနိုင်ငံ၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာများ စည်ပင်ပြန့်ပွား ထွန်းကားစေရန်အတွက် ရဟန်း၊ သာမဏေ ၄၅-ပါးတို့အား ပရိယတ္တိသာသနာအတွက် စာပေကျမ်းဂန်များကို သင်ကြားပို့ချပေးကာ ဆောင်ရွက်လျက်ရှိပါသည်။ ပဋိပတ္တိသာသနာအတွက်လည်း တရားစခန်းများဖွင့်၍ ဝိပဿနာတရားကို အားထုတ်စေကာ ဆောင်ရွက်လျက်ရှိပေသည်။

ပါသာဒသိမ် သမုတ်ခြင်း

ဤကဲ့သို့ ပရိယတ္တိသာသနာအတွက်၊ ပဋိပတ္တိသာသနာအတွက် ဆောင်ရွက်ရာတွင် နိုပေါနိုင်ငံ၊ ကမ္ဘာအေးကျောင်းတိုက်၌ သိမ်မရှိသေးပါ၍ ရန်ကုန်မှ သဒ္ဓမ္မရံသီရိပ်သာဆရာတော် ရောက်နေခိုက်တွင် သိမ်သမုတ်ရန် စီစဉ်ကြပါသည်။

ဤကဲ့သို့ စီစဉ်ကြရာတွင် ရှေးဦးစွာ သိမ်သမုတ်ဖို့နေရာ ရွေးချယ်ကြပါသည်။ ရွေးချယ်သည့်အခါမှာ (၃)ထပ်ကျောင်းတော်ကြီးတွင် အလျားပေ(၃၀)၊ အနံ(၁၅)ပေရှိသည့် ဘုရားခန်းကြီးကို တွေ့ရှိကြပါသည်။ ထိုဘုရားခန်းကြီး၏ အထက်ထပ်၌ စေတီတော်ရှိပါသည်။ ဘုရားခန်းကြီး၏ အောက်ထပ်၌ တရားဟော တရားပြ၊ တရားထိုင်ဖို့ရာ ခန်းမကြီးရှိပါသည်။ ဤအလျား ပေ(၃၀)၊ အနံ(၁၅)ပေရှိသည့် အလယ်ထပ် ဘုရားခန်းမကြီး၌ ပါသာဒသိမ် သမုတ်ရန် ရွေးချယ်လိုက်ကြပါသည်။

ပါသာဒသိမ်ဟူသည် မြေပြင်မှာ သမုတ်ရသည့် သိမ်မဟုတ်ပါဘဲ ကျောင်းဆောင်များ၏ အပေါ်ထပ်တွင် သမုတ်ရသော သိမ်မျိုးဖြစ်ပေသည်။ ပါသာဒသိမ်သမုတ်မည့် အခန်း၏အောက်ထပ်တွင် အခန်းဖွဲ့ထားခြင်းမရှိမှသာ ပါသာဒသိမ်သမုတ်လို့ ရပေသည်။ ယခု ရွေးချယ်သတ်မှတ်လိုက်သော ဘုရားခန်းကြီးသည် ထိုအခန်း၏ အောက်ထပ်၌ အခန်းမရှိသောကြောင့် ပါသာဒသိမ်သမုတ်လို့ရခြင်း ဖြစ်ပေသည်။

ပါသာဒသိမ်သမုတ်ဖို့ အခန်းရွေးချယ် ရရှိပြီးသောအခါ သိမ်နှတ်ရန် ၂-ပေကွက်များကို မြေဖြူဖြင့် ရေးဆွဲပြီးလျှင် ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း(၅)ရက်၊ (၃၁-၁၀-၂၀၀၀) အင်္ဂါနေ့ နေ့လည် (၂)နာရီမှ (၃)နာရီအထိ သံယာတော် (၇)ပါးတို့ဖြင့် သိမ်နှတ်ကြပါသည်။

၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း(၆)ရက်၊ (၁-၁၁-၂၀၀၀) ဗုဒ္ဓဟူးနေ့ နေ့လည်(၁)နာရီတွင် စတင်၍ ရန်ကုန်မြို့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဦးကုဏ္ဍလာဘိဝံသ၊ နီပေါနိုင်ငံ သိရီသုမင်္ဂလ ကျောင်းတိုက်ဆရာတော် ဦးဗုဒ္ဓယောသ၊ ကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဉာဏပုဏ္ဏိက၊ ဤဆရာတော်(၃)ပါးကို အမှူးထား၍ သံဃာတော်(၁၄)ပါး တို့က ကမ္မဝါ(၃)ကြိမ်ဖတ်၍ သမုတ်တော်မူကြပါသည်။ ထိုနေ့ (၁)နာရီ (၃၇)မိနစ်အချိန်တွင် အောင်မြင်စွာ ပါသာဒသိမ်ကို သမုတ်ခဲ့ကြပါသည်။

ပါသာဒသိမ်သမုတ်ပြီးသောအခါ ကမ္ဘာအေးကျောင်းတိုက်ဆရာတော် အရှင်ဉာဏပုဏ္ဏိကဆရာတော်က သိမ်အောင်ကြောင်းစာလွှာကို ဖတ်ကြား၍ သံဃာတော်များက သာဓု(၃)ကြိမ်ခေါ်ကာ အတည်ပြုကြပါသည်။

သိမ်အောင်ကြောင်းစာလွှာ

နီပေါနိုင်ငံ၊ ကင်္ဘမဏ္ဍာမြို့တော်၊ မိနဘာဝန်၊ နယာင့်ဗာနေဆွဲ၌ တည်ရှိသော ကမ္ဘာအေးကျောင်းတိုက်၏ သာသနာတော် စည်ပင်ပြန့်ပွားရာဖြစ်သည့် "သာသနဝေပုလ္လ"သိမ်တော်ကို မြန်မာနိုင်ငံသက္ကရာဇ် ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း(၆)ရက်၊ (၁-၁၁-၂၀၀၀)၊ နီပေါနိုင်ငံ သက္ကရာဇ် ၁၁၂၁-ခု၊ ဝိကြြမသက္ကရာဇ် ၂၀၅၇-ခု၊ ၇-လ၊ ၁၆-ရက်၊ သာသနာတော် သက္ကရာဇ် ၂၅၄၅-ခု၊ ဗုဒ္ဓဟူးနေ့၊ နေ့လည်(၁)နာရီအချိန်တွင် ရန်ကုန်မြို့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဦးကုဏ္ဍလာဘိဝံသ၊ နီပေါနိုင်ငံ သိရီသုမင်္ဂလကျောင်းတိုက်ဆရာတော် ဦးဗုဒ္ဓယောသနှင့် ကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဦးဉာဏပုဏ္ဏိက၊ ဤဆရာတော်(၃)ပါးကို အမှူးထား၍ သံဃာတော်(၁၄)ပါးတို့က ကမ္မဝါ(၃)ကြိမ် ဖတ်၍ သမုတ်တော်မူခဲ့ကြပါသည်။

ဤကဲ့သို့ သမုတ်ကြရာ၌ ထိုနေ့ နေ့လည်(၁)နာရီ (၃၇)မိနစ်အချိန်တွင် သာသနာတော် စည်ပင်ပြန့်ပွားရာဖြစ်သည့် "သာသနဝေပုလ္လ" သိမ်တော် ကောင်းမွန်စွာ အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

ပထမကမ္ဘဝါ ဆရာတော်များ

၁။ သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဦးကုလ္လာလာဘိဝံသ
၂။ သိရိသုမင်္ဂလကျောင်းဆရာတော် ဦးဗုဒ္ဓယောသ
၃။ ကမ္ဘာအေးကျောင်းဆရာတော် ဦးဉာဏပုဏ္ဏိက

ဒုတိယကမ္ဘဝါ ဆရာတော်များ

၁။ အိုင်ဘီအမ်စီ ရိပ်သာဆရာတော် ဦးသုဇနပိယ
၂။ ပဒ္ဓသုဂန္ဓ ဝိဟာရဆရာတော် ဦးသုမေဓ
၃။ ယမ္ပိဝိဟာရဆရာတော် ဦးဘဒ္ဒိယ

တတိယကမ္ဘဝါ ဆရာတော်များ

၁။ အာနန္ဒကုဋိဝိဟာရ ဦးဓမ္မမုတ္တိ
၂။ ဂဏမဟာဝိဟာရ ဦးသောဘိတ
၃။ ကမ္ဘာအေးကျောင်းတိုက် ဦးဟေမိဉာဏ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဂဟန်းခံပွဲမှာ ဟောကြားခဲ့ကာ သိကောင်းစရာ

နီပေါနိုင်ငံ ကင်္ဘမဏ္ဍာ(မြို့) ကမ္ဘာအေးကျောင်းတိုက်မှ ဆရာတော် ဦးဥာဏပုဏ္ဏိက-က ဆရာတော်တို့ကို တရားဟော တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦး၊ ဦးကောင်းရင်တို့သည် ထိုကမ္ဘာအေးကျောင်းတိုက်သို့ ကြွရောက်ပြီးလျှင် ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် (၁၃) ရက်နေ့မှစ၍ (၇)ရက်တရားစခန်းဖွင့်ကာ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။

တရားစခန်းသိမ်းပွဲ ပြုလုပ်ပြီးသောအခါ ထိုကမ္ဘာအေးကျောင်းတိုက်၌ သိမ်မရှိသေးသောကြောင့် ဘုရားဆောင်ခန်းမကြီး၌ ပါသာဒသိမ် သမုတ်ကြပါသည်။ သမုတ်ပြီးသောအခါ ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်၊ (၅-၁၁-၂၀၀၀) တနင်္ဂနွေနေ့တွင် ဆရာတော်ဦးဥာဏပုဏ္ဏိကကို သိမ်ထပ်၍ ရှင်အာဒိစ္စကို ရဟန်းခံပေးကြပါသည်။ ထိုရဟန်းခံပွဲ၌ သိမ်အလှူ မြတ်တဲ့အကြောင်းနှင့် ရဟန်းခံအလှူ မြတ်တဲ့အကြောင်း တရားများကို ဟောကြားပေးပါရန် လျှောက်ထားသဖြင့် ဟောကြားပေးခဲ့ရပါသည်။

သိမ်အလှူ(မြတ်တဲ့အကြောင်းနှင့် ရဟန်းခံအလှူ) မြတ်တဲ့အကြောင်း (၂)မျိုးတို့တွင် သိမ်အလှူ) မြတ်တဲ့အကြောင်းကို ရှေးဦးစွာ ဟောကြားပေးပါမည်။ "သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်"ဟု ဆရာ့ဆရာများက

ဆိုရိုးပြုကြပါသည်။ သက်နှံးအလှူအမျိုးမျိုးတို့တွင် ကထိန်သက်နှံးအလှူသည် အမြတ်ဆုံးအလှူဖြစ်၏။ ကျောင်းအလှူအမျိုးမျိုးတို့တွင် သိမ်ကျောင်းအလှူသည် အမြတ်ဆုံးအလှူဖြစ်၏ဟု ဆိုလိုပါသည်။

သိမ်အလှူ မြတ်ပုံ

သာသနာတော်မှာ သိမ်မရှိခဲ့လျှင် ကဲကြီးကဲငယ်ဟူသမျှ မည်သည့် ကံကိုမှ ပြုလုပ်၍မရကြပါ။ သိမ်သည် သာသနာတော်၏ ရေသောက်မြစ်သဖွယ် ဖြစ်ပေသည်။ သိမ်သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၏ စည်ပင်ပြန့်ပွားအောင် ပြုလုပ်ရာဌာနဖြစ်သောကြောင့် သိမ်အလှူ။ သိမ်ကျောင်းအလှူသည် ကျောင်းအလှူအမျိုးမျိုးတို့တွင် အမြတ်ဆုံးအလှူဖြစ်သည်ဟု ဟောကြားပေးခဲ့ရပါသည်။

သိမ်သည် သံသရာဝင်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်လိုကြသော အမျိုးကောင်းသားတို့ကို မဲညစ်သည့် အကုသိုလ်အဖို့မှ ထစေ၍ ဖြူစင်သည့် ကုသိုလ်အဖို့သို့ ရောက်အောင် တင်ပေးရာဌာနဖြစ်သောကြောင့်လည်း မြတ်ပေသည်။

ဆောင်ပုဒ်။ ။ မဲညစ်ရာမှ၊ ဖြူစင်ကြ၊ တင်ရဏျှိသိမ်မှာ။

သိမ်သည် အမျိုးကောင်းသားတို့ကို ယုတ်နိမ့်သည့် ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သည့် ရဟန်းအဖြစ်သို့ ရောက်အောင် တင်ပေးရာဌာနဖြစ်သောကြောင့်လည်း မြတ်ပေသည်။

ဆောင်ပုဒ်။ ။ ယုတ်နိမ့်ရာမှ၊ မြင့်မြတ်ကြ၊ တင်ရဏျှိသိမ်မှာ။

သိမ်သည် အမျိုးကောင်းသားတို့ကို သံသရာတည်းဟူသော ဝဲဩဃရေအလျဉ်မှ ဆယ်တင်၍ နိဗ္ဗာန်တည်းဟူသော ကုန်းထက်သို့ တင်ပေးရာဌာနဖြစ်သောကြောင့်လည်း မြတ်ပေသည်ဟု ဟောကြားပေးခဲ့ရပေသည်။

ဆောင်ပုဒ်။ ။ ဝဲဩဃမှ၊ ဆယ်တင်ရ၊ ဖြုတ်ကြဏျှိသိမ်မှာ။

သိမ်သည် ကမ္မဝါဖြင့် သမုတ်အပ်သော "ဗဒ္ဓသိမ်"နှင့် ကမ္မဝါဖြင့် မသမုတ်အပ်သော "အဗဒ္ဓသိမ်"ဟူ၍ (၂)မျိုးရှိပေသည်။ ယခု နိပေါနိုင်ငံ ကဌ်မဏ္ဍူမြို့ ကမ္ဘာအေးကျောင်းတိုက်၌ သမုတ်အပ်သော သိမ်သည် ကမ္မဝါဖြင့် သမုတ်အပ်သောကြောင့် "ဗဒ္ဓသိမ်" ဖြစ်ပေသည်။ ကမ္မဝါဖြင့် သမုတ်အပ်သော "ဗဒ္ဓသိမ်"တို့တွင်လည်း မြေပြင်၌ သမုတ်အပ်သော "ဗဒ္ဓသိမ်"နှင့် ကျောင်းဆောင်များ၏ အပေါ်ထပ်၌ သမုတ်အပ်သော "ဗဒ္ဓသိမ်"ဟူ၍ (၂)မျိုးရှိပေသည်။ ယခု ကမ္ဘာအေးကျောင်းတိုက်၌ သမုတ်အပ်သော သိမ်သည် ကျောင်းဆောင်များ၏ အပေါ်ထပ်၌ သမုတ်အပ်သော "ဗဒ္ဓပါသာဒသိမ်" ဖြစ်ပေသည် စသည်ဖြင့် ဟောကြားပေးခဲ့ရပါသည်။

ရဟန်းခံအလှူ မြတ်ပုံ

သိမ်ကျောင်းအလှူ မြတ်သည့်အကြောင်းကို ဟောကြားပြီးသော အခါ ရဟန်းခံအလှူ မြတ်သည့်အကြောင်းကို ဟောကြားပေးပါသည်။ အမျိုးကောင်းသား ရှင်သာမဏေများကို ရဟန်းခံပေးရခြင်းသည် မိမိတို့မှာ လည်း သာသနာတော်ကို ထောက်ပံ့သည့် သာသနာနုဂ္ဂဟကုသိုလ် အကျိုး ထူးများကိုလည်း ရရှိကြပေသည်။ သာသနာတော်ကြီး အရှည်တည်တံ့ စည်ပင်ပြန့်ပွားအောင် ပြုလုပ်ဆောင်ရွက်ပေးရခြင်း အကျိုးထူးကိုလည်း ရရှိကြပေသည်။

မိမိတို့ ရဟန်းဘောင်သို့ တင်ပေးလိုက်သော (ရဟန်းခံပေးလိုက် သော) ရဟန်းတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေ သာသနာတည်းဟူသော သာသနာ(၃)တန် မိမိသဏ္ဌာန်၌ တည်ရှိအောင် လည်း အားထုတ်မည် ဖြစ်ပေသည်။ ထိုသာသနာ(၃)တန် အရှည်သဖြင့် တည်တံ့စည်ပင် ပြန့်ပွားအောင်လည်း ဆောင်ရွက်မည့် ရဟန်းတော် ဖြစ်ပေသည်။

ပရိယတ္တိသာသနာဟူသည် သင်ယူအပ်သည့် ပိဋကတ်(၃)ပုံ ဖြစ်ပေ သည်။ ပဋိပတ္တိသာသနာဟူသည် ကျင့်ကြံအပ်သည့် သီလ သမာဓိ ပညာ

သိက္ခာ(၃)ပါးတို့ ဖြစ်ပေသည်။ ပဋိဝေဓသာသနာဟူသည် သစ္စာ(၄)ပါးကို ထိုးထွင်း၍သိသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ သင်ယူ ကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊ သုံးတန်သာသနာ။

ဗုဒ္ဓမြတ်စွာ၏ ထိုသာသနာတော်ကြီးသည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် အမှန်ကိုလိုလားကြသည့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ကမ္ဘာ့အလင်းဓာတ်ကြီး ဖြစ်ပေသည်။ ဤလမ်းကသွားလျှင် အမှောင်ဖြစ်သည့် အပါယ်(၄)ဘုံသို့ ရောက်သွားကြလိမ့်မည်၊ ဤလမ်းကသွားလျှင် အလင်းဖြစ်သည့် လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်သွားကြလိမ့်မည်၊ ဤလမ်းကသွားလျှင် တစ်ခါတစ်ခေါက်ရောက်သွားခဲ့သော် နောင်ဘယ်သောအခါမှ အမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်သို့ ရောက်သွားကြလိမ့်မည်ဟု သာသနာတော်အလင်းဓာတ်ကြီးက ထွန်းပြပေးနေပေသည်။

ဒုစရိုက်(၁၀)ပါး အကျင့်လမ်းသည် အမှောင်ဖြစ်သည့် အပါယ်(၄)ဘုံသို့ သွားရာလမ်းကြောင်း ဖြစ်ပေသည်။ သုစရိုက်(၁၀)ပါး အကျင့်လမ်းသည် အလင်းဖြစ်သည့် လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရာလမ်းကြောင်း ဖြစ်ပေသည်။ သတိပဋ္ဌာန်တရား(၄)ပါး ဝိပဿနာအကျင့်လမ်းသည် တစ်ခါတစ်ခေါက် ရောက်သွားလျှင် နောင်ဘယ်သောအခါမှ အမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်သို့သွားရာလမ်းကြောင်း ဖြစ်ပေသည်ဟု သာသနာတော်ကြီးက ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် အမှန်ကိုလိုလားကြသော ကမ္ဘာသူ ကမ္ဘာသားတို့ကို ထွန်းပြပေးလျက်ရှိပေသည်။

ဆောင်ပုဒ်များ

ဒုစရိုက်ဆယ်ပါး၊ အကျင့်လမ်းကား၊ အမှောင်ဖြစ်ရာ၊
အပါယ်ရှာ၊ သွားရာလမ်းကြောင်းဖြစ်ပေသည်။
သုစရိုက်ဆယ်ပါး၊ အကျင့်လမ်းကား၊ အလင်းဖြစ်ရာ၊
လူနတ်ဗြဟ္မာ၊ သွားရာလမ်းကြောင်းဖြစ်ပေသည်။

သတိပဋ္ဌာန်လေးပါး၊ အကျင့်လမ်းကား၊ အမြဲလင်းရာ၊ နိဗ္ဗာန်သာ၊ သွားရာလမ်းကြောင်းဖြစ်ပေသည်။

အမျိုးကောင်းသား ရှင်သာမဏေကို ယုတ်နိမ့်သော ရှင်သာမဏေ အဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တင်ပေးရခြင်း (ရဟန်းခံပေး ရခြင်း)ဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး အရှည်တည်တံ့ကာ စည်ပင်ပြန့်ပွားခြင်း အကျိုးကိုလည်း ရရှိနိုင်သောကြောင့် ရဟန်းခံအလှူသည် မြင့်မြတ်တဲ့အကြောင်းကိုလည်း ဟောကြားပေးခဲ့ရပါသည်။

ဤကဲ့သို့ သိမ်ကျောင်းအလှူ မြင့်မြတ်သည့်အကြောင်းနှင့် ရဟန်းခံ အလှူ မြင့်မြတ်သည့်အကြောင်းတို့ကို နာကြားရသဖြင့် နာကြားရသည့် အတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလို ရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ဆရာတော် ဦးဥာဏပုဏ္ဏိက-က နိပေါလို ဘာသာပြန်ပေးပါသည်။

ဟောကြားပေးစဉ်က ဆောင်ပုဒ်များ မပါရှိခဲ့ပါ။ တရားဆောင်းပါး ဖတ်ရှုကြသူများ အကျဉ်းချုပ်မှတ်သားစေနိုင်ရန်အတွက် ဆောင်ပုဒ်များ ကို ထည့်သွင်းရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကင်္ဂမဏ္ဍုမှာ ကထိန်အနုမောဒနာ

နီပေါနိုင်ငံ ကင်္ဂမဏ္ဍုမြို့ ကမ္ဘာအေးကျောင်းတိုက်မှ ဆရာတော် ဦးဥာဏပုဏ္ဏိက-က ဆရာတော်တို့ကို တရားဟော တရားပြနှင့် ကထိန်တရား ဟောကြားပေးပါရန် ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦး၊ ဦးကောင်းရင်တို့သည် ရန်ကုန်မှ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ (၂၄-၁၀-၂၀၀၀) အင်္ဂါနေ့တွင် ကင်္ဂမဏ္ဍုသို့ ကြွလာခဲ့ကြပါသည်။

၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၃-ရက်၊ (၂၅-၁၀-၂၀၀၀) ဗုဒ္ဓဟူးနေ့မှစ၍ ကင်္ဂမဏ္ဍုမြို့ ကမ္ဘာအေးကျောင်းတိုက်၌ (၇)ရက်တရားစခန်းဖွင့်ကာ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ (၇)ရက်တရားစခန်းပြီးသွားသောအခါ ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း ၉-ရက်နေ့၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ကြပါသည်။ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် ကထိန်အနုမောဒနာတရား ဟောကြားပေးပါရန် လျှောက်ထားသဖြင့် ဟောကြားပေးခဲ့ရပါသည်။

ယခု တရားနာဖို့ရန် ရောက်ရှိနေကြသော တရားနာပရိသတ်တို့သည် ကထိန်တရားကို နာကြားဖူးသည့် ပုဂ္ဂိုလ်များသာ များကြပေသည်။ ယခု ထပ်မံ၍ နာကြားရခြင်းမှာ ပိုမို၍ ရှင်းလင်းစွာ သိကြရန်အတွက်သာ နာကြားကြရခြင်း ဖြစ်ပေသည်။

ယနေ့ ကထိန်အနုမောဒနာတရားကို ခေါင်းစဉ်လေး(၅)ချက်ထား၍ ဟောကြားပေးပါမည်။

၁။ ကထိန်ဆိုတဲ့ စကား၏ အဓိပ္ပါယ်၊
၂။ ခင်းတယ်ဆိုတဲ့ စကား၏ အဓိပ္ပါယ်၊
၃။ ကထိန်ကို ဘယ်အခါမှစ၍ အဘယ်ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ခင်းခဲ့ကြရတယ်ဆိုတဲ့ အဓိပ္ပါယ်၊
၄။ ကထိန်အကျိုး (၅)ပါးရှိပုံ၊
၅။ ကထိန်သင်္ကန်းအလှူ အမြတ်ဆုံးသင်္ကန်းအလှူဖြစ်ပုံဟူသော ခေါင်းစဉ်လေး (၅)ချက်ထား၍ ဟောကြားပေးပါမည်။

အကျယ်သိဖွယ်

၁။ "ကထိန်"ဆိုတဲ့စကား၏ အဓိပ္ပါယ်ဌ ကထိန်ဆိုတဲ့ဝေါဟာရစကားမှာ - ကထိန-ဆိုတဲ့ ပါဠိမှ သက်ဆင်းလာသော စကားဖြစ်ပါတယ်။ ကထိန-ဆိုတဲ့ပါဠိက မြေမြ ခိုင်ခန့်ခြင်းအနက်ကို ဟောပါတယ်။ ကထိန်ဆိုတာ ဘာလဲဟု မေးခဲ့သော် မြတာလို့ ဖြေကြရပါမည်။ ဘယ်လိုမြပါသလဲလို့ မေးခဲ့သော် အချိန်ကာလ ပြောင်းရွှေ့လို့မရသောအားဖြင့် မြတယ်လို့ ဖြေဆိုကြရပါမည်။

သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်းမှာသာလျှင် ကထိန်သင်္ကန်းအလှူကို လှူကြရမည်၊ ကထိန်ခင်းကြရမည်ဟု မြတ်စွာဘုရား၏ အာဏာတော်ဖြင့် ပိုင်းခြား သတ်မှတ်ပေးခဲ့သည့်အတိုင်း တစ်လအတွင်းမှာသာ ကထိန်သင်္ကန်းအလှူကို လှူဒါန်းကြရပါသည်၊ ကထိန်ခင်းကြရပါသည်။ ဤကဲ့သို့ အချိန်ကာလ ပြောင်းရွှေ့၍ မရသောအားဖြင့် မြတယ်လို့ ဆိုရပါသည်။

ဥပမာ - ဆရာတော် သံဃာတော်များက အကြောင်းမညီညွတ်ကြသေး၍ ဒကာ ဒကာမများက သင်္ကန်းစသော လှူဖွယ်ပစ္စည်းများ မပြည့်စုံ

သေး၍ ဂိုဏ်း ယန သံဃာတော်များ၏အမိန့်၊ အစိုးရမင်းတို့၏ အမိန့် အာဏာဖြင့် နတ်တော်၊ ပြာသိုလများသို့ ပြောင်းရွှေ့ပြီး ကထိန်ခင်းလို့ မရကြပေ။ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်းမှာသာလျှင် ကထိန်သင်္ကန်းအလှူကို လှူကြရပေသည်၊ ကထိန်ခင်းကြရပေသည်။ ထို့ကြောင့် အချိန်ကာလအားဖြင့် မြဲသည်ဟု ဆိုရပေသည်။

ဆောင်ပုဒ်။ ။ အချိန်ကာလ၊ ပြောင်းမရ၊ မြဲလှကထိန်မည်။

၂။ (၁)နံပါတ် "ကထိန်"ဆိုတဲ့စကား၏ အဓိပ္ပါယ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု (၂)နံပါတ် "ခင်းတယ်"ဆိုတဲ့ စကား၏ အဓိပ္ပါယ်ကို ဟောကြားပါတော့မည်။ "ခင်းတယ်"ဆိုသည်မှာ ကျယ်ပြန့်သွားအောင် ပြုလုပ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ကထိန်မခင်းသည့် ကျောင်းတိုက်မှာ နေထိုင်ကြသည့် ရဟန်းတော် သံဃာတော်တို့သည် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်းမှာသာ ကထိန်အာနိသင် = ကထိန်အကျိုးများကို ရရှိကြပေသည်။

ယခုလို ကမ္ဘာအေးကျောင်းတိုက်၏ ဒကာ ဒကာမများက ကထိန်သင်္ကန်းကို လှူဒါန်းကြ၍ ကထိန်ခင်းလိုက်သည့် ကျောင်းတိုက်မှာ နေထိုင်ကြသည့် ရဟန်းတော် သံဃာတော်တို့သည် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် (၅)လတိုင်တိုင် ကထိန်အာနိသင် = ကထိန်အကျိုး (၅)ပါးတို့ကို ကျယ်ပြန့်စွာ ရရှိသွားကြပေသည်။ ဤကဲ့သို့ ၁-လမှ ၅-လတိုင်အောင် ကထိန်အကျိုးတရားများ ကျယ်ပြန့်သွားအောင် ပြုလိုက်သည်ကို "ခင်းတယ်"ဟု ဆိုရပါသည်။

ဥပမာ - မိမိတို့အိမ်၌ (၅)ခေါက် ခေါက်ထားသည့် ကော်ဇောကြီးများကို ရဟန်းတော်များ၊ ညီသည်တော်များ ရောက်လာ၍ ဖြန့်ခ၊ ခင်းခ

လိုက်သောအခါ တစ်ဆမှ ငါးဆအထိ ကျယ်ပြန့်သွားသကဲ့သို့ ကထိန်ခင်း လိုက်သောအခါ ကထိန်အကျိုးတရားများ ၁-လမှ ၅-လအထိ ကျယ်ပြန့်သွားသည်ကို "ခင်းတယ်"လို့ ဆိုလိုပါသည်။

ဆောင်ပုဒ်။ ။ တစ်လကျိုးကား၊ ငါးလပွား၊ ပြန့်သွားခင်းသည်မည်။

၃။ (၂)နံပါတ် "ခင်းတယ်"ဆိုတဲ့စကား၏ အဓိပ္ပါယ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံလွန်းပါပြီ၊ ယခု (၃)နံပါတ် "ကထိန်ကို အဘယ် အခါမှစ၍ အဘယ်ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ခင်းခဲ့ကြရတယ်"ဟူသော အဓိပ္ပါယ်ကို ဟောကြားပါတော့မည်။

တစ်ချိန်သောအခါ မြတ်စွာဘုရား (၁)ဝါရပြီးသည်ရှိသော် ဥရုဝေလ တောထဲသို့ ကြွသွားပြီး သစ်ပင်တစ်ပင်အနီးမှာ သီတင်းသုံးနေတော်မူ ပါသည်။ ထိုအချိန်မှာ ဘဒ္ဒဝဂ္ဂိမင်းသား ညီနောင်(၃၀)တို့သည် ဇနီးမယား များနှင့် အတူတကွ ဥရုဝေလတောထဲသို့ လာရောက်၍ တောလည် ကစားကြပေသည်။ တစ်ဦးသော မင်းသားသည် ဇနီးမယား မရှိသေး၍ အတူးဇနီးမယားဖြင့် တောလည်ကစားထွက်ခဲ့ရပေသည်။

မင်းသား(၃၀)တို့သည် ဥရုဝေလတောထဲတွင် ပျော်ပျော်ပါးပါး ကစား ကြပေသည်။ ဤကဲ့သို့ ပျော်ပျော်ပါးပါး မင်းသားတို့ ကစားနေကြသည့် အခိုက်မှာ အတူးဇနီးမယားက သူ၏အရှင်ယောကျ်ား မင်းသား၏ ပစ္စည်း များကို ခိုးယူကာ ထွက်ပြေးသွားလေ၏။ ထိုအခါ မင်းသား(၃၀)တို့သည် စုပေါင်းကာ အမျိုးသမီးကို တောထဲတွင် လိုက်ရှာကြသောအခါ သစ်ပင် တစ်ပင်အနီးမှာ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို တွေ့မြင် ကြ၍ အနီးသို့သွားကာ မေးလျှောက်ကြပေသည်။

"ဤအနီးအနားက အမျိုးသမီးတစ်ယောက် လျှောက်သွားတာ မြင်ပါသလား"ဟု လျှောက်ထားကြလေ၏။ မြတ်စွာဘုရားက "ဘာကြောင့် အမျိုးသမီးကို ရှာကြရတာလဲ"ဟု မိန့်ကြားသောအခါ၌ "ပစ္စည်းများ

ပျောက်၍ ရှာကြရပါသည်ဘုရား"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက မင်းသားတို့၏ ပါရမီအခြေခံ ရင့်ကျက်နေသည်ကို မြင်တော်မူသောကြောင့် "မင်းသားတို့ အမျိုးသမီးကိုရှာတာနဲ့ မိမိကိုယ်ကိုရှာတာ ဘယ်ဟာက ပိုမြတ်သလဲ"ဟု မိန့်တော်မူရာ "မိမိကိုယ်ကိုရှာတာ ပိုမြတ်ပါတယ်"ဟု ပြန်၍ လျှောက်ထားကြပေသည်။

"မင်းသားတို့ ... မိမိကိုယ်ကို မိမိရှာတာမြတ်တာမှန်လျှင် ဤမှာထိုင်ကြ၊ ငါဘုရား တရားဟောမည်"ဟု မိန့်တော်မူပြီးလျှင် မင်းသားတို့အား တရားဟောပါသည်။ အဆင့်ဆင့် မြှင့်ကာမြှင့်ကာ ဟောကြားတော်မူပါသည်။ နောက်ဆုံးတွင် သစ္စာလေးပါးကို ဟောကြားတော်မူလိုက်ရာ မင်းသား(၃၀)တို့ အပါယ်တံခါး အပြီးတိုင်ပိတ်သည့်အဆင့် သောတာပန်ဖြစ်သွားကြပေသည်။ သောတာပန်ဖြစ်သွားပြီးသောအခါ မြတ်စွာဘုရားက "ထေ ဘိက္ခဝေါ။ ဘိက္ခဝေါ - ရဟန်းတို့၊ ထေ - လာကြကုန်လော့"ဟု မိန့်ကြားတော်မူလိုက်သည်ရှိသော် ဝါတော်(၆၀)ရှိပြီးသော မထေရ်ကြီးများ ကဲ့သို့ သက်နီး သပိတ်ပရိက္ခရာများ ဝတ်ဆင်ထားပြီးသည့် (ဧဟိ ဘိက္ခု) ရဟန်းတော်များ ဖြစ်သွားကြပေသည်။

ရဟန်းတော်များ ဖြစ်သွားပြီးကြသောအခါ (၁၃)နှစ်ကြာအောင် ဥရုဝေလ တောထဲမှာ တရားဖြင့်ပျော်မွေ့ကာ နေထိုင်ကြပေသည်။ သက်နီး(၃)ထည်ဖြင့်သာနေရသည့် တိစီဝရိတ်ဓုတင်၊ တောအရပ်မှာသာ နေရသည့် အရညကဓုတင်၊ အမြဲအိမ်စဉ်လှည့်လည်ဆွမ်းခံစားရသည့် ပိဏ္ဍပါတ်ဓုတင် စသည်တို့ကို ဆောက်တည်ကာ ဥရုဝေလတောထဲမှာပင် သီတင်းသုံး နေထိုင်ကြပေသည်။

(၁၃)နှစ်ကြာလာသောအခါ မြတ်စွာဘုရားကို အထူးသတိရလာကြသောကြောင့် မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ဦးတည်၍ ခရီးထွက်ခဲ့ကြပေသည်။ ခရီးက အလွန်ကွာဝေးလှသောကြောင့် မြတ်စွာဘုရားရှိတော်မူရာ ဇေတဝန်ကျောင်းတော်သို့

မရောက်မီ သာကေတမြို့မှာ ဝါဆိုလိုက်ကြရပေသည်။ သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် ပဝါရဏာပြုပြီးလျှင် မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ဦးတည်၍ ခရီးထွက်ခဲ့ကြရပေသည်။

မိုးကာလ မကုန်သေးသည်ဖြစ်၍ မိုးတွေက အလွန်ရွာသွန်းသောကြောင့် သင်္ကန်းတွေကို မိုးရေတွေ စိုစွတ်၊ ရှဉ့်နွံတွေပေကျံကာ မြတ်စွာဘုရားထံသို့ ရောက်လာကြပေသည်။ သင်္ကန်း(၃)ထည်ဖြင့်သာ နေရသော တိစီဝရိတ်ဓုတင်ကို ဆောက်တည်ထားကြသည့် ဘဒ္ဒဝဂ္ဂိမင်းသား ရဟန်းတော်(၃၀)တို့သည် သင်္ကန်းဖြင့် ပင်ပန်းဆင်းရဲနေကြသည်ကို မြတ်စွာဘုရားမြင်တော်မူသောကြောင့် -

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ

ဝါမှထကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏ - ဟု ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူလိုက်ပါသည်။

ဤကဲ့သို့ သင်္ကန်းနွမ်းပါ။ သင်္ကန်းရှားပါးနေကြသော ဘဒ္ဒဝဂ္ဂိမင်းသား ရဟန်းတော်များကို အကြောင်းပြု၍ မြတ်စွာဘုရား (၁၄)ဝါမြောက်မှာ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။ ယနေ့တိုင်အောင် တရားနာပရိသတ်များနှင့်တကွ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ကထိန်ခင်းခဲ့ကြရပေသည်။ သင်္ကန်းနွမ်းပါ။ သင်္ကန်းရှားပါးကြသော ဘဒ္ဒဝဂ္ဂိညီနောင်(၃၀) ရဟန်းတော်များကို အကြောင်းပြု၍ မြတ်စွာဘုရား (၁၄)ဝါမြောက်မှစ၍ ယနေ့တိုင်အောင် ကထိန်ခင်းခဲ့ကြရပါသည်။

ဆောင်ပုဒ်။ ။ တစ်ဆယ့်လေးဝါမှာ၊ ကထိနာ၊ မှန်စွာခွင့်ပြုသည်။
ဘဒ္ဒဝဂ္ဂိ၊ သုံးဆယ်ညီအား၊ သင်္ကန်းရှား၊ သနားခွင့်ပြုသည်။

၄။ (၃)နံပါတ် ကထိန်ကို အဘယ်အခါမှစ၍ အဘယ်ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ခင်းခဲ့ကြရတယ်ဟူသော အဓိပ္ပါယ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု (၄)နံပါတ် "ကထိန်အကျိုး(၅)ပါး"ကို ဟောကြားပါတော့မည်။

http://www.dhammadownload.com

ကဋ္ဌမဏ္ဍိုမှာ ကထိန်အနုမောဒနာ ၉၃

ကထိန်အကျိုး(၅)ပါး

၁။ အနာမန္တစာရ = ပင့်ဖိတ်အပ်သော ဆွမ်းရှိလျက် ထင်ရှားရှိသော ရဟန်းတော်များကို မပန်ကြားဘဲ သွားခဲ့လျှင် ရဟန်းတော်များ အပြစ်အာပတ်သင့်သည်။ ဒကာ ဒကာမများက ကထိန်သင်္ကန်းလှူကြ၍ ကထိန်ခင်းလိုက်သောအခါ ဤကဲ့သို့ မပန်ကြားပါဘဲ သွားပြားသော်လည်း အာပတ်မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ။ (စည်)

ရဟန်းတော်များ ဤအကျိုးကို ရကြသကဲ့သို့ ကထိန်သင်္ကန်းလှူဒါန်းကြသော ဒကာ ဒကာမများမှာလည်း အလားတူ အကျိုးရကြပေသည်။ ဘုရားဖူးသွားလိုခြင်း၊ ရိပ်သာကျောင်းများသို့ တရားအားထုတ်သွားလိုခြင်း စသည့် သွားလိုရာများကို သွားသောအခါ မည်သည့်ပုဂ္ဂိုလ်မှ မတားဆီးနိုင်ခြင်း အကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။ (စည်)

၂။ အသမာဒါနစာရ = သင်္ကန်း(၃)ထည်ဖြင့်နေရသော တိစီဝရိတ်ဓုတင်ကို ဆောက်တည်ထားကြသော ရဟန်းတော်များသည် ထိုသင်္ကန်း(၃)ထည်နှင့် တစ်ညဉ့်မျှ ကင်းကွာသွားလျှင် အပြစ်အာပတ်သင့်ကြသည်။ ဒကာ ဒကာမများက ကထိန်သင်္ကန်းလှူဒါန်းကြ၍ ကထိန်ခင်းလိုက်သောအခါ ထိုသင်္ကန်း(၃)ထည်တို့တွင် တစ်ထည်ထည်ဖြင့် ညဉ့်ကင်း၍ နေပြားသော်လည်း အပြစ်အာပတ်မသင့်ခြင်း အကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်။ (စည်)

ရဟန်းတော်များ ဤအကျိုးကို ရကြသကဲ့သို့ ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမများမှာလည်း အလုပ်အကိုင် လုပ်ကြရာတွင်

တာဝန်ကိစ္စတွေ များပြားလှပါသော်လည်း မိမိကို ကူညီဆောင်ရွက်ပေး သူများက ကူညီဆောင်ရွက်ပေးကြ၍ တာဝန်ကိစ္စတွေ မလေးပါဘဲ ပေါ့ပါးခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဤကဲ့သို့ တာဝန်ကိစ္စတွေ မလေးပါဘဲ ပေါ့ပါးသွားကြ၍ ချမ်းသာစွာ နေရသောအခါ ဝိပဿနာတရားကို အားထုတ်လျှင် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၍ မိမိတို့၏ ပါရမီအားလျော်စွာ တရားထူး တရားမြတ်တွေ ရရှိသွားနိုင်ခြင်း အကျိုးများကို ရရှိကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။ (စည်)

၃။ ဂဏဘောဇန = လေးပါး၊ လေးပါးထက်အလွန်ရှိသော ရဟန်းတော်များကို "ထမင်းစားလိုက်ခဲ့ပါ။ ဟင်းစားလိုက်ခဲ့ပါ။ မုန့်စားလိုက်ခဲ့ပါ" စသည်ဖြင့် ရဟန်းတော်တို့အား မအပ်စပ်သော ဝေါဟာရများဖြင့် ပင့်ဖိတ်သည့် ဆွမ်းဘောဇဉ်ကို လိုက်၍စားခဲ့သော် ထိုရဟန်းတော်တို့အား အပြစ်အာပတ်သင့်ကြပေသည်။ ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းလှူဒါန်းကြ၍ ကထိန်ခင်းလိုက်သောအခါ ဤကဲ့သို့ မအပ်စပ်သော ဝေါဟာရတို့ဖြင့် ပင့်ဖိတ်သော ဆွမ်းဘောဇဉ်ကို သွားရောက်၍ စားပါသော်လည်း အပြစ်အာပတ်မသင့်ခြင်း အကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ လေးပါးတူပင်၊ ဝိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။ (စည်)

ရဟန်းတော်များမှာ ဤအကျိုးကို ရရှိကြသကဲ့သို့ ကထိန်သင်္ကန်းလှူဒါန်းကြသော ဒကာ၊ဒကာမတို့မှာလည်း စားလိုရာ ချို ချဉ် ဖန် ခါး ဘောဇဉ် အာဟာရအမျိုးမျိုးတို့ကို စားပါသော်လည်း ဝမ်းလျှောခြင်း၊ အဆိပ်ဖြစ်ခြင်း စသော ဘေးများမရှိကြပါဘဲ ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဤကဲ့သို့ ကျန်းမာခြင်းနှင့် ပြည့်စုံနေသောအခါ ဝိပဿနာတရား အားထုတ်ကြပါလျှင် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၍ မိမိတို့၏ပါရမီအားလျှော်စွာ တရားထူး တရားမြတ်များ ရရှိသွားနိုင်ခြင်း အကျိုးကိုလည်း ရရှိကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကားမရှိပြီ။ (စည်)

၄။ ယာဝဒတ္ထစီဝရ = ရဟန်းတော်တို့သည် အဝတ်သင်္ကန်းများကို ရရှိခဲ့သော် (၁၀)ရက်အတွင်းမှာ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်း (၂)မျိုးတို့တွင် တစ်မျိုးမျိုးကို ပြုလုပ်ကြရပေသည်။ မပြုလုပ်ခဲ့သော် အပြစ်အာပတ်သင့်ကြပေသည်။ ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းလျှာ်ဒါန်း၍ ကထိန်ခင်းလိုက်သောအခါ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် (၅)လတိုင်တိုင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုပါဘဲ သိမ်းထားပြားသော်လည်း အပြစ်အာပတ်မသင့်ခြင်း အကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်။ (စည်)

ရဟန်းတော်များမှာ ဤအကျိုးကို ရရှိကြသကဲ့သို့ ကထိန်သင်္ကန်းလျှာ်ဒါန်းကြသော ဒကာ၊ ဒကာမတို့မှာလည်း တန်ဖိုးရှိသည့် စိန် ရွှေ ငွေ ပတ္တမြားစသော ရတနာပစ္စည်းများကို အများအပြား သိမ်းပိုက်ထားပြားသော်လည်း ထိုရတနာပစ္စည်းများကြောင့် ဘေးရန်မရှိပါဘဲ ချမ်းသာစွာ နေရခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဤကဲ့သို့ ချမ်းသာစွာ နေရသောအခါ ဝိပဿနာတရား အားထုတ်ကြပါလျှင် မိမိတို့၏ ပါရမီအားလျှော်စွာ တရားထူး တရားမြတ်များကို ရရှိသွားနိုင်ခြင်း အကျိုးကိုလည်း ရရှိကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။။ ပစ္စည်းအများ၊ သိမ်းပိုက်ထား၊ ဘေးကားမရှိပြီ။ (စည်)

၅။ ယောစတတ္ထ စိဝရုပ္ပါဒ- ကထိန်ခင်းထားသော ရဟန်းတော်တို့သည် ကထိန်ခင်းပြီးသည့်နောက်မှ ရောက်လာကြသော ရဟန်းတော် အများအပြားကိုပါ သင်္ကန်းများစွာ လှူဒါန်းပြားပါသော်လည်း ကထိန်ခင်း ထားသည့် ရဟန်းတော်များကသာ ထိုသင်္ကန်းအားလုံးကို ပိုင်ဆိုင်ကြ ပေသည်။ ကထိန်ခင်းပြီးနောက်မှ ရောက်လာကြသော ရဟန်းတော်များ မပိုင်ဆိုင်ကြပေ။ ဤအကျိုးကိုလည်း ရရှိကြပေသည်။

ဥပမာ - ကျောင်းတိုက်တစ်တိုက်၌ သံဃာတော်(၅၀)ရှိ၏။ ထို ကျောင်းတိုက်၌ ဒကာ၊ဒကာမများက ကထိန်သင်္ကန်းလှူဒါန်း၍ ကထိန် ခင်းထားကြ၏။ ဤကဲ့သို့ ကထိန်ခင်းပြီးသည့်နောက်မှ သံဃာတော်(၅၀) ထပ်၍ ရောက်လာသဖြင့် သံဃာတော်(၁၀၀)ရှိနေ၏။ ဒကာတစ်ဦးက ထိုကျောင်းတိုက်ရှိ သံဃာ(၁၀၀)လုံးအတွက် သင်္ကန်းအစုံ (၁၀၀)လှူဒါန်း၏။ ထိုသင်္ကန်းအစုံ(၁၀၀)ကို ကထိန်ခင်းထားသည့် သံဃာတော်(၅၀)ကသာ ပိုင်ဆိုင်သည်။ ကထိန်ခင်းပြီးနောက်မှ ရောက်လာကြသော ရဟန်းတော် (၅၀)တို့ မပိုင်ဆိုင်ကြပေ။

ဆောင်ပုဒ်။ ။ သင်္ကန်းအများ၊ လှူဒါန်းပြား၊ သူ့အားသာဖြစ်သည်။ (စည်)

ရဟန်းတော်များမှာ ဤအကျိုးကို ရရှိကြသကဲ့သို့ ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ဒကာမများမှာလည်း ကိုယ်နစ်သက်သည့်၊ ကိုယ်မပေးလိုသည့် ပစ္စည်းများကို မည်သည့်ပုဂ္ဂိုလ်မျှ မယူသွားနိုင်ခြင်း အကျိုးကို ရရှိကြပေသည်။

ကိုယ်နစ်သက်သောပစ္စည်းများကို သူတစ်ပါးတို့ မယူသွားနိုင်၊ ထားမြဲတိုင်းမှာ ကည်ရှိနေ၍ ပျောက်ဆုံးခြင်းမရှိသဖြင့် စိတ်ချမ်းသာကြပေ သည်။ ဤကဲ့သို့ စိတ်ချမ်းသာနေကြသောအခါ ဝိပဿနာတရား အားထုတ် ကြပါလျှင် မိမိတို့ပါရမီအားလျော်စွာ တရားထူး တရားမြတ်များ ရရှိခြင်း အကျိုးကိုလည်း ရရှိကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။ (စည်)

ကထိန်အကျိုးတရားငါးပါး ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ဟောကြားစဉ် (၅)နံပါတ်ဖြစ်သည့် "ကထိန်သင်္ကန်းအလှူသည် အမြတ်ဆုံးသင်္ကန်းအလှူဖြစ်ပုံ"ကို ဟောကြားပါတော့မည်။ "သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်"ဟု ဆရာ့ဆရာများက ဆိုရိုးပြုခဲ့ကြသည့်အတိုင်း သင်္ကန်းအလှူအမျိုးမျိုးတို့တွင် ကထိန်သင်္ကန်းအလှူသည် အမြတ်ဆုံးသင်္ကန်းအလှူ ဖြစ်ပေသည်။

ကထိန်သင်္ကန်းအလှူ မြတ်ပုံ

ကထိန်သင်္ကန်းအလှူသည် တစ်နှစ်မှာမှ တစ်ကြိမ်၊ တစ်ကြိမ်မှာလည်း တစ်လအတွင်းမှာသာ လှူဒါန်းကြရပေသည်။ တစ်လအတွင်းမှာသာ လှူဒါန်းကြသည့် သင်္ကန်းကို ရဟန်းတော်များက တစ်နေ့အတွင်းမှာသာ ပြီးအောင် "ခင်း"ကြရပေသည်။ ထို့ကြောင့် ကထိန်သင်္ကန်းအလှူသည် အမြတ်ဆုံး သင်္ကန်းအလှူ ဖြစ်ပေသည်။

ကထိန်သင်္ကန်းအလှူသည် ရဟန်းတော်များ၏ ကိုယ်အမှုအရာ = ကာယပယောဂဖြင့် တောင်းခံခြင်းလည်း မရှိစေမှု၍၊ နှုတ်အမှုအရာ = ဝစီပယောဂဖြင့် တောင်းခံခြင်းလည်း မရှိစေမှု၍ (မိုးကျသင်္ကန်း) ဒကာဒကာမများ၏ သဒ္ဓါတရားအလျောက် လှူဒါန်းကြသော သင်္ကန်းဖြစ်သောကြောင့်လည်း ကထိန်သင်္ကန်းအလှူသည် အမြတ်ဆုံးသင်္ကန်းအလှူ ဖြစ်ပေသည်။

ကထိန်သင်္ကန်းအလှူသည် မြတ်စွာဘုရားကိုယ်တော်တိုင် ချီးမြှောက်သော သင်္ကန်းအလှူဖြစ်သောကြောင့်လည်း အမြတ်ဆုံးသင်္ကန်းအလှူ ဖြစ်ပေသည်။

ကထိန်သင်္ကန်းမှ တစ်ပါးသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းများကို ရဟန်းတော်များ အလှူခံသောအခါ မြတ်စွာဘုရားက ရဟန်းတော်များကို သတိပေးသောအားဖြင့် နိပ်ကွပ်၊ နိပ်ကွပ်၍ မိန့်ကြားတော်မူပါသည်။ "ချစ်သားရဟန်းတို့ ... ကိုယ့်မှာ သီလ သမာဓိ ပညာ မပြည့်စုံပါဘဲ၊ မဆင်ခြင်ပါဘဲ ဒကာ၊ ဒကာမများက လှူဒါန်းကြသည့် ပစ္စည်းများကို သုံးဆောင်ခြင်းသည် ဆင်းရဲဒုက္ခများကြပေသည်။

ဆွမ်းဘောဇဉ်များကို မှီဝဲသုံးဆောင်ရတာ အလျှံမီးရဲရဲတောက်နေသည့် သံတွေခဲကို မျိုရတာထက်ပင် ဒုက္ခများပါသေးသည်။ သင်္ကန်းကို ဝတ်ရုံရခြင်းသည် အလျှံပြောင်ပြောင် မီးလျှံတောက်နေသည့် သံပြားကို ဝတ်ရုံရတာထက်ပင် ဒုက္ခများပါသေးသည်။ ကျောင်းမှာနေထိုင်ရတာလည်း အလျှံပြောင်ပြောင် မီးတောက်လောင်နေသည့် လှောင်အိမ်ထဲမှာ နေရသည်ထက်ပင် ဒုက္ခများပါသေးသည်" စသည်ဖြင့် နိပ်ကွပ်၊ နိပ်ကွပ်၍ မိန့်ကြားတော်မူပါသည်။ (အံ–၂/၄၉၅)

ရဟန်းတော်များအား ကထိန်သင်္ကန်းကို လှူဒါန်းသည့်အခါမှာတော့ "ချစ်သားရဟန်းတို့ ... ကထိန်သင်္ကန်းကိုလည်း ခံယူစေ၊ အကျိုး(၅)ပါးကိုလည်း ရရှိစေ"ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ချီးမြှောက်တော်မူသော သင်္ကန်းဖြစ်၍ ကထိန်သင်္ကန်းအလှူသည် သင်္ကန်းအလှူအမျိုးမျိုးတို့တွင် အမြတ်ဆုံးသင်္ကန်းအလှူ ဖြစ်သည်ဟု ဟောကြားပေးခဲ့ရပါသည်။

ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ဖွယ် ကထိန်အနုမောဒနာတရားကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ဆရာတော်ဦးဥာဏဝုဏ္ဏိက-က နီပေါလို ဘာသာပြန်ပေးပါသည်။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဟောကြားစဉ်အခါက အချို့သော ဆောင်ပုဒ်များကိုသာထည့်၍ ဟောကြားနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုကြသောပုဂ္ဂိုလ်များ ပြည့်စုံစွာ မှတ်သားနိုင်ကြစေရန် ရည်သန်၍ ဆောင်ပုဒ်များကို အပြည့်အစုံ ရေးသားဖော်ပြလိုက်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရဟန်း သာမဏေတို့ သိကောင်းစရာ ဩဝါဒကထာ

နီပေါနိုင်ငံ ကဌ်မဏ္ဍူမြို့ ကမ္ဘာအေးကျောင်းတိုက်မှ ဆရာတော် ဦးဥာဏပုဏ္ဏိက-က ဆရာတော်တို့ကို တရားဟော တရားပြ ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဦးတင်ဦး၊ ဦးကောင်းရင်တို့သည် ထိုကမ္ဘာအေးကျောင်းတိုက်သို့ ကြွရောက်ပြီးလျှင် ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် (၁၃)ရက်နေ့မှစ၍ (၇)ရက်တရားစခန်းဖွင့်ကာ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။

တရားစခန်းပြီးသွားသောအခါ ကဌ်မဏ္ဍူမြို့ ကမ္ဘာအေးကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်း သာမဏေတို့အား သြဝါဒတရား ဟောကြားပေးပါရန် ဆရာတော်ဦးဥာဏပုဏ္ဏိက-က လျှောက်ထားသဖြင့် ရဟန်း သာမဏေ (၄၅)ပါးတို့အား သြဝါဒတရား ဟောကြားပေးခဲ့ရပါသည်။

နီပေါနိုင်ငံ ကဌ်မဏ္ဍူမြို့ ကမ္ဘာအေးကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်း သာမဏေတို့သည် မိမိတို့နှင့် သင့်လျော်သည့် သပ္ပါယ(၅)ပါးကို ရရှိထားကြပေသည်။ သင့်လျော်သည့် သပ္ပါယ(၅)ပါးကို ရရှိထားကြသည့် အခိုက်မှာ မိမိတို့အတွက်၊ သာသနာတော်ကြီးအတွက် ကိုယ်အားဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

မိမိတို့ရရှိထားကြသည့် သင့်လျော်သော သပ္ပါယ(၅)ပါးမှာ -

၁။ အာဝါသ သပ္ပါယ = သင့်လျော်သော ကျောင်းအိပ်ရာ၊ နေရာကို ရရှိထားခြင်း။

၂။ ဥတု သပ္ပါယ = အအေး အပူမျှတသည့် သင့်လျော်သော ဥတုကို ရရှိထားခြင်း။

၃။ ဘောဇန သပ္ပါယ = သင့်လျော်သော ဆွမ်းဘောဇဉ်များကို ရရှိထားခြင်း။

၄။ ပုဂ္ဂလ သပ္ပါယ = သင့်လျော်သော ပုဂ္ဂိုလ်တို့နှင့် နေထိုင်ရခြင်းကို ရရှိထားခြင်း။

၅။ ဓမ္မသဝန သပ္ပါယ = သင့်လျော်သော တရားစကားများ နာကြားခြင်းကို ရရှိထားခြင်းဟူသော သပ္ပါယ(၅)ပါးကို ရရှိထားကြပေသည်။

အကျယ်သိဖွယ်

၁။ အာဝါသ သပ္ပါယ = သင့်လျော်သော ကျောင်းအိပ်ရာ နေရာကို ရရှိထားခြင်းဟု ဆိုရာ၌ ရဟန်း သာမဏေတို့ ယခု နေထိုင်လျက်ရှိကြသော ကမ္ဘာအေးကျောင်းတိုက်သည် ဆရာတော် ဦးဥာဏပုဏ္ဏိက ကိုယ်တိုင် စီမံဆောက်လုပ်ထားသည့်၊ ယခုခေတ်နှင့်လျော်ညီစွာ အခန်းပေါင်း (၄၆)ခန်းရှိသည့် အပူအအေး မျှတအောင်၊ အသုံးအဆောင်ပစ္စည်းများ ပြည့်စုံအောင် ဆောက်လုပ်ထားသော ကျောင်းတိုက်ကြီးတစ်တိုက်ဖြစ်ပေသည်။ ဤကဲ့သို့ ကျောင်းအိပ်ရာ နေရာကို ရရှိထားကြသောကြောင့် ရဟန်း သာမဏေတို့သည် မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအား ရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

၂။ ဥတု သပ္ပါယ = အအေးအပူ မျှတသည့် သင့်လျော်သောဥတုကို ရရှိထားခြင်းဟု ဆိုရာ၌ ရဟန်း သာမဏေတို့ ယခုနေထိုင်လျက်ရှိကြသော ကမ္ဘာအေးကျောင်းတိုက်သည် အလွန်လည်း မအေးလှပေ၊

အလွန်လည်း မပူလုပေ၊ မအေးလွန်း မပူလွန်း = ဥတုမျှတအောင် စီမံ ဆောက်လုပ်ထားသည့် ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပေသည်။ ဤကဲ့သို့ မအေးလွန်း မပူလွန်းသည့် သင့်လျော်သော ဥတုကို ရရှိထားကြသော ကြောင့် ရဟန်း သာမဏေတို့သည် မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအား ရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

၃။ ဘောဇန သပ္ပါယ = သင့်လျော်သော ဆွမ်းဘောဇဉ်များကို ရရှိထား ခြင်းဟု ဆိုရာ၌ ရဟန်း သာမဏေတို့ ယခု နေထိုင်လျက်ရှိကြ သော ကမ္ဘာအေးကျောင်းတိုက်သည် ဆရာတော် ဦးဥာဏပုဏ္ဏိကနှင့် သက်ဆိုင်ရာ ဆွမ်းဒကာ၊ ဒကာမတို့က သင့်လျော်သော ဆွမ်းဘောဇဉ် များကို စီမံကာ လှူဒါန်းလျက်ရှိသော ကျောင်းတိုက်ကြီးတစ်တိုက် ဖြစ်ပေသည်။ ဤကဲ့သို့ သင့်လျော်သော ဆွမ်းဘောဇဉ်များကို ရရှိထား ကြသောကြောင့် ရဟန်း သာမဏေတို့သည် မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

၄။ ပုဂ္ဂလ သပ္ပါယ = သင့်လျော်သောပုဂ္ဂိုလ်များနှင့် အတူတကွ နေထိုင် ရခြင်းကို ရရှိထားခြင်းဟု ဆိုရာ၌ ဤကမ္ဘာအေးကျောင်းတိုက်၌ နေထိုင်လျက်ရှိကြသော ရဟန်း သာမဏေတို့သည် မိမိတို့နှင့် လူမျိုးအားဖြင့် တူကြသည့်၊ ဘာသာစကားအားဖြင့် တူကြသည့် သင့်လျော်သော ပုဂ္ဂိုလ် များနှင့် အတူတကွ နေထိုင်ကြရပေသည်။ ဤကဲ့သို့ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အတူတကွ နေထိုင်ကြရသောကြောင့် ရဟန်း သာမဏေ တို့သည် မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ် ကြရမည် ဖြစ်ပေသည်။

၅။ မဇ္ဈသဝန သပ္ပါယ = သင့်လျော်သော တရားစကားများ နာကြားရ ခြင်းကို ရရှိထားခြင်းဟု ဆိုရာ၌ ဤကမ္ဘာအေးကျောင်းတိုက်၌ နေထိုင်လျက်ရှိကြသော ရဟန်း သာမဏေတို့သည် မြန်မာပြည်နှင့် ကမ္ဘာ အရပ်ရပ်သို့ ကြွရောက်ကာ ပရိယတ္တိ၊ ပဋိပတ္တိများကို သင်ကြားဆည်းပူး

ခဲ့သည့် ဗဟုသုတနှင့်ပြည့်စုံသည့် ဆရာတော်ဦးဥာဏာပုဏ္ဏိက၏ သင့်လျော်သော အခုံးအမ သြဝါဒတရားစကားများကို နာကြားနေကြရပေသည်။ ဤကဲ့သို့ သင့်လျော်သော တရားစကားများကို နာကြားနေကြရသောကြောင့် ရဟန်း သာမဏေတို့သည် မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

နိပေါနိုင်ငံ ကင်ဆမ္ဘာမြို့ ကမ္ဘာအေးကျောင်းတိုက်၌ နေထိုင်လျက်ရှိကြသော ရဟန်း သာမဏေတို့သည် ဤကဲ့သို့ မိမိတို့နှင့် သင့်လျော်သည့် သပ္ပါယ(၅)ပါးကို ရရှိထားကြသောကြောင့် သာသနာ(၃)တန် မိမိတို့သန္တာန်မှာ တည်ရှိအောင်လည်း အားထုတ်ကြရပေသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး အရှည်တည်တံ့အောင်လည်း အားထုတ်ကြရမည် ဖြစ်ပေသည်။

သာသနာ(၃)တန် ဆိုသည်မှာ -

၁။ သင်ယူအပ်သည့် ပရိယတ္တိသာသနာ၊

၂။ ကျင့်ကြံအပ်သည့် ပဋိပတ္တိသာသနာ၊

၃။ ထိုးထွင်း၍သိအပ်သည့် ပဋိဝေဓသာသနာဟူ၍ (၃)တန်ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ သင်ယူ ကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊
သာသနာသုံးတန်ဖြစ်ပေသည်။

၁။ သင်ယူအပ်သည့် ပရိယတ္တိသာသနာသည် -

(က) သုတ္တန် ပိဋကတ်တော်၊

(ခ) ဝိနည်း ပိဋကတ်တော်၊

(ဂ) အဘိဓမ္မာ ပိဋကတ်တော်ဟူ၍ (၃)မျိုးရှိပေသည်။

(က) သုတ္တန် ပိဋကတ်တော်ဟူသည် မျက်မှောက်အကျိုး၊ တမလွန်အကျိုး၊ လောကီအကျိုး၊ လောကုတ္တရာအကျိုး၊ မိမိအကျိုး၊ သူတစ်ပါးအကျိုးတို့ကို ပြပေးတတ်သည့်၊ ရရှိစေတတ်သည့် ပိဋကတ်တော် ဖြစ်ပေသည်။

(ခ) ဝိနည်း ပိဋကတ်တော်ဟူသည် ကိုယ် နှုတ်တို့၌ အပြစ်ကင်းအောင် မြတ်စွာဘုရား၏ အာဏာတော်ဖြင့် တားမြစ်ထားသည့် ပိဋကတ်တော်၊ လိုက်နာကျင့်ကြံသူတို့အား အကျိုး(၁၀)ပါးကို ရရှိစေနိုင်သည့် ပိဋကတ်တော် ဖြစ်ပေသည်။

(ဂ) အဘိဓမ္မာ ပိဋကတ်တော်ဟူသည် သုတ္တန်တရားတော်များထက် ထူးခြားလွန်ကဲစွာ အကျယ်ဝေဖန်ကာ သဘောတရားအမှန်တို့ကို အတိကျဆုံး ဟောကြားတော်မူသည့် ပိဋကတ်တော် ဖြစ်ပေသည်။

၂။ ကျင့်ကြံအပ်သည့် ပဋိပတ္တိသာသနာဟူသည် -

(က) သီလသိက္ခာအကျင့်၊

(ခ) သမာဓိသိက္ခာအကျင့်၊

(ဂ) ပညာသိက္ခာအကျင့်ဟူ၍ (၃)မျိုးရှိပေသည်။

(က) သီလသိက္ခာအကျင့်ဟူသည် ရဟန်းတော်များအတွက် (၂၂၇)သွယ်သော သီလသိက္ခာအကျင့်နှင့် အကျယ်အားဖြင့် ကုဋေ(၉)ထောင်ကျော်သော သီလသိက္ခာအကျင့်တို့ ဖြစ်ကြပေသည်။ လူများအတွက် ငါးပါးသီလ၊ ရှစ်ပါးသီလမှစ၍ လူပုဂ္ဂိုလ်တို့ ကျင့်ကြံအပ်သော ဝါရိတ္တသီလ၊ စာရိတ္တသီလ အကျင့်သိက္ခာတို့ ဖြစ်ကြပေသည်။

(ခ) သမာဓိသိက္ခာအကျင့်ဟူသည် ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာကမ္မဋ္ဌာန်းပွားများခြင်း စသည်ဖြင့် ကမ္မဋ္ဌာန်းများကို ပွားများခြင်းသည် သမာဓိသိက္ခာအကျင့်တို့ ဖြစ်ကြပေသည်။

(ဂ) ပညာသိက္ခာအကျင့်ဟူသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ရှိရန်အတွက် သတိပဋ္ဌာန်တရား(၄)ပါးဖြင့် ဝိပဿနာဉာဏ် ဖြစ်အောင် ပွားများအားထုတ်ခြင်းတို့သည် ပညာသိက္ခာအကျင့်တို့ ဖြစ်ကြပေသည်။

၃။ ထိုးထွင်း၍သိအပ်သည့် ပဋိဝေဓသာသနာဟူသည် သစ္စာ(၄)ပါးကို ထိုးထွင်း၍သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဥက္ကဋ္ဌအားဖြင့် ပဋိဝေဓသာသနာ ဖြစ်ပေသည်။ သြမကအားဖြင့် ဝိပဿနာတရား အားထုတ်၍ ရုပ် နာမ်၊ ကြောင်း ကျိုး စသည်တို့ကို ထိုးထွင်း၍ သိခြင်းသည် ပဋိဝေဓသာသနာပင် ဖြစ်ပေသည်။

ရဟန်း သာမဏေတို့သည် ဤသာသနာ(၃)တန် မိမိတို့၏ သန္တာန်၌ တည်ရှိလာရအောင် ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရပေမည်။ ဗုဒ္ဓမြတ်စွာ၏ ဤသာသနာ(၃)တန် အရှည်တည်တံ့နိုင်အောင်လည်း မိမိတို့၏ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရမည် ဖြစ်ပေသည်။

ပုဏ္ဏားတစ်ယောက်က မြတ်စွာဘုရားကို သာသနာအရှည်တည်ကြောင်း အရှည်မတည်ကြောင်း လျှောက်ထားသဖြင့် မြတ်စွာဘုရားက သတိပဋ္ဌာန်တရား(၄)ပါးဖြင့် ဝိပဿနာတရား ပွားများအားထုတ်နေခြင်းသည် ငါဘုရား၏သာသနာ အရှည်တည်တံ့ကြောင်းဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ရဟန်း သာမဏေတို့သည် သာသနာတော် အရှည်တည်တံ့ကြောင်းဖြစ်သည့် သတိပဋ္ဌာန်ဝိပဿနာတရားကို ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်ကြရမည်ဟု သြဝါဒတရား ဟောကြားပေးခဲ့ရပါသည်။

ဟောကြားပေးစဉ်က မကျဉ်းမကျယ်မျှသာ ဟောကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် ရည်သန်၍ အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကိုတာကီနာဘာလူး တရားစခန်းမှ
မေးခွန်း ဖြေပေးပါ

မြန်မာသက္ကရာဇ် ၁၃၆၂-ခု၊ ခရစ်သက္ကရာဇ် ၂၀၀၀-ပြည့်နှစ်၌ ဆရာတော်၏ ပြည်ပသာသနာအတွက် တရားဟော တရားပြ ခရီးစဉ်မှာ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံတို့ ဖြစ်ကြပေသည်။ ထွက်ခဲ့သည့်အစဉ်မှာ ရန်ကုန်မှ နီပေါနိုင်ငံသို့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ (၂၄-၁၀-၂၀၀၀) အင်္ဂါနေ့က ကြွလာခဲ့ပါသည်။ နီပေါနိုင်ငံမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၂-ရက်၊ (၁၂-၁၁-၂၀၀၀) တနင်္ဂနွေနေ့က ကြွလာခဲ့ပါသည်။ ဘန်ကောက်မြို့ A.I.T တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ဦးသိန်းဟန်+ ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းတို့၏အိမ်တွင် (၈)ရက်တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ခဲ့ပါသည်။

၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၁-ရက်၊ (၂၁-၁၁-၂၀၀၀) အင်္ဂါနေ့တွင် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် ဘန်ကောက်မြို့မှ မလေးရှားနိုင်ငံ ကိုတာကီနာဘာလူး တရားစခန်းသို့ ကြွလာခဲ့ကြပါသည်။ ကိုတာကီနာဘာလူး တရားစခန်း၌ (၁၀)ရက် တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ ယောဂီ(၇၀)ခန့် ရှိပါသည်။ နေ့စဉ်

တရား(၂)ကြိမ် စစ်ပေးရပါသည်။ နံနက်(၈း၃၀)နာရီမှ (၁၀း၃၀)နာရီထိ တစ်ကြိမ်၊ ညနေ(၃)နာရီမှ (၅)နာရီထိ တစ်ကြိမ် တရားစစ်ပေးရပါသည်။

ဤကဲ့သို့ တရားစစ်ပေးရာ၌ ယောဂီများက သူတို့သိလိုရာများကို မေးလျှောက်ကြပါသည်။ အသက်(၄၉)နှစ်ရှိ လီညွှတ်ပက်ခ် အမည်ရှိသူ အမျိုးသမီးယောဂီက မေးလျှောက်သည်မှာ "သူတရားထိုင်၍ ရှုမှတ်ရာတွင် နာကျင်ကိုက်ခဲတာ တင်းကျပ်တာစသည့် ဒုက္ခဝေဒနာများ အလွန်များလာပေသည်။ မိနစ်(၃၀)မှ (၄၀)ထိသာ ရှုမှတ်နိုင်ပါသည်၊ ထိုဒုက္ခဝေဒနာတွေမှ ကျော်လွန်အောင် ဘယ်လိုရှုမှတ်ရပါ့မလဲ" ဟု မေးလျှောက်ပါသည်။

ဖြေ။ ထိုဒုက္ခဝေဒနာတို့မှ ကျော်လွန်သွားရအောင် ရှုမှတ်ဖို့ရာမှာ -
၁။ ဒုက္ခဝေဒနာများကို သည်းခံရမည်။
၂။ ဒုက္ခဝေဒနာတို့၏ အတိုးအလျော့တို့ကို သိအောင် ရှုမှတ်ရမည် ဟု ဖြေကြားပေးလိုက်ရပါသည်။

၁။ ဒုက္ခဝေဒနာများကို သည်းခံရမည်ဟု ဆိုရာ၌ နာကျင်ကိုက်ခဲခြင်း၊ တင်းကျပ်ခြင်းများကို သည်းမခံပါဘဲ ခဏခဏလှုပ်ရှားရှိ ပြင်ပေးနေလျှင် စိတ်တည်ငြိမ်မှု သမာဓိမဖြစ်နိုင်ပေ။ သမာဓိမဖြစ်နိုင်လျှင် ဝိပဿနာဉာဏ်မဖြစ်၍ ဒုက္ခဝေဒနာများကို ကျော်လွန်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဒုက္ခဝေဒနာများကို သည်းခံပြီး မလှုပ်မရှား ရှုမှတ်နိုင်မှသာ စိတ်တည်ငြိမ်မှု သမာဓိဖြစ်လာနိုင်ပေသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်များ ဖြစ်လာနိုင်ပေသည်။ ဝိပဿနာဉာဏ်များဖြစ်မှသာ ထိုဒုက္ခဝေဒနာများကို ကျော်လွန်သွားနိုင်မည် ဖြစ်ပေသည်။

၂။ ဒုက္ခဝေဒနာများ၏ အတိုးအလျော့ကိုသိအောင် ရှုမှတ်ရမည်ဟု ဆိုရာ၌ ဒုက္ခဝေဒနာများ ပြင်းထန်စွာ နာလာသောအခါ ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျှော့ပေးရပါမည်။ စိတ်ကိုလည်း အနည်းငယ်လျှော့ပေးရပါမည်။ ထို့နောက်မှ ဆင်းရဲဒုက္ခဝေဒနာများအပေါ်မှာ မှတ်သိ

စိတ်ကို ချကြည့်ရမည်။ နာနေသည်မှာ အသားပေါ် အရေပေါ်လောက်ပင် နာသည်၊ အကြောထိအောင်နာသည်၊ အရိုးထိအောင်နာသည်၊ ရိုးတွင်း ခြင်ဆီထိအောင်နာသည်ဟု နာပုံ အတိုင်းအရှည်ပမာဏကိုသိအောင် စူးစိုက်ကြည့်ရပါသည်။

နာနေသည့် အတိုင်းအရှည်ပမာဏကို သိပြီးမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်၊ တင်းကျပ်တယ် စသည်ဖြင့် စူးစိုက်၍ ရှုမှတ်ရပါမည်။ လေးချက် ငါးချက်ခန့် စူးစိုက်၍ ရှုမှတ်လိုက်သောအခါ ပိုနာ၊ ပိုကျင်၊ ပိုအောင့်၊ ပိုတင်းကျပ်တာများကို သိလာတတ်ပေသည်။ အထွတ်အထိပ်သို့ ရောက်အောင် နာ ကျင် အောင့် တင်းကျပ်ပြီးသောအခါ ပြန်၍ ပြန်၍ လျော့လာတတ်ပေသည်။ ဤကဲ့သို့ လျော့လာပါသော်လည်း မှတ်သိစိတ်ကို တော့ မလျော့လိုက်ပါဘဲ စူးစိုက်၍ ဆက်ကာဆက်ကာ ရှုမှတ်ရပါမည်။

ဆက်ကာဆက်ကာရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့်ရင့်ကျက် အားရှိ ထက်သန်လာသောအခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ်၊ တင်းကျပ်တယ်ဟု ရှုမှတ်လိုက်သည်ရှိသော် တစ်ချက်မှတ် တစ်ချက်ပိုနာ၊ ပိုကျင်၊ ပိုအောင့်၊ ပိုတင်းကျပ်တာများကို သိလာတတ်ပေသည်။ အထွတ် အထိပ်သို့ရောက်အောင် နာ ကျင် အောင့် တင်းကျပ်ပြီးသောအခါ ပြန်၍ ပြန်၍ လျော့လာတတ်ပေသည်။ ဤကဲ့သို့ ပြန်၍လျော့လာပါသော်လည်း မှတ်သိစိတ်ကိုတော့ မလျော့လိုက်ပါဘဲ စူးစိုက်၍ ဆက်ကာဆက်ကာ ရှုမှတ်ရပါမည်။

ဆက်ကာဆက်ကာရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့်ရင့်ကျက် အားရှိ ထက်သန်လာသောအခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ်၊ တင်းကျပ်တယ်ဟု ရှုမှတ်လိုက်သည်ရှိသော် နာ ကျင် အောင့် တင်းကျပ် မှုတို့သည် ပေါ်လာပြီးလျှင် အလျင်အမြန် အလျင်အမြန် ပျောက်ပျောက် သွားသည်ကို တွေ့သိရမည် ဖြစ်ပေသည်။ ပေါ်တာက ဖြစ်၊ ပျောက်ပျောက် သွားတာက ပျက်ပင် ဖြစ်ပေသည်။ ဤကဲ့သို့ ဖြစ် ပျက်ကို သိလာသော

အခါ ဆင်းရဲဒုက္ခဝေဒနာများကို မှတ်သိစိတ်က လွှမ်းမိုးသွားပြီ ဖြစ်၍ ထိုဆင်းရဲဒုက္ခဝေဒနာများမှ ကျော်လွန်သွားမည် ဖြစ်ပေသည်ဟု ဖြေကြား ပေးခဲ့ရပါသည်။

ထို့နောက် အသက်(၅၀)ရှိ ဝေါင်ဆူဝီစာ အမည်ရှိသူ အမျိုးသမီး ယောဂီက မေးလျှောက်သည်မှာ "သူစကြီ်လျှောက်၍ တရားရှုမှတ်ရာတွင် ခြေထောက်က သိပ်ပေါ့ပါး သွက်လက်လာပြီး လည်ပတ်နေသကဲ့သို့ ဖြစ်၍ ရယ်ချင်လာပါသည်၊ ရယ်လည်းရယ်မိပါသည်၊ တရားသဘောဟုတ်မှန် ပါရဲ့လား"ဟု မေးလျှောက်ပါသည်။

ဖြေ။ - တရားသဘောဟုတ်မှန်ပါသည်။ ဥဗ္ဗေဂပီတိ ဖြစ်လာခြင်းပင် ဖြစ်ပေ သည်ဟု ဖြေကြားပေးခဲ့ရပါသည်။ ဥဗ္ဗေဂပီတိသည် အလွန် ဆန်းကျယ်သော ပီတိဖြစ်ပေသည်။ ဥဗ္ဗေဂပီတိဖြစ်လာသောအခါ အထက် သို့ ခုန်တက် မြောက်တက်သွားခြင်းများလည်း ဖြစ်တတ်ပေသည်။ "က"နေသလို "ခုန်"နေသလိုလည်း ဖြစ်တတ်ပေသည်။ တစ်ခါတစ်ခါ ရယ်ချင်လာပြီး ရယ်နေတတ်ကြပေသည်။ တစ်ခါတစ်ခါ ငိုချင်လာပြီး ငိုနေတတ်ကြပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

ထို့နောက် အသက်(၄၁)နှစ်ရှိ ကန်ကောက်ဟွာ အမည်ရှိသူ အမျိုးသားယောဂီက မေးလျှောက်သည်မှာ "သူတရားထိုင်၍ ရှုမှတ်ရာ တွင် သိပ်စူးစိုက်၍ ရှုမှတ်လိုက်လျှင် ခေါင်းတွေ ကိုက်ခဲလာပါသည်။ မစူးစိုက်၍ ရှုမှတ်ပါလျှင် တရားတွေ မထင်ရှားတော့ဘဲ ဖြစ်နေပါသည်။ ဘယ်လို ရှုမှတ်ရပါ့မလဲ"ဟု လျှောက်ထားပါသည်။

ဖြေ။ တရားရှုမှတ်ခါစ ယောဂီပုဂ္ဂိုလ်တို့သည် သမာဓိဉာဏ်များ အားမရှိ သေး၍ တရားတွေ မြန်မြန်တွေ့ချင်၊ တရားတွေ မြန်မြန်တက် ချင်၍ သိပ်စူးစိုက်ကာ ရှုမှတ်လျှင် ခေါင်းတွေ ကိုက်ခဲလာတတ်ပေသည်။ မစူးစိုက်ပါဘဲ သက်သက်သာသာ ရှုမှတ်ပြန်တော့လည်း တရားသဘော များကို မတွေ့သိဘဲ ဖြစ်နေတတ်ကြပေသည်။ ထို့ကြောင့် အလယ်အလတ်

ဖြစ်အောင် ရှုမှတ်ကြရမည်၊ အလယ်အလတ်ဖြစ်အောင် ရှုမှတ်ဖို့ လိုအပ်လှပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

အလယ်အလတ်ဖြစ်အောင် ရှုမှတ်ပုံမှာ တရားထိုင်၍ရှုမှတ်ရာတွင် ခန္ဓာကိုယ်ကိုလည်း သိပ်တောင့်တင်း မထားမိစေမှု၍ စိတ်ကိုလည်း သိပ် မတင်းထားမိစေမှု၍ အလယ်အလတ်မှာတည်အောင် ထားပေးရပေမည်။ ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာတွင် သမာဓိဉာဏ်များ အားမရှိသေးမီ အဖြစ်အပျက်များကို သိအောင် စူးစိုက်၍ မရှုမှတ်ရသေးပေ၊ သိပ်စူးစိုက်၍ ရှုမှတ်လျှင် ခေါင်းတွေ ကိုက်ခဲလာတတ်ပေသည်။ ဖောင်းနေသည့် တောင့်တင်းမှုသဘော၊ ပိန်နေသည့် လှုပ်ရှား လျော့သွားသည့်သဘော မျှကို သိရုံသာ ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ သဘောမျှကိုသာ သိအောင်ရှုမှတ်ဖန်များ၍ သမာဓိ ဉာဏ်များ အားရှိလာသောအခါ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးက ပျက်၊ ပိန်စက ဖြစ်၊ ပိန်ဆုံးက ပျက်တာများကို သိမြင်လာကြမည် ဖြစ်ပေသည်။ တရားတွေ အသင့်အတင့် တိုးတက်သွားမည် ဖြစ်ပေသည်။ တရားထူး တရားမြတ်များလည်း မိမိတို့၏ ပါရမီအားလျော်စွာ ရရှိသွားကြမည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် အသက်(၃၇)နှစ်ရှိ တန်ဆူဝီ အမည်ရှိသူ အမျိုးသမီး ယောဂီက မေးလျှောက်သည်မှာ "သူတရားထိုင်၍ ရှုမှတ်ရာ၌ ဖောင်းစ နှင့် ဖောင်းဆုံး၊ ပိန်စနှင့် ပိန်ဆုံးတို့ကို သိအောင်ရှုမှတ်လို့ ရပါသည်။ ဤကဲ့သို့ ရှုမှတ်ရာ၌ ဖောင်းဆုံးနှင့် ပိန်စတို့၏အကြား ကွက်လပ်တစ်ခုကို တွေ့သိရပါသည်။ အဲဒီ ကွက်လပ်သည် ရုပ်တရားပါလား၊ နာမ်တရား ပါလား" မှာ မေးလျှောက်ပါသည်။

ဖြေ။ ။ ဖောင်းဆုံးနှင့် ပိန်စတို့၏အကြား ကွက်လပ်သည် ရုပ်တရားလည်း မဟုတ်ပေ၊ နာမ်တရားလည်း မဟုတ်ပေ။ ပညတ်တရားပင် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။ ပညတ်တို့သည် သမ္မုဟပညတ်၊

သဏ္ဌာနပညတ်၊ နာမပညတ်၊ ကာလပညတ်စသည်ဖြင့် အမျိုးမျိုးရှိကြ ပေသည်။ ထိုပညတ်အမျိုးမျိုးတို့တွင် ဖောင်းဆုံးနှင့် ပိန်စတို့၏အကြား ကွက်လပ်သည် ကာလပညတ် ဖြစ်ပေသည်။

ထို့နောက် အသက်(၆၈)နှစ်ရှိ ချန်ပိတ်ကွမ် အမည်ရှိသူ အမျိုးသား ယောဂီက လျှောက်ထားသည်မှာ "သူ၀ိပဿနာတရား အားထုတ်ခဲ့သည် မှာ (၁၀)နှစ်ရှိသွားပါပြီ၊ ယခုတရားစခန်း(၇)ရက် ရပြီးသောအခါ တစ်နာရီ နှင့် (၄၅)မိနစ်၊ တစ်နာရီနှင့် မိနစ်(၅၀)တိုင်အောင် ဆက်ထိုင်၍ရပါသည်၊ မှတ်စရာ ဖောင်းတာ ပိန်တာများကလည်း အလွန်ထင်ရှားပါသည်၊ စိတ်က လည်း အလွန်ကြည်လင်လာပါသည်။ တရားတွေ တိုးတက်ပါရဲ့လား၊ တိုးတက်အောင် ရှုမှတ်ပုံကို မိန့်ကြားပါ"ဟု လျှောက်ထားပါသည်။

ဖြေ။ နာမ်တရားများ တိုးတက်တာကတော့ ရုပ်တရားများ တိုးတက်တာ လို မထင်ရှားပေ၊ တရားရှုမှတ်နေလျှင်တော့ တိုးတက်နေသည်သာ ဖြစ်ပေသည်။ အထူးသဖြင့် တရားအားထုတ်ပြီးသောအခါ ကောင်းရာဘက် တွင် စိတ်တွေ ပြောင်းလဲသွားခြင်းသည် နာမ်တရားများ တိုးတက်လာခြင်း ပင် ဖြစ်ပေသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စသည်တို့ နည်းသွားခြင်း။ ကောင်းဆိုးနှစ်ဖြာ အရာရာမှာ သည်းခံနိုင်ခြင်းတို့သည် နာမ်တရားများ တိုးတက်လာခြင်းပင် ဖြစ်ပေသည်။

ဝိပဿနာတရားအားထုတ်၍ ချမ်းသာနှင့်ဆင်းရဲကို အညီအမျှ ရှု မှတ်နိုင်သည့် သခ်ါရုပေက္ခာဉာဏ်အဆင့်သို့ ရောက်လာသောအခါ သမာဓိ ဖြင့် စိတ်ကို နှိမ်ချခြင်းကိုလည်း မပြုလုပ်ရပေ၊ ဝိရိယဖြင့် စိတ်ကို ချီး မြှောက်ခြင်းကိုလည်း မပြုလုပ်ရပေ၊ စိတ်ကို ရှင်လန်းအောင်လည်း မပြုလုပ် ရပေ။ ပေါ်ရာပေါ်ရာအာရုံများကို ပေါ်ခိုက်ပေါ်ခိုက်မှာ အလိုက်သင့် ရှုမှတ် နေခြင်းဖြင့် တရားတွေ တိုးတက်သွားနိုင်ပါသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် ရည်သန်၍ အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မလေးရှားနိုင်ငံ တရားစခန်းမှ ယောဂီများက မေးရာ ဖြေပေးပါ

မြန်မာသက္ကရာဇ် ၁၃၆၂-ခု၊ ခရစ်သက္ကရာဇ် ၂၀၀၀-ပြည့်၊ ဆရာတော်၏ ပြည်ပသာသနာအတွက် တရားဟော တရားပြ ခရီးစဉ်မှာ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံတို့ ဖြစ်ကြပါသည်။ ထွက်ခဲ့သည့်ခရီးစဉ်မှာ ရန်ကုန်မှ နီပေါနိုင်ငံသို့ ၁၃၆၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ (၂၄-၁၀-၂၀၀၀) အင်္ဂါနေ့က ကြွလာခဲ့ပါသည်။ နီပေါနိုင်ငံမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၂-ရက်၊ (၁၂-၁၁-၂၀၀၀) တနင်္ဂနွေနေ့က ကြွလာခဲ့ပါသည်။ ဘန်ကောက်မြို့ A.I.T တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ဦးသိန်းဟန် + ဆရာမကြီးဒေါ်မြင့်မြင့်သိန်းတို့၏အိမ်တွင် (၇)ရက်တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ခဲ့ကြပါသည်။

၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၁-ရက်၊ (၂၁-၁၁-၂၀၀၀) အင်္ဂါနေ့တွင် ဆရာတော်နှင့် ဦးတင်ဦးလှိုင်တို့သည် ဘန်ကောက်မြို့မှ မလေးရှားနိုင်ငံ ကိုတာကီနာဘာလူး တရားစခန်းသို့ ကြွလာခဲ့ကြပါသည်။ ထိုကိုတာကီနာဘာလူး တရားစခန်း၌ (၁၀)ရက်တရားစခန်းဖွင့်၍ တရားဟော တရားပြ ဆောင်ရွက်ကြပါသည်။ ယောဂီ(၇၀)ခန့် ရှိပါသည်။ တစ်နေ့မှာ

တရား(၂)ကြိမ် စစ်ပေးရပါသည်။ နံနက်(၈း၃၀)နာရီမှ (၁၀း၃၀)နာရီထိ တစ်ကြိမ်၊ ညနေ(၃)နာရီမှ (၅)နာရီထိ တစ်ကြိမ် တရားစစ်ပေးရပါသည်။

ဤကဲ့သို့ တရားစစ်ပေးရာ၌ ယောဂီများက သူတို့သိလိုရာများကို မေးလျှောက်ကြပါသည်။ အသက်(၄၉)နှစ်ရှိ ဖောင်ချုမိ အမည်ရှိသူ အမျိုးသမီးယောဂီက လျှောက်ထားသည်မှာ - "သူတရားထိုင်၍ ရှုမှတ်ရာတွင် ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်လို့ကောင်းနေခိုက်မှာ ခန္ဓာကိုယ်ကို ဆတ်ခနဲ ဆတ်ခနဲ တွန်းလိုက်သလို ဆွဲလိုက်သလို ဖြစ်ဖြစ်သွားပါသည်၊ အိပ်ငိုက်တာလည်း မဟုတ်ပါဘူး။ တစ်ခါတစ်ခါ ခန္ဓာကိုယ် အထက်သို့ ကြွကြွတက်သလိုလည်း ဖြစ်ပါသည်၊ တရားသဘောများ ဟုတ်ပါရဲ့လား" ဟု မေးလျှောက်ပါသည်။

ဖြေ။ တရားသဘောများပင် ဖြစ်ပေသည်။ အခြားတစ်ပါးသော ယောဂီများလည်း ဖောင်ချိုမိကဲ့သို့ဖြစ်တာ ရှိကြပေသည်။ ဆတ်ခနဲ ဆတ်ခနဲ ခန္ဓာကိုယ်ကို တွန်းလိုက်သလို ဆွဲလိုက်သလိုဖြစ်ခြင်းနှင့် ခန္ဓာကိုယ် အထက်သို့ ကြွတက်နေသလို ဖြစ်ခြင်းတို့သည် ဝိပဿနာပီတိ(၅)မျိုးတို့တွင် ဥဗ္ဗေဂါပီတိပင် ဖြစ်ပေသည်ဟု ဖြေကြားပေးလိုက်ရပေသည်။ ဥဗ္ဗေဂါပီတိ ဖြစ်လာသောအခါ ခန္ဓာကိုယ်အမှုအရာအမျိုးမျိုး အဆန်းတကျယ် ဖြစ်လာတတ်ပေသည်။ "က"နေ၊ "ခုန်"နေသကဲ့သို့လည်း ဖြစ်လာတတ်ပေသည်။ ငိုချင်၊ ရယ်ချင်များဖြစ်လာပြီး ငိုနေ၊ ရယ်နေတာများလည်း ဖြစ်တတ်ကြပေသည်။

ထို့နောက် ဖောင်ချိုမိက မေးလျှောက်ပြန်သည်မှာ -"သူ ငယ်ရွယ်စဉ်က မကောင်းမှုတစ်ခု ပြုခဲ့မိတာကို ယခု တရားရှုမှတ်နေရင်း ပြန်၍ သတိရလာပါသည်။ ကောင်းတဲ့ သဘောပါလား။ မကောင်းတဲ့ သဘောပါလား" ဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ ဝိပဿနာတရား ရှုမှတ်ပွားများ၍ သမာဓိဉာဏ်များ ဖြစ်လာပေသည်၊ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ညီမျှအားရှိ ထက်သန်လာသော

အခါ သတိကလည်း ပို၍အားကောင်းလာပေသည်။ သတိအားကောင်းလာသောကြောင့် ငယ်ရွယ်စဉ်က မိမိပြုခဲ့မိသည့် အကြောင်းအရာများကို ပြန်၍ သတိရလာတတ်ကြပေသည်။ ဤကဲ့သို့ ငယ်ရွယ်စဉ်က ပြုလုပ်ခဲ့မိသည့် အကြောင်းအရာများကို ပြန်၍ သတိရခြင်းကိုထောက်ဆ၍ ယောဂီမှာ တရားတက်လာသည်၊ တရားကောင်းလာသည်ဟု ယူဆရပေသည်။

ယောဂီဖောင်ချို့မီ ငယ်ရွယ်စဉ်က ပြုလုပ်ခဲ့မိသည့် မကောင်းမှုတစ်ခုကို ပြန်၍သတိရလာခြင်းသည် ဤလိုမကောင်းမှုမျိုးကို နောင်မပြုလုပ်နိုင်ရအောင် ပြန်၍ သတိရလာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တရားသဘောအရ ကောင်းသောသတိရခြင်းပင် ဖြစ်ပေသည်။ သတိရသည်၊ သတိရသည်ဟု ရှုမှတ်ရမည်။ ဤကဲ့သို့ ဖြေကြားပေးလိုက်ရပေသည်။

ထို့နောက် အသက်(၅၉)နှစ်ရှိ ဝေမူပိန်း အမည်ရှိသူ အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ - "သူရှေးက တရားထိုင်၍ ရှုမှတ်ခဲ့ရာတွင် ထိတ်လန့်မှုများ မရှိခဲ့ပါ။ တစ်ခါတစ်ရံ အလင်းရောင်ကြီးများကို တွေ့မြင်ခဲ့ရပါသည်။ ယခုတရားထိုင်၍ ရှုမှတ်ရာတွင် အိမ်မြှောင်စုတ်ထိုးသံကို ကြားရာမှာ လန့် လန့်သွားပါသည်။ ဘာကြောင့် လန့်ရပါသလဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ ဝိပဿနာတရား ပွားများအားထုတ်၍ စိတ်တည်ငြိမ်မှု သမာဓိ ဖြစ်လာခါစမှာ ပင်ကိုယ်က ကြားနေကျအသံများကိုပင် ပို၍ ကျယ်လာသည်ဟု ထင်လာတတ်ကြပေသည်။ စိတ်တည်ငြိမ်မှု သမာဓိ ဖြစ်ခါစတွင် နားအကြည်မှာ အသံလာတိုက်သည့် ဖဿကြောင့် လန့် လန့်သွားတာ ဖြစ်ပေသည်။ အိမ်မြှောင်စုတ်ထိုးသံကြောင့် ယောဂီ ဝေမူပိန်း လန့် လန့်သွားခြင်းသည် ဖဿကြောင့်ပင် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် အသက်(၃၁)နှစ်ရှိ ဆိရိန်ဆိုးပိုရင်း အမည်ရှိသူ အမျိုးသမီး ယောဂီက မေးလျှောက်သည်မှာ - "ဖောင်းတယ် ပိန်တယ်ဟု သူတရား

ရှုမှတ်ရာတွင် ဖောင်းဆုံးနဲ့ ပိန်စအကြား။ ပိန်ဆုံးနှင့် ဖောင်းစအကြားများကို တွေ့သိရပါသည်။ ဘယ်လိုရှုမှတ်ရပါမည်လဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ ဖောင်းဆုံးနဲ့ပိန်စ အကြားအပြတ်၊ ပိန်ဆုံးနှင့်ဖောင်းစ အကြားအပြတ် များကို ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်လာသည့် ယောဂီများ တွေ့သိလာတတ်ကြပေသည်။ ဆိရိန်ဆိုးပိုရင်းလည်း ဥဒယဗ္ဗယဉာဏ် အရင့် ပိုင်းသို့ ရောက်လာ၍ အကြားအပြတ်များကို တွေ့သိရခြင်း ဖြစ်ပေသည်။ ထိုအကြားအပြတ်များကို တွေ့တယ် တွေ့တယ်၊ သိတယ် သိတယ်ဟု ရှုမှတ်ရမည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် နောက်ဆုံး တရားစခန်းသိမ်းမည့် ၁၃၆၂-ခု၊ နတ်တော် လဆန်း ၇-ရက်၊ (၂-၁၂-၂၀၀၀) စနေနေ့တွင် တရားစစ်ပေးရာ၌ အသက် (၄၆)နှစ်ရှိ ချန်စီအက်လ် အမည်ရှိသူ အမျိုးသားယောဂီက လျှောက်ထား သည်မှာ - "သူတရားထိုင်၍ ရှုမှတ်ရာတွင် ခန္ဓာကိုယ်က အလွန်ပေါ့ပြီး လေထဲရောက်နေသလိုဖြစ်ပါသည်။ ကောင်းကင်က တိမ်တွေကိုလည်း မြင်နေရပါသည်။ အရောင်အမျိုးမျိုးတို့ကိုလည်း တွေ့နေရပါသည်။ မြတ်စွာ ဘုရားကိုလည်း ဖူးမြင်ရပါသည်။ သူ့ဉာဏ် ဘယ်အဆင့်ရောက်ပါပြီလဲ"ဟု လျှောက်ထားပါသည်။

ဖြေ။ ဝိပဿနာတရား အားထုတ်၍ ဥဒယဗ္ဗယဉာဏ် အနုပိုင်းသို့ ရောက် လာကြသော ယောဂီပုဂ္ဂိုလ်တို့သည် တရားထိုင်၍ ရှုမှတ်ရာတွင် ခန္ဓာကိုယ်က ပေါ့ပါးပြီး လေထဲရောက်နေသကဲ့သို့ ဖြစ်နေတတ်ကြပေ သည်။ ကောင်းကင် တိမ်တိုက်ထဲသို့ ရောက်နေသကဲ့သို့လည်း ဖြစ်နေတတ် ကြပေသည်။ အရောင်အလင်း အမျိုးမျိုးတို့ကိုလည်း တွေ့မြင်နေတတ်ကြ ပေသည်။ ကျောင်း၊ ဘုရား၊ စေတီ၊ နတ်ဗိမာန်၊ တောရ၊ တောင်၊ ဥယျာဉ်၊ မြစ်ချောင်း စသည်များကိုလည်း တွေ့မြင်လာတတ်ကြပေသည်။

ယောဂီ ချန်စီအက်လ်သည်လည်း ခန္ဓာကိုယ် အလွန်ပေါ့ပါးပြီး လေထဲရောက်နေသကဲ့သို့ဖြစ်ခြင်း၊ ကောင်းကင်က တိမ်တိုက်တွေကို

မြင်နေရခြင်း၊ မြတ်စွာဘုရားကို ဖူးမြင်ရခြင်းတို့ကို တွေ့မြင်ရခြင်းတို့သည် ဥဒယဗ္ဗယဉာဏ် အနုပိုင်းသို့ ရောက်လာ၍ တွေ့မြင်ရခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပေသည်။

ထို့နောက် အသက်(၅၄)နှစ်ရှိ ပိုင်စီယာ အမည်ရှိသူ အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ - "သူတရားထိုင်၍ ရှုမှတ်ရာတွင် တစ်ရံ တစ်ခါ ဒေါသစိတ်များ ဖြစ်လာတတ်ပါသည်။ ထိုဒေါသစိတ်ကို ဘယ်လို ပယ်ဖျောက်ရပါမည်လဲ"ဟု မေးလျှောက်ပါသည်။

ဖြေ။ တရားထိုင်၍ ရှုမှတ်ရာတွင် ဒေါသစိတ်ဖြစ်လာသောအခါ ထိုဒေါသ စိတ်ကိုပင် ပြန်၍ ရှုမှတ်ရပါသည်။ ဒေါသနှင့်တကွဖြစ်နေသော စိတ်ကိုပင် စိတ်ဆိုးတယ် စိတ်ဆိုးတယ်၊ ဒေါသဖြစ်တယ် ဒေါသဖြစ်တယ် ဟု ရှုမှတ်ရပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

"ဒေါသစိတ်ကို ရှုမှတ်လို့ မပျောက်ခဲ့သော် ဘယ်လိုလုပ်ရပါ့မလဲ"ဟု ယောဂီ ပိုင်စီယာက လျှောက်ထားပြန်ပါသည်။ ဒေါသစိတ်ကို ရှုမှတ်လို့ မရခဲ့သော် မပျောက်ခဲ့သော် ကိုယ်ကာယကိုပင် ပြန်၍ ရှုမှတ်ရမည်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်စသည်ဖြင့် ကိုယ်ကာယကိုပင် ပြန်၍ ရှုမှတ်ရပါမည်။ ကိုယ်ကာယမှာ ရှုမှတ်လို့ရသွားလျှင် ဒေါသစိတ်ကို ပယ်ဖျောက်ပြီးသား ဖြစ်သွားပေမည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် အသက်(၄၆)နှစ်ရှိ ချန်ဟင်းချီ အမည်ရှိသူ အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ "ဒီနေ့ သူတရားထိုင်မှတ်ရာတွင် မိနစ် (၃၀)ခန့်မှာ သိပ်နာလာပါသည်၊ တစ်ကိုယ်လုံးလည်း ပူလာပါသည်၊ ထို့ကြောင့် ထ၍ စကြီ်လျှောက်ပါသည်၊ ခြေ(၂)ဖက်လုံးဌ် တစ်မျိုးစီ နာလာပါသည်။ အဲဒီနာတာ ပူတာတွေဟာ ဘာတွေပါလဲ"ဟု မေးလျှောက် ပါသည်။

ဖြေ။ ယောဂီချန်ဟင်းချီ တွေ့ရသည့် နာတာ ပူတာတွေဟာ တရား သဘောတွေပင် ဖြစ်ပေသည်။ နာတာများက ထိုနာတာများကို ရှုမှတ်ဖို့ရာ ဝေဒနာနုပဿနာတရားများ ဖြစ်ပေသည်။ ပူတာများက ထိုပူတာများကို ရှုမှတ်ဖို့ရာ တေဇောဓာတ် ကာယာနုပဿနာတရား ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် အသက်(၃၇)နှစ်ရှိ ဂိုဟီလုံး အမည်ရှိသူ အမျိုးသား ယောဂီက လျှောက်ထားသည်မှာ - "သူတရားစခန်းဝင်တိုင်း နေမကောင်း ဖြစ်ရပါသည်၊ ကံကြောင့်ပါလား"ဟု မေးလျှောက်ပါသည်။

ဖြေ။ ဂိုဟီလုံး တရားစခန်းဝင်တိုင်း နေမကောင်းဖြစ်ရခြင်းသည် ကံတစ်ခု တည်းကြောင့် မဟုတ်ပေ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း ၄-ပါးတို့တွင် ၁-ပါးကြောင့်သော်လည်းကောင်း၊ ၂-ပါးကြောင့် သော်လည်းကောင်း၊ ၃-ပါးကြောင့်သော်လည်းကောင်း၊ ၄-ပါးလုံးကြောင့် သော်လည်းကောင်း နေလို့မကောင်း ဖြစ်ကြရပေသည်ဟု ဖြေကြားပေးခဲ့ ရပါသည်။

အတိတ်က မိမိပြုခဲ့သည့် မကောင်းမှုကံကြောင့်လည်း နေမကောင်း ခြင်း၊ ရောဂါဝေဒနာများခြင်း ဖြစ်ကြရပေသည်။ စိတ်မကောင်းခြင်း၊ စိတ် မချမ်းသာခြင်းကြောင့်လည်း နေမကောင်းခြင်း၊ ရောဂါဝေဒနာများခြင်း ဖြစ်ကြရပေသည်။ ဥတုမမျှတခြင်း၊ မကောင်းခြင်းကြောင့်လည်း နေမ ကောင်းခြင်း၊ ရောဂါဝေဒနာများခြင်း ဖြစ်ကြရပေသည်။ မှီဝဲအပ်သော အာဟာရ မကောင်းခြင်းကြောင့်လည်း နေမကောင်းခြင်း၊ ရောဂါဝေဒနာများ ခြင်း ဖြစ်ကြရပေသည်။

ဦးတင်ဦးလှိုင်က အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။ ဒေါ်မေက တရုတ်လို ဘာသာပြန်ပေးပါသည်။

ဖြေကြားပေးစဉ်က အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် ရည်သန်၍ အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

အထွေထွေအမှတ်ဖြင့် တရားရပါ သိကောင်းစရာ

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အနည်းဆုံး အပါယ်တံခါးပိတ်သည့် သောတာပန်အဆင့်သို့ရောက်အောင် အားထုတ်မည်ဟု ရည်မှန်းကာ ဝိပဿနာတရားကို အချိန်ရသမျှ မိမိတို့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားထုတ်လျက်ရှိကြပေသည်။

ဤကဲ့သို့ ဝိပဿနာတရားကို အားထုတ်ကြရာ၌ အကျဉ်းချုပ်အားဖြင့် အမှတ်(၃)မျိုးရှိပေသည်။ ထိုင်မှတ်သည့်အမှတ်၊ စင်္ကြံလျှောက်မှတ်သည့်အမှတ်၊ အထွေထွေအသေးစိတ်အမှတ်ဟူ၍ (၃)မျိုးရှိပေသည်။ ထို(၃)မျိုးတို့တွင် အထွေထွေအသေးစိတ်အမှတ်ကို ရှုမှတ်သောအားဖြင့် မင် ဖိုလ် တရားထူး တရားမြတ်များကို ရရှိနိုင်ကြပေသည်ဟု အဋ္ဌကထာဆရာများက ဖွင့်ပြခဲ့ကြပါသည်။ ထို့ကြောင့် ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် အထွေထွေအသေးစိတ်အမှတ်ကိုလည်း အထူး အလေးပြု၍ ရှုမှတ်ကြရပေသည်။

အဋ္ဌကထာဆရာများက အထွေထွေအသေးစိတ်အမှတ်ဖြင့် တရားရရှိနိုင်ခြင်း၏ အကြောင်း(၂)ပါးကို ဖွင့်ပြထားခဲ့ကြပါသည်။

၁။ ယခု မိမိရှုမှတ်နေဆဲ အမှတ်တရားဖြင့် အမှတ်တွေ့ပြည့်သွားသော အခါ အပါယ်တံခါးပိတ်သည့်အဆင့် သောတာပန်အဖြစ်မှစ၍ မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြသည်ဟု ယုံကြည်ချက် သဒ္ဓါတရားရှိနေခြင်းတည်းဟူသော အကြောင်းကတစ်ပါး။

၂။ အထွေထွေအသေးစိတ်အမှတ်နှင့်တကွ ဝိပဿနာတရားကို မပြတ်မလပ် အားထုတ်နေခြင်းတည်းဟူသော အကြောင်းကတစ်ပါး။ ဤ အကြောင်း(၂)ပါးတို့နှင့် ပြည့်စုံပါက သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ စားသောက် စသည့် မည်သည့်အမူအရာမှာမဆို မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိနိုင်ကြပေသည်ဟု ဖွင့်ပြခဲ့ကြပါသည်။ ဝိပဿနာတရား ပွားများအားထုတ်ကြသောပုဂ္ဂိုလ်များ အတွက် အားတက်ဖွယ် ကောင်းလှပါပေသည်။

(ပုဂ္ဂလပညတ္တိ-၃၂)

ဆောင်ပုဒ်။ ။ သဒ္ဓါ,ဝိပဿနာ၊ အားရှိစေ့နှမ်ဟာ၊
ရှုမှတ်ပါ၊ ရပါမြတ်တရား။

ရှုမှတ်ဆဲ တရားအပေါ်၌ ယုံကြည်ချက် သဒ္ဓါတရားရှိခြင်းဟူသော အကြောင်း၊ မပြတ်မလပ် အားထုတ်နေခြင်းဟူသောအကြောင်း၊ ဤ အကြောင်း(၂)ပါးနှင့် ပြည့်စုံပါက မည်သည့် အမူအရာ၌မဆို မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိနိုင်ပုံကို ဤသို့ ဖွင့်ပြထားခဲ့ပါသည်။

၁။ ဂစ္ဆန္တသ = သွားနေစဉ် တရားရနိုင်ပေသည်၊
၂။ တိဋ္ဌန္တသ = ရပ်နေစဉ်လည်း တရားရနိုင်ပေသည်၊
၃။ နိသိဒန္တသ = ထိုင်နေစဉ်လည်း တရားရနိုင်ပေသည်၊
၄။ နိပ္ပဇ္ဇန္တသ = လျောင်းနေစဉ်လည်း တရားရနိုင်ပေသည်၊
၅။ ခါဒန္တသ = သစ်သီးခဲဖွယ်များကို ခဲစားနေစဉ်လည်း တရားရနိုင်ပေသည်။

၆။ ဘုဇ္ဇန္တသ = ဆွမ်းဘောင်ခ်ိုများကို စားနေစဉ်လည်း တရားရနိုင်ပေသည်ဟု ဖွင့်ပြထားပါသည်။

မရှုမှတ်ပါဘဲ တရားရနိုင်ပေသည်ဟု ဆိုလိုရင်းတော့ မဟုတ်ပေ။ ရှုမှတ်နေစဉ် တရားရနိုင်ပေသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ထို့ကြောင့် သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ စားသောက်သည့် အမှုအရာတို့၌ ရှုမှတ်တတ်အောင် လေ့လာရှုမှတ်ကြရပေသည်။

အကျယ်သိဖွယ်

၁။ ဂစ္ဆန္တသ = သွားနေစဉ် ရှုမှတ်၍ တရားရပုံမှာ

ရပ်ရာမှ သွားရတော့မည့်အခါ အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုကြည့်လိုက်လျှင် သွားချင်သည့်စိတ်တွေ ဖြစ်နေတာ ထင်ရှားနေတတ်ပေသည်။ ယင်းသွားချင်သည့် စိတ်ကို "သွားချင်တယ်၊ သွားချင်တယ်"ဟု ရှုမှတ်ကြရပေသည်။ ထို့နောက် သွားသည့် ခြေထောက်အမှုအရာများ ဖြစ်ပေါ်လာမှ "သွားတယ် သွားတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကြွတယ် ချတယ်။ ကြွတယ် လှမ်းတယ် ချတယ်" စသည်ဖြင့် ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ ကြွတယ် လှမ်းတယ် ချတယ်ဟု ရှုမှတ်တဲ့အခါ ခြေထောက်ပုံသဏ္ဌာန်များကိုတော့ အာရုံမပြုဘဲ ခွာနိုင်သမျှခွာ၍ ရွှေ့နေသည့် သဘောများကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ဆက်ကာဆက်ကာ ရှုမှတ်လို့ သမာဓိဉာဏ်များ ဖြစ်လာသောအခါ "ကြွတယ်"ဟု ရှုမှတ်လိုက်သည်ရှိသော် အထက်သို့ ပေါ့ပေါ့တက်သွားတာ၊ "လှမ်းတယ်"လို့ ရှုမှတ်လိုက်သည်ရှိသော် ရှေ့သို့ ပေါ့ပေါ့ပြီးရွှေ့သွားတာ၊ ချတယ်လို့ ရှုမှတ်လိုက်သည်ရှိသော် အောက်သို့ လေးလေးပြီးကျသွားတာကို တွေ့သိကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ တွေ့သိရာ၌ ပေါ့တာကိုသိတာက တေဇောဓာတ်နှင့် ဝါယောဓာတ်ကို သိတာဖြစ်ပေသည်။ လေးတာကိုသိတာက ပထဝီဓာတ်နှင့် အာပေါဓာတ်ကို သိတာဖြစ်ပေသည်။ တေဇောဓာတ်ဟူသည် အပူဓာတ် အနွေးဓာတ် အပေါ့ဓာတ် ဖြစ်ပေသည်။ ဝါယောဓာတ်ဟူသည် လေဓာတ် အပေါ့ဓာတ် ဖြစ်ပေသည်။ ပထဝီဓာတ်ဟူသည် မြေဓာတ် အမာဓာတ် အလေးဓာတ် ဖြစ်ပေသည်။ အာပေါဓာတ်ဟူသည် ရေဓာတ် အဖွဲ့ဓာတ် အလေးဓာတ် ဖြစ်ပေသည်။ ဤဓာတ်ကြီး(၄)ပါးကို စု၍ တွေ့သိခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ တရားတွေ့သိပြီးသောအခါ တရားအတွေ့ကောင်းသည်နှင့်အမျှ စိတ်အားများ ထက်သန်လာတတ်ကြပေသည်။ စိတ်အားထက်သန်စွာဖြင့် ဆက်ကာဆက်ကာ ရှုမှတ်၍ မှတ်အားများ ပြည့်သွားသောအခါ ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ သွားလျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

၂။ တိဋ္ဌန္တသ = ရပ်နေစဉ် ရှုမှတ်၍ တရားရပုံမှာ -

သွားရာမှ ရပ်ရတော့မည့်အခါမှာလည်း အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုကြည့်လိုက်သောအခါ ရပ်ချင်သည့်စိတ်များ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်းရပ်ချင်သည့်စိတ်ကို "ရပ်ချင်တယ်၊ ရပ်ချင်တယ်"ဟု ရှုမှတ်ကြရပေသည်။ ထို့နောက် ရပ်သည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ "ရပ်တယ်၊ ရပ်တယ်"ဟု ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ "ရပ်တယ်၊ ရပ်တယ်"ဟု ရှုမှတ်တဲ့အခါမှာလည်း ခေါင်း၊ ကိုယ်၊ ခြေ ၊ လက် ပုံသဏ္ဌာန်များကို အာရုံမပြုဘဲ ခွာနိုင်သမျှခွာ၍ ရပ်ချင်သည့်စိတ်များက အဆင့်ဆင့် တွန်းကန်ထား၍ အဆင့်ဆင့် တောင့်တင်းနေသည့် သဘောများကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ ဖြစ်လာသောအခါ စိတ်ကြောင့်ဖြစ်သော လေများ၏ တွန်းကန်မှုကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများ အဆင့်ဆင့် တောင့်တင်းနေသည်ကို တွေ့သိလာတတ်ကြပေသည်။ ဤကဲ့သို့ တောင့်တင်းမှုများကို တွေ့သိလာခြင်းသည် ဝါယောဓာတ်ကို တွေ့သိရခြင်းပင် ဖြစ်ပေသည်။ ဝါယောဓာတ်ဟူသည် ထောက်ကန် တောင့်တင်းခြင်းသဘောရှိသော ဓာတ်ပင်ဖြစ်ပေသည်။

ဤကဲ့သို့ ထောက်ကန်တောင့်တင်းသည့် သဘောများကို တွေ့သိလာပြီးသောအခါ တရားအတွေ့ကောင်းသည်နှင့်အမျှ စိတ်အားများ ထက်သန်လာတတ်ကြပေသည်။ စိတ်အားထက်သန်စွာဖြင့် ဆက်ကာဆက်ကာ ရှုမှတ်၍ မှတ်အားများပြည့်သွားသောအခါ ဉာဏ်စဉ်အဆင့်ဆင့် တက်၍ ရပ်လျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

၃။ နိသိဒန္တသ = ထိုင်နေစဉ် ရှုမှတ်၍ တရားရပုံမှာ -

ရပ်ရာမှ ထိုင်ရတော့မည့်အခါမှာလည်း အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုကြည့်လိုက်လျှင် ထိုင်ချင်သည့်စိတ်တွေ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်းထိုင်ချင်သည့်စိတ်ကို "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"ဟု ရှုမှတ်ကြရပေသည်။ ထို့နောက် ထိုင်သည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ "ထိုင်တယ်၊ ထိုင်တယ်"ဟု ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ "ထိုင်တယ်၊ ထိုင်တယ်"ဟု ရှုမှတ်တဲ့အခါမှာလည်း ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ပုံသဏ္ဌာန်များကိုတော့ အာရုံမပြုဘဲ ခွာနိုင်သမျှ ခွာ၍ အောက်သို့ရွှေ့ကျသွားသော သဘောများကိုတော့ သိနိုင်သမျှ သိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ ဖြစ်လာသောအခါ "ထိုင်တယ်၊ ထိုင်တယ်"ဟု ရှုမှတ်လိုက်သည်ရှိသော် အောက်သို့ ရွှေ့ရွှေ့

ကျသွားသည်ကို တွေ့သိပြီးတဲ့အပြင် လေးလေးကျသွားတာကို တွေ့သိ လာကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ လေးတာကို တွေ့သိခြင်းသည် ပထဝီဓာတ်နှင့် အာပေါ ဓာတ်ကို တွေ့သိခြင်းပင် ဖြစ်ပေသည်။ ပထဝီဓာတ်ဟူသည် မြေဓာတ် အမာဓာတ် အလေးဓာတ် ဖြစ်ပေသည်။ အာပေါဓာတ်ဟူသည် ရေဓာတ် အဖွဲ့ဓာတ် အလေးဓာတ် ဖြစ်ပေသည်။

ဤကဲ့သို့ တွေ့သိပြီးသောအခါ တရားအတွေ့ကောင်းသည်နှင့်အမျှ စိတ်အားများ ထက်သန်လာတတ်ကြပေသည်။ စိတ်အားထက်သန်စွာဖြင့် ဆက်ကာဆက်ကာ ရှုမှတ်၍ မှတ်အားများ ပြည့်သွားသောအခါ ဉာဏ်စဉ် များ အဆင့်ဆင့်တက်၍ ထိုင်လျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ် များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

၄။ နိပ္ပဇ္ဇန္တသ = လျောင်းနေစဉ် ရှုမှတ်၍ တရားရပုံမှာ -

ထိုင်ရာမှ လျောင်းချရတော့မည့်အခါမှာလည်း အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုလိုက်သောအခါ လျောင်းချင်သည့်စိတ်များ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်းလျောင်းချင်သည့်စိတ်ကို "လျောင်းချင် တယ်၊ လျောင်းချင်တယ်"ဟု ရှုမှတ်ကြရပေသည်။ ထို့နောက် လျောင်းသည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ "လျောင်းတယ်၊ လျောင်းတယ်"ဟု ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ "လျောင်းတယ်၊ လျောင်းတယ်"ဟု ရှုမှတ်တဲ့အခါမှာလည်း ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ပုံသဏ္ဌာန်များကိုတော့ ခွာနိုင်သမျှခွာ၍ တစ်ရွှေ့ ပြီးတစ်ရွှေ့ ရွှေ့ကျသွားသည့် သဘောများကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ ဖြစ်လာသောအခါ "လျောင်းတယ်၊ လျောင်းတယ်"ဟု ရှုမှတ်လိုက်သည်ရှိသော် တစ်ရွှေ့ပြီး

တစ်ရွှေ့ ရွှေ့ကျသွားသည်ကို သိပြီးတဲ့အပြင် လေးလေးကျသွားတာကို တွေ့သိလာကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ လေးတာကို တွေ့သိရခြင်းသည် ပထဝီဓာတ်နှင့် အာပေါ်ဓာတ်ကို တွေ့သိရခြင်း ဖြစ်ပေသည်။ ပထဝီဓာတ်ဟူသည် မြေဓာတ် အမာဓာတ် အလေးဓာတ် ဖြစ်ပေသည်။ အာပေါ်ဓာတ်ဟူသည် ရေဓာတ် အဖွဲ့ဓာတ် အလေးဓာတ် ဖြစ်ပေသည်။

ဤကဲ့သို့ တွေ့သိလာသောအခါ တရားအတွေ့ကောင်းသည်နှင့်အမျှ စိတ်အားတွေ ထက်သန်လာတတ်ကြပေသည်။ စိတ်အားထက်သန်စွာဖြင့် ဆက်ကာဆက်ကာ ရှုမှတ်၍ မှတ်အားများ ပြည့်သွားသောအခါ ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ လျှောင်းလျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

၅။ ခါဒန္တသ = သစ်သီးခဲဖွယ်များကို ခဲစားနေစဉ် ရှုမှတ်၍တရားရ ပုံမှာ -

သစ်သီးခဲဖွယ်တို့ကို ခဲစားရတော့မည့်အခါမှာလည်း အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုကြည့်လိုက်သောအခါ ခဲစားချင်သည့်စိတ်များ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်းခဲစားချင်သည့်စိတ်ကို "ခဲစားချင်တယ်၊ ခဲစားချင်တယ်"ဟု ရှုမှတ်ကြရပေသည်။ ထို့နောက် ခဲစားသည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ "ခဲစားတယ်၊ ခဲစားတယ်"ဟု ရှုမှတ်ကြရပေသည်။

သစ်သီးခဲဖွယ်၊ ဆွမ်းခဲဖွယ်များကို စားရာ၌ ရှုမှတ်ရာတွင် ယောဂီများ တစ်ဦးနှင့်တစ်ဦး တရားတွေ့ပုံခြင်း မတူကြပေ။ ထို့ကြောင့် တရားတွေ့ပုံများကို မရေးသားတော့ပါဘဲ ဉာဏ်စဉ်များ ဖြစ်ပုံကိုသာ ရေးသားဖော်ပြပါမည်။

ဝိပဿနာသမာဓိဉာဏ်များ ဖြစ်လာသောအခါ သစ်သီးခဲဖွယ်များကို ခဲစားရာ၌ "ခဲစားချင်တယ်၊ ခဲစားချင်တယ်"ဟု ရှုမှတ်လိုက်သောအခါ ခဲစားချင်သည့်စိတ်က သိတတ်သောကြောင့် နာမ်တရား ဖြစ်ပေသည်။ ခဲစားနေသည့် အမှုအရာများက မသိတတ်သောကြောင့် ရုပ်တရား ဖြစ်ပေသည်။ ဤကဲ့သို့ နာမ်တရားနှင့် ရုပ်တရားတို့ကို ကွဲပြားရှုသိခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေသည်။

ခဲစားချင်သည့်စိတ်ကြောင့် ခဲစားရပေသည်။ ခဲစားချင်သည့်စိတ်များက အကြောင်းတရား ဖြစ်ပေသည်။ ခဲစားနေသည့် အမှုအရာများက အကျိုးတရား ဖြစ်ပေသည်။ ဤကဲ့သို့ အကြောင်းနှင့် အကျိုးကို သိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေသည်။

ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ ပြည့်သွားသောအခါ ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ သစ်သီးခဲဖွယ်တို့ကို ခဲစားနေလျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

၆။ ဘုဇ္ဇန္တသ - ဆွမ်းဘောဇဉ်တို့ကို စားနေစဉ် ရှုမှတ်၍ တရားရပုံမှာ -

ဆွမ်းဘောဇဉ်တို့ကို စားရတော့မည့်အခါမှာလည်း အထူးသတိထား၍ မိမိစိတ်ကို အာရုံပြုကြည့်လိုက်သောအခါ စားချင်သည့်စိတ်တွေ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်းစားချင်သည့်စိတ်ကို "စားချင်တယ်၊ စားချင်တယ်"ဟု ရှေးဦးစွာ ရှုမှတ်ကြရပေသည်။ ထို့နောက် စားသည့်ကိုယ်အမှုအရာများ ဖြစ်ပေါ်လာမှ "စားတယ်၊ စားတယ်၊ ဝါးတယ်၊ ဝါးတယ်"ဟု ရှုမှတ်ကြရပေသည်။

ဤကဲ့သို့ ရှုမှတ်၍ ဝိပဿနာဉာဏ်များ ဖြစ်လာသောအခါ စားချင်သည့်စိတ်က သိတတ်သောကြောင့် နာမ်တရားဖြစ်ပေသည်။ စားနေသည့် အမှုအရာများက မသိတတ်သောကြောင့် ရုပ်တရား ဖြစ်ပေသည်ဟု

နာမ်တရားနှင့် ရုပ်တရား ကွဲပြားရ သိလာခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေသည်။

စားချင်သည့်စိတ်ကြောင့် စားရပေသည်။ စားချင်သည့် စိတ်များက အကြောင်းတရားဖြစ်သည်။ စားနေသည့် အမှုအရာများက အကျိုးတရား ဖြစ်သည်ဟု အကြောင်းနှင့်အကျိုးကို သိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေသည်။

ဆက်ကာဆက်ကာရှုမှတ်၍ မှတ်အားတွေ ပြည့်လာသောအခါ ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ ဆွမ်းဘောဇဉ်များကို စားလျက်နှင့်ပင် မဂ် ဖိုလ် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ သစ်သီးခဲဖွယ်များကို ခဲစားနေစဉ်၊ ဆွမ်းဘောဇဉ်များကို စားနေစဉ်တို့၌ အထွေထွေအသေးစိတ်အမှတ်များကို ရှုမှတ်ပါက မဂ် ဖိုလ် တရားထူး တရားမြတ်များ ရရှိနိုင်ကြောင်းကို သိကြရသဖြင့် ဝိပဿနာယောဂီများ အတွက် အားတက်ဖွယ် ကောင်းလှပါပေသည်။

ဆောင်ပုဒ်။ ။ သွားရပ်ထိုင်လျောင်း၊ ခဲစားကောင်းစွာ၊ ရှုစဉ်မှာ၊ ရပါမြတ်တရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သီလနှင့်စပ်ကာ ကုသိုလ်(၄)မျိုးရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝမှာ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်ပွားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀)ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြီးယကုသိုလ်(၄၀)တို့တွင် ဒါနနှင့်စပ်၍ ကုသိုလ်(၄)မျိုး ရရှိပုံကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု သီလနှင့်စပ်၍ ကုသိုလ်(၄)မျိုးရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ငယ်ရွယ်စဉ်အခါတည်းက မိကောင်းဖကောင်း၊ ဆရာကောင်းသမားကောင်းများ၏ အဆုံးအမကို ခံယူခဲ့ကြရသည်ဖြစ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့သားမယား လွန်ကျူးဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခဲ့ကြရပေသည်။ (ဂ)ရက်၊ လပြည့်၊ လကွယ် သီတင်းနေ့များ၌လည်း ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်များကို တတ်နိုင်သမျှ စောင့်ထိန်းခဲ့ကြရပေသည်။ ဤကဲ့သို့ ကိုယ်တိုင်ပြုခြင်းဖြင့်လည်း သီလနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွနေထိုင်ကြသည့် သားသမီးများ၊ ဆွေမျိုးညီအစ်ကို မောင်နှမများကိုလည်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြဖို့နှင့် (ဂ)ရက်၊ လပြည့်၊ လကွယ်နေ့များ၌ ရှစ်ပါးသီလ၊ ကိုးပါးသီလစသည်တို့ကို တတ်နိုင်သမျှ စောင့်ထိန်းကြဖို့ရာ တိုက်တွန်း စေခိုင်းကြရပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ကို ပြုစေခြင်းဖြင့်လည်း သီလနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(၈) ဂုဏ်ကျေးဇူးတွေကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သီလ၏ အကျိုးတရား၊ ဂုဏ်ကျေးဇူးများကိုလည်း ပြောပြကြရပေသည်။ သီလကို လုံခြုံအောင် စောင့်ထိန်းသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကျိုးတရား(၅)ပါး ရရှိကြပေသည်။

အကျိုးတရား(၅)ပါးမှာ -

၁။ ပစ္စည်းဥစ္စာ လုပ်ကိုင်ရှာဖွေသောအခါ ရလွယ်ခြင်း။

၂။ အရပ်(၄)မျက်နှာမှာ ကောင်းသောဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း။

၃။ ပွဲနေပွဲထိုင် ပရိသတ်အများများသို့ ဝင်ရောက်သောအခါ မျက်နှာမငယ်ရဘဲ ဝမ်းမြောက်ဝမ်းသာ ဝင်ရောက်ရခြင်း။

၄။ ကွယ်လွန်ခါနီး(သေခါနီး)မှာ ကောင်းသော အာရုံနိမိတ်များကို မြင်ရ၍ မတွေမဝေ သေရခြင်း။

၅။ သေပြီးသည့်နောက်ကာလ နောင်ဘဝများ၌ နတ်ပြည်သို့ ရောက်ရခြင်းဟူသော အကျိုး(၅)ပါးကို ရရှိကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သီလ၏ အကျိုးဂုဏ်ကျေးဇူးများကို ပြောပြကြရပေသည်။ ဤကဲ့သို့ ပြောပြခြင်းဖြင့်လည်း သီလနှင့်စပ်သော ကုသိုလ်များကို ရရှိကြရပေသည်။

ဆောင်ပုဒ်။ ။ ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊
မငယ်မျက်နှာ၊ မတွေကာသေ၊
ရောက်လေနတ်ရွာ၊ ဤငါးဖြာ၊
မှန်စွာသီလအကျိုးတည်း။

ထို့အပြင် သီလ၏ ကောင်းသောဂုဏ်များကိုလည်း ပြောပြကြရပေသည်။ သီလတည်းဟူသော အဝတ်တန်ဆာသည် ငယ်ရွယ်သည်မှစ၍ အိုမင်းသည့်တိုင်အောင် ဝတ်ဆင်ဖို့ရာ ကောင်းသည့် အဝတ်တန်ဆာတစ်မျိုးပင် ဖြစ်ပေသည်။ ထို့ကြောင့် သီလတရားသည် ငယ်ရွယ်သည်မှ

စ၍ အိုမင်းသည့်တိုင်အောင် ကျင့်သုံးဖို့ရာ ကောင်းသည့်တရား ဖြစ်ပေ သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ဤကဲ့သို့ သီလ၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြကြရပေသည်။

ပကတိသော အဝတ်တန်ဆာများကို ဝတ်ဆင်သောပုဂ္ဂိုလ်တို့သည် အရွယ်နှင့်လိုက်အောင် ဝတ်ဆင်ကြရပေသည်။ အသက်(၇၀)အရွယ်၊ (၈၀)အရွယ်ဖြစ်၍ အိုမင်းလာမှ အလွန်တောက်ပြောင်သည့် အဝတ်အထည် ပတ္တမြားလည်ဆွဲတန်ဆာ စသည်များကို ဝတ်ဆင်ခဲ့သော် ထိုပုဂ္ဂိုလ်သည် အသက်ကသာကြီးပြီး စိတ်ကတော့ ငယ်နေသေးတာပဲ စသည်ဖြင့် သူတစ်ပါးတို့၏ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ခံကြရမည် ဖြစ်ပေသည်။

သီလတည်းဟူသော အဝတ်တန်ဆာကို ဝတ်ဆင်ရာ၌ ဤကဲ့သို့ မဟုတ်ပေ။ အသက်အရွယ်ငယ်သူများ သီလတည်းဟူသော အဝတ်ကို ဝတ်ဆင်ထားလျှင်၊ သီလကို လုံခြုံအောင် စောင့်ထိန်းလျှင် မည်သူကမျှ မကဲ့ရဲ့ပေ။ "တော်ပါပေတယ်၊ ကောင်းပါပေတယ်"ဟုသာ ချီးမွမ်း ပြောဆိုကြပေသည်။ လူရွယ် လူလတ်ဖြစ်သူများ သီလတည်းဟူသော အဝတ်ကို ဝတ်ဆင်ထားလျှင်၊ သီလကို လုံခြုံအောင် စောင့်ထိန်းထားလျှင် မည်သူကမျှ မကဲ့ရဲ့ပေ။ "တော်ပါပေတယ်၊ ကောင်းပါပေတယ်"ဟု ချီးမွမ်း ပြောဆိုကြပေမည်။ အသက်အရွယ်ကြီးရင့်သူများ သီလတည်းဟူသော အဝတ်ကို ဝတ်ဆင်ထားလျှင်၊ လုံခြုံအောင် စောင့်ထိန်းထားလျှင် မည်သူ ကမျှ မကဲ့ရဲ့ပေ။ "တော်ပါပေတယ်၊ ကောင်းပါပေတယ်"ဟုသာ ချီးမွမ်း ပြောဆိုကြပေသည်။ ထို့ကြောင့် သီလသည် အကောင်းဆုံး အဝတ်တန်ဆာ ဖြစ်ပေသည်ဟု သီလ၏ ကောင်းသော ဂုဏ်ကျေးဇူးများကို ပြောပြကြရ ပေသည်။

သီလသည် ယောဂီသူတော်စင်များအတွက် ဝတ်ဆင်စရာ တန်ဆာ တစ်မျိုးပင် ဖြစ်ပေသည်။ သီလသည် ယောဂီသူတော်စင်များအတွက် ထူးသော အဝတ်တန်ဆာတစ်မျိုးပင် ဖြစ်ပေသည်။ သီလတည်းဟူသော

အဝတ်တန်ဆာဖြင့် တန်ဆာဆင်ထားခြင်းသည် တန်ဆာဆင်ခြင်း အမျိုးမျိုး တို့တွင် အမြတ်ဆုံး တန်ဆာဆင်ထားခြင်းပင် ဖြစ်သည်ဟုလည်း သီလ၏ ဂုဏ်ကျေးဇူးများကို ပြောပြကြရပေသည်။

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်သည့် ပါဏာတိပါတ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည် မြတ်စွာဘုရား ပေးသနားတော်မူသည့် အလွန်တင့်တယ်သည့် ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားခြင်းပင် ဖြစ်ပေသည်။

သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်သည့် အဒိန္နာဒါန သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည်လည်း မြတ်စွာဘုရား ပေးသနားတော်မူသည့် အလွန်တင့်တယ်သည့် ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားခြင်းပင် ဖြစ်ပေသည်။

သူ့သားမယား လွန်ကျူးဖျက်ဆီးခြင်းမှ ရှောင်ကြဉ်သည့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည်လည်း မြတ်စွာဘုရား ပေးသနားတော်မူသည့် အလွန်တင့်တယ်သည့် ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားခြင်းပင် ဖြစ်ပေသည်။

လိမ်ပြောခြင်းမှ ရှောင်ကြဉ်သည့် မုသာဝါဒ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည်လည်း မြတ်စွာဘုရား ပေးသနားတော်မူသည့် အလွန်တင့်တယ်သည့် ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားခြင်းပင် ဖြစ်ပေသည်။

အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်သည့် သုရာမေရယသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည်လည်း မြတ်စွာဘုရား ပေးသနားတော်မူသည့် အလွန်တင့်တယ်သည့် ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားခြင်းပင် ဖြစ်ပေသည်ဟူ၍ ငါးပါးသီလ၏ ဂုဏ်ကျေးဇူးများကို လည်း ပြောပြကြရပေသည်။ ဤကဲ့သို့ ဂုဏ်တွေကို ပြောပြခြင်းဖြင့်လည်း သီလနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် ငါးပါးသီလကို ခံယူတပ်ဆိုးကဲ့သို့ အမြဲလုံခြုံအောင် စောင့်ထိန်း၏။ (ဂ)ရက်၊ လပြည့်၊ လကွယ်တို့၌လည်း အမြဲလိုပင် ဥပုသ်သီလကို စောင့်သုံး၏ဟု သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း သီလနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- သီလကို ကိုယ်တိုင်လည်း စောင့်ထိန်းခြင်း။
- သူတစ်ပါးတို့ကိုလည်း စောင့်ထိန်းစေခြင်း။
- သီလ၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- သူတစ်ပါးတို့ စောင့်ထိန်းသည်ကိုလည်း ဝမ်းမြောက်ခြင်းဟူ၍ သီလနှင့်စပ်သော ကုသိုလ်လေးမျိုးတို့ကို ရရှိကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဘာဝနာနှင့်ခပ်ကာ ကုသိုလ်(၄)မျိုးရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူဘဝမှာ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြှောက်ပွားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀) ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြီးယကုသိုလ်(၄၀)တို့တွင် ဒါနနှင့်စပ်၍ ကုသိုလ်(၄)မျိုးရရှိပုံ၊ သီလနှင့်စပ်၍ ကုသိုလ်(၄)မျိုးရရှိပုံတို့ကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပေသည်။ ယခု ဘာဝနာနှင့်စပ်၍ ကုသိုလ်(၄)မျိုး ရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အရဟံ = ကိလေသာရန်သူကို ပယ်သတ်တော်မူသော မြတ်စွာဘုရားပါတကား စသည်ဖြင့် ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကိုလည်း ထိုက်သည့်အားလျော်စွာ ပွားများလေ့ ရှိကြပေသည်။ မိမိတို့ အိမ်သူအိမ်သားများမှစ၍ အရပ်ဆယ်မျက်နှာ၌ ရှိကြကုန်သော အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ စသည်ဖြင့် မေတ္တာသမထကမ္မဋ္ဌာန်းကိုလည်း ပွားများလေ့ ရှိကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ရိပ်သာများသို့ ဝင်ရောက်၍ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကိုလည်း ပွားများအားထုတ်လေ့ ရှိကြပေသည်။ အချို့သောပုဂ္ဂိုလ်တို့သည် မိမိတို့အိမ်၌လည်း နံနက်စောစော အိပ်ရာထမှ တစ်ကြိမ်၊ ညဉ့်အိပ်ရာဝင်မှာ တစ်ကြိမ် စသည်ဖြင့် ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လေ့ ရှိကြပေသည်။ ဤကဲ့သို့ ကိုယ်တိုင် ပွားများအားထုတ်ခြင်းဖြင့်လည်း ဘာဝနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွ နေထိုင်ကြသည့်

သားသမီးများ။ ဆွေမျိုးညီအစ်ကို မောင်နမများတို့အား သမထဘာဝနာ၊ ဝိပဿနာဘာဝနာများကိုလည်း အားထုတ်ကြဖို့ရာ တိုက်တွန်းစေခိုင်းလျက် ရှိကြပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့အား ပွားများအားထုတ်စေခြင်းဖြင့် လည်း ဘာဝနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဂ) ဂုဏ်ကျေးဇူးတွေကို ပြောဆိုခြင်းဟု ဆိုရာ၌ -

သမထဘာဝနာကမ္မဋ္ဌာန်း ပွားများအားထုတ်ခြင်း၏အကျိုး ဂုဏ်ကျေးဇူးများကိုလည်း ပြောပြကြရပေသည်။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ပွားများအားထုတ်ခြင်း၏အကျိုး ဂုဏ်ကျေးဇူးများကိုလည်း ပြောပြကြရ ပေသည်။

သမထဘာဝနာ အကျိုး

ဗုဒ္ဓါနုဿတိ သမထဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခြင်း၏ အကျိုးများမှာ -

၁။ အရဟံဂုဏ်တော်ကို ပွားများခြင်းဖြင့် ဘေးရန်အန္တရာယ်ကင်းခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ ဘေးရန်ကင်းလို၊ အရဟံကို၊ ပွားကိုပွားရမည်။

၂။ သမ္မာသမ္ဗုद्ध ဂုဏ်တော်ကို ပွားများခြင်းဖြင့် နက်နဲ ခက်ခဲသော မေးခွန်းပုစ္ဆာ ပြဿနာတို့ကို ထိုးထွင်း၍ သိနိုင်ခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ နက်နဲသိလို၊ သမ္မုဒ်ကို၊ ပွားကိုပွားရမည်။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို ပွားများခြင်းဖြင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာ(၃)ပါးနှင့် ပြည့်စုံလာ ခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ သိက္ခာပြည့်လို၊ ဝိဇ္ဇာကို၊ ပွားကိုပွားရမည်။

၄။ သုဂတောဂုဏ်တော်ကို ပွားများခြင်းဖြင့် စကားပြောရာ၌ ကိုယ်ပြော လိုရာစကားများကို ကောင်းစွာပြောဆိုနိုင်ခြင်း။ ခရီးသွားရာ၌ ကိုယ် သွားလိုရာ အရပ်ဒေသသို့ ချမ်းသာစွာ ရောက်ရှိနိုင်ခြင်း အကျိုးများကို ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ စကားပြောလို၊ သုဂတောကို၊ ပွားကိုပွားရမည်။
ခရီးသွားလို၊ သုဂတောကို၊ ပွားကိုပွားရမည်။

၅။ လောကဝိဒူဂုဏ်တော်ကို ပွားများခြင်းဖြင့် တိုးတက်ကြီးပွားကြောင်း လောကရေးရာ အပြာပြာတို့ကို သိလာနိုင်ခြင်း အကျိုးကို ရရှိနိုင်ကြ ပေသည်။

ဆောင်ပုဒ်။ ။ လောကသိလို၊ ဝိဒူကို၊ ပွားကိုပွားရမည်။

၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်ကို ပွားများခြင်းဖြင့် မယဉ် ကျေးသူများ၊ မိုက်မဲနေသူများကို အဆုံးအမပေးရာ၌ ထိုသူတို့ လွယ်ကူစွာ လိုက်နာ၍ ယဉ်ကျေးလာစေခြင်း အကျိုးကို ရရှိနိုင်ကြ ပေသည်။

ဆောင်ပုဒ်။ ။ ဆုံးမပေးလို၊ အနုတ္တရောကို၊ ပွားကိုပွားရမည်။

၇။ သတ္ထာဒေဝမနုဿာနဂုဏ်တော်ကို ပွားများခြင်းဖြင့် သူတစ်ပါး တို့အား အတတ်ပညာကို သင်ကြားပို့ချပေးရာ၌ လွယ်ကူစွာ တတ် မြောက်သွားစေနိုင်ခြင်း အကျိုးကို ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ သင်ကြားပေးလို၊ သတ္ထာကို၊ ပွားကိုပွားရမည်။

၈။ ဗုဒ္ဓေါဂုဏ်တော်ကို ပွားများခြင်းဖြင့် မိမိကိုယ်တိုင် အတတ်ပညာကို သင်ယူရာ၌ လျင်မြန်စွာ တတ်မြောက်နိုင်ခြင်း အကျိုးကို ရရှိနိုင် ပေသည်။

ဆောင်ပုဒ်။ ။ အတတ်သင်လို၊ ဗုဒ္ဓေါကို၊ ပွားကိုပွားရမည်။

၉။ ဘဝဝါဂုဏ်တော်ကို ပွားများခြင်းဖြင့် မိမိပြုလုပ်လိုသော ကိစ္စကို လွယ်ကူစွာ ပြီးမြောက်စေနိုင်ခြင်း။ မိမိရရှိလိုသော အကျိုးများကို လွယ်ကူစွာ ရရှိနိုင်ခြင်းဟူသော အကျိုးတို့ကို ရရှိနိုင်ပေသည်။

ဆောင်ပုဒ်။ ။ အကျိုးပြီးလို၊ ဘဝဝါကို၊ ပွားကိုပွားရမည်။

ဤကဲ့သို့ ဗုဒ္ဓါနုဿတိ သမထဘာဝနာ၏ အကျိုးများကိုလည်း ပြောပြကြရပေသည်။ မေတ္တာဘာဝနာ၏ အကျိုးများကိုလည်း ပြောပြကြရပေသည်။

ဆောင်ပုဒ်။ ။ အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊
ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊
မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊
လျင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊
သေကာမတွေ့၊ လားလေဖြတ်ဟု၊
ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမူအကျိုးတည်း။

ဤကဲ့သို့ မေတ္တာသမထဘာဝနာ၏ အကျိုးတို့ကိုလည်း ပြောပြကြရပေသည်။ ပြောပြခြင်းဖြင့်လည်း ဘာဝနာနှင့်စပ်သော ကုသိုလ်များကို ရရှိနိုင်ကြပေသည်။

ဝိပဿနာ ဘာဝနာအကျိုး

ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်းဖြင့် -

၁။ သာသနာတော်ကြီး အရှည်တည်တံ့ခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၂။ မိမိတို့အတွက် နိဗ္ဗာန်သို့ ရောက်သည်အထိ အကျိုးများစွာ တို့ကိုလည်း ရရှိနိုင်ကြပေသည်။

၁။ သာသနာတော်ကြီး အရှည်တည်တံ့ခြင်း အကျိုးကိုလည်း ရရှိနိုင်သည်ဟု ဆိုရာ၌ -

တစ်ချိန်သောအခါ ပုဏ္ဏားတစ်ယောက်က လာရောက်၍ "မြတ်စွာဘုရား၏ သာသနာတော်ကြီး အရှည်တည်တံ့နိုင်ကြောင်း၊ မတည်တံ့နိုင်ကြောင်းတို့ကို သိလိုပါသည်"ဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားက "သတိပဋ္ဌာန်(၄)ပါးဖြင့် ဝိပဿနာတရားကို အားမထုတ်ကြလျှင် ငါ့ဘုရား၏ သာသနာ အရှည်မတည်တံ့နိုင်ပေ။ သတိပဋ္ဌာန်(၄)ပါးဖြင့် ဝိပဿနာတရား အားထုတ်ကြလျှင် ငါ့ဘုရား၏သာသနာ အရှည်တည်တံ့နေလိမ့်မည်"ဟု ဟောကြားတော်မူခဲ့သည်ကို ဆောက်ထား၍ သတိပဋ္ဌာန်(၄)ပါးဖြင့် ဝိပဿနာတရား အားထုတ်ခြင်းသည် သာသနာတော်ကြီး အရှည်တည်တံ့ခြင်းအကျိုးကို ရရှိနိုင်သည်ဟု ပြောပြကြရပေသည်။ ဤကဲ့သို့ ဝိပဿနာဘာဝနာ၏အကျိုး ဂုဏ်ကျေးဇူးများကို ပြောပြခြင်းဖြင့်လည်း ဘာဝနာနှင့် စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

၂။ မိမိတို့အတွက် နိဗ္ဗာန်သို့ ရောက်သည်အထိ အကျိုးများစွာတို့ကို ရရှိနိုင်သည်ဟု ဆိုရာ၌ -

မြတ်စွာဘုရား မဟာသတိပဋ္ဌာနသုတ္တန်ကို မဟောကြားမီ သတိပဋ္ဌာန်(၄)ပါးဖြင့် ဝိပဿနာတရား ပွားများအားထုတ်ခြင်း၏ အကျိုး(၇)မျိုး ရရှိနိုင်ကြောင်းကို ဟောကြားတော်မူခဲ့ပါသည်။

၁။ စိတ်အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်ခြင်းအကျိုး၊
၂။ စိုးရိမ်သောကများမှ လွန်မြောက်သွားနိုင်ခြင်းအကျိုး၊
၃။ ငိုကြွေးရခြင်းမှ လွန်မြောက်သွားနိုင်ခြင်းအကျိုး၊
၄။ ကိုယ်ဆင်းရဲ ချုပ်ငြိမ်းသွားနိုင်ခြင်းအကျိုး၊
၅။ စိတ်ဆင်းရဲ ချုပ်ငြိမ်းသွားနိုင်ခြင်းအကျိုး၊
၆။ အပါယ်တံခါးကို ပိတ်စေနိုင်သည့် အရိယာမဂ်များကို ရရှိခြင်းအကျိုး၊

၇။ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရခြင်း အကျိုးဟူ၍ ဤအကျိုး(၇)မျိုးကို ရရှိကြမည် ဖြစ်ပေသည်ဟု ဝိပဿနာတရား ပွားများအားထုတ်ရခြင်း၏အကျိုး ဂုဏ်ကျေးဇူးများကို ပြောပြခြင်းဖြင့်လည်း ဘာဝနာနှင့်စပ်သော ကုသိုလ်များကို ရရှိနိုင်ကြပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် သမထကမ္မဋ္ဌာန်းဘာဝနာ၊ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာတို့ကို အချိန်ရသမျှ ပွားများအားထုတ်နေ၏ဟု သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း ဘာဝနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- ဘာဝနာကို ကိုယ်တိုင်လည်း အားထုတ်ခြင်း။
- သူတစ်ပါးတို့ကိုလည်း အားထုတ်စေခြင်း။
- ဘာဝနာ၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- သူတစ်ပါးတို့ ဘာဝနာတရား အားထုတ်နေသည်ကိုလည်း ဝမ်းမြောက်ခြင်းဟူ၍ ဘာဝနာနှင့်စပ်သော ကုသိုလ်လေးမျိုးတို့ကို ရရှိနိုင်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အပစာယနှ ဝေယျာဝစ္စတို့နှင့်စပ်ကာ ကုသိုလ်(၄)မျိုးစီရင်ပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝ၌ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း၊

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း၊

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်မှားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀) ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြီးယကုသိုလ်(၄၀)တို့တွင် ဒါန သီလ ဘာဝနာတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံတို့ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါး၊ ဆရာ မိဘစသည်တို့အား ရှိခိုးသင့်သောအခါ ရှိခိုးဦးချခြင်း၊ လမ်းခရီးစသည်တို့၌ တွေ့ဆုံရသောအခါ လက်အုပ်ချီခြင်း၊ ဦးညွှတ်ခြင်း၊ အရိုအသေပြု၍ နှုတ်ဆက်ခြင်းစသည်(အပစာယန)တို့ကို ပြုလုပ်ကြရပေသည်။ ရတနာသုံးပါး၊ ဆရာ မိဘစသည်တို့၏ ပြုဖွယ်ကိစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ကူညီ၍ ဆောင်ရွက်လုပ်ကိုင်ပေးခြင်း ဝေယျာဝစ္စကိုလည်း ပြုလုပ်ကြရပေသည်။ ဤကဲ့သို့ ကိုယ်တိုင်ပြုလုပ်ပေးခြင်းဖြင့်လည်း အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွ နေထိုင်ကြသည့် သားသမီးများ၊ ဆွေမျိုးညီအစ်ကို မောင်နှမများကိုလည်း ရတနာသုံးပါး၊ ဆရာ မိဘစသည်တို့အား ရှိခိုးသင့်သောအခါ ရှိခိုးစေခြင်း၊ လမ်းခရီးစသည်တို့၌ တွေ့ဆုံကြရသောအခါ လက်အုပ်ချီခြင်း၊ ဦးညွှတ်ခြင်း၊ အရိုအသေပြု၍ နှုတ်ဆက်ခြင်းစသည်(အပစာယန)တို့ကို ပြုလုပ်စေကြရပေသည်။ ရတနာသုံးပါး၊ ဆရာ မိဘစသည်တို့၏ ပြုဖွယ်ကိစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ကူညီ၍ ဆောင်ရွက်လုပ်ကိုင်ပေးခြင်း ဝေယျာဝစ္စများ

ကိုလည်း ပြုလုပ်စေကြရပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ကို ပြုစေခြင်း ဖြင့်လည်း အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်များကို ရရှိ ကြပေသည်။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အပစာယန၊ ဝေယျာဝစ္စတို့၏ အကျိုးတရား ဂုဏ်ကျေးဇူးများကို ပြောပြကြရပေသည်။ အပစာယန၊ ဝေယျာဝစ္စတို့သည် ဒါန သီလ ဘာဝနာတို့တွင် သီလ၌ ပါဝင်ကြပေသည်။ သီလကုသိုလ်၌ သွင်းယူကြရပေသည်။

ဆောင်ပုဒ်။ ။ ပစာ,ဝေယျာ၊ သီလမှာ၊ သွင်းကာယူရသည်။

ထိုသို့ သီလ၌ ပါဝင်နေသောကြောင့် သီလကို လုံခြုံအောင် စောင့်ထိန်းသောပုဂ္ဂိုလ်တို့မှာ အကျိုးတရား(၅)ပါး ရရှိသကဲ့သို့ အပစာယန၊ ဝေယျာဝစ္စတို့ကို ပြုလုပ်ကြသောပုဂ္ဂိုလ်တို့မှာလည်း အကျိုးတရား(၅)ပါး ရရှိကြပေသည်။

အကျိုးတရား(၅)ပါးမှာ -

၁။ အပစာယန = အရိုအသေပြုတတ်၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ် တို့ကိုပြုလုပ်ပေးတတ်သောပုဂ္ဂိုလ်တို့သည် တရားသဖြင့် ပစ္စည်းဥစ္စာ လုပ်ကိုင်ရာဖွေသောအခါ လွယ်ကူစွာရရှိခြင်း အကျိုးကိုလည်း ရရှိ ကြပေသည်။

၂။ အပစာယန = အရိုအသေပြုတတ်၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ် တို့ကိုပြုလုပ်ပေးတတ်သောပုဂ္ဂိုလ်တို့သည် ရတနာသုံးပါး၊ ဆရာ မိဘတို့အား အရိုအသေပြုတတ်သည့် ကောင်းသော ဂုဏ်သတင်း ရတနာသုံးပါး၊ ဆရာ မိဘစသည်တို့၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ဆောင်ရွက်ပေးတတ်သည့် ကောင်းသော ဂုဏ်သတင်းတို့ ဖြင့် အရပ်လေးမျက်နှာ၌ ကျော်ကြားခြင်း အကျိုးကိုလည်း ရရှိ ကြပေသည်။

၃။ အပစာယန = အရိုအသေပြုတတ်၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးတတ်သောပုဂ္ဂိုလ်တို့သည် ပွဲနေပွဲထိုင် ပရိသတ်အမျိုးမျိုးတို့သို့ ဝင်ရောက်သောအခါ မျက်နှာမငယ်ရပါဘဲ ဝမ်းမြောက်ဝမ်းသာ ဝင်ရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၄။ အပစာယန = အရိုအသေပြုတတ်၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးတတ်သောပုဂ္ဂိုလ်တို့သည် ကွယ်လွန်ခါနီး(သေခါနီး)တွင် ကောင်းသော အာရုံနိမိတ်များကို မြင်ရ၍ မတွေ့မဝေသေရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၅။ အပစာယန = အရိုအသေပြုတတ်၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးတတ်သောပုဂ္ဂိုလ်တို့သည် သေပြီးသည့် နောက်ကာလ နောင်ဘဝများ၌ နတ်ပြည်သို့ ရောက်ရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။ ဤကဲ့သို့ အပစာယန ဝေယျာဝစ္စတို့၏ ဂုဏ်ကျေးဇူးများကို ပြောပြခြင်းဖြင့်လည်း အပစာယန ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

အပစာယန = အရိုအသေပြုခြင်း၊ ဝေယျာဝစ္စ = ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပေးခြင်းတို့နှင့် ပြည့်စုံကြသောပုဂ္ဂိုလ်တို့သည် စာရိတ္တသီလနှင့် ပြည့်စုံကြသည်ဖြစ်သောကြောင့် ဝိပဿနာတရား အားထုတ်သောအခါ စိတ်တည်ငြိမ်မှု သမာဓိ လျင်မြန်စွာ ဖြစ်လာနိုင်ပေသည်။ သမာဓိ ဖြစ်လာပြီးသောအခါ ဝိပဿနာဉာဏ်များ ဖြစ်လာမည်သာ ဖြစ်ပေသည်။

ဝိပဿနာဉာဏ်များ ပြည့်စုံသွားသောအခါ မဂ်ဖိုလ်နိဗ္ဗာန် တရားတူ တရားမြတ်များကို ရရှိသွားကြမည် ဖြစ်ပေသည်။ ဤကဲ့သို့ အပစာယန၊ ဝေယျာဝစ္စတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဖြင့်လည်း အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြမည် ဖြစ်ပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အပစာယန = ရတနာသုံးပါး၊ ဆရာ မိဘ စသည်တို့အား အရိုအသေပြုတတ်၏။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ ဆရာ မိဘတို့၏ ပြုဖွယ်ကိစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်တတ်၏ဟူသော သတင်းစကားကို ကြားရသော အခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- အပစာယန၊ ဝေယျာဝစ္စတို့ကို ကိုယ်တိုင်လည်းပြုခြင်း။
- သူတစ်ပါးတို့ကိုလည်း ပြုစေခြင်း။
- အပစာယန၊ ဝေယျာဝစ္စတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- သူတစ်ပါးတို့ ပြုကြသည်ကိုလည်း ဝမ်းမြောက်ခြင်းဟူ၍ အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်သော ကုသိုလ်လေးမျိုးစီ ရရှိကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ပဏ္ဍိဒါနှ ပဏ္ဍာနှမောဒနှတို့နှင့်စပ်၊ ကုသိုလ်(၄)မျိုးစီ ရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝ၌ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်မှားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀)ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြီးယကုသိုလ်(၄၀)တို့တွင် ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံတို့ကို ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု ပတ္တိဒါန ၊ ပတ္တာနုမောဒနတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါနကုသိုလ်ကောင်းမှုများကို ပြုပြီး သောအခါ၊ ဥပုသ်သီတင်းနေ့များ၌ သီလကို လုံခြုံအောင် စောင့်ထိန်းပြီး သောအခါ၊ သမထဘာဝနာ ဝိပဿနာဘာဝနာများကို အားထုတ်ပြီး သောအခါတို့၌ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့အား မိမိနှင့်အညီအမျှ ရကြပါစေဟု အမျှဝေခြင်းဖြင့် ပတ္တိဒါနကုသိုလ်ကို ပြုကြရပေသည်။

အထူးသဖြင့် ကွယ်လွန်သွားကြသော ဆရာသမား၊ မိဘဆွေမျိုး များအတွက် ရည်မှန်း၍ တစ်လတစ်ခါ၊ တစ်နှစ်တစ်ခါ စသည်ဖြင့် ဆွမ်း အလှူဒါန စသည်များကိုပြု၍ အမျှပေးဝေခြင်းဖြင့် ပတ္တိဒါနကုသိုလ်ကို ပြုလေ့ရှိကြသည်။ ဤကဲ့သို့ ကိုယ်တိုင်ပြုခြင်းဖြင့်လည်း ပတ္တိဒါနနှင့်စပ် သော ကုသိုလ်များကို ရရှိကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့က ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ်များကို ပြုပြီးသောအခါ အမျှဝေလိုက်သော ကောင်းမှု ကုသိုလ်များကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းဖြင့် ပတ္တာနုမောဒန ကုသိုလ်များကို ပြုကြရပေသည်။ ဤကဲ့သို့ ကိုယ်တိုင်ပြုခြင်းဖြင့်လည်း ပတ္တာနုမောဒနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ၊ ရဟန်းခံ ရှင်ပြု ဆွမ်းကျွေးအလှူပွဲ စသည်များကို ပြုလုပ်ကြသည့်အခါတို့၌ ပတ္တိဒါန ကုသိုလ်နှင့် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုလုပ်ကြသည်မှာ အထူးပင် ထင်ရှားလှပေသည်။ အလှူရှင်များ အားလုံးစုပေါင်း၍ ရေစက်ချကာ အမျှဝေလိုက်ခြင်းဖြင့် ပတ္တိဒါနကုသိုလ်ကို ပြုလိုက်ကြခြင်းပင် ဖြစ်ပေသည်။ အမျှဝေလိုက်သည်ကို အားလုံးသော အလှူရှင်များနှင့် အလှူပွဲလာသူ ပရိသတ်များက သာဓုခေါ်လိုက်ခြင်းဖြင့် ပတ္တာနုမောဒနကုသိုလ်ကို ပြုလိုက်ကြခြင်းပင် ဖြစ်ပေသည်။ ဤကဲ့သို့ အမျှပေးဝေခြင်း ပတ္တိဒါန ကုသိုလ်၊ သာဓုခေါ်ခြင်း ပတ္တာနုမောဒနကုသိုလ်တို့ကို ကိုယ်တိုင်ပြုခြင်း ဖြင့်လည်း ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(၅) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွ နေထိုင်ကြသည့် သားသမီးများ၊ ဆွေမျိုးညီအစ်ကို မောင်နှမတို့အား ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်များကို ပြုပြီးသောအခါ အမျှဝေကြဖို့ရာ ပတ္တိဒါနကုသိုလ်ကို ပြုကြဖို့ရာ တိုက်တွန်း စေခိုင်းကြရပေသည်။ သူတစ်ပါးတို့က အမျှဝေသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြဖို့ရာ ပတ္တာနုမောဒနကုသိုလ် ပြုကြဖို့ရာကိုလည်း တိုက်တွန်း စေခိုင်းကြရပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့အား ပြုစေခြင်းဖြင့်လည်း ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(၆) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပတ္တိဒါန ပတ္တာနုမောဒနတို့၏ အကျိုးတရား ဂုဏ်ကျေးဇူးများကို သူတစ်ပါးတို့အား ပြောပြကြရပေသည်။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့သည် ဒါန၊ သီလ၊ ဘာဝနာ (၃)မျိုးတို့တွင် ဒါန၌ ပါဝင်ကြပေသည်။ ဒါနကုသိုလ်၌ သွင်းယူကြရပေသည်။

ဆောင်ပုဒ်။ ။ ပတ္တိ,ပတ္တာ၊ ဒါနမှာ၊ သွင်းကာယူရသည်။

ထိုကဲ့သို့ ဒါနဌ ပါဝင်နေသောကြောင့် ဒါနကုသိုလ်ကောင်းမှု ပြုကြသောပုဂ္ဂိုလ်တို့မှာ အကျိုးတရား(၅)ပါး ရရှိသကဲ့သို့ ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့ကို ပြုကြသောပုဂ္ဂိုလ်တို့မှာလည်း အကျိုးတရား(၅)ပါး ရရှိကြပေသည်။

အကျိုးတရား(၅)ပါးမှာ -

၁။ ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် လူ၌ဖြစ်သော အသက်ရှည်ခြင်း၊ နတ်၌ဖြစ်သော အသက်ရှည်ခြင်း အကျိုးတို့ကို ရရှိနိုင်ကြပေသည်။

၂။ ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် လူ၌ဖြစ်သော အဆင်းလှခြင်း၊ နတ်၌ဖြစ်သော အဆင်းလှခြင်း အကျိုးတို့ကို ရရှိနိုင်ကြပေသည်။

၃။ ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း အကျိုးတို့ကိုလည်း ရရှိနိုင်ကြပေသည်။

၄။ ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် မိမိတို့ကို ကူညီစောင့်ရှောက်ကြမည့် အခြေအရံပရိသတ်များနှင့် ပြည့်စုံခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၅။ ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ်တို့ကို ပြုထားကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ ရဟန္တာဖြစ်သည့် ဘဝတိုင်အောင် အရာရာမှာ မိမိက အစိုးရခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။ ဤကဲ့သို့ အကျိုးတရား ဂုဏ်ကျေးဇူးများကို သူတစ်ပါးတို့အား ပြောပြခြင်းဖြင့်လည်း ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤပတ္တိဒါန ပတ္တာနုမောဒနတို့၏ အကျိုးတရား(၅)ပါးတို့တွင် ကိုယ်၏ချမ်းသာခြင်း။ စိတ်၏ချမ်းသာခြင်းအကျိုးသည် ဝိပဿနာတရား အားထုတ်သောအခါ တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်သောအခါ ကိုယ်၏ချမ်းသာခြင်း။ စိတ်၏ချမ်းသာခြင်း သုခက စိတ်တည်ငြိမ်မှု သမာဓိကို ဖြစ်စေသည်။ စိတ်တည်ငြိမ်မှု သမာဓိက ဝိပဿနာဉာဏ်ကို ဖြစ်စေသည်။ ဝိပဿနာဉာဏ် ပြည့်စုံလွှားသောအခါ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြပေသည်။ ဤကဲ့သို့ မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်သည့် အကျိုးတရား ဂုဏ်ကျေးဇူးများကိုလည်း သူတစ်ပါးတို့အား ပြောပြခြင်းဖြင့်လည်း ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အမျှဝေခြင်း ပတ္တိဒါနကုသိုလ်၊ ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်ခြင်း ပတ္တာနုမောဒနကုသိုလ်တို့ကို အမြတ်မ်းလို ပြုလုပ်လေ့ရှိသည်ဟူသော သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါ တို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- ပတ္တိဒါန ပတ္တာနုမောဒနတို့ကို ကိုယ်တိုင်လည်းပြုခြင်း။
- သူတစ်ပါးတို့ကိုလည်း ပြုစေခြင်း။
- ပတ္တိဒါန ပတ္တာနုမောဒနတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်းပြော ပြခြင်း။
- သူတစ်ပါးတို့ ပြုကြသည့်ကိုလည်း ဝမ်းမြောက်ခြင်းဟူ၍ ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်သော ကုသိုလ်လေးမျိုးစီ ရရှိကြပေသည်။

အထူးသိကောင်းစရာ

ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်၍ အထူးသိကောင်းစရာများကို ဆက်လက်၍ ဖော်ပြပါဦးမည်။ ပတ္တိဒါန = အမျှပေးဝေသူတို့က ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် (၃)မျိုးလုံးကိုပင် အမျှဝေပါ သော်လည်း ပတ္တာနုမောဒန = သာဓုခေါ်သူတို့က သာဓုခေါ်လိုက်သော အခါ ဒါနကုသိုလ် တစ်မျိုးကိုသာ ရရှိနိုင်ကြပေသည်။ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို မရရှိနိုင်ကြပေ။

ဥပမာ - သူတစ်ပါးတို့က ပေးဝေသော ဒါနကုသိုလ်ကို မိမိတို့က သာဓုခေါ်လျှင် မိမိတို့မှာ ဒါနကုသိုလ်ကိုပင် ရရှိကြပေသည်။ သူတစ်ပါး တို့က ပေးဝေသော သီလကုသိုလ်ကို မိမိတို့က သာဓုခေါ်လျှင် မိမိတို့မှာ ဒါနကုသိုလ်ကိုပင် ရရှိကြပေသည်။ သူတစ်ပါးတို့က ပေးဝေသော ဘာဝနာ ကုသိုလ်ကို မိမိတို့က သာဓုခေါ်လျှင် မိမိတို့မှာ ဒါနကုသိုလ်ကိုပင် ရရှိကြ ပေသည်။ ဤကဲ့သို့ အထူးကို သိကြရပေသည်။

ဆောင်ပုဒ်။ ။ ဒါနဝေလျှင်၊ ဒါနပင်၊ အမှန်ပင်ရရှိသည်။
သီလဝေလျှင်၊ ဒါနပင်၊ အမှန်ပင်ရရှိသည်။
ဘာဝနာဝေလျှင်၊ ဒါနပင်၊ အမှန်ပင်ရရှိသည်။

သဒ္ဓမ္မရံသိရိပ်သာဆရာတော်

ဓမ္မသဝနုနှင့်စပ်၊ကာ ကုသိုလ်(၄)မျိုးရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝ၌ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်မှားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀) ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြီးယကုသိုလ်(၄၀)တို့တွင် ဒါန၊ သီလ၊ ဘာဝနာတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံ၊ အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရရှိပုံတို့ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု ဓမ္မသဝနနှင့်စပ်၍ ကုသိုလ်(၄)မျိုး ရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဓမ္မသဝန = တရားနာကြရာ၌ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မျက်မှောက်ဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးတို့ကို ပြပေးတတ်သော သုတ္တန်တရားတော်များကိုလည်း နာကြားကြရပေသည်။ ဤအမှုကိစ္စတို့ကို မပြုလုပ်ရဟု မြတ်စွာဘုရား၏ အာဏာတော်ဖြင့် တားမြစ်ပညတ်ထားသည့် ဝိနည်းတရားတော်များကိုလည်း နာကြားကြရပေသည်။ သဘာဝအမှန်တို့ကို အတိအကျဆုံး ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်များကိုလည်း နာကြားကြရပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဓမ္မသဝန = တရားနာကြရာ၌ အကျိုးကြီးအောင် လှူဒါန်းပုံကို ဟောကြားသော ဒါနတရားကိုလည်း နာကြားကြရပေသည်။ မကျိုးမပေါက်၊ မပြောက်မကျားစေဟူ၍ စင်ကြယ်အောင် စောင့်ထိန်းပုံကို ဟောကြားသော သီလတရားကိုလည်း နာကြားကြရပေသည်။ နည်းလမ်းမှန်ကန်စွာ ရှုမှတ်ပွားများပုံကို ဟောကြားသော သမထ, ဝိပဿနာ ဘာဝနာတရားတို့ကိုလည်း နာကြားကြရပေသည်။ ဤကဲ့သို့ ကိုယ်တိုင်နာကြားခြင်းဖြင့်လည်း ဓမ္မသဝနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွနေထိုင်ကြသည့် သားသမီးများ၊ ဆွေမျိုး ညီအစ်ကို မောင်နမ စသည်တို့အား ဓမ္မသဝန = တရားနာဖို့ရာ တိုက်တွန်း စေခိုင်းကြရပေသည်။ သုတ္တန်တရား၊ ဝိနည်းတရား၊ အဘိဓမ္မာတရား၊ ဒါနတရား၊ သီလတရား၊ ဘာဝနာတရားတို့ကို နာကြားကြမှသာ မှန်ကန်သော အကျင့်လမ်းစဉ်များကို ရရှိနိုင်ကြမည် ဖြစ်ပေသည် စသည်ဖြင့် တရားနာဖို့ရာ တိုက်တွန်း စေခိုင်းကြရပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့အား တိုက်တွန်း စေခိုင်းခြင်းဖြင့်လည်း ဓမ္မသဝနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဓမ္မသဝန = တရားနာခြင်း၏ အကျိုးတရား ဂုဏ်ကျေးဇူးများကိုလည်း သူတစ်ပါးတို့အား ပြောပြကြရပေသည်။ တရားနာခြင်းဖြင့် အကျိုးတရား(၅)ပါး ရရှိနိုင်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

အကျိုးတရား(၅)ပါးမှာ -

၁။ ဓမ္မသဝန = တရားနာကြသော ပုဂ္ဂိုလ်တို့သည် ရှေးအခါက မကြားနာရခဲ့ဖူးသေးသော တရားတော်များကို နာကြားရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၂။ ဓမ္မသဝန = တရားနာကြသော ပုဂ္ဂိုလ်တို့သည် ရှေးအခါက ကြားနာခဲ့ဖူးပြီးသော တရားတော်များကို ရှေးကထက် ပိုမို ရှင်းလင်းစွာ သိလာရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၃။ ဓမ္မသဝန = တရားနာကြသော ပုဂ္ဂိုလ်တို့သည် ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုး စသည်တို့၌ မယုံကြည်သလိုလို ယုံကြည်သလိုလို ဖြစ်တတ်သော ယုံမှားသံသယများကိုလည်း ကင်းပျောက်စေခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၄။ ဓမ္မသဝန = တရားနာကြသော ပုဂ္ဂိုလ်တို့သည် အကြောင်းမရှိဘဲ ပုဂ္ဂိုလ်သတ္တဝါတို့သည် အလိုလိုဆင်းရဲ အလိုလိုချမ်းသာကြသည်ဟု ယူဆသော အဟေတုကဒိဋ္ဌိ အယူလွဲ အယူမှားမှ၊ လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို ဗြဟ္မာ ဗိသနိုး စသော တန်ခိုးရှင်များက ဖန်ဆင်းထားသည်ဟု ယူဆသော ဝိသမဟေတုကဒိဋ္ဌိ အယူလွဲ အယူမှားတို့မှ ဖြောင့်မှန်သည့် အယူကောင်း အယူမှန်သို့ ရောက်ရှိလာရခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

၅။ ဓမ္မသဝန = တရားနာကြသောပုဂ္ဂိုလ်တို့သည် စီးပွားရေး ကြီးပွားရေး လူမှုရေး စသော အကြောင်းအမျိုးမျိုးတို့ကြောင့် စိတ်မချမ်းသာ စိတ်မကြည်လင် စိတ်ညစ်နွမ်းခြင်းတို့ကို ကင်းပျောက်စေ၍ စိတ်ချမ်းသာခြင်း၊ စိတ်ကြည်လင်ခြင်း အကျိုးကိုလည်း ရရှိကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားနာရခြင်းအကျိုးတို့ကိုလည်း ပြောပြကြရပေသည်။ ဤကဲ့သို့ တရားနာရခြင်း၏ အကျိုးတရား ဂုဏ်ကျေးဇူးများကို ပြောပြခြင်းဖြင့်လည်း ဓမ္မသဝနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဓမ္မသဝန = တရားနာကြသော ပုဂ္ဂိုလ်တို့သည် တရားနာရ၍ စိတ်ကြည်လင်နေသောအခါ၊ စိတ်ချမ်းသာနေသောအခါ ဝိပဿနာ တရားကို ပွားများအားထုတ်သည်ရှိသော် စိတ်ကြည်လင်မှု၊ စိတ်ချမ်းသာမှု သုခက စိတ်တည်ငြိမ်မှု သမာဓိကို ဖြစ်စေသည်။ စိတ်တည်ငြိမ်မှု သမာဓိက ဝိပဿနာဉာဏ်ကို ဖြစ်စေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသောအခါ မဂ် ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြပေသည်ဟု တရားနာရခြင်း အကျိုးထူးတို့ကို သူတစ်ပါးတို့အား ပြောပြကြရပေသည်။ ဤကဲ့သို့ ပြောပြခြင်းဖြင့်လည်း ဓမ္မသဝနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် မြို့ထဲ ရွာထဲတို့၌ တရားပွဲများ ပြုလုပ်တိုင်းမှာ သွားရောက်၍ တရားနာလေ့ရှိ၏။ မိမိအိမ်မှာလည်း တရားကြိုးခွေများကို ဖွင့်၍ တရားနာလေ့ရှိ၏။ဟူသော သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း ဓမ္မသဝနနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- ကိုယ်တိုင်လည်း တရားနာခြင်း။
- သူတစ်ပါးတို့ကိုလည်း တရားနာစေခြင်း။
- တရားနာခြင်း၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဟူ၍ ဓမ္မသဝနနှင့်စပ်ကာ ကုသိုလ်လေးမျိုး ရရှိကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဓမ္မဒေသနာနှင့်စပ်လျဉ်း ကုသိုလ်(၄)မျိုးရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝ၌ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

ထို(၁၀)မျိုးတို့ကို -

(က) ကိုယ်တိုင်ပြုခြင်း။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။

(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်မှားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀) ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ် ဖြစ်သတည်း။

ထိုပုညကြီးယဝတ္ထုကုသိုလ်(၄၀)တို့တွင် ဒါန၊ သီလ၊ ဘာဝနာတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရှိပုံ၊ အပစာယန၊ ဝေယျာဝစ္စတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရှိပုံ၊ ပတ္တိဒါန ပတ္တာနုမောဒနတို့နှင့်စပ်၍ ကုသိုလ်(၄)မျိုးစီ ရှိပုံ၊ ဓမ္မသဝနနှင့်စပ်၍ ကုသိုလ်(၄)မျိုးရှိပုံတို့ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု ဓမ္မဒေသနာနှင့်စပ်၍ ကုသိုလ်(၄)မျိုး ရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ဓမ္မဒေသနာ = တရားဟောကြရာ၌ မိမိတို့၏သန္တာန်မှာ တရား(၅)ပါးနှင့် ပြည့်စုံအောင် ထားရှိပြီးမှ သူတစ်ပါးတို့အား တရားဟောကြရမည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည့် အတိုင်း တရား(၅)ပါးနှင့် ပြည့်စုံအောင် ဟောကြားကြရပေသည်။

၁။ သူတစ်ပါးတို့အား တရားဟောကြသော ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါး အကြောင်းကို ဟောကြားရာ၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အစဉ်အတိုင်း ဟောကြားပါမည်၊ ဘုရားအကြောင်းကို ရှေးဦးစွာ ဟောကြားပါမည်၊ တရားအကြောင်းကို ဒုတိယ ဟောကြားပါမည်၊ သံဃာအကြောင်းကို တတိယ ဟောကြားပါမည်ဟု မာတိကာ အစဉ်ထား၍ ဟောကြားကြရပေသည်။

၂။ သူတစ်ပါးတို့အား တရားဟောကြသော ပုဂ္ဂိုလ်တို့သည် ဘုရားကို ဘာကြောင့် ကိုးကွယ် ဆည်းကပ်ရသည်၊ တရားကို ဘာကြောင့် ကိုးကွယ် ဆည်းကပ်ရသည်၊ သံဃာကို ဘာကြောင့် ကိုးကွယ် ဆည်းကပ်ရသည်ဟု အကြောင်းပြ၍ အကျယ်ကို ဟောကြားကြရပေသည်။

၃။ သူတစ်ပါးတို့အား တရားဟောကြသော ပုဂ္ဂိုလ်တို့သည် တရားနာ ပရိသတ်တို့အား အကျဉ်းအကျယ်ထဲသို့ ကျရောက်နေကြသော ပုဂ္ဂိုလ်သတ္တဝါများကို သနားကြင်နာသကဲ့သို့ သံသရာဝင့်ဆင်းရဲမှ လွတ်မြောက်စေရန်အတွက် အလွန်သနားကြင်နာသော စိတ်ဖြင့် ဟောကြားကြရပေသည်။

၄။ သူတစ်ပါးတို့အား တရားဟောကြသော ပုဂ္ဂိုလ်တို့သည် တရားနာ ပရိသတ်များထံမှ ပစ္စည်းလာဘ်လာဘ ရလိုသော စိတ်ဆန္ဒများ မရှိပါဘဲ တရားကို သိစေလိုသည့် သန့်ရှင်းသော စိတ်ဆန္ဒဖြင့်သာ ဟောကြားကြရပေသည်။

၅။ သူတစ်ပါးတို့အား တရားဟောကြသော ပုဂ္ဂိုလ်တို့သည် မိမိဟော ကြားသော တရားဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါး တို့ကိုလည်းကောင်း မထိခိုက်စေမူ၍ အပြစ်ကင်းအောင် ဟောကြား ကြရပေသည်။ ဤကဲ့သို့ ကိုယ်တိုင် တရားဟောခြင်းဖြင့်လည်း ဓမ္မဒေသနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ အစဉ်ကြောင်းပြ၊ သနားလှ၍၊ အာမိသပယ်၊ မထိဖွယ်သိ၊ ငါးခုရှိ၊ ဟောစ၊ မြတ်တရား။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ –

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွ နေထိုင်ကြ သည့် သားသမီးများ၊ ဆွေမျိုး ညီအစ်ကို မောင်နှမ စသည်တို့အား ဓမ္မဒေသနာ = တရားဟောဖို့ရာ တိုက်တွန်း စေခိုင်းကြရပေသည်။ တရား ဟောခြင်းသည် ပရိသတ်များစွာတို့ကို ဟောကြားမှသာ တရားဟောသည် ဟု မဆိုရပေ။ မိမိတို့ အိမ်သူအိမ်သား ကလေးသူငယ်များကို တရားမှန် သင်ကြားပေးခြင်းသည်လည်း တရားဟောခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် တရားဟောကြရမည်ဟု သူတစ်ပါးတို့ကိုလည်း တိုက်တွန်း စေခိုင်းကြရ ပေသည်။ ဤကဲ့သို့ တိုက်တွန်း စေခိုင်းခြင်းဖြင့်လည်း ဓမ္မဒေသနာနှင့် စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

အဋ္ဌကထာဆရာများ ဖွင့်ပြသည့် တရားဟောပုံ အမျိုးမျိုးမှာ -

၁။ ပါဋိဌိုဝါစေတိ = ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟူသော ပါဋိကို မရွတ်ဆိုတတ်ကြသေးသော ကလေးသူငယ်များ၊ ဘာသာခြားသူများကို ရွတ်ဆိုတတ်အောင် သင်ကြားပေးခြင်းသည်လည်း တရားဟောခြင်းပင် ဖြစ်ပေသည်။

၂။ အဋ္ဌကထံ ကထေတိ = ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟု ရွတ်ဆိုသည်မှာ ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏ဟု ရွတ်ဆိုခြင်း ဖြစ်ပေသည်၊ ဓမ္မံ သရဏံ ဂစ္ဆာမိဟု ရွတ်ဆိုသည်မှာ တရားကို ကိုးကွယ် ဆည်းကပ်ပါ၏ဟု ရွတ်ဆိုခြင်း ဖြစ်ပေသည်၊ သံဃံ သရဏံ ဂစ္ဆာမိ ဟု ရွတ်ဆိုသည်မှာ သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏ဟု ရွတ်ဆိုခြင်း ဖြစ်ပေသည်ဟူ၍ အနက်အဓိပ္ပါယ်ကို ဖွင့်ပြပေးခြင်းစသည်လည်း တရားဟောခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

၃။ ပုစ္ဆိတပဏ္ဍိ ဝိသေဇ္ဇေတိ = ကလေးသူငယ်များ၊ ဘာသာခြားသူများက မေးလာသော မေးခွန်းပုစ္ဆာများကို ဖြေကြားပေးခြင်းသည်လည်း တရားဟောခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

၄။ ကမ္မဋ္ဌာနံ အာစိက္ခတိ = သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများကို နည်းလမ်းမှန်ကန်စွာ မရှုမှတ်တတ်သေးသူများကို ကမ္မဋ္ဌာန်းတရား ရှုမှတ်တတ်အောင် သင်ကြားပေးခြင်းသည်လည်း တရားဟောခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

၅။ ဓမ္မသဝနံ ကရောတိ = ဤရိပ်သာမှာ၊ ဤကျောင်းတိုက်မှာ မည်သည့်နေ့ မည်သည့်အချိန်မှာ တရားပွဲရှိပါသည်၊ တရားနာကြွရောက်ပါဟု တရားနာ ဖိတ်ကြားခြင်းသည်လည်း တရားဟောခြင်း တစ်မျိုးပင် ဖြစ်ပေသည်။

ဤကဲ့သို့ တရားဟောကြားပုံ အမျိုးမျိုးတို့ကို တစ်မျိုးမျိုးဖြင့် ဟောကြားခြင်းသည်လည်း တရားဟောကြားသည်မည်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်လည်း တရားဟောကြရပေသည်။ သူတစ်ပါးတို့ကိုလည်း ဟောကြားစေကြရပေသည်။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဓမ္မဒေသနာ = တရားဟောခြင်း၏ အကျိုးတရား ဂုဏ်ကျေးဇူးများကိုလည်း သူတစ်ပါးတို့အား ပြောပြကြရပေသည်။ ဓမ္မဒေသနာ = တရားဟောခြင်းသည် ဓမ္မဒါန = တရားအလှူပင် ဖြစ်ပေသည်။ ဓမ္မဒါန = တရားအလှူသည် အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာဖြစ်သည့် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် အလှူဒါနအမျိုးမျိုးတို့တွင် ဓမ္မဒါန = တရားအလှူသည် အမြတ်ဆုံး အလှူဒါနပင် ဖြစ်ပေသည်ဟု တရားဟောရခြင်း၏ အကျိုးဂုဏ်ကျေးဇူးတို့ကိုလည်း သူတစ်ပါးတို့အား ပြောပြကြရပေသည်။ ဤကဲ့သို့ ပြောပြခြင်းဖြင့်လည်း ဓမ္မဒေသနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် တရားဟောကြားသည့် ပုဂ္ဂိုလ်တို့၌ ပြည့်စုံရမည့် တရား(၅)ပါးနှင့် ပြည့်စုံစွာ သူတစ်ပါးတို့အား တရားဟောကြားပေးတတ်၏ဟူသော သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း ဓမ္မဒေသနာနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- ကိုယ်တိုင်လည်း တရားဟောခြင်း၊
- သူတစ်ပါးတို့ကိုလည်း တရားဟောစေခြင်း၊

- တရားဟောခြင်း၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဟူ၍ မေ့ဒေသနာနှင့်စပ်ကာ ကုသိုလ်လေးမျိုး ရရှိကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဒီဋ္ဌဇာတမ္ဘုဇင့်စပ်ကာ ကုသိုလ်(၄)မျိုးရှိပါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါး တို့ဖြင့် နေထိုင်သူတို့ များကြပေသည်။ နေ့စဉ် ပုညကြိယာဝတ္ထု ကုသိုလ် များကို တတ်နိုင်သမျှ ပြုလုပ်ကာ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ပြုလုပ်ကာ နေထိုင်ကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ လူ့ဘဝ၌ နေရခြင်းသည် ကောင်းသောနေရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်နေကြသော ပုညကြိယာဝတ္ထု ကုသိုလ်တို့သည် (၁၀)မျိုးရှိပေသည်။

၁။ ဒါန = ပေးလှူခြင်း။
၂။ သီလ = ကိုယ်နှုတ်တို့ကို စောင့်စိန်းခြင်း။
၃။ ဘာဝနာ = ကုသိုလ်ဖြစ်အောင် စိတ်ဖြင့် ပွားများခြင်း။
၄။ အပစာယန = ရတနာသုံးပါး၊ ဆရာ မိဘ စသည်တို့ကို အရိုအသေပြုခြင်း။
၅။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ ဆရာ မိဘ စသည်တို့၏ ပြုဖွယ်ကိစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုပေးခြင်း။
၆။ ပတ္တိဒါန = မိမိပြုသော ကုသိုလ်ကို အမျှဝေခြင်း။
၇။ ပတ္တာနုမောဒန = သူတစ်ပါးတို့ အမျှဝေသည်ကို သာဓုခေါ်ခြင်း။

၈။ ဓမ္မသဝန = တရားနာခြင်း။
၉။ ဓမ္မဒေသနာ = တရားဟောခြင်း။
၁၀။ ဒိဋ္ဌုဇုကမ္မ = အယူကို ဖြောင့်မတ်စွာယူခြင်း ဟူ၍ (၁၀)မျိုး ဖြစ်ပေသည်။

ထို(၁၀)မျိုးတို့ကို -
(က) ကိုယ်တိုင်ပြုခြင်း။
(ခ) သူတစ်ပါးတို့ကို ပြုစေခြင်း။
(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်း။
(ဃ) ဝမ်းမြောက်ခြင်းဟူသော (၄)မျိုးတို့ဖြင့် မြောက်ပွားလိုက်သည်ရှိသော် ပုညကြိယာဝတ္ထုကုသိုလ်တို့သည် (၄၀)ဖြစ်လာပေသည်။

ဆောင်ပုဒ်။ ။ ပုညဆယ်ပါး၊ အရင်းထား၍၊
ကိုယ်တိုင်ပြုခြား၊ သူများပြုစေ၊
ဂုဏ်တွေပြောပြ၊ ဝမ်းမြောက်က၊
ပုညလေးဆယ်ဖြစ်သတည်း။

ထိုပုညကြိယဝတ္ထုကုသိုလ်(၄၀)တို့တွင် ဒါနမှစ၍ ဓမ္မဒေသနာတိုင်အောင် တစ်မျိုးစီ တစ်မျိုးစီတို့၌ ကုသိုလ်(၄)မျိုးစီ ရရှိပုံတို့ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု ဒိဋ္ဌုဇုကမ္မနှင့်စပ်၍ ကုသိုလ်(၄)မျိုး ရရှိပုံကို ရေးသားဖော်ပြပါမည်။

(က) ကိုယ်တိုင်ပြုခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ငယ်ရွယ်စဉ်အခါကတည်းက မိဘဆရာသမားကောင်းတို့၏ အဆုံးအမကို ခံယူခဲ့ကြရ၍ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှုများကိုပြုလျှင် ယခုဘဝမှာလည်း မကောင်းသည့် အပြစ်ဒဏ်အမျိုးမျိုးတို့ကို ခံကြရပေသည်။ နောက်နောင်ဘဝများမှာလည်း အပါယ်ဝရဲသို့ ကျရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို

ခံကြရပေသည်ဟု ယုံကြည်ခြင်း ရှေ့သွားရှိသော အသိဉာဏ် ကမ္မသကတာ သမ္မာဒိဋ္ဌတည်းဟူသော ဖြောင့်မှန်သည့် အယူကို ယူခဲ့ကြရပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ်ကံများကိုပြုလျှင် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိခံစားကြရပေသည်။ ဝိပဿနာတရားပွားများအားထုတ်လျှင် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားနိုင်ကြပေသည်ဟု ယုံကြည်ခြင်း ရှေ့သွားရှိသောအသိဉာဏ် ကမ္မသကတာ သမ္မာဒိဋ္ဌတည်းဟူသော ဖြောင့်မှန်သည့်အယူကို ယူခဲ့ကြရပေသည်။ ဤကဲ့သို့ ဖြောင့်မှန်သည့်အယူကို ကိုယ်တိုင်ယူခဲ့ခြင်းဖြင့်လည်း ဒိဋ္ဌဇကမ္မနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ခ) သူတစ်ပါးတို့ကို ပြုစေခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် အတူတကွ နေထိုင်ကြသည့် သားသမီးများ၊ ဆွေမျိုး ညီအစ်ကို မောင်နှမ စသည်တို့အား ကမ္မသကတာ သမ္မာဒိဋ္ဌတည်းဟူသော ဖြောင့်မှန်သည့်အယူကို ယူစေကြရပေသည်။ ဤကဲ့သို့ သူတစ်ပါးတို့ကို ဖြောင့်မှန်သည့်အယူကို ယူစေခြင်းဖြင့်လည်း ဒိဋ္ဌဇကမ္မနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(ဂ) ဂုဏ်ကျေးဇူးတို့ကို ပြောပြခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် အယူကို ဖြောင့်မှန်စွာ ယူခြင်းကြောင့် ကုသိုလ်အကျိုးတရား (၁၀)ပါးတို့ကို အဆင့်ဆင့် ရရှိကြပေသည်။ ဥပမာ- အရှင်ဏ်ရောင်တက်လာခြင်းသည် နေထွက်လာဖို့ရာ ရှေ့သွားအကြောင်း ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ထို့အတူ ဒိဋ္ဌဇကမ္မ အယူကို ဖြောင့်မှန်စွာ ယူထားခြင်းသည်လည်း မိမိတို့သန္တာန်၌ ကုသိုလ်တရားတွေ အဆင့်ဆင့်ဖြစ်လာဖို့ရာ ရှေ့သွားအကြောင်း ပုဗ္ဗနိမိတ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ကုသိုလ်အကျိုးတရား (၁၀)ပါးတို့ကို အဆင့်ဆင့် ရရှိကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဒိဋ္ဌဇုကမ္မ = ဖြောင့်မှန်သည့် အယူရှိနေခြင်းဖြင့် ဖြောင့်မှန်သည့်အယူက ဖြောင့်မှန်သော အကြံအစည်ကို ရရှိစေသည်။ ဖြောင့်မှန်သည့် အကြံအစည်က ဖြောင့်မှန်သော ပြောဆိုခြင်းကို ရရှိစေသည်။ ဖြောင့်မှန်သည့် ပြောဆိုခြင်းက ဖြောင့်မှန်သော ပြုလုပ်ခြင်းကို ရရှိစေသည်။ ဖြောင့်မှန်သည့် ပြုလုပ်ခြင်းက ဖြောင့်မှန်သော အသက်မွေးခြင်းကို ရရှိစေသည်။ ဖြောင့်မှန်သည့် အသက်မွေးခြင်းက ဖြောင့်မှန်သော လုံ့လဝီရိယကို ရရှိစေသည်။ ဖြောင့်မှန်သည့် လုံ့လဝီရိယက ဖြောင့်မှန်သော သတိကို ရရှိစေသည်။ ဖြောင့်မှန်သည့် သတိက ဖြောင့်မှန်သော စိတ်တည်ငြိမ်မှု သမာဓိကို ရရှိစေသည်။ ဖြောင့်မှန်သည့် စိတ်တည်ငြိမ်မှု သမာဓိက ဖြောင့်မှန်သော ဉာဏ်ပညာကို ရရှိစေသည်။ ဖြောင့်မှန်သည့် ဉာဏ်ပညာက ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ခြင်းအကျိုးကို ရရှိစေသည်ဟု ဒိဋ္ဌဇုကမ္မ၏ အကျိုးတရား ဂုဏ်ကျေးဇူးတို့ကိုလည်း သူတစ်ပါးတို့အား ပြောပြကြရပေသည်။ ဤကဲ့သို့ ပြောပြခြင်းဖြင့်လည်း ဒိဋ္ဌဇုကမ္မနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

(အံ-၃/၄၄၉)

(ဃ) ဝမ်းမြောက်ခြင်းဟု ဆိုရာ၌ -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အယူလွဲ အယူမှားများကို ရှောင်ကြဉ်၍ အယူဖြောင့် အယူမှန်များကိုသာ ယူကာ တရားဓမ္မများကို ကျင့်သုံးလျက်ရှိ၏ဟူသော သတင်းစကားကို ကြားရသောအခါ ထိုပုဂ္ဂိုလ်ကို တွေ့မြင်ရသောအခါတို့၌ အလွန်ပင် ဝမ်းမြောက်ကြရပေသည်။ ဤကဲ့သို့ ဝမ်းမြောက်ခြင်းဖြင့်လည်း ဒိဋ္ဌဇုကမ္မနှင့်စပ်သော ကုသိုလ်များကို ရရှိကြပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- ဒိဋ္ဌဇုကမ္မ အယူဖြောင့် အယူမှန်ကို ကိုယ်တိုင်လည်းယူခြင်း။
- သူတစ်ပါးတို့ကိုလည်း ယူစေခြင်း။

- ဒိဋ္ဌဇုကမ္မ၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ပြောပြခြင်း။
- ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဟူ၍ ဒိဋ္ဌဇုကမ္မနှင့်စပ်ကာ ကုသိုလ်လေးမျိုး ရရှိကြပေသည်။

အထူးသိဖွယ်

ပုညကြိယာဝတ္ထု ကုသိုလ်(၁၀)ပါးတို့တွင် တရားနာခြင်း = ဓမ္မသဝန၊ တရားဟောခြင်း = ဓမ္မဒေသနာ၊ အယူကို ဖြောင့်မှန်စွာယူခြင်း = ဒိဋ္ဌဇုကမ္မကုသိုလ်တို့သည် စိတ်ဖြင့် နှလုံးသွင်းခြင်းက အဓိကဖြစ်၍ ဘာဝနာကုသိုလ်၌ ပါဝင်ကြပေသည်။ ထို့ကြောင့် ဘာဝနာကုသိုလ်ထဲသို့ သွင်းယူကြရပေသည်။

ဆောင်ပုဒ်။ ။ နာ,ဟော,ဖြောင့်စွာ၊ ဘာဝနာ၊ သွင်းကာယူရသည်။

သဒ္ဓမ္မရံသိရိပ်သာဆရာတော်

အချိန်အားလျော်စွာ အားထုတ်ပါက တရားရ

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အနည်းဆုံး အပါယ်တံခါးပိတ်သည့်အဆင့် သောတာပန်အဖြစ်သို့ရောက်အောင် အားထုတ်ကြမည်ဟု ရည်မှန်းကာ အချိန်ကာလအားလျော်စွာ ဝိပဿနာတရားကို အားထုတ်လျက် ရှိကြပေသည်။

အချိန်ကာလအားလျော်စွာ ဝိပဿနာတရားကို အားထုတ်ပါက အရဟတ္တဖိုလ်တိုင်အောင် တရားရရှိနိုင်သည့်အကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။ "ချစ်သားရဟန်းတို့ ... အချိန်ကာလအားလျော်စွာ တရားလေးပါးကို ပွားများအားထုတ်ကြလျှင် အရဟတ္တဖိုလ်တိုင်အောင်၊ ရဟန္တာဖြစ်သည့်တိုင်အောင် တရားရသွားနိုင်ကြမည် ဖြစ်ပေသည်"ဟု ဟောကြားတော်မူခဲ့ပါသည်။ (အံ–၁၊ ၄၅၇)

အချိန်ကာလအားလျော်စွာ အားထုတ်ကြရမည့် တရား(၄)ပါးမှာ-

၁။ ကာလေန ဓမ္မသဝနာ = သင့်လျော်သောအခါ တရားနာကြရမည်၊

၂။ ကာလေန ဓမ္မသာကစ္ဆာ = သင့်လျော်သောအခါ တရားဆွေးနွေးကြရမည်၊

၃။ ကာလေန သမ္မသနာ = သင့်လျော်သောအခါ တရားကို ဆင်ခြင်သုံးသပ်ရမည်၊

၄။ ကာလေန ဝိပဿနာ = သင့်လျော်သောအခါ ဝိပဿနာတရားပွားများအားထုတ်ကြရမည်ဟူ၍ (၄)ပါး ဟောကြားတော်မူခဲ့ပါသည်။

အကျယ်သိဖွယ်

၁။ သင့်လျော်သောအခါ တရားနာကြားကြရမည်ဟု ဟောကြားရာ၌ -

အကြင်အခါ တရားဟောပွဲများ ရှိလာ၏။ မိမိတို့ကို တရားဟောကြားပေးမည့်ပုဂ္ဂိုလ်များ ရှိလာ၏။ မိမိတို့မှာလည်း အားလပ်သော အချိန်များ ရှိလာ၏။ ထိုအခါ တရားနာကြရမည်ဟု ဆိုလိုပါသည်။

တရားနာခြင်းသည် သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်များအတွက် သောတာပန်ဖြစ်ကြောင်း အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။ မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓတို့မှတစ်ပါး အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့မှစ၍ တရားမနာပါဘဲ တရားရသွားသောပုဂ္ဂိုလ်ဟူ၍ မရှိကြပေ။ ထို့ကြောင့် သင့်လျော်သောအခါ တရားနာကြရပေသည်။

၂။ သင့်လျော်သောအခါ တရားဆွေးနွေးကြရမည်ဟု ဟောကြားရာ၌ -

အကြင်အခါ မိမိတို့နှင့် သီလ၊ သမာဓိ၊ ပညာစသော ဂုဏ်သိက္ခာအားဖြင့် တူမျှသော ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံရ၏။ မိမိတို့ထက် သီလ၊ သမာဓိ၊ ပညာစသော ဂုဏ်သိက္ခာအားဖြင့် ပြည့်စုံကြသည့် ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံရ၏။ ထိုအခါ သီလ၊ သမာဓိ၊ ပညာစသော တရားရကြောင်းများကို ဆွေးနွေးကြရပေသည်။

တရားဆွေးနွေးသောအခါ အယူဝါဒမတူကြသော ပုဂ္ဂိုလ်များနှင့်လည်း မဆွေးနွေးကြရပေ။ မိမိတို့နှင့် သီလ၊ သမာधိ၊ ပညာစသော ဂုဏ်သိက္ခာ အားဖြင့် မတူကြသော ပုဂ္ဂိုလ်များနှင့်လည်း မဆွေးနွေးကြရပေ။ ဆွေးနွေးခဲ့သော် အငြင်းပွားမှု အကုသိုလ်တရားများ ဖြစ်လာတတ်ကြပေသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့နှင့် တရားမဆွေးနွေးရခြင်း ဖြစ်ပေသည်။

၃။ သင့်လျော်သောအခါ တရားကို ဆင်ခြင် သုံးသပ်ကြရမည်ဟု ဟောကြားရာ၌ –

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် တရားရှုမှတ်ပွားများနေဆဲအခိုက်မှာ တရားကို ဆင်ခြင်သုံးသပ်မှုများကို မပြုလုပ်ကြရပေ။ ဆင်ခြင်သုံးသပ်မှုများ ပြုနေပါက တရားအမှတ်တွေကျဲ၍ တရားအတွေ့နေး၊ တရားအတက်နေး ဖြစ်နေတတ်ကြပေသည်။ ရှုမှတ်ပွားများဆဲ မဟုတ်သည့် အချိန်ကာလ တစ်ခုခု၌ ဆင်ခြင်သုံးသပ်ကြရပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် တစ်နာရီစသည်ဖြင့် ထိုင်၍ရှုမှတ်ပြီးသောအခါ ယခုတစ်ထိုင်တွင် တရားတွေ ရှုမှတ်လို့ကောင်းသည်၊ သမာधိဖြစ်သည်၊ တရားတွေ ရှုမှတ်လို့မကောင်း၊ သမာधိမဖြစ်စသည်ဖြင့် ထိုင်ပြီးသောအခါ ဆင်ခြင်သုံးသပ်ကြရပေသည်။ မည်သည့်အကြောင်းကြောင့် ရှုမှတ်လို့ကောင်းသည်၊ သမာधိဖြစ်သည်ဟု သမာधိဖြစ်ကြောင်းများကို မှတ်သား၍ ရှုမှတ်ပွားများ အားထုတ်ကြလျှင် တရားတွေ တိုးတက်သွားနိုင်ကြပေမည်။

ဆောင်ပုဒ်။ ။ စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်းမှတ်ရမည်။ (စည်)

ထိုင်၍ တရားရှုမှတ်သောအခါ နေရာထိုင်ခင်းက ညီညွှတ်၍ ရှုမှတ်လို့ကောင်းသည်၊ သမာधိဖြစ်သည်။ ကာယိကဝိရိယ = ကိုယ်၌ ကြောင့်ကြစိုက်မှုများက ပုံမှန်ဖြစ်၍၊ စေတသိကဝိရိယ = စိတ်၌ ကြောင့်ကြစိုက်မှုများက ပုံမှန်ဖြစ်၍ ရှုမှတ်လို့ကောင်းသည်၊ သမာधိဖြစ်သည်။ မိမိစားသည့်

အာဟာရများက မျှတ၍ ရှုမှတ်လို့ကောင်းသည်၊ သမာဓိဖြစ်သည်၊ အအေး အပူ ဥတုက မျှတ၍ ရှုမှတ်လို့ကောင်းသည်၊ သမာဓိဖြစ်သည် စသည်ဖြင့် သမာဓိဖြစ်ကြောင်းများကို သုံးသပ်ဆင်ခြင်၍ သိလာခဲ့သော် ရှုမှတ်၍ မကောင်း ဖြစ်လာသောအခါ မကောင်းသည့်အကြောင်းများကို ကောင်းသည့် အကြောင်းများဖြစ်အောင် ပြုပြင်၍ ရှုမှတ်ခြင်းဖြင့် တရားတွေ တိုးတက်သွားနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အကြောင်းမှန်ကိုသိအောင် တရားကို ဆင်ခြင်သုံးသပ်ရမည်ဟု ဆိုလိုပါသည်။

၄။ သင့်လျော်သောအခါ ဝိပဿနာတရား ပွားများ အားထုတ်ကြရမည်ဟု ဟောကြားရာ၌ -

အကြင်အခါ မိမိကလည်း ကျန်းမာနေ၏။ အအေး အပူ ဥတုကလည်း မျှတလျက် ရှိနေ၏။ သင့်လျော်သော ဘောဇဉ် အာဟာရကိုလည်း ရရှိနေ၏။ သင့်လျော်သော အားထုတ်ဖို့ရာ နေရာဌာနလည်း ရှိနေ၏။ တရားပြပေးမည့် သင့်လျော်သော ဆရာသမားများနှင့်လည်း တွေ့ကြုံနေရ၏။ ထိုအခါ ဝိပဿနာတရားကို အားထုတ်ကြရမည်ဟု ဆိုလိုပါသည်။

ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ သမာဓိ ဖြစ်အောင် အားထုတ်ကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ သမာဓိဖြစ်အောင် အားထုတ်ကြရပေသည်။

ရှေးခေတ်အခါက အချို့သောပုဂ္ဂိုလ်တို့သည် သမထစျာန်သမာဓိများ ရအောင် အားထုတ်ပြီးမှ ဝိပဿနာတရားကို အားထုတ်ကြပေသည်။ ယခုခေတ်အခါ၌ သုဒ္ဓဝိပဿနာယာနိက = ဝိပဿနာသက်သက်မှစ၍ အားထုတ်ကြသည်က များကြပေသည်။ ထို့ကြောင့် ဝိပဿနာခဏိက သမာဓိဖြစ်အောင် ရှေးဦးစွာ အားထုတ်ကြရပေသည်။ ခဏိကသမာဓိဟူသည် ရှုမှတ်အပ်သော ရုပ်အမှုအရာတစ်ခု၏ အစမှအဆုံးတိုင်အောင် မှတ်သိစိတ် တစ်ခဏမျှ တည်သွားသော သမာဓိကို ခဏိကသမာဓိဟု ဆိုရပေသည်။

 ်ဗ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ထိုင်၍ရှုမှတ်ရာ၌ လေရှူသွင်းလိုက်သည်နှင့်အမျှ ဝမ်းဗိုက် ဖောင်းတက်လာသောအခါ ဖောင်းတယ်ဟု ရှုမှတ်ကြရပေသည်။ လေရှူထုတ်လိုက်၍ ဝမ်းဗိုက် ပိန်ကျသွားသောအခါ ပိန်တယ်ဟု ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ရှုမှတ်သောအခါ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် မှတ်သိစိတ် တစ်ခဏလေး တည်သွားသည်ကို၊ ပိန်စမှ ပိန်ဆုံးတိုင်အောင် မှတ်သိစိတ် တစ်ခဏလေး တည်သွားသည်များကို ခဏိကသမာဓိဟု ဆိုရပေသည်။

ဝိပဿနာတရား ရှုမှတ်ပွားများကြသော ပုဂ္ဂိုလ်တို့သည် သမာဓိ ဖြစ်လာပြီးသောအခါ ဖြစ်ခိုက် ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် ရှုမှတ်ကြရပေသည်။ ဖြစ်ခိုက် ပစ္စုပ္ပန်တည့်မှ သဘော ပရမတ်ကို သိနိုင်ကြပေသည်။

ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာတွင် ဖောင်းတယ်ဟု ရှုမှတ်သည့်အခါ လေရှူသွင်းလိုက်သည်နှင့်အမျှ ဝမ်းဗိုက်အဆင့်ဆင့် ဖောင်းတက်လာသည့် ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် ရှုမှတ်ကြရပေသည်။

ပိန်တယ်ဟု ရှုမှတ်သည့်အခါမှာလည်း လေရှူထုတ်လိုက်သည်နှင့်အမျှ ဝမ်းဗိုက်အဆင့်ဆင့် ပိန်ကျသွားသော ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှ တည့်အောင် ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်ခဲ့သည်ရှိသော် ဖောင်းတယ်ဟု ရှုမှတ်ရာ၌ တောင့်တင်းသည့်သဘော၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ လျော့သွားသည့် သဘောများကို တွေ့သိလာကြရပေသည်။

ဝိပဿနာတရား ရှုမှတ်ပွားများကြသော ပုဂ္ဂိုလ်တို့သည် သဘောကို သိလာပြီးသောအခါ ဖြစ်တာ ပျက်တာများကို သိလာတတ်ကြပေသည်။ ဖောင်းတယ်ဟု ရှုမှတ်လိုက်သောအခါ အဆင့်ဆင့် ဖောင်းတက်နေသည့် တောင့်တင်းသည့် သဘောတို့သည် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပြီးတော့

ပျက်ပျက်သွားတာကို တွေ့သိလာကြရပေသည်။ ပိန်တယ်ဟု ရှုမှတ်လိုက်သောအခါမှာလည်း လျော့ကျနေသည့် သဘောတို့သည် တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပြီးတော့ ပျက်ပျက်သွားတာကို တွေ့သိလာကြရပေသည်။

ဤကဲ့သို့ ဥဒယ = ဖြစ်၊ ဝယ = ပျက်သည်တို့ကို သိသွားကြပြီးသောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများကို မြင်သွားကြမည် ဖြစ်ပေသည်။ မိမိတို့၏ ပါရမီအားလျော်စွာ အရဟတ္တဖိုလ်တိုင်အောင် တရားထူး တရားမြတ်များကိုလည်း ရရှိသွားကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိရမည်။
သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- သင့်လျော်သောအခါ တရားနာခြင်း။
- သင့်လျော်သောအခါ တရားဆွေးနွေးခြင်း။
- သင့်လျော်သောအခါ တရားကို ဆင်ခြင်သုံးသပ်ခြင်း။
- သင့်လျော်သောအခါ ဝိပဿနာတရားကို ပွားများအားထုတ်ခြင်း

တို့ဖြင့် အရဟတ္တဖိုလ်တိုင်အောင် တရားရသွားနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ တရားတော်နာ၊ ဆွေးနွေးကာဖြင့်၊
တစ်ဖြာသုံးသပ်၊ ရှုအပ် ဝိပဿနာ၊
ဤလေးဖြာကို၊ လျော်စွာပြုလျှင်၊
အရဟတ္တဖိုလ်ပင်၊ အစဉ်ရောက်နိုင်သည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စကားပြောတိုင်း ကုသိုလ်ရပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကိုယ် နှုတ် စိတ်နှလုံး သုံးပါးလုံး တို့ဖြင့် ကုသိုလ်ဖြစ်အောင် နေထိုင်ကြရပေသည်။ ကိုယ်ကာယဖြင့်လည်း အပြစ်မရှိ၊ ကုသိုလ်ဖြစ်သည့် အမှုကို ပြုလုပ်ကြရပေသည်။ နှုတ်ဖြင့်လည်း အပြစ်မရှိ၊ ကုသိုလ်ဖြစ်သည့် စကားကို ပြောကြရပေသည်။ စိတ်ဖြင့်လည်း အပြစ်မရှိ၊ ကုသိုလ်ဖြစ်သည့် အကြံအစည်ကို ကြံစည်ကြရပေသည်။ ဤကဲ့သို့ ကုသိုလ်ဖြစ်အောင် နေထိုင်ကြရာတွင် နှုတ်ဖြင့် အပြစ်မရှိ၊ ကုသိုလ်ဖြစ်သည့် စကားများကို ပြောဆိုလိုသောပုဂ္ဂိုလ်တို့သည် အင်္ဂါ (၅)ပါးနှင့် ပြည့်စုံအောင် ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ (အံ– ၂/ ၂၁၃)

အင်္ဂါ(၅)ပါးမှာ -

၁။ ကာလေနစ ဘာသိတာ= အချိန်ကာလအားလျော်စွာ ပြောဆိုကြရမည်။

၂။ သစ္စာစ ဘာသိတာ = မှန်ကန်သော စကားကို ပြောဆိုကြရမည်။

၃။ သဏ္ဌာစ ဘာသိတာ = သိမ်မွေ့သောစကားကို ပြောဆိုကြ ရမည်။

၄။ အတ္ထသံဟိတာစ ဘာသိတာ = အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုကြရမည်။

၅။ မေတ္တာစိတ္တေနစ ဘာသိတာ = မေတ္တာစိတ်ဖြင့် ပြောဆိုကြရမည် ဟူ၍ အင်္ဂါ(၅)ပါးကို ဟောကြား တော်မူခဲ့ပါသည်။

အကျယ်သိဖွယ်

၁။ အချိန်ကာလအားလျော်စွာ ပြောဆိုကြရမည်ဟု ဟောကြား ရာ၌ -

အကြင်ပုဂ္ဂိုလ်တို့သည် မိမိပြောဆိုသော စကားကို တစ်ပါးသော သူတို့က နာကြားလိုသော စိတ်ဆန္ဒ မရှိသေးသောအခါ၊ နာကြားလိုသော်လည်း အားလပ်သည့်အချိန်ကို မရရှိသေးသည့်အခါတို့ ဖြစ်ကြ၏။ ထိုအခါ သူတစ်ပါးတို့အား သွားရောက်၍ ပြောဆိုသော စကားတို့သည် နာကြားသူတို့အတွက် အချိန်ကာလမဟုတ်၍ စိတ်အနှောင့်အယှက် ဖြစ်ကြရ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အချိန်ကာလအားလျော်စွာ ပြောဆိုကြရမည်ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် မိမိပြောဆိုအပ်သော စကားကို တစ်ပါးသော သူတို့က နာကြားလိုသော စိတ်ဆန္ဒများ ရှိနေသောအခါ၊ အားလပ်ချိန်များ ရရှိနေသောအခါတို့ ဖြစ်ကြ၏။ ထိုအခါ သူတစ်ပါးတို့အား သွားရောက်၍ ပြောဆိုအပ်သော စကားတို့သည် နာကြားသူတို့အတွက် လိုက်နာကျင့်ကြံ ဖို့ရာ ဖြစ်ကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အချိန်ကာလ အားလျော်စွာ ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ အချိန်ကာလအားလျော်စွာ ပြောဆိုခြင်းဖြင့် စကားပြောတိုင်း ကုသိုလ်များ ရရှိနေကြမည် ဖြစ်ပေသည်။

၂။ မှန်ကန်သော စကားကို ပြောဆိုကြရမည်ဟု ဟောကြားရာ၌ –

အကြင်ပုဂ္ဂိုလ်တို့သည် မမှန်ကန်သော စကားတို့ကို ပြောဆိုကြ၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားများကို ကြားရသူ၊ နားထောင်ရသူတို့သည် အမှန်ကို မသိကြရပါဘဲ အမှားကို သိကြရသောကြောင့် လောကီ အကျိုးစီးပွား။ လောကုတ္တရာ အကျိုးစီးပွားတို့မှ ဆုတ်ယုတ်သွားကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မမှန်ကန်သော စကားတို့ကို မပြောကြမူ၍ မှန်ကန်သော စကားကိုသာ ပြောဆိုရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် မှန်ကန်သော စကားတို့ကို ပြောဆိုကြ၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားတို့ကို ကြားရသူ၊ နားထောင်ရသူတို့သည် အမှန်ကို သိကြရ၍ အမှန်ကိုသာ ပြုလုပ်ကြရသောကြောင့် လောကီ အကျိုးစီးပွား။ လောကုတ္တရာ အကျိုးစီးပွားများ တိုးတက်ကြီးပွားလာကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မှန်ကန်သော စကားကို ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ မှန်ကန်သော စကားကို ပြောဆိုခြင်းဖြင့် စကားပြောတိုင်း ကုသိုလ်များ ရရှိနေကြမည် ဖြစ်ပေသည်။

၃။ သိမ်မွေ့သောစကားကို ပြောဆိုကြရမည်ဟု ဟောကြားရာ၌ –

အကြင်ပုဂ္ဂိုလ်တို့သည် ကြမ်းတမ်း ခက်ထန် ရိုင်းပျသော စကားတို့ကို ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားများကို ကြားရသူ၊ နားထောင်ရသူတို့သည် စိတ်မချမ်းသာမှုများ ဖြစ်ကြရပေသည်၊ စိတ်နလုံး မသာယာမှုများ ဖြစ်ကြရပေသည်၊ အကုသိုလ်တရားများ ဖြစ်ကြရပေသည်၊ ကုသိုလ်တရားများ ဆုတ်ယုတ်သွားကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကြမ်းတမ်း ခက်ထန် ရိုင်းပျသော

စကားများကို မပြောဆိုကြမှု၍ သိမ်မွေ့သော စကားများကိုသာ ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် သိမ်မွေ့သော စကားတို့ကို ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားများကို ကြားရသူ၊ နားထောင်ရသူတို့သည် စိတ်ချမ်းသာမှုများ ဖြစ်ကြရပေသည်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်၊ ကုသိုလ်တရားများ တိုးပွားလာကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သိမ်မွေ့သော စကားကိုသာ ပြောကြားကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ သိမ်မွေ့သော စကားကို ပြောဆိုခြင်းဖြင့် စကားပြောတိုင်း ကုသိုလ်များ ရရှိနေကြမည် ဖြစ်ပေသည်။

၄။ အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုကြရမည်ဟု ဟောကြားရာ၌ –

အကြင်ပုဂ္ဂိုလ်တို့သည် အကျိုးစီးပွားနှင့် မစပ်သော သမ္ဘပလာပ-ပြိန်ဖျင်းသော စကားများကို ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားများကို ကြားရသူ၊ နားထောင်ရသူတို့သည် မျက်မှောက်အကျိုးစီးပွားနှင့် တမလွန် အကျိုးစီးပွားများကို ပျက်ပြားစေ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကျိုးစီးပွားနှင့်မစပ်သော စကားတို့ကို မပြောကြမှု၍၊ အကျိုးစီးပွားနှင့်စပ်သော စကားကိုသာ ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် အကျိုးစီးပွားနှင့်စပ်သော စကားတို့ကို ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားတို့ကို ကြားရသူ၊ နားထောင်ရသူတို့သည် မျက်မှောက်ဘဝ အကျိုးစီးပွားတို့ကိုလည်း ရရှိကြမည် ဖြစ်ပေသည်။ တမလွန်ဘဝ အကျိုးစီးပွားဖြစ်သည့် ကုသိုလ်တရားများကိုလည်း ရရှိကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကျိုးစီးပွားနှင့်စပ်သော စကားကိုသာ ပြောဆိုကြရမည်ဟု

မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုခြင်းဖြင့် စကားပြောတိုင်း ကုသိုလ်များ ရရှိနေကြမည် ဖြစ်ပေသည်။

၅။ မေတ္တာစိတ်ဖြင့် ပြောဆိုကြရမည်ဟု ဟောကြားရာ၌ -

အကြင်ပုဂ္ဂိုလ်တို့သည် မေတ္တာနှင့်မယှဉ်၊ ဒေါသနှင့်ယှဉ်သောစိတ်ဖြင့် ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားများကို ကြားရသူ၊ နားထောင်ရသူတို့သည် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ဖြစ်ကြရပေသည်။ ဒေါသ ဒေါမနဿ = အကုသိုလ်တရားများလည်း ဖြစ်လာတတ်ကြပေသည်။ ကုသိုလ်တရားများ ဆုတ်ယုတ်သွားကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မေတ္တာနှင့်မယှဉ်၊ ဒေါသနှင့်ယှဉ်သောစိတ်ဖြင့် စကားမပြောဆိုကြမူ၍ ၊ မေတ္တာစိတ်ဖြင့် စကားပြောကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် မေတ္တာစိတ်ဖြင့် ပြောဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော စကားတို့ကို ကြားရသူ၊ နားထောင်ရသူတို့သည် ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းများ ဖြစ်ကြရပေသည်။ မေတ္တာနှင့်ယှဉ်သော ကုသိုလ်စိတ်များလည်း ဖြစ်လာတတ်ကြပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မေတ္တာစိတ်ဖြင့် ပြောဆိုကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဖြင့် စကားပြောတိုင်း ကုသိုလ်များ ရရှိနေကြမည် ဖြစ်ပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

- အချိန်ကာလအားလျော်စွာ ပြောဆိုခြင်း။
- မှန်ကန်သော စကားကို ပြောဆိုခြင်း။
- သိမ်မွေ့သော စကားကို ပြောဆိုခြင်း။
- အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုခြင်း။
- မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဟူသော အင်္ဂါ(၅)ပါးနှင့် ပြည့်စုံစွာ

စကားပြောဆိုကြရပေသည်။ ပြောဆိုတိုင်းပြောဆိုတိုင်း ကုသိုလ်
တရားများ ရရှိနေကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အစါမှန်ကန်၊ သိမ်မွေ့ပြန်ရာ၊ ကျိုးမေတ္တာ၊
ငါးဖြာကောင်းစကား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အလုပ်မှုခ်ကနှ် ညီညွတ်ရနှ် ဩဝါဒကထံ

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကြီးသည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် အမှန်ကို လိုလားကြသော ကမ္ဘာသူ ကမ္ဘာသားတို့အတွက် အလင်းဓာတ်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကမ္ဘာ့အလင်းဓာတ်ဖြစ်သည့် သာသနာတော်ကြီး အရှည်တည်တံ့နေရအောင်၊ အစဉ်တိုးတက်နေရအောင် ဆောင်ရွက်နေကြရပေသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကြီး အရှည်တည်တံ့နေရအောင်၊ အစဉ်တိုးတက်နေရအောင် ဆောင်ရွက်နေကြသည့် အခါမှာလည်း တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်သည်ထက် အသင်းအဖွဲ့များဖြင့် ဆောင်ရွက်သည်က ပို၍ ကမ္ဘာ့အလင်းဓာတ် သာသနာတော်ကြီး အရှည်တည်တံ့ဖို့ရာ၊ တိုးတက်ကြီးပွားဖို့ရာ ဖြစ်ပေသည်။ ထို့ကြောင့် ယခုခေတ်အခါ ဘာသာရေး၊ သာသနာရေး အဖွဲ့အစည်းများဖွဲ့စည်း၍ ဆောင်ရွက်လျက်ပင် ရှိကြပေသည်။

မြိတ်မြို့ ဤမဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာမှာလည်း အဖွဲ့အစည်းများဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြသည်မှာ ဝိပဿနာ - ပဋိပတ္တိသာသနာတော်ကြီး အရှည်တည်တံ့ဖို့ရာ၊ တိုးတက်ကြီးပွားဖို့ရာ အလွန်ပင် သင့်တော်ကောင်းမြတ်သော ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည်။ သို့ပါသော်လည်း

အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ကြရာတွင် အကြောင်း(၂)ပါးနှင့် ပြည့်စုံမှသာ တိုးတက်ကြီးပွားလာနိုင်ကြမည် ဖြစ်ပေသည်။ အကြောင်း(၂)ပါးနှင့် မပြည့်စုံပါက မတိုးတက်ပါဘဲ ဆုတ်ယုတ် ပျက်ပြားသွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် တိုးတက်ကြီးပွားကြောင်း(၂)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

တိုးတက်ကြီးပွားဖို့ရာ အကြောင်း(၂)ပါးမှာ –

(၁) မိမိတို့ ဆောင်ရွက်ကြသည့် အလုပ်ကလည်း မှန်ကန်ခြင်း။

(၂) အတူတကွ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်တို့ကလည်း ညီညွတ်ခြင်းဟူသော ဤအကြောင်း(၂)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြပါက မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၌ ဝိပဿနာ = ပဋိပတ္တိသာသနာတော်ကြီးသည် အစဉ်မပြတ် တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အလုပ်မှန်ကန်၊ ညီညွတ်ပြန်၊ အမှန်တိုးတက်ကြောင်း။

အကျယ်သိဖွယ်

၁။ အလုပ်မှန်ကန်ခြင်းဟု ဆိုရာ၌ –

(က) မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် မိမိတို့ တိုးတက်အောင် ဆောင်ရွက်နေကြသည့် ဝိပဿနာ = ပဋိပတ္တိသာသနာ့အလုပ်သည် မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မှန်ကန်သည့် ပဋိပတ္တိသာသနာ့အလုပ် ဖြစ်စေရမည်။

(ခ) မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် မိမိတို့ ထောက်ပံ့နေသည့် သက်နှံ၊ ဆွမ်း၊ ကျောင်း ဆေးဟူသော ပစ္စည်းလေးပါး ထောက်ပံ့မှုသည် မှန်ကန်

သော ထောက်ပံ့မှုများ ဖြစ်စေရမည်။ ဤကဲ့သို့ ဆောင်ရွက်ကြသည့် သာသနာ့အလုပ်နှင့် ပစ္စည်းလေးပါး ထောက်ပံ့မှုတို့သည် မှန်ကန်ကြရမည်ဟု ဆိုလိုပါသည်။

သာသနာ့အလုပ် မှန်ကန်ပုံ

မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့ တိုးတက်အောင် ဆောင်ရွက်နေကြသည့် ဝိပဿနာ - ပဋိပတ္တိသာသနာ့အလုပ်သည် မြတ်စွာဘုရားဟောကြားသော ပါဠိတော်များနှင့်လျော်ညီစွာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသော မှန်ကန်သည့် ဝိပဿနာ - ပဋိပတ္တိသာသနာ့အလုပ် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် မှန်ကန်သည့် ဝိပဿနာ - ပဋိပတ္တိသာသနာ့အလုပ်ကို တိုးတက်အောင် ဆောင်ရွက်နေကြခြင်းပင် ဖြစ်ပေသည်။

ထောက်ပံ့မှု မှန်ကန်ပုံ

မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် သက်နှီး၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါး ထောက်ပံ့မှုကို ပြုလုပ်ကြရာ၌ မိမိတို့၏ စီးပွားရေး၊ ကြီးပွားရေး လုပ်ငန်းများနှင့် ဆက်သွယ်ရောနှောခြင်း မရှိပါဘဲ၊ သာသနာတော်အတွက် သက်သက်ကိုသာ ရည်မှန်း၍ ထာဝရဆွမ်းပဒေသာပင်၊ ထာဝရဆေးပဒေသာပင်၊ ထာဝရရေပဒေသာပင် စသည်များကို သီးခြား စိုက်ထူထား၍ ဆောင်ရွက်လျက် ရှိကြပေသည်။ ထို့ကြောင့် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့၏ ပစ္စည်းလေးပါး ထောက်ပံ့မှုအလုပ်သည် မှန်ကန်သော ထောက်ပံ့မှုအလုပ်ပင် ဖြစ်ပေသည်။ နောင်လာနောက်သား သားစဉ် မြေးဆက်တို့အား ကောင်းမြတ်သည့် နည်းလမ်းများကို ပေးခဲ့ခြင်းလည်း ဖြစ်ပေသည်။

၂။ အတူတကွ ဆောင်ရွက်ကြသောပုဂ္ဂိုလ်တို့ ညီညွတ်ခြင်းဟု ဆိုရာ၌ -

မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် သာသနာအတွက် ဆောင်ရွက်ကြရာ၌ သူတစ်မျိုး ငါတစ်ဖုံ အယူအဆမတူကြဘဲ ကွဲပြားမှုများ ဖြစ်နေကြလျှင် မတိုးတက်ပါဘဲ ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သားတို့သည် တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သာသနာတော်ကြီး အရှည်တည်တံ့ တိုးတက်ကြီးပွားလာရအောင် အတူတကွ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်တို့ ညီညွတ်ဖို့ရာမှာ သင်္ဂီဟဝတ္ထု သုတ္တန်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ထောက်ပံ့ခ်ီးမြှင့်ခြင်း တရား(၄)ပါးကို လိုက်နာကျင့်သုံးကြရမည် ဖြစ်ပေသည်။

လိုက်နာကျင့်သုံးရမည့် တရား ၄-ပါးမှာ-

၁။ ဒါန = မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သား။ ဒကာ ဒကာမတို့သည် တစ်ဦးကိုတစ်ဦးက နည်းများမဟူ ပေးကမ်းလှူဒါန်းခြင်း ရှိကြရမည် ဖြစ်ပေသည်။

၂။ ပေယျဝဇ = မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သား။ ဒကာ ဒကာမတို့သည် တစ်ဦးကိုတစ်ဦးက ပြောခွင့်ဆိုခွင့် ကြေ့လာသောအခါ မေတ္တာ ကရုဏာရှေ့ထား၍ ချိုချိုသာသာ ပြောဆိုကြရမည် ဖြစ်ပေသည်။

၃။ အတ္ထစရိယ = မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သား။ ဒကာ ဒကာမတို့သည် တစ်ဦး၏ လောကီအကျိုးစီးပွားနှင့် လောကုတ္တရာအကျိုးစီးပွားတို့ကို တစ်ဦးက ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။

လောကီအကျိုးစီးပွားကို ဆောင်ရွက်ပေးကြရမည်ဟု ဆိုရာ၌ လောကီစီးပွားဥစ္စာများ ရရှိကြောင်း အတတ်ပညာများကို တတ်မြောက်အောင် သင်ကြားပေးကြရမည်၊ စီးပွားဥစ္စာများဖြင့် ထောက်ပံ့ပေးကြရမည်ဟု ဆိုလိုပါသည်။

လောကုတ္တရာအကျိုးစီးပွားကို ဆောင်ရွက်ပေးကြရမည်ဟု ဆိုရာ၌ သီလ၊ သမာဓိ၊ ပညာများ တိုးတက်ပြည့်စုံလာရအောင် ဆောင်ရွက်ပေးကြရမည်ဟု ဆိုလိုပါသည်။

၄။ သမာနတ္တတာ = မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ အားလုံးသော အဖွဲ့သူ အဖွဲ့သား။ ဒကာ ဒကာမတို့သည် ဆင်းရဲချမ်းသာမရွေးပါဘဲ သွားအတူ လာအတူ ဆင်းရဲအတူ ချမ်းသာအတူ နေထိုင်ကြရမည် ဖြစ်ပေသည်။

ဤလေးပါးသော ထောက်ပံ့ချီးမြှင့်ခြင်းတရားတို့ကို လိုက်နာကျင့်သုံးကြပါလျှင်၊ ဤလေးပါးသော တရားတို့ဖြင့် အတူတကွ ဆောင်ရွက်ကြပါလျှင် အမြဲတမ်း ညီညွတ်ကြမည် ဖြစ်ပေသည်။ မိမိတို့ တိုးတက်အောင် ဆောင်ရွက်သည့် မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ဝိပဿနာ = ပဋိပတ္တိသာသနာတော်ကြီးသည် အရှည်တည်တံ့ကာ တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

၁၃၆၁-ခု၊ ပါခေါင်လဆုတ် ၄-ရက်
နံနက်ခင်းသြဝါဒ

ယောဂီများအတွက် သြဝါဒ မပေးရတာ အတော်ကြာသွားပါပြီ။ ထို့ကြောင့် ယနေ့ နံနက်ခင်းမှာ သြဝါဒတရား ဟောကြားပေးပါဦးမည်။ ရိပ်သာသို့ ဝင်ရောက်၍ ဝိပဿနာတရား အားထုတ်ကြသော ယောဂီများ ကလည်း တရားတွေ မြန်မြန်တွေ့ချင်ကြပေသည်။ တရားတွေ ရှေ့သို့ မြန်မြန်တက်ချင်ကြပေသည်။ တရားထူး တရားမြတ်များ မြန်မြန်ရချင်ကြ ပေသည်။

ရိပ်သာမှ ဆရာတော် သံဃာတော်များကလည်း ယောဂီများအား တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်နိုင်သည့်၊ တရားထူး တရားမြတ်တွေ မြန်မြန်ရနိုင်သည့် နည်းလမ်းများကို စွမ်းနိုင်သမျှ ဟောကြား ပေးလျက် ရှိကြပါသည်။ ရိပ်သာဝေယျာဝစ္စအဖွဲ့နှင့် အဆောင်မှူးများက လည်း ယောဂီများ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်များ မြန်မြန်ရနိုင်အောင် အဖက်ဖက်က ကူညီ ဆောင်ရွက်ပေးလျက် ရှိကြပါသည်။ ယောဂီများ၏ ရည်ရွယ်ချက်နှင့် ရိပ်သာ မှ ဆရာတော် သံဃာတော်များ၏ ရည်ရွယ်ချက်၊ ဝေယျာဝစ္စအဖွဲ့နှင့် အဆောင်မှူးများ၏ ရည်ရွယ်ချက်တို့သည် တူညီလျက် ရှိကြပေသည်။

ဤကဲ့သို့ပင် ရည်ရွယ်ချက်ချင်း တူကြပါသော်လည်း တကယ်တမ်းလက်တွေ့ အားထုတ်ကြသည့်အခါမှာတော့ ကွာဟမှု၊ ကွဲပြားမှုများ ရှိနေကြပေသည်။ အချို့အချို့သော ယောဂီများမှာ အမှတ်တွေ ကျဲနေကြလို့ တရားတွေ အတွေ့နေ။ တရားတွေ အတက်နေးနေကြသည့် ယောဂီများလည်း ရှိနေကြပေသည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် ဝေယျာဝစ္စအဖွဲ့နှင့် အဆောင်မှူးများက အဖက်ဖက်က ကူညီဆောင်ရွက်ပေးလျက်ပင် ရှိကြပေသည်။ ဆရာတော် သံယာတော်များကလည်း ကြည့်ရှု၍ ပြုပြင်ပေးလျက် ရှိကြပေသည်။

ဆောင်ပုဒ်များ အထောက်အပံ့ကောင်းဖြစ်ပုံ

အထူးသဖြင့် ယောဂီများ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်များ မြန်မြန်ရကြစေရန်အတွက် နေ့စဉ်နေ့တိုင်း နံနက်ခင်း သီလယူပြီးသောအခါ ယောဂီများ ရွတ်ဆိုနေကြရသည့် အရှင်မဟာကစ္စာယနမထေရ်၏ ဩဝါဒလေးချက် ဆောင်ပုဒ်များသည် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်တွေ မြန်မြန်ရဖို့ရန်အတွက် အထောက်အပံ့ကောင်းများပင် ဖြစ်ပေသည်။

မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ - ဟူသော ဆောင်ပုဒ်ကလည်း ယောဂီများ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တိုးတက်သွားဖို့ရာ အခြေခံကောင်း၊ အထောက်အပံ့ကောင်းတစ်ခုပင် ဖြစ်ပေသည်။ မိမိ၏ မျက်စိကို မမြင်တဲ့သူလို ထားတတ်သွားပြီဆိုပါလျှင် သမာဓိဖြစ်လာ၍ အမှတ်တွေဆက်ကာ တရားတွေ တိုးတက်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့၏ မျက်စိကို မမြင်တဲ့သူလို ထားတတ်အောင် လေ့ကျင့်ကြရပေသည်။

နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင်ပင်းပမာ - ဟူသော ဆောင်ပုဒ်ကလည်း ယောဂီများအတွက် တရားတွေမြန်မြန်တွေ့၊

တရားတွေ မြန်မြန်တိုးတက်သွားဖို့ရာ အခြေခံကောင်း၊ အထောက်အပံ့ကောင်း တစ်ခုပင် ဖြစ်ပေသည်။ အသံနောက်သို့ စိတ်မလိုက်သွားရအောင် မိမိနားကို ထားတတ်သွားပြီဆိုပါလျှင် သမာဓိဖြစ်လာ၍ အမှတ်တွေဆက်ကာ တရားတွေ တိုးတက်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့၏ နားကို မကြားတဲ့သူလို ထားတတ်အောင် လေ့ကျင့်ပေးကြရပေသည်။

စကားပြောတွင်၊ ကောင်းသူပင်၊ အ–သွင်ဆွဲပမာ - ဟူသော ဆောင်ပုဒ်ကလည်း ယောဂီများအတွက် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တိုးတက်သွားဖို့ရာ အခြေခံကောင်း၊ အထောက်အပံ့ကောင်း တစ်ခုပင် ဖြစ်ပေသည်။ မိမိအတွက်လည်း ကျေးဇူးများ၊ တစ်ပါးသော ယောဂီများအတွက်လည်း ကျေးဇူးများ ဖြစ်ကြရပေသည်။ စကားမပြောဘဲ အ-ဆွဲ့နေတဲ့သူလို နေလိုက်ပါလျှင် အမှတ်တွေဆက်ကာ တရားတွေ တိုးတက်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် စကားမပြောဘဲ အ-ဆွဲ့နေတဲ့သူလိုဖြစ်အောင် လေ့ကျင့်ပေးကြရပေသည်။

ပြည့်ဝအားအင်၊ ရှိသူပင်၊ အားအင်နည်းပမာ - ဟူသော ဆောင်ပုဒ်ကလည်း ယောဂီများအတွက် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တိုးတက်သွားဖို့ရာ အခြေခံကောင်း၊ အထောက်အပံ့ကောင်း တစ်ခုပင် ဖြစ်ပေသည်။ တကယ်အားနည်းနေသော လူမမာကဲ့သို့ ပြုလုပ်ကာ အသုံးချလိုက်လျှင် ကိုယ်အမူအရာများကို မှတ်သိစိတ်က မိမိသွားသောကြောင့် ပစ္စုပ္ပန်တည့်သွားကြပေသည်။ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်လိုက်တော့ သမာဓိဖြစ်သွားကြပေသည်။ သမာဓိဖြစ်သွားတော့ တရားသဘောများကို ထူးထူးခြားခြား တွေ့သိသွားတတ်ကြပေသည်။ တရားတွေ တိုးတက်သွားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အားနည်းနေတဲ့ လူမမာကဲ့သို့ ဖြစ်အောင် လေ့ကျင့်ကြရပေသည်။

ယောဂီများ အမှတ်တွေဆက်၍ လွယ်ကူချမ်းသာစွာ ရှုမှတ်ရပြီး လျှင် တရားတွေ မြန်မြန်တွေ့၊ တရားတွေ ရှေ့သို့ မြန်မြန်တိုးတက်သွား ရအောင် ရှုမှတ်ဖို့ရာမှာ အမှတ်(၃)မျိုး ရှိပေသည်။

၁။ ထိုင်၍ ရှုမှတ်ရသည့်အမှတ်၊

၂။ စင်္ကြံလျှောက်၍ ရှုမှတ်ရသည့်အမှတ်၊

၃။ အထွေထွေ အသေးစိတ်အမှတ်ဟူ၍ (၃)မျိုး ရှိပေသည်။

ထို(၃)မျိုးတို့တွင် -

၁။ ထိုင်၍ ရှုမှတ်သည့်အမှတ်သည် အမှတ်တွေဆက်အောင် ရှုမှတ်ဖို့ ရာ အသေချာဆုံးပင် ဖြစ်ပေသည်။ ထိုင်မှတ်သည့်အခါ တစ်နာရီ မှာ ခန္ဓာကိုယ်ကိုလည်း မလှုပ်ရှားမိအောင်၊ စိတ်ကိုလည်း အာရုံတစ်ပါးသို့ မထွက်သွားရအောင် ဆောက်တည်ထားကြသောကြောင့် အမှတ်တွေ ဆက်အောင် ရှုမှတ်ဖို့ရာ အသေချာဆုံးပင် ဖြစ်ပေသည်။

၂။ စင်္ကြံလျှောက်၍ မှတ်ရသည့် အမှတ်ကျရင်ပဲ အမှတ်တွေ အနည်းငယ် ကျဲလာတတ်ကြပေသည်။ တစ်ခါတစ်ခါ မျက်စိက ကြည့်မိ၍၊ နားက အသံကို နားထောင်မိ၍ အမှတ်တွေ ကျဲကျဲသွားတတ်ကြပေသည်။ ထို့ကြောင့် မျက်စိကလည်း မကြည့်မိရအောင်၊ နားကလည်း နားမထောင် မိရအောင် အထူးသတိပြု၍ ရှုမှတ်ကြရပေသည်။

၃။ အထွေထွေ အသေးစိတ်အမှတ်ကို မှတ်ရတဲ့အခါမှာတော့ ယောဂီများ အမှတ်တွေ ပို၍ ကျဲနေတတ်ကြပေသည်။ အချို့သော ယောဂီများ မှာ အမှတ်တွေ လွတ်နေတာကပင် များနေတတ်ကြပေသည်။ ဤကဲ့သို့ အမှတ်(၃)မျိုးတို့တွင် အထွေထွေအသေးစိတ် အမှတ်တစ်မျိုးက မရကြ တော့ ယောဂီများ တရားတွေ အတွေ့နေ၊ တရားတွေ အတက်နေး ဖြစ်နေတတ်ကြပေသည်။ ထို့ကြောင့် အထွေထွေ အသေးစိတ်အမှတ်ကို အထူးဂရုစိုက်၍ ရှုမှတ်ကြရပေသည်။

အထွေထွေ ပြုချင်စိတ်က စ၍ရှုမှတ်ရပုံ

အထွေထွေ အသေးစိတ်အမှတ်ကိုရအောင် ဘယ်လို ရှုမှတ်ရပါမည်နည်း ဆိုပါလျှင် ပြုချင်သည့်စိတ်ကစ၍ ရှုမှတ်ကြရပေသည်။ ယခုလို တရားနာရာမှ၊ တရားထိုင်ရာမှ ထရတော့မည့်အခါမှာ အထူးသတိထား၍ စိတ်ကို အာရုံပြုကြည့်လိုက်လျှင် ထချင်သည့်စိတ်များက ထင်ရှားနေ၍ ယင်းထချင်သည့်စိတ်ကို ထချင်တယ်၊ ထချင်တယ်ဟု ရှေ့ဦးစွာ ရှုမှတ်ကြရပေသည်။ ထို့နောက် ထချင်သည့်စိတ်ကြောင့်ဖြစ်သည့် လေများက တွန်းကန်ပေးသဖြင့် ထသည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ ထတယ်၊ ထတယ်ဟု ရှုမှတ်ကြရပေသည်။

ထတယ်၊ ထတယ်ဟု ရှုမှတ်သောအခါမှာလည်း ခေါင်း ကိုယ်ခြေ လက် ပုံသဏ္ဌာန် ပညတ်များကို (အာရုံမပြုဘဲ) ခွာနိုင်သမျှခွာ၍ အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ တက်သွားသည့် သဘော ပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။ ရွှေ့နေသည့်အစဉ် = သန္တတိ ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ပေါ့တာ. သိပုံ

ယင်းကဲ့သို့ စူးစိုက်၍ ရှုမှတ်ကြရာ၌ အကြင်အခါ ခေါင်း ကိုယ်ခြေ လက် ပုံသဏ္ဌာန် ပညတ်များကိုလည်း ခွာလို့ရသွား၏။ အပေါ်သို့ ရွှေ့တက်နေသည့် သဘောပရမတ်ကိုလည်း စူးစိုက်လို့ရသွား၏။ အဆင့်ဆင့် ရွှေ့နေသည့် အစဉ် = သန္တတိ ပစ္စုပ္ပန်ကိုလည်း တည့်အောင် ရှုမှတ်လို့ရသွား၏။ ထိုအခါ ခန္ဓာကိုယ်အမူအရာ အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့တက်နေသည်ကို သိပြီးသည့်အပြင် ပေါ့ပေါ့ပြီး တက်သွားတာကို ကိုယ်တိုင်ပင် တွေ့သိကြရမည် ဖြစ်ပေသည်။ ပေါ့တာကို သိခြင်းသည် တေဇောဓာတ်နှင့် ဝါယောဓာတ်တို့၏ သဘောကို သိခြင်းဖြစ်ပေသည်။

ပေါ့ပေါ့ပြီး တက်သွားတာကို တွေ့သိရတာ သာမန်ပုဂ္ဂိုလ်တွေအနေနှင့်တော့ ဘာမျှ ထူးခြားသည်ဟု ထင်မည်မဟုတ်ပေ၊ တရားနာပရိသတ်များ ယောဂီများလို တရားလိုလားနေကြသော ပုဂ္ဂိုလ်များအတွက်မှာတော့ အခြေခံကောင်းတစ်ခုကို ရရှိခြင်းပင် ဖြစ်ပေသည်။ တရားဖြင့် ထရတာ ဤလိုထရသည်ဟု သိသွားသောကြောင့် နောင်အခါ ထတိုင်း ထတိုင်း အမှတ်သတိဖြင့် ထသည်ဖြစ်၍ အမှတ်တွေဆက်ကာ တရားတွေ ထူးထူးခြားခြား တိုးတက်သွားဖို့ရာ ဖြစ်ကြပေသည်။

ထို့အတူ ထ၍ရပ်ရာမှ သွားရတော့မည့်အခါ၊ သွားရာမှ ရပ်ရတော့မည့်အခါတို့၌လည်း အထူးသတိထားလိုက်လျှင် သွားချင်သည့်စိတ်၊ ရပ်ချင်သည့်စိတ်များ ဖြစ်နေသည်မှာ ထင်ရှားနေတတ်ကြပေသည်။ ထင်ရှားနေတော့ သွားချင်တယ် သွားချင်တယ်၊ ရပ်ချင်တယ် ရပ်ချင်တယ်ဟု ရှုမှတ်ကြရပေသည်။ ထို့နောက်မှ သွားသည့် ရပ်သည့် ကိုယ်အမူအရာများဖြစ်လာမှ သွားတယ် သွားတယ်၊ ရပ်တယ် ရပ်တယ်ဟု ရှုမှတ်ကြရပေသည်။

ရပ်ရာမှ ထိုင်ရတော့မည့်အခါမှာလည်း အထူးသတိထားလိုက်လျှင် ထိုင်ချင်သည့်စိတ်များ ဖြစ်နေတာ ထင်ရှားနေတတ်ကြပေသည်။ ယင်း ထိုင်ချင်သည့်စိတ်ကို ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု ရှေ့ဦးစွာ ရှုမှတ်ကြရပေသည်။ ထို့နောက် ထိုင်သည့် ကိုယ်အမူအရာများ ဖြစ်ပေါ်လာမှ ထိုင်တယ်၊ ထိုင်တယ်ဟု ရှုမှတ်ကြရပေသည်။

ထိုင်တယ်၊ ထိုင်တယ်ဟု ရှုမှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ်ခြေ လက် ပုံသဏ္ဌာန် ပညတ်များကိုတော့ ခွာနိုင်သမျှခွာ၍ အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ကျနေသည့် သဘော ပရမတ်ကိုတော့ သိနိုင်သမျှ သိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

လေးတာ သိပုံ

ယင်းကဲ့သို့ စူးစိုက်၍ ရှုမှတ်ကြရာ၌ အကြင်အခါ ခေါင်း ကိုယ်ခြေ လက် ပုံသဏ္ဌာန် ပညတ်များကိုလည်း ခွာလို့ရသွား၏။ အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျနေသည့် သဘောပရမတ်ကိုလည်း စူးစိုက်လို့ ရသွား၏။ အဆင့်ဆင့် ရွှေ့နေသည့်အစဉ် ၈ သန္တာန်တို ပစ္စုပ္ပန်ကိုလည်း တည့်အောင် ရှုမှတ်လို့ ရသွား၏။ ထိုအခါ အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျနေသည်ကို သိပြီးသည့်အပြင် လေးလေးကျသွားတာကို ကိုယ်တိုင်ပင် တွေ့သိကြရမည် ဖြစ်ပေသည်။ လေးတာကို သိခြင်းသည် ပထဝီဓာတ်နှင့် အာပေါဓာတ်တို့၏ သဘောကို သိခြင်းဖြစ်ပေသည်။

လေးလေးကျသွားတာကို သိရတာ သာမန်ပုဂ္ဂိုလ်တွေ အနေနှင့်တော့ ဘာမျှ ထူးခြားသည်ဟု ထင်ကြမည် မဟုတ်ပေ၊ တရားနာ ပရိသတ်များလို၊ ယောဂီများလို တရားလိုလားကြသော ပုဂ္ဂိုလ်များမှာတော့ တရားရဖို့ရာ အခြေခံကောင်းတစ်ခုကို ရရှိခြင်းပင် ဖြစ်ပေသည်။ တရားနှင့် ထိုင်ရသည်မှာ ဤလို ထိုင်ရသည်ဟု သိသွားသောကြောင့် နောင်အခါ ထိုင်တိုင်း ထိုင်တိုင်း အမှတ်နှင့်ပင် ထိုင်ကြသဖြင့် အမှတ်တွေဆက်၍ တရားတွေ ထူးထူးခြားခြား တိုးတက်သွားဖို့ရာ ဖြစ်ပေသည်။

ထိုင်တဲ့ ထတဲ့ အမူအရာတွေမှာ သမာဓိဖြစ်သွားပြီဆိုလျှင် အခြားအခြားသော အမူအရာတွေမှာလည်း လိုက်၍ သမာဓိဖြစ်သွားတတ်ကြပေသည်။ လက်ကို ကွေးရတော့မည်ဆိုလျှင် ကွေးချင်သည့်စိတ်က ထင်ရှားနေ၍ ကွေးချင်တယ် ကွေးချင်တယ်၊ ဆန့်ရတော့မည်ဆိုလျှင်လည်း ဆန့်ချင်သည့်စိတ်က ထင်ရှားနေ၍ ဆန့်ချင်တယ် ဆန့်ချင်တယ်၊ တံခါးဖွင့်ရတော့မည်ဆိုလျှင်လည်း ဖွင့်ချင်သည့်စိတ်က ထင်ရှားနေ၍ ဖွင့်ချင်တယ် ဖွင့်ချင်တယ်။ ကွေး ဆန့် လက်လှမ်းပြီး ဖွင့်လိုက်မှ ဖွင့်တယ် ဖွင့်တယ်ဟု ရှုမှတ်လို့ ရသွားတတ်ကြပေသည်။

ချမ်းသာပုံ ဆင်းရဲပုံ

ဤကဲ့သို့ အရာရာမှာ ရှုမှတ်လို့ ရသွားသောအခါ ယောဂီများမှာ အမှတ်တွေ့ ကပ်သွားပြီးလျှင် "အမှတ်ကလေးနှင့် နေရတာ ချမ်းသာပါသည်ဘုရား" ဟု လျှောက်ထားကြပေသည်။ အထွေထွေမှာ အမှတ်တွေ့ ကပ်အောင် မမှတ်တတ်ကြသည့် ယောဂီများမှာတော့ ဟိုဟာမှတ်လိုက်ရင်လည်း လွတ်သွား။ ဒီဟာမှတ်လိုက်ရင်လည်း လွတ်သွား ဖြစ်နေတော့ "အထွေထွေအမှတ်ကို မှတ်ရတာ ဆင်းရဲပါတယ်ဘုရား" ဟု လျှောက်ထားကြပေသည်။ ဆင်းရဲနေရင်တော့ နေရာမှကျပါ့မလား ... နေရာမကျပါဘုရား။

အမှတ်တွေ့ကပ်၍ ချမ်းသာစွာ ရှုမှတ်လို့ရသွားကြသော ယောဂီများမှာ မှတ်အားတွေ့ ကောင်းလာ၍ ထိုင်အမှတ်ကိုလည်း ကျေးဇူးပြုသဖြင့် ထိုင်အမှတ်မှာလည်း ပို၍ ကောင်းလာတတ်ပေသည်။ စင်္ကြံအမှတ်ကိုလည်း ကျေးဇူးပြုသဖြင့် စင်္ကြံအမှတ်မှာလည်း ပို၍ ကောင်းလာတတ်ကြပေသည်။ ထို့ကြောင့် အထွေထွေ အသေးစိတ်အမှတ်ကို အထူး ဂရုစိုက်၍ ရှုမှတ်ကြရမည် ဖြစ်ပေသည်။

တရားကျောင်းသို့ သွားတဲ့အခါမှာလည်း အမှတ်နဲ့၊ တရားကျောင်းမှ ပြန်လာတဲ့အခါမှာလည်း အမှတ်နဲ့၊ ဆွမ်းစားကျောင်းသို့ သွားသည့်အခါမှာလည်း အမှတ်နဲ့၊ ဆွမ်းစားကျောင်းမှ ပြန်လာသည့်အခါမှာလည်း အမှတ်နဲ့ စသည်ဖြင့် အထွေထွေ အသေးစိတ်အမှတ်ကလေးများ ကပ်သွားလျှင် မှတ်အားတွေ့ ပိုကောင်းလာ၍ အမှုအရာမှန်သမျှ အားလုံးကို အမှတ်တွေ့ကပ်လို့ ရသွားကြမည် ဖြစ်ပေသည်။

အထွေထွေအမှတ် အကျိုးများပုံ

ဤကဲ့သို့ အထွေထွေအမှတ်တွေ့ ကပ်သွား၍ အရာရာတွင် အမှတ်သတိဖြင့် ပြုလုပ်နေသည့် ယောဂီကို မြင်ရသည့် နိုင်ငံခြားသားများမှစ၍ အားလုံးသော ပုဂ္ဂိုလ်တို့က ကြည်ညိုကြပေသည်။ ကြည်ညိုကြသောကြောင့် သာသနာအတွက်လည်း အကျိုးများပေသည်။

ရိပ်သာသို့ လာရောက်၍ လှူဒါန်းကြသော အလှူရှင်များကလည်း အထွေထွေအမှတ်ဖြင့် သွားနေ ရပ်နေ ထိုင်နေ ထနေ ကွေးနေ ဆန့်နေသော ယောဂီများကို မြင်ကြရသောအခါ "ယောဂီဆိုတာ ဤလို အမှတ်သတိနှင့် နေကြရပေသည်"ဟု ကြည်ညိုကြသောကြောင့် အလှူရှင်များအတွက်လည်း အကျိုးများကြပေသည်။

ရိပ်သာမှ ဆရာတော် သံယာတော်များနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကလည်း အထွေထွေအမှတ်ဖြင့် သွားနေ ရပ်နေ ထိုင်နေ ကွေးနေ ဆန့်နေကြသော မိမိတို့၏ ယောဂီများကို မြင်ရသည့်အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်၊ ကြည်ညိုသောစိတ်များ ဖြစ်ကြရပေသည်။ ယောဂီများကို အားပေးချီးမြှောက်လိုသည့်စိတ်တွေ ဖြစ်လာတတ်ကြပေသည်။ ထို့ကြောင့် ရိပ်သာအတွက်လည်း အကျိုးများကြပေသည်။

မပြတ်မလပ် ရှုမှတ်နေကြသော ယောဂီများကို တိုင်းသူပြည်သား အလှူရှင်များက လှူဒါန်းကြသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့သည် မဟပ္ဖလ=ကြီးသောအကျိုးရှိသည်ဟု အဋ္ဌကထာဆရာများက ဖွင့်ပြထားကြပေသည်။ ဘာကြောင့် မဟပ္ဖလ = အကျိုးကြီးပါသလဲဟု ဆိုပါလျှင် မပြတ်မလပ် ရှုမှတ်နေကြသည့် ယောဂီပုဂ္ဂိုလ်တို့၏သန္တာန်၌ လောဘလည်းကင်း၊ ဒေါသလည်းကင်း၊ မောဟလည်းကင်းနေ၍ လယ်ယာမြေကောင်းမှာ မျိုးစေ့ကောင်းများ စိုက်ချလိုက်သလို အကျိုးကြီးခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားလည်း ဟောကြားတော်မူခဲ့ပါသည်။ မိမိ၏ အလှူဒါန အကျိုးကြီးလိုလျှင် လောဘ၊ ဒေါသ၊ မောဟတို့ အပြီးတိုင်ကင်းနေသည့် ရဟန္တာပုဂ္ဂိုလ်ကို လှူဒါန်းရမည်။ အကယ်၍ ရဟန္တာပုဂ္ဂိုလ်ကို မရခဲ့လျှင် လောဘ၊ ဒေါသ၊ မောဟကင်းအောင် ကျင့်နေသည့် ပုဂ္ဂိုလ်များကို လှူဒါန်းရမည်ဟု ဟောကြားတော်မူခဲ့ပါသည်။ ယောဂီများက မပြတ်မလပ် ရှုမှတ်နေကြတော့ လောဘ၊ ဒေါသ၊ မောဟများ ဖြစ်ခွင့်မရ၍ ကင်းနေကြပေသည်။ ထိုသို့ ကင်းနေသည့်အခိုက်တွင် လှူဒါန်းကြရသောကြောင့် မဟပ္ဖလ = အကျိုးကြီးသည်ဟု ဆိုရပေသည်။

ယောဂီများ မိမိတို့ မပြုတ်မလပ် ရှုမှတ်နေခြင်းဖြင့် မိမိတို့အတွက်လည်း အမှတ်တွေဆက်လို့ အကျိုးများပေသည်၊ မိမိတို့ကို လာလှူဒါန်းသော အလှူရှင်များလည်း ကြည်ညိုရလို့ အကျိုးများကြပေသည်။ သာသနာအတွက်လည်း အများသူတို့က ကြည်ညိုရလို့ အကျိုးများကြပေသည်။ ရိပ်သာအတွက်လည်း ဂုဏ်သိက္ခာတက်၍ အကျိုးများလှပေသည်။

"သဒ္ဓမ္မရံသီရိပ်သာမှာ ဤလို အထွေထွေအမှတ်တွေ ဆက်အောင် ရှုမှတ်ကြရသည်" ဟုဆိုတဲ့ သတင်းတွေဟာ ကောင်းတဲ့သတင်းလား ...၊ မကောင်းတဲ့သတင်းလား ... ကောင်းတဲ့သတင်းပါဘုရား။ ဤကဲ့သို့ အကျိုးများသည့် အထွေထွေ အသေးစိတ်အမှတ်ကို ရအောင်ရှုမှတ်မည်ဟု အဓိဋ္ဌာန် မပြုထားသင့်ပါဘူးလား ... ပြုထားသင့်ပါတယ်ဘုရား။

ဤကဲ့သို့ အကျိုးများသည့် အထွေထွေ အသေးစိတ်အမှတ်ကို ဘယ်လိုရအောင် ရှုမှတ်ရပါမည်နည်းဟု ဆိုပါလျှင် ပြောခဲ့ပြီးသည့်အတိုင်း ပြုချင်သည့်စိတ်ကစ၍ ရှုမှတ်ကြရမည် ဖြစ်ပေသည်။ ပြုချင်သည့်စိတ်က အကြောင်း၊ ပြုလုပ်နေသည့် ကိုယ်အမူအရာများက အကျိုးဖြစ်သည်။ အကြောင်းကိုရှုမှတ်လို့ ရသွားလျှင် အကျိုးကိုရှုမှတ်ရတာ မခက်လှတော့ပေ၊ ထို့ကြောင့် အကြောင်းဖြစ်သည့် ပြုလုပ်ချင်သည့်စိတ်ကစ၍ ရှုမှတ်ကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ မဟုတ်ပါဘဲ သမာဓိဉာဏ်များကလည်း အားနည်းနေသေးသည့်အခိုက် အကျိုးဖြစ်သည့် ကိုယ်အမူအရာများကို ရှုမှတ်နေကြပါလျှင် ကိုယ်အမူအရာများက မြန်နေ၍ မှတ်သိစိတ်က မမီနိုင်သဖြင့် အမှတ်တွေ လွတ်တာကပင် များနေတတ်ကြပေသည်။ လွတ်တာကပင် များနေတော့ အထွေထွေ အသေးစိတ်အမှတ်ကို မမှတ်ချင်တော့ဘဲ ဖြစ်လာတတ်ကြပေသည်။ မမှတ်ဘဲ နေလိုက်ရင်တော့ အမှတ်တွေ ကျဲနေကြ၍ တရားတွေ ရှေ့သို့ မတက်နိုင်ဘဲ ဖြစ်နေတတ်ကြပေသည်။

အစဉ်အလာကောင်း ရရှိစေရန်

နောက်နောက်မှ ရောက်လာကြသော ယောဂီများက ရှေ့ရှေ့ယောဂီများကို အတုယူကြရပေသည်။ ရှေ့ရှေ့ယောဂီများက အမှတ်တွေ ကျဲနေကြပါလျှင် နောက်နောက်ယောဂီများကလည်း အမှတ်တွေ ကျဲနေ တတ်ကြပေသည်။ ရှေ့ရှေ့ယောဂီများက အမှတ်တွေ စိပ်မှသာ နောက် နောက်ယောဂီများကလည်း အမှတ်တွေ စိပ်လာတတ်ကြပေသည်။ ဤကဲ့သို့ အမှတ်တွေ စိပ်စိပ်ရှုမှတ်တတ်သည့် အစဉ်အလာကောင်းကို ရရှိကြစေရန် မကြာခဏ သြဝါဒတရား ဟောကြားပေးရခြင်း ဖြစ်ပေသည်။

ယောဂီများ အမှတ်တွေစိပ်ဖို့ရာ၊ အမှတ်တွေကောင်းဖို့ရာ ဆရာတော်မှာ အများဆုံး တာဝန်ရှိနေပေသည်။ ထို့ကြောင့် ဆရာတော်၏ တာဝန်ကို ကူညီသောအားဖြင့် ယောဂီများ အမှတ်စိပ်စိပ် ရှုမှတ်ကြရမည် ဟု မကြာခဏ သြဝါဒတရား ဟောကြားရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ယောဂီများ အမှတ်စိပ်စိပ် မှတ်နိုင်ကြစေရန် ပြုလုပ်ချင် သည့် စိတ်ကစ၍ ရှုမှတ်ကြရမည်ဟူသော သြဝါဒတရားကို နာကြားရ သဖြင့် နာကြားရသောအတိုင်း လိုက်နာ ကျင့်ကြံ ပွားများ အားထုတ်နိုင် ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ် တို့ကို ဒုက္ခခပ်သိမ်း ကင်းပြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရေစက်ဆုံနှင့် ပဋ္ဌာန်းဆက်ဖြစ်ပုံ မေးပါ သိကောင်းစရာ

သြစတြေးလျှံနိုင်ငံ၊ ဘလူးမောင်တိန်းရိပ်သာမှ မစ္စတာ ခရက်စ်နှင့် မစ္စတာရာတို့က ဆရာတော်တို့ကို တရားဟော၊ တရားပြ ပင့်လျှောက်ကြသဖြင့် ဆရာတော်နှင့် ဦးခင်မောင်ဇော်တို့သည် ၁၃ဖေ-ခု၊ တပို့တွဲ လဆုတ် ၁၀-ရက်၊ (၂၉-၂-၂၀၀၀) အင်္ဂါနေ့ နံနက်(၁၀)နာရီ (၄၅)မိနစ် အချိန်တွင် ရန်ကုန်လေဆိပ်မှ (TG) လေယာဉ်ဖြင့် ဘန်ကောက်သို့ ကြွလာခဲ့ကြပါသည်။

ဘန်ကောက်မှတစ်ဆင့် သြစတြေးလျှံနိုင်ငံ၊ ဆစ်ဒနီသို့ ကြွလာခဲ့ကြပါသည်၊ ဆစ်ဒနီလေဆိပ်သို့ (၁-၃-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်(၇)နာရီ (၁၀)မိနစ်အချိန်တွင် ရောက်ကြပါသည်။ ထိုမှတစ်ဆင့် ဘလူးမောင်တိန်းရိပ်သာသို့ မော်တော်ကားဖြင့် ကြွလာခဲ့ကြပါသည်။ ဘလူးမောင်တိန်းရိပ်သာသို့ နံနက်(၁၀)နာရီ (၄၅)မိနစ်အချိန်တွင် ရောက်ကြပါသည်။

ဘလူးမောင်တိန်းရိပ်သာ၌ ၁၃ဖေ-ခု၊ တပို့တွဲလကွယ်(၁၄)ရက်၊ (၄-၃-၂၀၀၀) စနေနေ့မှစ၍ (၁၄)ရက် တရားစခန်းဖွင့်၍ တရားဟော၊ တရားပြ ဆောင်ရွက်ကြပါသည်။ နိုင်ငံခြားသားယောဂီနှင့် မြန်မာယောဂီ (၁၈)ယောက်ရှိပါသည်။ နံနက်(၉)နာရီမှ (၁၀)နာရီခွဲအထိ တရားစစ်ပေးရပါသည်။ ဒေါက်တာ ဒေါ်သန်းသန်းညိမ်းက အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။ ယောဂီများက သူတို့ သိလိုရာများကို မေးလျှောက်ကြပါသည်။

ဝေယျာဝစ္စလည်း ပြုလုပ်၍ တရားလည်း အားထုတ်သည့် ယောဂီ ဒေါ်အေးအေးနွယ်က မေးလျှောက်သည်မှာ - "ရေစက်ဟူသော ဝေါဟာရ စကားကို ကြားသိရပါသည်၊ မိမိလည်း အသုံးပြုပါသည်၊ လူအများ ပြောဆို ကြသည်မှာ ရေစက်ဆုံကြသည်၊ ရေစက်ကြုံကြသည်၊ ရေစက်ကုန်ကြ သည်ဟု ပြောဆိုလေ့ရှိကြပါသည်။ အဲဒီရေစက်ဆုံ၊ ရေစက်ကြုံ၊ ရေစက်ကုန် ဟူသော စကားတို့၏ အဓိပ္ပါယ်ကို သိလိုပါသည်"ဟု မေးလျှောက်ပါသည်။

ရေစက်ဆုံနှင့် ရေစက်ကြုံဟူသော ဤစကား ၂-ခွန်းမှာ အဓိပ္ပါယ် ချင်း တူကြပါသည်၊ (ဝါစာသိလိဋ္ဌ) စကားပြေပြစ်အောင် ပရိယာယ်အနေ အားဖြင့်သာ စကား ၂-ခွန်း ပြောလိုက်ရခြင်း ဖြစ်ပေသည်၊ ရေစက်ဆုံကြ သည်ဟု ပြောလိုရင်း ဖြစ်ပေသည်။

ရေစက်ဆုံ၏ အဓိပ္ပါယ်

ရေစက်ဆုံကြသည်ဟူသော စကား၏ အဓိပ္ပါယ်မှာ - သူနှစ်ဦးတို့ သည် သို့မဟုတ် မိသားစုတို့သည် ရှေ့ဘဝများက ကောင်းမှုကုသိုလ်များကို အတူတကွ ပြုလုပ်ခဲ့ကြသောကြောင့် ယခုလူဘဝမှာ လာ၍ တွေ့ဆုံကြ ရသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ယခုခေတ်အခါ ဝေါဟာရအားဖြင့် ရေစက်ဆုံကြသည်ဟု ပြောဆိုကြခြင်း ဖြစ်ပေသည်။ ယခုခေတ်အခါ အလှူဒါနပြုကြရာတွင် ရေစက်ချ၍ လှူဒါန်းကြသည်ကို အကြောင်းပြု၍ ရေစက်ဆုံကြသည်၊ ရေစက်ကြုံကြသည်ဟု တင်စား၍ ပြောဆိုကြခြင်း ဖြစ်ပေသည်။

ရေစက်ကုန်၏ အဓိပ္ပါယ်

ရေစက်ကုန်ကြသည်ဟူသော စကား၏ အဓိပ္ပါယ်မှာ - သူနှစ်ဦးတို့ သည် သို့မဟုတ် မိသားစုတို့သည် ရှေ့ဘဝများက အတူတကွ ကောင်းမှု ကုသိုလ်များကို ပြုလုပ်ခဲ့ကြပါသော်လည်း ထိုကောင်းမှုကုသိုလ်တို့၏ အရိုန်များ ကုန်သွားသောအခါ သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်

လည်းကောင်း ခွဲခွာသွားကြရပေသည်။ ဤကဲ့သို့ ခွဲခွာသွားကြရသည်ကိုပင် ရေစက်ကုန်သည်ဟု တင်စား၍ ပြောဆိုကြခြင်း ဖြစ်ပေသည်။

ထို့နောက် ဒေါ်အေးအေးနွယ်က မေးလျှောက်ပြန်သည်မှာ - "ရှေ့ဘဝများက ကောင်းမှုကုသိုလ်များကို အတူတကွ ပြုလုပ်ခဲ့ကြ၍ ယခုလူ့ဘဝမှာ လာတွေ့ကြ၊ ဆုံကြသည်ကို - ဖြစ်သည်၊ အတူတကွ ပြုခဲ့ကြသည့် ကောင်းမှုကုသိုလ်အရိုန်များ ကုန်သွား၍ ခွဲခွာသွားကြရခြင်းကို - ပျက်သည်ဟု ရှုလိုက်ရင် ဝိပဿနာဖြစ်ပါသလား" ဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ တစ်ဘဝလုံးကို ခြုံ၍ တွေ့ဆုံကြခြင်းသည် - ဖြစ်သည်၊ ခွဲခွာရခြင်းသည် - ပျက်သည်ဟု ရှုမှတ်ပါလျှင် ဝိပဿနာဉာဏ်များ မဖြစ်နိုင်ပေ၊ ဖြစ်ခိုက် ပစ္စုပ္ပန် ရုပ်နာမ်တို့ကို ရှုမှတ်မှသာ ဝိပဿနာဉာဏ်များ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ယခုလူ့ဘဝမှာ လာတွေ့ဆုံကြသည်ကို - ဖြစ်သည်၊ ခွဲခွာသွားရသည်ကို - ပျက်သည်ဟု ရှုမှတ်ခြင်းသည် ဝိပဿနာမဖြစ်နိုင်ပေ။ ဘာမဆို ဖြစ်လာပြီးလျှင် ပျက်တာပါပဲဟု သံဝေဂအနေဖြင့် နလုံးသွင်းလျှင်တော့ ကုသိုလ်ဖြစ်နိုင်ပေသည်ဟု ဖြေကြားပေးလိုက်ရပါသည်။

ပဋ္ဌာန်းဆက်၏ အဓိပ္ပါယ်

ဒေါ်အေးအေးနွယ်က မေးလျှောက်ပြန်သည်မှာ - "ဤရိပ်သာ၌ လာရောက်၍ ဝေယျာဝစ္စပြုသူများနှင့် တရားအတူတကွ အားထုတ်ကြတဲ့ သူတို့သည် ပဋ္ဌာန်းဆက်ရှိကြလို့ဟု ဆိုကြပါသည်၊ ပဋ္ဌာန်းဆက်၏ အဓိပ္ပါယ်ကို သိလိုပါသည်၊ ရှင်းပြပေးပါဘုရား" ဟု မေးလျှောက်ပါသည်။

ဖြေ။ ပဋ္ဌာန်းဒေသနာ၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် အကြောင်း ပစ္စည်းတရားနှင့် အကျိုး ပစ္စယုပ္ပန်တရားတို့ကို အဓိကအားဖြင့် ဆက်စပ်၍ ဟောကြားတော်မူပါသည်။ ထို့ကြောင့်

ပဋ္ဌာန်းဆက်ဆိုသည်မှာ အကြောင်းနှင့် အကျိုးတို့ ဆက်စပ်၍ ဖြစ်နေသည်ဟု အဓိပ္ပါယ်ရပါသည်။

အကြောင်းနှင့် အကျိုး ဆက်စပ်ပုံ

ဤရိပ်သာ၌ ဝေယျာဝစ္စပြုလုပ်သူများနှင့် အတူတကွ တရားအားထုတ်နေကြသူတို့သည် ပဋ္ဌာန်းဆက်ရိုကြလို့ဟု ဆိုရာ၌ ထိုသူ၊ ထိုပုဂ္ဂိုလ်တို့သည် ရှေ့ရှေ့အတိတ်ဘဝများက ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဝေယျာဝစ္စစသော ကောင်းမှုကုသိုလ်များကို အတူတကွ ပြုလုပ်ခဲ့ကြဖူးခြင်း။ အားထုတ်ခဲ့ကြဖူးခြင်းဟူသော အကြောင်းကြောင့် ယခု လူ့ဘဝ ဤရိပ်သာမှာ အတူတကွ ဝေယျာဝစ္စပြုကြရခြင်း။ အတူတကွ တရားအားထုတ်ကြရခြင်းဟူသော အကျိုးတရားတို့ကို ရရှိနေကြခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ရှေ့ရှေ့အတိတ်ဘဝများက ပြုခဲ့ကြသည့် အကြောင်းနှင့် ယခုဘဝ ဤရိပ်သာမှာ လာတွေ့ဆုံရခြင်းအကျိုးတို့ ဆက်စပ်၍ ဖြစ်နေခြင်းကို ပဋ္ဌာန်းဆက်ဟု ဆိုရပေသည်ဟူ၍ ရှင်းပြပေးခဲ့ရပါသည်။

ထို့နောက် ဒေါ်အေးအေးနွယ်က မေးလျှောက်ပြန်သည်မှာ - "ယခုလို သူတော်ကောင်းများနှင့် တွေ့ကြုံရခြင်း၊ တရားတော်များကို နာကြားရခြင်း၊ ဆရာတော် သံယာတော်တို့အား အနီးကပ် ပြုစုလုပ်ကျွေးရခြင်းဟူသော ကုသိုလ်တို့ကို အဘယ့်ကြောင့် ရရှိနိုင်ပါသလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ဖြေ။ အကြင်ပုဂ္ဂိုလ်တို့သည် (ပုဗ္ဗေစ ကတပုညတာ) ရှေ့အတိတ်ဘဝများက ကောင်းမှုကုသိုလ်ကံများ ရှိခဲ့ဖူးကြ၏။ ထိုပုဂ္ဂိုလ်တို့သည် ယခုဘဝမှာ မိကောင်း ဖကောင်း၊ ဆရာသမားကောင်း မိတ်ကောင်း ဆွေကောင်းများနှင့် တွေ့ကြရပေသည်၊ အတူတကွ နေထိုင်ကြရပေသည်။ သူတော်ကောင်းတရားတို့ကို နာကြားကြရပေသည်။ ဆရာတော် သံယာတော်တို့အား အနီးကပ် ပြုစုလုပ်ကျွေးခွင့် ရကြပေသည်။

ထို့ကြောင့် ဒေါ်အေးအေးနွယ်မှာလည်း ရှေ့ဘဝများက ကောင်းမှု ကုသိုလ်ကံများ ရှိခဲ့ဖူး၍ ယခုလို သူတော်ကောင်းများနှင့် တွေ့ရခြင်း၊ သူတော်ကောင်းတရားတို့ကို နာကြားရခြင်း၊ ဆရာတော် သံဃာတော်တို့အား အနီးကပ် ပြုစုလုပ်ကျွေးရခြင်းဟူသော ကုသိုလ်အထူးတို့ကို ရရှိနေခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် ဒေါ်အေးအေးနွယ်က မေးလျှောက်ပြန်သည်မှာ - "လွန်ခဲ့သော ၁၀-နှစ်ခန့်မှစ၍ တပည့်တော်မှာ ခြေထောက်တစ်ချောင်းကွေးလို့ မရအောင် ခွေတ်ယွင်းသွားသည့် ရောဂါဝေဒနာဆိုးတစ်ခုကို ခံစားခဲ့ရပါသည်။ ဤကဲ့သို့ ရောဂါဝေဒနာဆိုးမျိုးကို ကံနာ၊ ဝင့်နာလို့ ဆိုရပါသလား" ဟု မေးလျှောက်ပါသည်။

ဖြေ။ ။ ရောဂါဝေဒနာများ ဖြစ်ခြင်း၏ အကြောင်းများမှာ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်ဟူသော ဤအကြောင်း ၄-ပါးတို့ကြောင့် ရောဂါဝေဒနာများ ဖြစ်ကြရပေသည်။ မည်သည့် အကြောင်းကြောင့် ရောဂါဝေဒနာများ ဖြစ်ရစေကာမူ မိမိဘက်က ကုသိုလ်ဖြစ်အောင် နလုံးသွင်းနိုင်ဖို့ကတော့ အရေးအကြီးဆုံး ဖြစ်ပေသည်။ နောက်နောင်ဘဝများ၌ ဤကဲ့သို့ ရောဂါဝေဒနာဆိုးများ မဖြစ်လာရအောင် ကောင်းမှုကုသိုလ်များကို မိမိစွမ်းနိုင်သမျှ ပြုလုပ်နေခြင်းသည် အကောင်းဆုံးနေခြင်း ဖြစ်ပေသည်။ ကံနာ၊ ဝင့်နာတို့မှ လွတ်မြောက်ဖို့ရာ ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ရောဂါဝေဒနာဆိုးများကို ရရှိခံစားကြရာ၌ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ မည်သည့်ပုဂ္ဂိုလ်တို့၌မဆို ရောဂါဝေဒနာများ ရှိနေကြပေသည်၊ အနည်းနှင့် အများသာ ကွာခြားကြပေသည်။ မိမိမှာ ရောဂါဝေဒနာ မရှိဟု ပြောဆိုသော ပုဂ္ဂိုလ်သည် မသိ၍ ပြောဆိုခြင်းသာ ဖြစ်သည်ဟု မိန့်ကြားတော်မူပြီးလျှင် ရောဂါဝေဒနာဆိုးများကို ခံစားရသောအခါ "ကိုယ်သာ နာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင်ကျင့်" ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သတိပဋ္ဌာန် ၄-ပါးဖြင့် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ဉာဏ်စဉ်အဆင့်ဆင့်တက်၍ ရောဂါဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်သောအခါ ကိုယ်သာနာ၍၊ စိတ်မနာဖြစ်သည်ကို သိကြရပေသည်။

ဒေါ်အေးအေးနွယ်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူသည့် အတိုင်း ကိုယ်သာနာ၍၊ စိတ်မနာစေရအောင် အချိန်ရသမျှ သတိပဋ္ဌာန် ၄-ပါးဖြင့် ဝိပဿနာတရားကို အားထုတ်၍ နေရမည် ဖြစ်ပေသည်ဟု ဩဝါဒတရား ဟောကြားပေးခဲ့ရပါသည်။

ဆောင်ပုဒ်။ ။ ကိုယ်သာနာစေ၊ စိတ်မနာစေ၊ ကျင့်လေသတိပဋ္ဌာန်။

ဒေါ်အေးအေးနွယ်ကို ဖြေကြားပေးစဉ်က အကျဉ်းမျှကိုသာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သြဝါဒတောင်းလာ သီကောင်းစရာ

ယခုခေတ်အခါမှာ အသိဉာဏ်ပြည့်ဝ လိမ္မာမှုရှိကြသော သားငယ်သမီးငယ်တို့သည် မိမိတို့ ယုံကြည်အားကိုးလောက်သည့် ဆရာတော်သံဃာတော်များနှင့် တွေ့ကြုံ၍ ဖူးမြင်ရသောအခါ မိမိတို့တစ်သက်တာ လိုက်နာကျင့်ကြံရမည့် အဆုံးအမ သြဝါဒများ ပေးသနားပါရန် လျှောက်ထားလေ့ရှိကြပေသည်။ သြဝါဒတရား ရေးသားပေးပါရန် စာအုပ်ငယ်များ ဆက်ကပ်၍ သြဝါဒ တောင်းခံလေ့ရှိကြပေသည်။

၁၃၆၂-ခု၊ တပေါင်းလပြည့်၊ (၈-၃-၂၀၀၁) ကြာသပတေးနေ့၌ ဆရာတော် နေ့ဆွမ်းစားပြီးချိန်တွင် အဒေါ်ဖြစ်သူ ဒေါ်စုစုနှင့် တူမဖြစ်သူ အသက် ၂၀-ခန့်ရှိ မမြသီတာတို့ လာရောက်၍ ရှိခိုးကန်တော့ကြပါသည်။ ရှိခိုးကန်တော့ပြီးသောအခါ တူမဖြစ်သူ မမြသီတာက စာအုပ်ငယ်တစ်အုပ်နှင့် ဘောလ်ပင်ကို ဆရာတော်အား ဆက်ကပ်ပြီးလျှင် သြဝါဒတရား ရေးသားပေးပါရန် လျှောက်ထားပါသည်။

ထိုအခါ ငယ်ရွယ်သူ မမြသီတာနှင့် အသင့်လျော်ဆုံးဖြစ်မည့် သြဝါဒတရားကို ရေးသားပေးဖို့ရာ ဆင်ခြင်လိုက်သောအခါ သြဝါဒတရား ၂-ပါး ပေးဖို့ရာ စိတ်တွင် ထင်ရှားလာပေသည်။ ထိုသို့ ထင်ရှားလာသည့် သြဝါဒတရား ၂-ပါးကိုပင် မမြသီတာ၏ စာအုပ်ငယ်၌ ရေးသားပေးလိုက်ပါသည်။

ဩဝါဒတရား ၂-ပါးမှာ -

၁။ အကုသိုလ်မှန်သမျှ ဘယ်အခါမှ မပြုလုပ်ရ၊
ကုသိုလ်မှန်သမျှ အမြဲတမ်း ပြုလုပ်နိုင်ရမည်။

၂။ ကိုယ်သာနှာပါစေ၊ စိတ်မနှာပါစေနဲ့၊
စိတ်မနှာအောင် ကျင့်နိုင်ရမည်။

ဆောင်ပုဒ်။ ။ ကိုယ်သာနှာစေ၊ စိတ်မနှာစေ၊ ကျင့်လေသတိပဋ္ဌာန်။

ဤဩဝါဒတရား ၂-ပါးကို ရေးသားပေးလိုက်ပါသည်။ အဒေါ်ဖြစ်သူ ဒေါ်စုစုနင့် တူမဖြစ်သူ မမြသီတာတို့သည် အလွန်နှစ်သက် သဘောကျသော အမှုအရာများဖြင့် ရှိခိုးဦးချကာ ပြန်သွားကြပေသည်။

ထို့နောက် ၁၃၆၂-ခု၊ တပေါင်းလပြည့်ကျော် ၁-ရက်၊ (၉-၃-၂၀၀၁) သောကြာနေ့၌ ဆရာတော် အရှင်ဆွမ်းစားပြီးချိန်တွင် မိခင် ဒေါ်ညိုညိုလွင်နှင့် သမီးကြီး မမိုးပွင့်ဖြူ။ သမီးငယ် မစိမ်းလဲ့လဲ့နွယ်တို့သည် သဒ္ဓမ္မရံသီ ရိပ်သာ၌ တရား ၁၀-ရက်ဝင်ကြပြီး၍ နက်ဖြန်ခါ ရိပ်သာမှ ထွက်ကြတော့မည့်အကြောင်း လာရောက်၍ လျှောက်ထားကာ ကန်တော့ကြပါသည်။

ကန်တော့ပြီးသောအခါ အသက် ၁၂-နှစ်ခန့်ရှိ မစိမ်းလဲ့လဲ့နွယ်က စာအုပ်ငယ်လေးနှင့် ဘောလ်ပင်ကို ဆရာတော်အား ဆက်ကပ်ပြီး ဩဝါဒတရား ရေးသားပေးပါရန် လျှောက်ထားပါသည်။

ထိုသို့ လျှောက်ထားသောအခါ ၁၃၆၂-ခု၊ တပေါင်းလပြည့်နေ့က မမြသီတာအား ရေးသားပေးလိုက်သည့် ဩဝါဒတရား ၂-ပါးကိုပင် မစိမ်းလဲ့လဲ့နွယ်၏ စာအုပ်ငယ်၌ ရေးပေးလိုက်ပါသည်။

ဩဝါဒတရား ၂-ပါးမှာ -

၁။ အကုသိုလ်မှန်သမျှ ဘယ်အခါမှ မပြုလုပ်ရ၊
ကုသိုလ်မှန်သမျှ အမြဲတမ်း ပြုလုပ်နိုင်ရမည်။

၂။ ကိုယ်သာနှာပါစေ၊ စိတ်မနှာပါစေနဲ့၊
စိတ်မနှာအောင် ကျင့်နိုင်ရမည်။

ဆောင်ပုဒ်။ ။ ကိုယ်သာနှာစေ၊ စိတ်မနှာစေ၊ ကျင့်လေသတိပဋ္ဌာန်။

ဤသြဝါဒတရား ၂-ပါးကို မစိမ်းလဲ့လဲ့နွယ်၏ အစ်မဖြစ်သူ မမိုးပွင့်ဖြူ ကိုလည်း ရေးပေးလိုက်ရပါသည်။ ဒေါ်ညိုညိုလွင်နှင့် သမီးနှစ်ယောက်တို့သည် အလွန်နှစ်သက် သဘောကျသည့် အမှုအရာများဖြင့် ရှိခိုးကန်တော့ကာ ပြန်သွားကြပေသည်။

အကုသိုလ်၌ အကျယ်သိဖွယ်

၁။ အကုသိုလ်မှန်သမျှ ဘယ်အခါမှ မပြုလုပ်ရဟု ဆိုရာ၌ -

အကုသိုလ်တရားတို့သည် ပြုနေဆဲခဏာ၌လည်း လောကအပြစ်တွေ ရှိနေကြပေသည်။ ပြုပြီးသည့်နောက်ကာလ သံသရာဘဝများ၌လည်း မကောင်းကျိုး ဒုက္ခအမျိုးမျိုးတို့ကို လိုက်၍ပေးတတ်ကြပေသည်။ ထို့ကြောင့် အကုသိုလ်မှန်သမျှ ဘယ်အခါမှ မပြုလုပ်ရဟူသော သြဝါဒကို ပေးရခြင်းဖြစ်ပေသည်။

ဥပမာ - **ပါဏာတိပါတ** = သူ့အသက်ကို သတ်သောသူတို့သည် သေးငယ်သော သတ္တဝါလေးများကို သတ်လျှင်တော့ လောက၌ အပြစ်ရှိတာ မထင်ရှားသော်လည်း လူဖြစ်သူ တစ်ဦးကို သတ်လျှင်တော့ ချက်ချင်းပင် လောကဥပဒေအရ အပြစ်ရှိနေပေသည်။

အဒိန္နာဒါန = အနည်းငယ်သော သူတစ်ပါးပစ္စည်းကို ခိုးယူသော သူတို့သည် အပြစ်ရှိတာ မထင်ရှားပါသော်လည်း သိန်း,သန်းများစွာကို ခိုးယူလျှင်တော့ ချက်ချင်းပင် လောကဥပဒေအရ အပြစ်ရှိနေပေသည်။ ထို့အတူ **ကာမေသုမိစ္ဆာစာရ** = သူ့သား မယားကို ဖျက်ဆီးကျူးလွန်သော သူတို့သည် လောကဥပဒေအရ ချက်ချင်းပင် အပြစ်ရှိနေပေသည်။ **မုသာဝါဒ** = သူတစ်ပါးတို့ အကျိုးစီးပွား ပျက်ပြားလောက်အောင်

လိမ်ပြောသောသူတို့သည် လောကဥပဒေအရ ချက်ချင်းပင် အပြစ်ရှိနေပေသည်။

သုရာမေရယ = ၅-ပါးသီလသိက္ခာပုဒ်တွေကို ကျူးလွန်နိုင်လောက်အောင် အရက်သေစာ သောက်စားမူးယစ်၍ ရမ်းကားနေခဲ့သော် လောကဥပဒေအရ ချက်ချင်းပင် အပြစ်ရှိနေပေသည်။ ထို့ကြောင့် အကုသိုလ်တရားတို့သည် ပြုနေဆဲခဏာ၌လည်း အပြစ်ရှိနေသည်ဟု ဆိုရပေသည်။

ဆောင်ပုဒ်။ ။ အကုသိုလ်ဟာ၊ ပြုဆဲမှာ၊ မုန်စွာပြစ်ရှိသည်။

အကုသိုလ်တရားတို့သည် ပြုပြီးသည့်နောက်ကာလ၌လည်း အပါယ်ငရဲသို့ ကျရောက်စေပြီးသည့်အပြင် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ မကောင်းသည့် ဆိုးသည့် ဒုက္ခအမျိုးမျိုးတို့ကို ဖြစ်စေသည်။

သူ့အသက်ကိုသတ်ခြင်း = **ပါဏာတိပါတ** အကုသိုလ်ကို ပြုလုပ်သောသူတို့သည် အပါယ်ငရဲသို့ ကျရောက်ပြီးသည့်အပြင် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ သူတစ်ပါးတို့၏ သတ်ဖြတ်ခြင်းကို ခံရခြင်း၊ အနာရောဂါများခြင်း၊ အခြံအရံများ ပျက်စီးခြင်း၊ အသက်တိုခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းနေခြင်း၊ မသန်မစွမ်းဖြစ်နေရခြင်းစသော မကောင်းသည့် ဆိုးသည့် အကျိုး ဒုက္ခအမျိုးမျိုးတို့ကို ခံကြရပေသည်။

သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း = **အဒိန္နာဒါန** အကုသိုလ်ကို ပြုလုပ်သောသူတို့သည် အပါယ်ငရဲသို့ ကျရောက်ပြီးသည့်အပြင် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာများ ရှားပါး၍ ဆင်းရဲနွမ်းပါးနေရခြင်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းများ ဖြစ်နေရခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် တွေ့ကြုံရခြင်း၊ ကိုယ်အလိုရှိအပ်သော အရာဝတ္ထုများ မရရှိနိုင်ခြင်း၊ စီးပွားဥစ္စာများ ပျက်စီးခြင်းစသော မကောင်းသည့် ဆိုးသည့် အကျိုး ဒုက္ခအမျိုးမျိုးတို့ကို ခံကြရပေသည်။

သူ့သား မယားကို ဖျက်ဆီးကျူးလွန်ခြင်း = **ကာမေသုမိစ္ဆာစာရ** အကုသိုလ်ကို ပြုလုပ်သောသူတို့သည် အပါယ်ဝရဲသို့ ကျရောက်ပြီးသည့် အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ သူတစ်ပါးတို့၏ မုန်းတီးမှုကိုခံရခြင်း၊ ရန်သူရန်ဘက်တွေများခြင်း၊ ပစ္စည်းလာဘ်လာဘများ ခေါင်းပါးခြင်း၊ မိန်းမယုတ်ဖြစ်ရခြင်း၊ မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍာဂျက်ဖြစ်ရခြင်း၊ ယုတ်ညံ့သောအမျိုးတို့၌ အကြိမ်ကြိမ်ဖြစ်ရခြင်း၊ အရက်ကွဲအကျိုးနည်းများ ဖြစ်ရခြင်းစသော မကောင်းသည့် ဆိုးသည့် အကျိုး ဒုက္ခအမျိုးမျိုးတို့ကို ခံကြရပေသည်။

သူတစ်ပါးတို့ အကျိုးစီးပွားပျက်အောင် လိမ်ပြောခြင်း = **မုသာဝါဒ** အကုသိုလ်ကို ပြုလုပ်သောသူတို့သည် အပါယ်ဝရဲသို့ ကျရောက်ပြီးသည့် အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ဆွံ့အ-ကာ စကားမပီသဘဲ ဖြစ်နေတတ်ကြပေသည်။ ပါးစပ်ခံတွင်းနံ့ ပုပ်နေတတ်ကြပေသည်။ မျက်စိ၊ နားရွက်၊ နှာခေါင်းတို့ အချိုးမကျ ပုံမလှဘဲ ဖြစ်နေတတ်ကြပေသည်။ ကောင်းတာပြောသော်လည်း မကောင်းတာတွေ ပြောနေတယ်၊ မှန်တာ ပြောသော်လည်း မမှန်တာတွေ ပြောနေတယ်ဟု သူတစ်ပါးတို့ မိမိစကားကို မယုံကြည်ခြင်းစသော မကောင်းသည့် ဆိုးသည့် အကျိုး ဒုက္ခအမျိုးမျိုးတို့ကို ခံကြရပေသည်။

အရက်သေစာကို သောက်စားခြင်း = **သုရာမေရယ** အကုသိုလ်ကို ပြုလုပ်သောပုဂ္ဂိုလ်တို့သည် အပါယ်ဝရဲသို့ ကျရောက်ပြီးသည့်အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ရူးသွပ်နေတတ်ကြပေသည်၊ သတိမေ့တတ်ကြပေသည်၊ အသိအလိမ္မာ ဉာဏ်ပညာ ကင်းမဲ့နေတတ်ကြပေသည်၊ အရာရာမှာ ပျင်းရိနေတတ်ကြပေသည်၊ အရက်အကြောက်များလည်း ကင်းမဲ့နေတတ်ကြပေသည်၊ ရုန့်ရင်းကြမ်းတမ်းသည့်စကားကို ပြောဆိုတတ်ခြင်း စသော မကောင်းသည့် ဆိုးသည့် အကျိုး ဒုက္ခအမျိုးမျိုးတို့ကို ခံကြရပေသည်။

ဤကဲ့သို့ အကုသိုလ်တရားတို့သည် ပြုပြီးသည့်နောက်ကာလ၌ လည်း မကောင်းကျိုး ဆိုးကျိုး ဒုက္ခအမျိုးမျိုးတို့ကို ပေးတတ်ကြပေသည်။

ဆောင်ပုဒ်။ ။ ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။

ထို့ကြောင့် အကုသိုလ်မှန်သမျှ ဘယ်အခါမှ မပြုလုပ်ရဟု သြဝါဒ ပေးရခြင်း ဖြစ်ပေသည်။

ကုသိုလ်မှန်သမျှ အမြဲတမ်း ပြုလုပ်ရမည်ဟု ဆိုရာ၌ - ကုသိုလ်တရားတို့သည် ပြုလုပ်နေဆဲခဏာ၌လည်း ဘာအပြစ်မှ မရှိကြပေ၊ ပြုလုပ်ပြီးသည့်နောက်ကာလ သံသရာဘဝတို့၌လည်း နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို လိုက်၍ပေးကြပေသည်။ ထို့ကြောင့် ကုသိုလ်မှန်သမျှ အမြဲတမ်း ပြုလုပ်နိုင်ရမည်ဟု သြဝါဒပေးရခြင်း ဖြစ်ပေသည်။

ကုသိုလ်၌ အကျယ်သီဖွယ်

ပုညကြိယဝတ္ထုကုသိုလ် ၁၀-ပါးတို့တွင် ပေးလှူခြင်း ဒါနကုသိုလ်ကို ပြုလုပ်ကြသော ပုဂ္ဂိုလ်တို့သည် ပြုနေဆဲခဏာ၌လည်း ဘာအပြစ်မှ မရှိကြပေ၊ ပေးလှူပြီးသည့်နောက်ကာလ သံသရာဘဝတို့၌လည်း ဒါနကုသိုလ်တရားတို့သည် နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်းစသော ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို လိုက်၍ပေးကြပေသည်။

ကိုယ် နှုတ်တို့ကို စောင့်ထိန်းခြင်း သီလကုသိုလ်ကို ပြုလုပ်ကြသော ပုဂ္ဂိုလ်တို့သည် စောင့်ထိန်းနေဆဲခဏာ၌လည်း ဘာအပြစ်မှ မရှိကြပေ၊ စောင့်ထိန်းပြီးသည့်နောက်ကာလ သံသရာဘဝတို့၌လည်း သီလကုသိုလ်တို့သည် ပစ္စည်းဥစ္စာရလွယ်ခြင်း၊ ကောင်းသော ဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း၊ ပရိသတ်လေးပါးသို့ ဝမ်းမြောက်ဝမ်းသာဖြင့် ဝင်ရခြင်း၊ မတွေ့မဝေ သေရခြင်း၊ သေပြီးသည့်နောက်ကာလ၌ နတ်ပြည်သို့ ရောက်ရ

ခြင်း စသော ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကိုသာ လိုက်၍ ပေးကြ ပေသည်။

စိတ်ကို စင်ကြယ်အောင်ပြုလုပ်ခြင်း ဘာဝနာကုသိုလ်ကို ပြုလုပ်ကြသော ပုဂ္ဂိုလ်တို့သည် ပွားများအားထုတ်နေဆဲခဏာ၌လည်း ဘာအပြစ်မှ မရှိကြပေ၊ ပွားများပြုလုပ်ပြီးသည့်နောက်ကာလ၌လည်း ဘာဝနာကုသိုလ်တို့သည် နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို လိုက်၍ပေးကြပေသည်။

ဆောင်ပုဒ်။ ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ကင်းသည်။
ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။

၂။ ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင် ကျင့်နိုင်ရမည်ဟု ဆိုရာ၌ - သတိပဋ္ဌာန်တရားလေးပါးဖြင့် ဝိပဿနာတရား အားထုတ်၍ အပျက်ကိုမြင်သော ဘင်ဘုရားသို့ ရောက်သွားသော အခါ ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာများကို ရှုမှတ်လိုက်သည် ရှိသော် ယူပစ် ယူပစ်လိုက်သလို တစ်ချက်မှတ်တစ်ချက် ကုန်ပျက်ကုန်ပျက်သွားသည်များကို တွေ့သိကြရသောကြောင့် ကိုယ်ကသာ နာပါသော်လည်း စိတ်ကတော့ မဆင်းရဲ မနာကြတော့ဘဲ ဖြစ်ကြရပေသည်။

ဤကဲ့သို့ ကိုယ်သာနာ၍ စိတ်မနာရအောင် သတိပဋ္ဌာန်လေးပါးဖြင့် ဝိပဿနာတရား အားထုတ်ကြရမည်ဟု သြဝါဒပေးရခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကိုယ်သာနာစေ၊ စိတ်မနာစေ၊ ကျင့်လေသတိပဋ္ဌာန်။

မမြသီတာနှင့် မစိမ်းလဲ့လဲ့နွယ်တို့ကို သြဝါဒတရား ရေးသားပေးစဉ်က အကျဉ်းမျှကိုသာ ရေးသားပေးနိုင်ခဲ့ပါသည်။ တရားဆောင်းပါး ဖတ်ရှုသူများ ရှင်းလင်းစွာ သိနိုင်ကြစေရန်အတွက် အကျယ်ရေးသား ဖော်ပြလိုက်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကံပြုလုပ်သည့်ကိစ္စ ၄-မြာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့ပြုအပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ အစစ်ဖြစ်သည်၊ ကံ၏အမွေကို ခံယူကြရပေသည်၊ ချမ်းသာမှု ဆင်းရဲမှုများသည် ကံကြောင့်သာ ဖြစ်ရပေသည်၊ ကံသာလျှင် နိဗ္ဗာန် ရောက်သည့် ဘဝတိုင်အောင် ဆွေမျိုးအစစ် ဖြစ်ကြပေသည်။ မိမိတို့၏ ကိုးကွယ်ရာအစစ်သည် ကံသာလျှင်ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကံနှင့် ကံ၏အကျိုးပေးတို့ကို ယုံကြည် အားကိုးလျက် ရှိကြပေသည်။ ဤကဲ့သို့ မိမိတို့ ယုံကြည်အားကိုးကြသော ကံတို့သည် ပြုလုပ်သည့် ကိစ္စအားဖြင့် ၄-မျိုးကွဲပြားလျက် ရှိပေသည်။

၁။ ဇနကကံ = ဝိပါက်နာမကွန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေ သောကံ၊

၂။ ဥပတ္ထမ္ဘကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ထောက်ပံ့သောကံ၊

၃။ ဥပပီဠကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ကပ်၍ နှိပ်စက်တတ်သောကံ၊

၄။ ဥပဃာတကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ကပ်၍ သတ်ဖြတ်တတ်သောကံဟူ၍ ပြုလုပ်တတ်သည့် ကိစ္စ

အားဖြင့် ၄-မျိုးကွဲပြားလျက် ရှိပေသည်။ ထိုက် ၄-မျိုးတို့၌ ကုသိုလ်ကံနှင့် အကုသိုလ်ကံ ၂-မျိုးလုံး ပါဝင်လျက် ရှိနေကြပေသည်။

အကျယ်သိဖွယ်

၁။ ဇနကကံ = ဝိပါက်နာမကွန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သော ကံဟူသည် ကုသိုလ် ဇနကကံနှင့် အကုသိုလ် ဇနကကံဟူ၍ ၂-မျိုးပင် ရှိပေသည်။ ထို ၂-မျိုးတို့တွင် ကုသိုလ် ဇနကကံသည် လူပြည် နတ်ပြည် ဗြဟ္မာပြည်တို့၌ ပဋိသန္ဓေအခါမှာဖြစ်စေ၊ ကြီးပြင်းလာသည့် ပဝတ္တိအခါမှာဖြစ်စေ ကောင်းသည့် ဝိပါက်နာမကွန္ဓာနှင့် ကောင်းသည့် ကမ္မဇရုပ်တို့ကို ဖြစ်စေသည်။

အကုသိုလ် ဇနကကံသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်လေးဘုံတို့၌ ပဋိသန္ဓေအခါမှာဖြစ်စေ၊ ကြီးပြင်းလာသည့် ပဝတ္တိအခါမှာဖြစ်စေ မကောင်းသည့်၊ ဆိုးသည့် ဝိပါက်နာမကွန္ဓာနှင့် မကောင်းသည့်၊ ဆိုးသည့် ကမ္မဇရုပ်တို့ကို ဖြစ်စေသည်။ ဤကဲ့သို့ ဖြစ်စေသောကံသည် ဇနကကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကောင်း,ဆိုးနှစ်တွေ၊ နာမ်,ရူပ်တွေ၊ ဖြစ်စေနိုင်။

၂။ ဥပတ္ထမ္ဘကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ထောက်ပံ့သောကံဟူသည် ကုသိုလ်ဥပတ္ထမ္ဘကကံနှင့် အကုသိုလ်ဥပတ္ထမ္ဘကကံဟူ၍ ၂-မျိုးပင်ရှိပေသည်။ ထို ၂-မျိုးတို့တွင် အကြင် ဥပတ္ထမ္ဘကကံသည် လူပြည် နတ်ပြည် ဗြဟ္မာပြည်ဟူသော သုဂတိဘဝတို့၌ဖြစ်သောအခါ ကုသိုလ် ဥပတ္ထမ္ဘကကံ ဖြစ်ပေသည်။ ထိုကုသိုလ် ဥပတ္ထမ္ဘကကံသည် လူပြည် နတ်ပြည် ဗြဟ္မာပြည်တို့၌ဖြစ်သော ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံတစ်ပါး၏ အကျိုးပေးများကို အကျိုးပေးခွင့် အမြန်ရအောင်၊ အကျိုးပေးထက်သန်လာရအောင်၊ အရည်တည်တံ့အောင် ထောက်ပံ့ပေးပေသည်။

အကြင် ဥပတ္ထမ္ဘကကံသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဟူသော ဒုဂ္ဂတိအပါယ်ဘုံဘဝတို့၌ ဖြစ်သောအခါ အကုသိုလ် ဥပတ္ထမ္ဘက ကံ ဖြစ်ပေသည်။ ထိုအကုသိုလ် ဥပတ္ထမ္ဘကကံသည် အပါယ်ဘုံဘဝ၌ ဖြစ်သော အကုသိုလ်ကံတစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ အကျိုးပေးများကို အကျိုးပေးခွင့် အမြန်ရအောင်၊ အကျိုးပေးထက်သန်လာရအောင်၊ အရှည် တည်တံ့နေရအောင် ထောက်ပံ့ပေးပေသည်။ ဤကဲ့သို့ ထောက်ပံ့ပေးသော ကံသည် ဥပတ္ထမ္ဘကကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ခွင့်ပေးထက်သန်၊ ရှည်တည်ရန်၊ ထောက်ခံထမ္ဘက။

၃။ ဥပပီဠကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ကပ်၍ နှိပ်စက်တတ်သောကံဟူသည် ကုသိုလ်ဥပပီဠကကံနှင့် အကုသိုလ် ဥပပီဠကကံဟူ၍ ၂-မျိုးပင်ရှိပေသည်။ ထို၂-မျိုးတို့တွင် အကြင်ဥပပီဠက ကံသည် လူပြည် နတ်ပြည်ဟူသော သုဂတိဘုံဘဝတို့၌ ဖြစ်သောအခါ အကုသိုလ် ဥပပီဠကကံ ဖြစ်ပေသည်။ ထိုအကုသိုလ် ဥပပီဠကကံသည် ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံ၏ အကျိုးပေးများကို ဆုတ်ယုတ်သွား ရအောင်၊ ညှိုးနွမ်းသွားရအောင် ကပ်၍ နှိပ်စက်တတ်၏။ ဤကဲ့သို့ အကုသိုလ် ဥပပီဠကကံသည် ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ နှိပ်စက်တတ်၏။

အကြင် ဥပပီဠကကံသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဟူသော အပါယ်ဘုံဘဝတို့၌ ဖြစ်သောအခါ ကုသိုလ် ဥပပီဠကကံ ဖြစ်ပေသည်။ ထိုကုသိုလ် ဥပပီဠကကံသည် အကုသိုလ်ကံတစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ အကျိုးပေးများကို ဆုတ်ယုတ်သွားရအောင်၊ ညှိုးနွမ်း သွားရအောင် ကပ်၍ နှိပ်စက်တတ်၏။ ဤကဲ့သို့ ကုသိုလ် ဥပပီဠကကံ သည် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ နှိပ်စက်တတ်၏။

ဆောင်ပုဒ်။ ။ နှိပ်စက်သမျှ၊ ညှိုးနွမ်းပြု၊ ဥပပီဠကာ။

၄။ ဥပယာတကက် = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ကပ်၍ သတ်ဖြတ်တတ်သောကံဟူသည် ကုသိုလ် ဥပယာတကက်နှင့် အကုသိုလ် ဥပယာတကက်ဟူ၍ ၂-မျိုးရှိပေသည်။ ထို၂-မျိုးတို့တွင် အကြင် ဥပယာတကက်သည် လူပြည် နတ်ပြည်ဟူသော သုဂတိဘုံဘဝတို့၌ ဖြစ်သောအခါ အကုသိုလ် ဥပယာတကက် ဖြစ်ပေသည်။ ထိုအကုသိုလ် ဥပယာတကက်သည် ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံ၏ အကျိုးပေးများကို သတ်ဖြတ်တတ်၏။ အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်းစသော ကောင်းကျိုးများကို အသက်တိုသွားရအောင်၊ ပစ္စည်းဥစ္စာများ ပျက်စီးသွားရအောင် သတ်ဖြတ်၏။ ဤကဲ့သို့ အကုသိုလ် ဥပယာတကကံသည် ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ သတ်ဖြတ်တတ်၏။

အကြင် ဥပယာတကက်သည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်ဘုံဘဝတို့၌ ဖြစ်သောအခါ ကုသိုလ် ဥပယာတကက် ဖြစ်ပေသည်။ ထိုကုသိုလ် ဥပယာတကက်သည် အကုသိုလ်ကံတစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ မကောင်းသည့် အကျိုးပေးများကို ကပ်၍ သတ်ဖြတ်တတ်၏။ မကောင်းသည့် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးများဖြစ်သည့် ငရဲဆင်းရဲမှု အမြန် လွတ်မြောက်သွားရအောင်၊ ဆင်းရဲဒုက္ခများကြသည့် တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသုရကာယ်ဘဝတို့မှ အမြန် လွတ်မြောက်သွားရအောင် ကုသိုလ် ဥပယာတကက်က သတ်ဖြတ်လိုက်ပေသည်။ ဤကဲ့သို့ ကုသိုလ် ဥပယာတကက်သည် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ သတ်ဖြတ်တတ်၏။

ဆောင်ပုဒ်။ ။ သတ်ဖြတ်သမှု၊ အတင်းပြု၊ ဥပယာတကာ။

သေခါနီး မရဏာသန္နအခါမှာတော့ လူပြည် သုဂတိဘဝ၌ဖြစ်သည့် မကောင်းသော အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကုသိုလ် ဥပယာတကက်က ပယ်သတ်တာ ထင်ရှားလျက်ရှိပေသည်။

 ်ုိ

တစ်ချိန်သောအခါ သောဏတောင်ခြေမှာ သောဏအမည်ရှိသော ဓမ္မကထိကမထေရ်တစ်ပါး သီတင်းသုံး နေထိုင်လျက်ရှိပေသည်။ ထိုသောဏမထေရ်၏ ဖခင်ကြီးသည် ခွေးမုဆိုးအလုပ်ဖြင့် အသက်မွေးသူ ဖြစ်ပေသည်။ သောဏမထေရ်က မုဆိုးအလုပ်ကို မလုပ်ပါရန် အကြိမ်ကြိမ် တားမြစ်ပါသော်လည်း တားမြစ်လို့ မရခဲ့ပေ၊ ထို့နောက် အိုမင်းမစွမ်း ဖြစ်လာသောအခါ ဖခင်မုဆိုးကြီးကို သောဏမထေရ်က ရဟန်းပြုပေးလိုက်၏။

မုဆိုးရဟန်းကြီး၌ ပျံ့လွန်တော်မူမည့် ရောဂါဝေဒနာ ဖြစ်လာ၏။ ထိုအခါ လဲလျောင်း၍ အိပ်နေစဉ်မှာ ခွေးကြီးတွေ လာရောက်ပြီး ကိုက်စားတော့မည့် ငရဲနိမိတ် ထင်လာ၏။ မုဆိုးရဟန်းကြီးသည် "ခွေးကြီးတွေကို မောင်းထုတ် တားမြစ်ကြလော့"ဟု ကြောက်လန့်သောအသံဖြင့် ပြောလေ၏။ ထိုအခါ သောဏမထေရ်သည် ဖခင် မုဆိုး ရဟန်းကြီး ငရဲကျရတော့မည့်ဘေးကို ကာကွယ်ပေးလိုရှိ၍ စေတီရင်ပြင်တော်၌ ပန်းတွေ ပူဇော်လျှုဒါန်းကာ ဖခင် မုဆိုးရဟန်းကြီးကို ရှိခိုးပူဇော်စေ၏။ ထို့နောက် မကြာမီ မှာပင် နတ်သမီးနိမိတ်တွေ ထင်လာ၍ "သောဏတို့ ဖယ်ကြ ဖယ်ကြ၊ သင်တို့ မိခင်တွေ လာကြသည်"ဟု ပြောဆိုကာ ပျံ့လွန်တော်မူသွားပြီး နတ်ပြည်သို့ ရောက်သွားလေ၏။

ဤသာဓကာ၌ မုဆိုးလုပ်ခဲ့စဉ်က အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးမှုကို ပျံ့လွန်တော်မူခါနီးမှာ ပန်းလှူဒါန်းသည့် ကုသိုလ် ဥပယာတကံက ပယ်သတ်၍ နတ်ပြည်အကျိုးကို ပေးလိုက်ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးမှုကို ကုသိုလ် ဥပယာတကံက ပယ်သတ်နိုင်သည်မှာ ဤသာဓကဖြင့် ထင်ရှားလှပေသည်။

ဤကဲ့သို့ သေခါနီး မရဏာသန္နအခါမှာ ပြုပေးသည့် ကုသိုလ်ကံက မကောင်းသည့် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို

ပယ်ဖြတ်နိုင်၊ ပယ်သတ်နိုင်သည်ကို သိကြရသောကြောင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် တော်စပ်ကြသည့် မိဘ ဆွေမျိုးစသည်တို့ ကွယ်လွန်ခါနီးမှာ သက်နှီးစသော လူ့ဖွယ်ပစ္စည်းများကို လူ့ဒါန်းပေး၍ သာဓုခေါ်စေကြသည်မှာ ကောင်းမြတ်သော အစဉ်အလာတစ်ခုပင် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကုသိုလ်ကံ ၄-မျိုး အကျိုးပေးထူးပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကုသိုလ်ကံများကိုတော့ ကင်းနိုင်သမျှ ကင်းအောင် ကျင့်ကြံ၍ နေထိုင်လျက် ရှိကြပေသည်၊ ကုသိုလ်ကံများကိုတော့ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ပြုလုပ်၍ နေထိုင်လျက် ရှိကြပေသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်ကြသော ဒါနစသော ကုသိုလ်ကံသည် ၄-မျိုးကွဲပြားလျက် ရှိပေသည်။ အကျိုးပေးပုံအားဖြင့်လည်း ထူးခြားလျက် ရှိကြပေသည်။ အထူးသဖြင့် ဒါနကုသိုလ်ပြုသောအခါကံ ၄-မျိုး ကွဲပြားပုံမှာ ထင်ရှားလျက် ရှိပေသည်။

ဒါနကုသိုလ်ပြုရာ၌ ဖြစ်လာသော ကုသိုလ်ကံတို့သည် -

၁။ တိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ၊

၂။ တိဟိတ် သြမကကုသိုလ်ကံ၊

၃။ ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ၊

၄။ ဒွိဟိတ်သြမကကုသိုလ်ကံဟူ၍ ၄-မျိုးကွဲပြားလျက်ရှိပေသည်။

ဤကုသိုလ်ကံ ၄-မျိုးကို ပြဆိုရာ၌ ဟိတ်ဆိုသည်မှာ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော မလိုချင် မတပ်မက်တတ်သည့် အလောဘဟိတ်၊ အမျက်မထွက်တတ် မပြစ်မှားတတ်သည့် အဒေါသဟိတ်၊ အမှားကို ပယ်၍ အမှန်ကိုသိတတ်သည့် အမောဟဟိတ်ဟူ၍ ၃-ပါးဖြစ်ပေသည်။

ဥက္ကဋ္ဌဆိုသည်မှာ မြင့်မြတ်သည့် ကံအမှုဖြစ်ပေသည်၊ သြမကဆိုသည်မှာ ယုတ်ညံ့သည့် ကံအမှုဖြစ်ပေသည်။

တိဟိတ်ကံဖြစ်ပုံ

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဟု ဆိုရာ၌ တိဟိတ်ကံဖြစ်ပုံမှာ အကြင် ဒါနကုသိုလ်ကိုပြုရာတွင် လှူဖွယ်ပစ္စည်းတို့၌ စွဲလမ်းတပ်မက်ခြင်း မရှိသည့် အလောဘဟိတ်လည်း ပါဝင်၏။ အလှူခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့် (မေတ္တာ) အဒေါသဟိတ်လည်း ပါဝင်၏။ ကံနှင့် ကံ၏အကျိုးတို့ကို ဆင်ခြင်၍ သိတတ်သည့် ဉာဏ်ပညာ အမောဟဟိတ်လည်း ပါဝင်၍ပြု၏။ ထိုဒါနကုသိုလ်ကံသည် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ၃-ပါးလုံး ပါဝင်သောကြောင့် တိဟိတ်ကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကြောင်းဟိတ်သုံးဖြာ၊ ပြည့်စုံတာ၊ မှန်စွာတိဟိတ်မည်။

ဥက္ကဋ္ဌကံဖြစ်ပုံ

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဟု ဆိုရာ၌ ဥက္ကဋ္ဌကံဖြစ်ပုံမှာ အကြင် ဒါနကုသိုလ်ပြုရာတွင် မလှူမီ ရှေ့ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုလုပ်ရ၏။ လှူပြီးသည့် နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက် ပြုလုပ်ရ၏။ ထိုဒါနကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ ကုသိုလ်စိတ်များ ခြံရံသောကြောင့် မြင့်မြတ်သည့် ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ရံ၊ မြတ်ပြန်ဥက္ကဋ္ဌ။

တိဟိတ်သြမကကံဖြစ်ပုံ

၂။ တိဟိတ်သြမကကုသိုလ်ကံဟု ဆိုရာ၌ တိဟိတ်သြမကကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် ရှေ့နည်းတူ ဒါနကုသိုလ်ပြုရာ၌

ဟိတ် ၃-ပါး ပါဝင်သောကြောင့် တိဟိတ်ကုသိုလ်ကံတော့ဖြစ်၏။ သို့သော် မလျှမီ ရှေးကာလ၌လည်း စိတ်အနောင့်အယှက်များဖြစ်ကာ အကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုရ၏။ လျှပြီးသည့် နောက်ကာလ၌လည်း စိတ်အနောင့်အယှက်များဖြစ်ကာ အကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုရ၏။ ထိုဒါန ကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ အကုသိုလ်စိတ်များ ခြံရံသောကြောင့် တိဟိတ်ပင်ဖြစ်ပါသော်လည်း ယုတ်ညံ့သည့် သြမကကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ အကုရံ၊ ယုတ်ပြန်သြမက။

ဒွိဟိတ်ကံဖြစ်ပုံ

၃။ ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံဟု ဆိုရာ၌ ဒွိဟိတ်ကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် လှူဖွယ်ပစ္စည်း၌ မစွဲလမ်း မတပ်မက်သည့် အလောဘဟိတ်လည်း ပါဝင်၏။ အလှူခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့် (မေတ္တာ) အဒေါသဟိတ်လည်း ပါဝင်၏။ ကံနှင့်ကံ၏ အကျိုးပေးတို့ကို ဆင်ခြင်၍ သိတတ်သည့် အမောဟဟိတ် ဉာဏ်ပညာတော့ မပါဝင်၊ ဉာဏ်နှင့် မယှဉ်ဘဲပြု၏။ ထိုဒါနကုသိုလ်ကံသည် အလောဘဟိတ်၊ အဒေါသဟိတ် ၂-ပါးသာ ပါဝင်၍ အမောဟဟိတ် မပါဝင်သောကြောင့် ဒွိဟိတ်ကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဉာဏ်မယှဉ်ပြန်၊ ကုသိုလ်ကံ၊ အမှန်ဒွိဟိတ်မည်။

ဒွိဟိတ်ဉက္ကဋ္ဌကံဖြစ်ပုံ

၄။ ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံဟု ဆိုရာ၌ ဉက္ကဋ္ဌကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် ဉာဏ်နှင့်မယှဉ်ပါဘဲ အလောဘဟိတ်နှင့် အဒေါသဟိတ် ၂-ပါးသာ ပါဝင်၍ ဒွိဟိတ်ပင် ဖြစ်ပါသော်လည်း မလျှမီ ရှေးကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက် ပြုရ၏။ လျှပြီးသည့် နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာ

ဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက် ပြုရ၏။ ထိုဒါနကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ ကုသိုလ်စိတ်များ ခြံရံသောကြောင့် ဒွိဟိတ်ဥက္ကဋ္ဌကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ရံ၊ မြတ်ပြန်ဥက္ကဋ္ဌ။

ဒွိဟိတ်သြမကကံဖြစ်ပုံ

ဒွိဟိတ်သြမကကုသိုလ်ကံဟု ဆိုရာ၌ ဒွိဟိတ်သြမကကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကို ပြုလုပ်ရာတွင် ရှေးညီးတူစွာ လှူဖွယ်ပစ္စည်းတို့၌ မစွဲလမ်း မတပ်မက်တတ်သည့် အလောဘဟိတ်နှင့် အလှူခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့် (မေတ္တာ) အဒေါသဟိတ် ၂-ပါး ပါဝင်၏။ အမောဟဟိတ်မပါဝင်ဘဲ လှူဒါန်းပြုလုပ်၏။ မလှူမီရှေ့ကာလနှင့် လှူပြီးသည့် နောက်ကာလတို့၌ စိတ်အနှောင့်အယှက်များဖြစ်ကာ အကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုရ၏။ ထိုဒါနကုသိုလ်ကံသည် ဟိတ် ၂-ပါးသာ ပါဝင်၍ ရှေ့နှင့်နောက် အကုသိုလ်စိတ်များ ခြံရံသောကြောင့် ဒွိဟိတ်သြမကကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ အကုရံ၊ ယုတ်ပြန်သြမက။

ကံ ၄-မျိုး အကျိုးပေးပုံ

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် နောင်ဘဝများ၌ တိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးသောကြောင့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရပေသည်။ ထို တိဟိတ်ပုဂ္ဂိုလ်တို့သည် နည်းမှန်လမ်းမှန် သတိပဋ္ဌာန်လေးပါးဖြင့် ဝိပဿနာ တရား အားထုတ်လျှင် သောတာပန်အဖြစ်မှစ၍ တရားထူး တရားမြတ်များ ရသွားနိုင်ကြပေသည်။

၂။ တိဟိတ်သြမကကုသိုလ်ကံသည် နောင်ဘဝများ၌ တိဟိတ်ပဋိသန္ဓေ အကျိုးကို မပေးနိုင်၊ ဒွိဟိတ်ပဋိသန္ဓေ အကျိုးကိုသာပေးနိုင်သောကြောင့် နောင်ဘဝများ၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ကြရပေသည်။ ဒွိဟိတ်

ပုဂ္ဂိုလ်တို့သည် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပါဘဲ သတိပဋ္ဌာန် ၀ိပဿနာ တရားကို အားထုတ်ပါသော်လည်း သောတာပန်အဖြစ်သော တရားထူး တရားမြတ်များကို မရရှိနိုင်ကြပေ၊ နောင်ဘ၀များအတွက် ကုသိုလ်ပါရမီ မျှသာ ဖြစ်ကြပေသည်။

၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေအကျိုး မပေးနိုင်၊

ဒွိဟိတ်ပဋိသန္ဓေ အကျိုးကိုသာ ပေးနိုင်သောကြောင့် နောင်ဘ၀ များ၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့သာ ဖြစ်ကြရပေသည်။ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပါဘဲ သတိပဋ္ဌာန်၀ိပဿနာတရားကို အားထုတ်ပါသော်လည်း သောတာပန်အဖြစ်သော တရားထူး တရားမြတ် များကို မရရှိနိုင်ကြပေ၊ နောင်ဘ၀များအတွက် ကုသိုလ်ပါရမီမျှသာ ဖြစ်ကြ ပေသည်။

၄။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေအကျိုး မပေးနိုင်၊

အဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သောကြောင့် နောင်ဘ၀ များ၌ အမိ၀မ်းတွင်းက ကန်းလာ၊ နားပင်းလာသည့် ဇစ္စန္ဓပုဂ္ဂိုလ်များ ဖြစ်ကြရပေသည်။ ထိုဇစ္စန္ဓပုဂ္ဂိုလ်တို့သည် တရားမရနိုင်သောပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။

ဤကဲ့သို့ ပြုလုပ်အပ်သော ကံ ၄-မျိုးတို့တွင် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည်သာလျှင် တရားရနိုင်သည့် တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကြောင့် ဗုဒ္ဓဘာသာ၀င်ပုဂ္ဂိုလ်တို့သည် ဒါနစသော ကုသိုလ် များကို ပြုလုပ်သောအခါ ကံနှင့် ကံ၏အကျိုးပေးတို့ကို ဆင်ခြင်ကာ အသိဉာဏ်နှင့်ယှဉ်၍ တိဟိတ်ကုသိုလ်ကံများဖြစ်အောင် ပြုလုပ်ကြရ ပေသည်။ ရှေ့နောက်နှစ်တန်တို့၌ ကုသိုလ်စိတ်များဖြင့် ခြံရံ၍ ဥက္ကဋ္ဌ ကုသိုလ်ကံ ဖြစ်အောင်လည်း ပြုလုပ်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အကျိုးပေးရာကာလ ကွဲပြားပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကံနှင့် ကံ၏အကျိုးပေးတို့ကို ယုံကြည်အားကိုးလျက် ရှိကြပေသည်။ ထို့ကြောင့် အကုသိုလ်ကံများ မိမိတို့သန္တာန်၌ မဖြစ်လာရအောင် ကုသိုလ်ကံများ မိမိတို့သန္တာန်၌ ဖြစ်နေရအောင် ကောင်းမှုကုသိုလ်များကို မိမိတို့ စွမ်းနိုင်သမျှ ပြုနေကြရပေသည်။ ဤကဲ့သို့ မိမိတို့ပြုနေကြသော ကုသိုလ်ကံတို့သည် အကျိုးပေးရာကာလအားဖြင့် (၄)မျိုး ကွဲပြားလျက် ရှိကြပေသည်။

အကုသိုလ်ကံများပြုမိလျှင် အကုသိုလ်ကံတို့သည်လည်း အကျိုးပေးရာကာလအားဖြင့် (၄)မျိုးပင် ကွဲပြားလျက်ရှိပေသည်။ ယခု ရေးသားဖော်ပြမည်မှာ ကုသိုလ်ကံများကိုသာ ရေးသားဖော်ပြမည် ဖြစ်ပေသည်။ ကုသိုလ်ကံတို့တွင်လည်း ဒါနကုသိုလ်ကံ၏ အကျိုးပေးရာကာလအားဖြင့် (၄)မျိုးကွဲပြားပုံကို အဓိကထား၍ ရေးသားဖော်ပြမည် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုနေကြသော ဒါနစသော ကုသိုလ်ကံတို့သည် -

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = ယခုမျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊

(၂) ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ အကျိုးပေးသောကံ၊

(၃) အပရာပရိယဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးသောကံ၊

(၄) အဟောသိကံ = ကံသာဖြစ်၍ အကျိုးမပေးသောကံဟူ၍ (၄)မျိုး ကွဲပြားလျက်ရှိပေသည်။

အကျယ်သိဖွယ်

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = ယခု မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ ဟူသည် ဒါနစသော ကောင်းမှုကုသိုလ်များပြုသောအခါ ကုသိုလ်ဇောတို့သည် (၇)ကြိမ်(၇)ကြိမ် ဖြစ်သွားကြပေသည်။ ထို(၇)ကြိမ်တို့တွင် ပထမဇောကုသိုလ်စေတနာကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပေသည်။ ထို ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပေသည်။

ယခု မျက်မှောက်ဘဝ၌ပင် အကျိုးပေးသော်လည်း သူ့ရှေ့မှ ဇော အကူအညီကိုမရ၍ ရှေးဦးစွာဖြစ်ရသည့် ပထမဇောကုသိုလ်ကဖြစ်သော ကြောင့် မွေးဖွားခါစ ကလေးငယ်များကဲ့သို့ အားနည်းလှပေသည်။ ထို့ ကြောင့် အကျိုးပေးသောအခါ ပထမဇောကုသိုလ်စေတနာကံသည် ထင်ထင် ရှားရှား အကျိုးမပေးနိုင်ပေ၊ မထင်မရှားသာ အကျိုးပေးနိုင်ပေသည်။

ပထမဇောကုသိုလ်စေတနာကံသည် ယခု မျက်မှောက်ဘဝ၌ပင် ကုသိုလ်ရှင် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိနေရအောင်၊ ကုသိုလ်ရှင် ပြုချင်သည့်ကိစ္စများ လွယ်လွယ်နှင့် ပြီးမြောက်သွားရအောင်၊ ကုသိုလ်ရှင် အလိုရှိအပ်သည့် အကျိုးတရားများ လွယ်လွယ်နှင့် ရရှိသွားရအောင် မထင်မရှားပင် အကျိုးပေးနိုင်ပေသည်။ ယခုဘဝ၌ အကျိုးပေးခွင့်မရလျှင် နောင်ဘဝများ၌ အကျိုးမပေးနိုင်တော့ပေ။ အကျိုးမပေးသည့် အဟောသိကံ ဖြစ်သွားရပေသည်။

ဆောင်ပုဒ်။ ။ မျက်မှောက်ဘဝ၊ ကျိုးပေးက၊ ဒိဋ္ဌဓမ္မမည်။

ပထမဇောကုသိုလ်စေတနာကံသည် အားနည်းသော ကုသိုလ်ကံပင် ဖြစ်ပါသော်လည်း ထူးခြားသည့် အကြောင်း(၄)ချက်နှင့် ပြည့်စုံလျှင်တော့ ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးနိုင်ပေသည်။

ထူးခြားသည့် အကြောင်း(၄)ချက်မှာ -

(က) အလျှုံခံပုဂ္ဂိုလ်၏ အနာဂါမ် ရဟန္တာဖြစ်ခြင်း။

(ခ) နိရောဓသမာပတ်မှ ထသောအခါဖြစ်ခြင်း။

(ဂ) အလျှုပေးပုဂ္ဂိုလ်၏ စင်ကြယ်သော လျှုဖွယ်ပစ္စည်းဖြစ်ခြင်း။

(ဃ) အလျှုပေးပုဂ္ဂိုလ်၏ စေတနာသုံးတန် ထက်သန်ခြင်းဟူသော ဤ ထူးခြားသည့် အကြောင်း(၄)ချက်နှင့် ပြည့်စုံလျှင် ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးနိုင်ပေသည်။

အရှင်အနုရုဒ္ဓါအလောင်း အန္ဒဘာရမြက်ထမ်းသမားသည် ထူးခြားသော အကြောင်း(၄)ချက်နှင့် ပြည့်စုံစွာ လျှုဒါန်းရသောကြောင့် ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်ရသည့် သာဓက ရှိခဲ့ပေသည်။

တစ်ချိန်သောအခါ အရှင်အနုရုဒ္ဓါအလောင်းသည် အန္ဒဘာရဟူသော အမည်ဖြင့် သုမနသူဌေးအိမ်၌ မှီခိုရှိနေရသော ဆင်းရဲသားမြက်ထမ်းသမား ဖြစ်ခဲ့ရပေသည်။ အန္ဒဘာရမြက်ထမ်းသမားသည် တစ်နေ့သောအခါ တောအရပ်မှ မြက်များကို ရိတ်ယူကာ မြက်ထုံးများကို ထမ်း၍ အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုအချိန်မှာ ဂန္ဓမာဒနတောင်၌ သီတင်းသုံးနေတော်မူသော ဥပရိဋ္ဌ အမည်ရှိသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်မှထ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် အန္ဒဘာရမြက်ထမ်းသမား၏ ရှေ့မှ သက်ဆင်းကာ သပိတ်ကိုပိုက်လျက် ဆွမ်းခံကြွသွားတော်မူ၏။

ထိုအခါ အန္ဒဘာရသည် အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလျှုလိုသောကြောင့် အိမ်ရှင်မထံ ပြန်သွား၍ နှစ်ယောက်စာထမင်းကို ယူလာကာ အရှင်ပစ္စေကဗုဒ္ဓါအား လျှုဒါန်းပြီးလျှင် "ဤတစ်ထပ်စာမျှသောဆွမ်းကို လျှုဒါန်းရသည့် ကောင်းမှုကြောင့် နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ဆင်းရဲသားမျိုးမှာ မဖြစ်ရပါလို၏၊ မရှိဟူသော စကားကို မကြားမသိရပါလို၏"ဟု ဆုတောင်းပတ္ထနာနှစ်ခုကို ပြုလိုက်ပေသည်။

ဤကဲ့သို့ တစ်ထပ်စာဆွမ်းကို လှူဒါန်းကာ ဆုတောင်းပတ္ထနာပြု ပြီးလျှင် အိမ်သို့ပြန်လာသောအခါ သုမနသူဌေးက အန္နဘာရ၏ ဆွမ်းအလှူ ကို တစ်ကျပ်မှစ၍ တစ်ထောင်ထိအောင် တိုးပေး၍ ဝယ်ယူသော်လည်း မရောင်းတဲ့အတွက်ကြောင့် အမျှဝေစေပြီး သာဓုခေါ်ကာ ငွေတစ်ထောင် ပေးလေ၏။

ထို့နောက် မင်းကြီးထံသို့ သွားဖို့ရန်ရှိ၍ အန္နဘာရကို မင်းကြီးထံသို့ ခေါ်သွားလေ၏။ မင်းကြီးကလည်း တစ်ထောင်ထပ်ပေးပြီးလျှင် အိမ်ဆောက် ဖို့ရန်အတွက် ခြံမြေတစ်ခုကို ပေးပြန်လေသည်။ ထိုခြံမြေကို ရှင်းလင်း သောအခါ အန္နဘာရအတွက် ရှေးဘိုးများ ပေါ်ထွက်လာသောကြောင့် အန္နဘာရ ဆင်းရဲသားကို သူဌေးကြီးဘွဲ့ ပေးလိုက်လေ၏။

အန္နဘာရမြက်ထမ်းသမား၏ ဆွမ်းအလှူသည် -

(က) အလှူခံပုဂ္ဂိုလ်၏ ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ခြင်း။

(ခ) ပစ္စေကဗုဒ္ဓါ ရဟန္တာ၏ နိရောဓသမာပတ်မှ ထသောအခါဖြစ်ခြင်း။

(ဂ) အလှူပေးပုဂ္ဂိုလ် အန္နဘာရ၏ တစ်ထပ်စာဆွမ်းသည် စင်ကြယ်သော လှူဖွယ်ပစ္စည်းဖြစ်ခြင်း။

(ဃ) အလှူပေးပုဂ္ဂိုလ် အန္နဘာရ၏ စေတနာသုံးတန် ထက်သန်ခြင်း

ဟူသော ထူးခြားသည့် အကြောင်း(၄)ချက်နှင့် ပြည့်စုံသောကြောင့် အန္နဘာရသည် ယခုဘဝ၌ပင် မြက်ထမ်းသမား ဆင်းရဲသားဘဝမှ သူဌေးကြီး ဖြစ်သွားရလေ၏။ ပထမဇော ကုသိုလ်စေတနာကံ၏ အကျိုးပေးပင် ဖြစ်ပေသည်။

ဤသာဓကကို ထောက်ထား၍ အလှူဒါနပြုသောအခါ အလှူခံ ပုဂ္ဂိုလ်ဘက်က အကြောင်းအင်္ဂါနှစ်ပါးနှင့်လည်း ပြည့်စုံနိုင်သမျှ ပြည့်စုံ အောင် ရွေးချယ်ကြရပေသည်။ အလှူပေးပုဂ္ဂိုလ် မိမိတို့ဘက်ကလည်း အကြောင်း အင်္ဂါနှစ်ချက်နှင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စီမံပြုလုပ် ကြရပေသည်။

(၂) ဥပပဇ္ဇဝေဒနီယက် - ဒုတိယဘဝ၌ အကျိုးပေးသောက်ဟူသည် ဒါနစသော ကောင်းမှုကုသိုလ်များကို ပြုသောအခါ ဇော(၇)ကြိမ်တို့တွင် (၇)ခုမြောက်ဖြစ်သည့် သတ္တမဇောကုသိုလ်စေတနာက် ဖြစ်ပေသည်။ ထိုသတ္တမဇောကုသိုလ်စေတနာက်သည် ယခုဘဝမှ ကွယ်လွန်သွားပြီးသောအခါ ဒုတိယဘဝ၌ အကျိုးပေးသောက် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဒုတိယဘဝ၊ ကျိုးပေးက၊ ဥပပဇ္ဇမည်။

သတ္တမဇော ကုသိုလ်စေတနာက်သည် ဇော(၇)ကြိမ်တို့တွင် နောက်ဆုံး အဆုံးဇောစေတနာက်ဖြစ်၍ အားနည်း၏။ ထို့ကြောင့် ဒုတိယဘဝ၌ပင် အကျိုးပေးရသည်။ ဒုတိယဘဝ၌ အကျိုးပေးခွင့်မရခဲ့သော် တတိယဘဝ စတုတ္ထဘဝ စသည်တို့၌ အကျိုးမပေးနိုင်တော့ပေ။ အကျိုးမပေးသည့် အဟောသိက်များ ဖြစ်သွားရပေသည်။

(၃) အပရာပရိယဝေဒနီယက် - တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးသောက်ဟူသည် ဒါနစသော ကောင်းမှုကုသိုလ်များကို ပြုသောအခါ ဇော(၇)ကြိမ်တို့တွင် ပထမဇောက်နှင့် သတ္တမဇောက်(၂)ပါးကို ကြဉ်ပယ်၍ အလယ်ဇော(၅)ခု ကုသိုလ်စေတနာက် ဖြစ်ပေသည်။ ထိုအလယ်ဇော ကုသိုလ်စေတနာက်(၅)ခုသည် ရှေးရှေးဇောများမှ ကုသိုလ်အားများကို နောက်နောက်ဇောများက ရရှိကြသောကြောင့် အားနှင့် ပြည့်စုံကြပေသည်။ ထို့ကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးနိုင်ပေသည်။

ဆောင်ပုဒ်။ ။ တတိယဘဝမှ၊ နိဗ္ဗာန်ကျထိ၊ ကျိုးပေးဘီ၊ အပရာပရိယမည်။

(၄) အဟောသိက် - ကံသာဖြစ်၍ အကျိုးမပေးသော ကံဟူသည် အကြင် ဒိဋ္ဌဓမ္မဝေဒနီယက်၊ ဥပပဇ္ဇဝေဒနီယက်၊ အပရာပရိယဝေဒနီယက်တို့သည် မိမိတို့ အကျိုးပေးရာကာလတို့၌ အကြောင်းမသင့်

အခွင့်မသာ၍ အကျိုးမပေးကြရပေ၊ ထိုကံတို့သည်ပင်လျှင် အဟောသိကံတို့ ဖြစ်သွားကြရပေသည်။

ဆောင်ပုဒ်။ ။ အကျိုးမပေးပြန်၊ အဟောသိကံ၊ အမှန်ဖြစ်ပေသည်။

ဤကဲ့သို့ ကုသိုလ်ကံတို့သည် အကျိုးပေးရာ ကာလအားဖြင့် -

- ယခုမျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊
- ဒုတိယဘဝ၌ အကျိုးပေးသောကံ၊
- တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးသောကံ၊
- ကံသာဖြစ်၍ အကျိုးမပေးသောကံဟူ၍ (၄)မျိုး ကွဲပြားလျက် ရှိကြပေသည်။

အကုသိုလ်ကံတို့သည်လည်း ကုသိုလ်ကံတို့ကဲ့သို့ပင် အကျိုးပေးရာ ကာလအားဖြင့် (၄)မျိုး ကွဲပြားလျက် ရှိကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် မိမိတို့ပြုထားအပ်သော ကံကသာ မိမိတို့ကို ဖြစ်လေရာ ဘဝတိုင်းတို့၌ အယုတ်အမြတ်စသည်ဖြင့် ဝေဖန်ပေးလျက်ရှိပေသည်၊ ကံ၏စီမံခန့်ခွဲမှုကို ခံယူကြရပေသည်ဟု ယုံကြည်လျက် ရှိကြပေသည်။

ထိုထိုဘဝတို့၌ ဖြစ်ကြရသည့်အခါမှာ အသက်တိုရတာ၊ အသက်ရှည်ရတာ၊ အနာရောဂါများရတာ၊ အနာရောဂါကင်းရတာ၊ အဆင်းလှရတာ၊ အဆင်းမလှရတာ၊ ဘုန်းတန်ခိုးကြီးရတာ၊ ဘုန်းတန်ခိုးနည်းရတာ၊ ပစ္စည်းဥစ္စာပေါများရတာ၊ ပစ္စည်းဥစ္စာရှားပါးရတာ၊ အမျိုးမြတ်ရတာ၊ အမျိုးယုတ်ရတာ၊ ပညာဉာဏ်ကြီးမားရတာ၊ ပညာဉာဏ်နည်းပါးရတာ စသည်များကို ကံကပင်လျှင် ဝေဖန်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်း ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကံနှင့် ကံ၏အကျိုးပေးတို့ကို အထူး ယုံကြည်အားကိုးလျက် ရှိကြပေသည်။ ထိုကံတို့သည် ရှေ့နောက် အကျိုးပေးသောအစဉ်အားဖြင့် (၄)မျိုး ကွဲပြားလျက်ရှိပေသည်။

၁။ ဂရုကံ = ကံတစ်ပါးတို့သည် မတားမြစ်နိုင်သည့် ကြီးလေးသောကံ၊

၂။ အာသန္နကံ = သေခါနီးကာလ၌ ပြုအပ်သောကံနှင့် အောက်မေ့အပ်သည့်ကံ၊

၃။ အာစိဏ္ဏက် = နေ့စဉ် အကြိမ်များစွာ လေ့ကျက်အပ်သောက်၊
၄။ ကဋ္ဌတ္တာက် = ပြုဖူးကာမျှပြစ်သောက်ဟူ၍ အကျိုးပေးသောအစဉ် အားဖြင့် (၄)မျိုး ကွဲပြားလျက်ရှိပေသည်။

အကျယ်သိဖွယ်

၁။ ဂရုက် = ကံတစ်ပါးတို့သည် မတားမြစ်နိုင်သည့် ကြီးလေသောက် ဟူသည် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ (၂)မျိုးရှိပေသည်။ ထို(၂)မျိုးတို့တွင် အကုသိုလ်ကံအရာ၌ ပဋ္ဌာနန္တရိယက်၊ နိယတမိစ္ဆာဒိဋ္ဌိက်တို့ ဖြစ်ကြပေသည်။ ထိုပဋ္ဌာနန္တရိယက်(၅)ပါးကို ပြုမိသောပုဂ္ဂိုလ်နှင့် နိယတမိစ္ဆာဒိဋ္ဌိက်(၃)ပါးရှိကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှ စုတိ (သေပြီး)သည့် နောက်ကာလ ဒုတိယဘဝ၌ အပါယ်ငရဲသို့သာ ကျရောက်ကြရပေသည်။ မည်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကမှ တားမြစ်၍ မရသောကြောင့် ကြီးလေးသော ဂရုက်တို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ ကံတစ်ပါးတို့၊ မတားနိုင်ရာ၊ ကြီးလေးပါ၊ မှန်စွာဂရုက်မည်။

ပဋ္ဌာနန္တရိယက် (၅)ပါးဆိုသည်မှာ -
(၁) အမိကိုသတ်ခြင်း။
(၂) အဖကိုသတ်ခြင်း။
(၃) ရဟန္တာကိုသတ်ခြင်း။
(၄) ဘုရားကို သွေးစိမ်းတည်အောင် သွေးခြေဥအောင်ပြုခြင်း။
(၅) သံဃာကို သင်းကွဲအောင်ပြုခြင်းတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ မိဘ,ရဟန်၊ လောဟိတ်၊ ဘေဒ်နန္တရိ။

နိယတမိစ္ဆာဒိဋ္ဌိက်(၃)ပါး ဆိုသည်မှာ -
အကြောင်းမရှိဘဲ ပုဂ္ဂိုလ်သတ္တဝါတွေ အလိုလိုချမ်းသာသည့် အလိုလို ဆင်းရဲသည်ဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိက်သည် အဟေတုက နိယတ မိစ္ဆာဒိဋ္ဌိက် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကြောင်းကိုတား၊ စွဲယူမှား၊ ဓေါ်ငြားအဟေတုက။

လျှုဒါန်းပူဇော်ခြင်း စသည်များကို ပြုပါသော်လည်း အကျိုးမရရှိနိုင်ဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိကံသည် နတ္ထိကနိယတမိစ္ဆာဒိဋ္ဌိက် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကျိုးကိုတား၊ စွဲယူမှား၊ ဓေါ်ငြားနတ္ထိက။

ကောင်းသည့် ကုသိုလ်အမှုကို ပြုပါသော်လည်း ကောင်းသည့် ကုသိုလ်ကံများ ဖြစ်မလာပေ၊ မကောင်းသည့် အကုသိုလ်အမှုများကို ပြုပါသော်လည်း မကောင်းသည့် အကုသိုလ်ကံများ ဖြစ်မလာပေဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိကံသည် အကိရိယ နိယတမိစ္ဆာဒိဋ္ဌိက် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကံကိုပင်တား၊ စွဲယူမှား၊ ဓေါ်ငြားအကိရိယ။

ဤပဋ္ဌာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံရှိကြသော ပုဂ္ဂိုလ်တို့သည် စုတိ(သေပြီး)သည်မှ နောက်ကာလ ဒုတိယဘဝ၌ အပါယ်ငရဲသို့သာ ကျရောက်ကြရပေသည်။ မည်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကမှ တားမြစ်လို့ မရသောကြောင့် ဂရုကံတို့ ဖြစ်ကြပေသည်။

ကုသိုလ်ကံအရာ၌ မဟဂ္ဂုတ်(ဈာန်) ကုသိုလ်ကံတို့ ဖြစ်ကြပေသည်။ ထိုမဟဂ္ဂုတ်(ဈာန်) ကုသိုလ်ကံတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဒုတိယဘဝတွင် ဗြဟ္မာပြည်သို့ ကေန်မုချ ရောက်ကြရမည် ဖြစ်ပေသည်။ မည်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကမှ တားမြစ်လို့မရသောကြောင့် ကြီးလေးသော ဂရုကံတို့ ဖြစ်ကြပေသည်။

၂။ အာသန္နကံ - သေခါနီးကာလ၌ ပြုအပ်သောကံနှင့် အောက်မေ့

အပ်သောကံဟူသည် ကုသိုလ်အာသန္နကံနှင့် အကုသိုလ်အာသန္နကံ ဟူ၍ (၂)မျိုးပင် ရှိပေသည်။ ကုသိုလ်အာသန္နကံသည် နေ့စဉ်မပြတ် မှီဝဲအပ်သော အကုသိုလ်အာစိဏ္ဏကံကို ပယ်ဖြတ်၍ ကောင်းကျိုးများကို ပေးနိုင်ပေသည်။ အကုသိုလ်အာသန္နကံသည်လည်း နေ့စဉ်မပြတ် မှီဝဲအပ်သော ကုသိုလ်အာစိဏ္ဏကံကို ပယ်ဖြတ်၍ မကောင်းကျိုးများကို ပေးနိုင်ပေသည်။

ဆောင်ပုဒ်။ ။ စုတိနိုးကပ်၊ ပြုအပ်ထင်ပြား၊ ဤကံများ၊ ခေါ်ပြားအာသန္ဓိ။

အကုသိုလ် အာစိဏ္ဏကံကို ကုသိုလ်အာသန္ဓကံက ပယ်ဖြတ်ရာ၌ သောဏမထေရ်၏ ဖခင်မုဆိုးရဟန်းကြီး သာဓကဖြင့် ထင်ရှားလုပေသည်။

သောဏမထေရ်၏ ဖခင် မုဆိုးရဟန်းကြီး၌ ကွယ်လွန်လောက်သည့် ရောဂါဝေဒနာများ ဖြစ်လာသောအခါ ခွေးမုဆိုးအလုပ်ကို တစ်သက်ပတ်လုံးပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးဖြစ်သည့် ခွေးကြီးများက သူ့ကို ကိုက်စားတော့မည့် နိမိတ်များထင်လာ၍ ကြောက်လန့်သောအသံဖြင့် "သောဏတို့ ... ခွေးကြီးများကို မောင်းထုတ်ပေးကြပါ"ဟု ပြောဆိုလေ၏။

ထိုအခါ သောဏမထေရ်က ဖခင်မုဆိုးရဟန်းကြီး ငရဲကျတော့မည့် ဘေးကို ကာကွယ်ပေးလို၍ စေတီရင်ပြင်တော်၌ ပန်းတွေ ပူဇော်လျှုဒါန်းကာ ဖခင်မုဆိုးရဟန်းကြီးကို ရှိခိုးပူဇော်စေ၏။ ထို့နောက် မကြာမီမှာပင် နတ်သမီး နိမိတ်တွေ ထင်လာ၍ "သောဏတို့ ... ဖယ်ကြ ဖယ်ကြ၊ သင်တို့၏ မိခင်တွေလာနေပြီ"ဟု ပြောဆိုကာ ပျံ့လွန်တော်မူသွားပြီး နတ်ပြည်သို့ ရောက်သွားလေ၏။

ဤသာဓကမှ တစ်သက်ပတ်လုံး ခွေးမုဆိုးပြုလုပ်ခဲ့သည့် အကုသိုလ် အာစိဏ္ဏကံကို ပျံ့လွန်တော်မူခါနီးမှာ ပန်းလျှုဒါန်းပူဇော်သည့် အာသန္ဓကံက ပယ်ဖြတ်လိုက်သည်မှာ ထင်ရှားလှပေသည်။

၃။ အာစိဏ္ဏကံ = နေ့စဉ် အကြိမ်ကြိမ် လေ့ကျက်အပ်သောကံဟူသည်

ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ (၂)မျိုးပင်ရှိပေသည်။ ဘုရားရှင်ဆွမ်းတော်တင်၍ လှုဒါန်းခြင်း၊ ပန်း ရေချမ်း ဆီမီးပူဇော်ခြင်း၊ သံဃာတော်တို့အား ဆွမ်းလောင်းလှုဒါန်းခြင်း၊ ငါးပါးသီလကို ဆောက်တည်ခြင်းစသော နေ့စဉ် အကြိမ်ကြိမ်ပြုလုပ် လေ့ကျက်အပ်သောကံသည် ကုသိုလ်အာစိဏ္ဏကံ ဖြစ်ပေသည်။ ထိုကုသိုလ်အာစိဏ္ဏကံ၌ မိမိပြုခဲ့မိ

သည့် ကုသိုလ်များကို ပြန်သတိရ၍ အထပ်ထပ် ဝမ်းမြောက်မှုကိုဖြစ်စေ သော ကံသည်လည်း အာစိဏ္ဏကံပင် ဖြစ်ပေသည်။

မုဆိုး တံငါအလုပ်ဖြင့် အသက်မွေးကြသောသူတို့ နေ့စဉ် အကြိမ်ကြိမ်ပြုလုပ်ကြသော ပါဏာတိပါတစသောကံသည် အကုသိုလ် အာစိဏ္ဏကံ ဖြစ်ပေသည်။ မိမိပြုခဲ့မိသည့် အကုသိုလ်များကို ပြန်သတိရ၍ အထပ်ထပ် နောင်တပူပန်မှုကို ဖြစ်စေတတ်သောကံသည်လည်း အာစိဏ္ဏကံပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကြိမ်များစွာ၊ လေ့လာအပ်ငြား၊ ကံအများ၊ ခေါ်ငြားအာစိဏ္ဏံ။

အာသန္နကံ၊ အာစိဏ္ဏကံ နှစ်ပါးတို့တွင် အားရှိသောကံသည် ရှေးဦးစွာ အကျိုးပေး၏။ အားချင်းတူလျှင် အာသန္နကံက ရှေးဦးစွာ အကျိုးပေး၏။

၄။ ကဋတ္တာကံ = ပြုဖူးကာမှုဖြစ်သော ကံဟူသည် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံဟူသော ရှေးက(၃)ပါးတို့မှ လွတ်သော အဖန်ဖန်ပြုအပ်သည့် ကံများသည် ကဋတ္တာကံ ဖြစ်ပေသည်။

ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပုံ

အကြင်ပုဂ္ဂိုလ်၌ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံဟူသော ဤကံ(၄)မျိုးလုံးရှိနေ၏။ ထိုပုဂ္ဂိုလ်အတွက် ယခုဘဝမှ အခြားမဲ့ ဒုတိယဘဝ၌ ဂရုကံက အကျိုးပေးခွင့်ရလေ၏။ ဂရုကံမရှိလျှင် အာသန္နကံက အကျိုးပေးခွင့်ရလေ၏။ အာသန္နကံမရှိခဲ့လျှင် အာစိဏ္ဏကံက အကျိုးပေးခွင့်ရလေ၏။ အာစိဏ္ဏကံမရှိခဲ့လျှင် ကဋတ္တာကံက အကျိုးပေးခွင့်ရလေ၏။ ဤကဲ့သို့ အကျိုးပေးခွင့်အစဉ်အားဖြင့် ကံ(၄)မျိုး၏ အကျိုးပေးပုံမှာ သိဖွယ်ရာကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ပဋိပတ္တိသာသနာ ဆောင်ရွက်ကြကုန် သိကောင်းစကု

ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားကြီး ဆောင်ရွက်ခဲ့ခြင်း

ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားကြီး ဦးအာသဘသည် မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာကို ၁၃၁၄-ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့ပါသည်။ မြိတ်မြို့၌ သီတင်းသုံး၍ ပဋိပတ္တိသာသနာ အတွက် ဆောင်ရွက်ခဲ့သည်မှာ ၂၀၀၂-ခုနှစ်၊ ၁၃၆၄-ခုနှစ် တပို့တွဲ လပြည့်ကျော်(၁၀)ရက်နေ့တွင် အနှစ်(၅၀)ပြည့်မြောက်သည့် အချိန်သို့ ရောက်ရှိလာပြီး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ သက်တော်မှာလည်း အနှစ်(၉၀)ပြည့်သည့် အချိန်သို့ ရောက်ရှိလာပြီး ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ သံဃာတော်များနှင့် တပည့် ဒကာ၊ ဒကာမများက ရှေရတု သဘင် ဆင်ယင်ကျင်းပ၍ ပူဇော်ကြခြင်း ဖြစ်ပါသည်။

ဝိနည်းအလေးပြုခြင်း

ဆရာတော်ဘုရားကြီးသည် ယနေ့တိုင်အောင် ကျန်းမာလျက်ရှိပြီး မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၌ ပဓာနနာယကအဖြစ်ဖြင့် ပဋိပတ္တိ သာသနာအတွက် ဆောင်ရွက်လျက်ရှိပါသည်။ လပြည့်၊ လကွယ်နေ့များ၌ သံဃာ့ဥပုသ်ပြုရာတွင် ကိုယ်တော်တိုင် ပါတိမောက်သိက္ခာပုဒ်များကို

ရွတ်ဆိုရ၍ ဥပုသ်ပြုလျက်ရှိပါသည်။ ဆရာတော်ဘုရားကြီးသည် ဝိနည်းသိက္ခာပုဒ်များကို အလေးဂရပြု၍ အလိုအပိုမရှိ လိုက်နာကျင့်သုံးတော်မူလေ့ရှိပါသည်။

တရားဟော တရားပြကောင်းခြင်း

ဆရာတော်ဘုရားကြီးသည် တရားနာပရိသတ်တို့အား ဒါနတရား၊ သီလတရားစသည်တို့ကို ဟောကြားတော်မူရာ၌ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းအဓိပ္ပါယ်များ ရှင်းအောင် ဝတ္ထုသာဓကနှင့် ဟောကြားနိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံသောကြောင့် ဆရာတော်ဘုရားကြီး ဟောကြားလိုက်သော တရားတော်များကို တရားနာပရိသတ်များ အလွန်ပင် နှစ်သက်သဘောကျကြပါသည်။

ဆရာတော်ဘုရားကြီးသည် ယောဂီတရားနာပရိသတ်များကို ဟောကြားရာ၌လည်း ယောဂီများသန္တာန်၌ ဖြစ်နေကြသော ရုပ်နာမ်၊ ကြောင်းကျိုး၊ ဖြစ်မှုပျက်မှု စသည်များကို မြင်သွားရအောင် တိုတိုကျဉ်းကျဉ်းနှင့် ရှင်းသွားရအောင် ဟောကြားပေးနိုင်သည့် ဉာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူပါပေသည်။ ဤကဲ့သို့ တိုတိုကျဉ်းကျဉ်းနှင့် ရှင်းအောင် ဟောကြားပေးသောကြောင့် ယောဂီတရားနာပရိသတ်များ အလွန်ပင် နှစ်သက် သဘောကျကြပါသည်။

ဆက်ဆံရေးကောင်းခြင်း

စာရေးသူ သဒ္ဓမ္မရံသီရိပ်သာဆရာတော် နှစ်စဉ်နှစ်တိုင်း မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ တရားစခန်းသို့ ကြွရောက်သောအခါ ဆရာတော်ဘုရားကြီးသည် မိမိနေထိုင်ရာကျောင်းမှ သဒ္ဓမ္မရံသီဆရာတော် တည်းခိုရာကျောင်းသို့ ကြွရောက်၍ ရှိခိုးကန်တော့ခြင်းကို ခံတော်မူပါသည်။ ကန်တော့ခံပြီးသောအခါ "သဒ္ဓမ္မရံသီဆရာတော် ဤရိပ်သာ၌ နေထိုင်စဉ် ဤရိပ်သာကို ကိုယ့်ရိပ်သာကဲ့သို့ပင် အလိုရှိသည့်အတိုင်း ဟောပြောဆောင်ရွက်ပါ"ဟု ဆောင်ရွက်ခွင့်ပြုတော်မူပါသည်။

ဆရာတော်ဘုရားကြီးထံမှ ခွင့်ပြုချက်ရသောကြောင့် ယောဂီများကို တရားဟောရာ၌လည်း စိတ်တိုင်းကျ ဟောပြောနိုင်ခဲ့ပါသည်။ ယောဂီများ၏ တရားထိုင်ချိန်၊ စင်္ကြံလျှောက်ချိန်၊ တရားနာချိန်၊ ဆွမ်းစားချိန် စသည်များကိုလည်း သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ စိတ်တိုင်းကျ သတ်မှတ်နိုင်ခဲ့ပါသည်။ မြိတ်ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရ ဆောင်ရွက်ရသည်မှာ အထူးပင် အဆင်ပြေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ဒကာ၊ ဒကာမ ပရိသတ်အမျိုးမျိုးတို့နှင့် ဆက်ဆံရာတွင် ကြီးသူ၊ အလယ်အလတ်ဖြစ်သူ၊ ငယ်ရွယ်သူတို့နှင့် သင့်လျော်စွာ ဆက်ဆံတော်မူပုံမှာ အတုယူဖွယ် နည်းယူဖွယ် ကောင်းလှပါပေသည်။ မိမိထံသို့ ရောက်လာကြသူ ပရိသတ်အမျိုးမျိုးတို့အား ကုသိုလ်ဖြစ်စေသည့် စကားများဖြင့် မှတ်သားဖွယ် လိုက်နာဖွယ်များကို အခါအားလျော်စွာ ပြောကြားဆက်ဆံတော်မူပါသည်။ ဤကဲ့သို့ ဆက်ဆံတော်မူသည်မှာ သာသနာ့ဝန်ကိုဆောင်ကြမည့် တပည့်အဆက်ဆက်တို့ အတုယူဖွယ် နည်းယူဖွယ်ကောင်းလှပါပေသည်။

ပစ္စည်းများကို သိုမှီးထားလေ့ မရှိခြင်း

ဆရာတော်ဘုရားကြီးသည် မြိတ်မြို့၌ အနေကြာပြီး ထင်ရှားသည့် ဆရာတော်ကြီးတစ်ပါး ဖြစ်သည့်အားလျော်စွာ ပစ္စည်းလာဘ်လာဘများ အလွန်ပင် ပေါများတော်မူပါသည်။ ဤကဲ့သို့ ပစ္စည်းပေါများပါသော်လည်း ထိုပစ္စည်းများကို မိမိအတွက် ရည်မှန်း၍ သိုမှီးသိမ်းဆည်းထားခြင်း မရှိသည့် အကြောင်းကို သိရပါသည်။

ရရသမျှသော ပစ္စည်းလာဘ်လာဘများကို သင့်လျော်သည့်ပုဂ္ဂိုလ်များနှင့် သင့်လျော်သည့် ကျောင်းကန်ဘုရားတို့အား အခါအားလျော်စွာ အမြဲတမ်းလိုပင် လှူဒါန်းလေ့ရှိသည်ဟု ကြားသိရပါသည်။ များသောအားဖြင့် ကျောင်းအဆောက်အအုံများထဲသို့ ထည့်၍ လှူဒါန်းတာများသည်ဟု ကြားသိရပါသည်။

အဆောက်အဦ ဝါသနာပါခြင်း

ဆရာတော်ဘုရားကြီးသည် ကျောင်းအဆောက်အအုံများ ဆောက်လုပ်မှုဌ အထူးပင် အထုံဝါသနာရှိတော်မူသည်ဟု ကြားသိရပါသည်။ အထုံဝါသနာရှိတော်မူသည့်အတိုင်း မိမိ၏ရိပ်သာအတွင်း ဆောက်လုပ်သော ကျောင်းအဆောက်အအုံများကို ကိုယ်တိုင်နေရာပေး၍ ကိုယ်တိုင်စီမံကာ ဆောက်လုပ်တော်မူလေ့ရှိပါသည်။

ယခုအခါ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာအတွင်းဌ ဓမ္မာရုံကြီးတစ်ခု ရှိပေသည်။ အလျား ပေတစ်ရာကျော်၊ အနံ ပေခြောက်ဆယ်ကျော်ရှိသည့် ဓမ္မာရုံကြီး ဖြစ်ပေသည်။ ထိုဓမ္မာရုံကြီးသည် ရဟန်း ရှင်လူ ယောဂီများ နေ့စဉ် တရားထိုင်ကြဖို့ရာ အသင့်တော်ဆုံး ဓမ္မာရုံကြီး ဖြစ်ပေသည်။ ထိုဓမ္မာရုံကြီးကို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စီမံခန့်ခွဲ၍ ဆောက်လုပ်တော်မူခဲ့ပါသည်။

ခန္ဓီဓာတ်ခံရှိတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သီလ၊ သမာဓိ၊ ပညာဂုဏ်များနှင့် ပြည့်စုံ၍ မြိတ်မြို့ဌ ထင်ရှားသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပေသည်။ ဤကဲ့သို့ ထင်ရှားသော ဆရာတော်ကြီးတစ်ပါး ဖြစ်သည့်အတိုင်း ရဟန်းရှင်လူပရိသတ်အမျိုးမျိုးတို့နှင့် သာသနာရေးကိစ္စများကို အတူတကွ ဆောင်ရွက်ခဲ့ရပေသည်။

ဤကဲ့သို့ အတူတကွ ဆောင်ရွက်ကြရာ၌ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အတူတကွ ဆောင်ရွက်ရ၍ အဆင်ပြေသည့်အခါလည်း ရှိခဲ့ပေသည်။ မသင့်လျော်သော ပုဂ္ဂိုလ်များနှင့် အတူတကွ ဆောင်ရွက်ရ၍ အဆင်မပြေသောအခါလည်း ရှိခဲ့ပေသည်။ ဤကဲ့သို့ အဆင်မပြေသောအခါတို့၌ ထိုထို ပုဂ္ဂိုလ်တို့အပေါ်တွင် အာယာတမထားပါဘဲ ခန္ဓီများများ ကျင့်သုံးနိုင်သည်ကို ကြားသိရပေသည်။ ထိုထိုပုဂ္ဂိုလ်တို့၏ အပြစ်များကို ထုတ်ဖော်၍

ပြောလေ့မရှိခြင်းကို ထောက်ထား၍ အာယာတမထားဘဲ ခန္ဓာများများ ကျင့်သုံးနိုင်သည်"ဟု ဆိုရပေသည်။

မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကို စာရေးသူ သဒ္ဓမ္မရံသီရိပ်သာဆရာတော် မုတ်သားမိသမ္ဘကိုသာ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးများသည် ဤမျှမက အဆပေါင်းများစွာ ကြီးမား များပြားမည် ဖြစ်ပေသည်။

ကမ္မဋ္ဌာနာစရိယ ဝန်ဆောင်နာယက (၃)ပါးရှိခဲ့ခြင်း

မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာကြီး တိုးတက်လာခဲ့သည်မှာ မူလပဓာန နာယကဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ချက်နှင့် ကမ္မဋ္ဌာ နာစရိယ ဝန်ဆောင်နာယက ဆရာတော်(၃)ပါးတို့၏ ဆောင်ရွက်ချက်များ ကြောင့် တိုးတက်လာခြင်း ဖြစ်ပေသည်။ အမြတ်မားယောဂီများကို လက်ခံ၍ တရားပြပေးနိုင်သည့် ရိပ်သာအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်(၃)ပါးမှာ မြတ်ဝေါဟာရအားဖြင့် -

၁။ ဆရာငယ် ဦးနန္ဒသီရိ
၂။ ဆရာငယ် ဦးတေဇာနန္ဒ
၃။ ဆရာငယ် ဦးဣန္ဒာစာရတို့ ဖြစ်ကြပေသည်။

၁။ ဆရာငယ် ဦးနန္ဒသီရိ ဆောင်ရွက်ခဲ့ခြင်း

ဆရာငယ် ဦးနန္ဒသီရိသည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ သြဝါဒါစရိယဆရာတော်များနှင့် နာယကဆရာတော်များ၏ ရွေးချယ်ခြင်းကို ခံယူရ၍ မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာသို့ ကြွရောက်ကာ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ်ဖြင့် ဝိပဿနာ - ပဋိပတ္တိသာသနာ တိုးတက်အောင် ဆောင်ရွက်ရသည့် ဆရာငယ်တစ်ပါး ဖြစ်ပေသည်။

ဆရာငယ် ဦးနန္ဒသီရိသည် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၌ ၁၃၅၂-ခုနှစ်မှ ၁၃၅၄-ခုနှစ်အထိ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီး၏ သြဝါဒကိုခံယူကာ မိမိ၏ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် တရားဟော တရားပြ နှင့် ရိပ်သာ၏ တိုးတက်ရာ တိုးတက်ကြောင်းများကို အချိန်ပြည့် ဆောင်ရွက်ခဲ့ပါသည်။ ဝိပဿနာတရားနှင့် လက်လုမ်းဝေးနေကြသော ယောဂီများအား အသိဉာဏ်ပွင့်လင်းလာရအောင် ဆွဲဆောင်စည်းရုံးပြီး ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အမြဲတမ်းရိပ်သာ ဖြစ်လာသည်နှင့်အညီ ဝေယျာဝစ္စအဖွဲ့ သုမိတ္တာအဖွဲ့များကို ရန်ကုန်မြို့ မဟာစည်ရိပ်သာကြီးကို စံနမူနာပြုကာ ဆရာ ဒကာလက်တွဲ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။ အမျိုးသမီးယောဂီဆောင်သစ် ဆောက်လုပ်ရန်အတွက် နဝကမ္မ ရန်ပုံငွေ ကိုလည်း စုဆောင်းပေးခဲ့ပေသည်။

ထို့အပြင် ယောဂီ ဒကာ၊ ဒကာမကြီးငယ်တို့အား မေတ္တာ ကရုဏာ အပြည့်အဝဖြင့် တရားဟော တရားပြ ဆောင်ရွက်ပေးသောကြောင့် ထိုယောဂီ ဒကာ၊ ဒကာမများ၏ အထူးကြည်ညိုလေးစားမှုကို ခံယူရရှိခဲ့ ပေသည်။

၂။ ဆရာငယ် ဦးတေဇာနန္ဒ ဆောင်ရွက်ခဲ့ခြင်း

ဆရာငယ် ဦးတေဇာနန္ဒသည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ သြဝါဒိစရိယဆရာတော်များနှင့် နာယကဆရာတော်များ၏ ရွေးချယ်ခြင်းကို ခံယူရ၍ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာသို့ ကြွရောက်ကာ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ်ဖြင့် ဝိပဿနာ - ပဋိပတ္တိသာသနာ တိုးတက်အောင် ဆောင်ရွက်ရသည့် ဆရာငယ်တစ်ပါး ဖြစ်ပေသည်။

ဆရာငယ် ဦးတေဇာနန္ဒသည် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၌ ၁၃၅၄-ခုနှစ်မှ ၁၃၅၇-ခုနှစ်အထိ မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော်ဘုရားကြီး၏ သြဝါဒကိုခံယူကာ မိမိ၏ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် တရားဟော တရားပြနှင့် ရိပ်သာ၏ တိုးတက်ရာ တိုးတက်ကြောင်းများကို အချိန်ပြည့် ဆောင်ရွက်ခဲ့ပေသည်။

ဆရာငယ် ဦးတေဇာနန္ဒသည် အခန်းပေါင်း(၁၈)ခန်းရှိသည့် အမျိုးသမီးယောဂီဆောင်ကြီး တစ်ဆောင်ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပါသည်။ တစ်ထပ် ဆွမ်းစားဆောင် အဟောင်းကြီးကိုလည်း နစ်ထပ် ဆွမ်းစားဆောင်ကြီး ဖြစ်လာအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့အပြင် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာကြီး အရှည်တည်တံ့ တိုးတက်နေရအောင် ယောဂီဟောင်းများနှင့် ယောဂီသစ်များ စုပေါင်းကာ ဆောင်ရွက်နိုင်ရန်အတွက် ဝေယျာဝစ္စအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်စေခဲ့ပါသည်။

ဆရာငယ် ဦးတေဇာနန္ဒသည် ယောဂီ ဒကာ၊ ဒကာမကြီးငယ်တို့အား မေတ္တာ ကရုဏာအပြည့်အဝဖြင့် တရားဟော တရားပြ ဆောင်ရွက်ပေးသောကြောင့် ထိုယောဂီ ဒကာ၊ ဒကာမများ၏ အထူးကြည်ညိုလေးစားမှုကို ခံယူရရှိခဲ့ပေသည်။

၃။ ဆရာငယ် ဦးဣန္ဒာစာရ ဆောင်ရွက်ခဲ့ခြင်း

ဆရာငယ် ဦးဣန္ဒာစာရသည် ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၌ ၁၃၅၇-ခုနှစ်မှ ယနေ့အထိ မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော်ဘုရားကြီး၏ သြဝါဒကိုခံယူကာ မိမိ၏ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် တရားဟော တရားပြနှင့် ရိပ်သာ၏ တိုးတက်ရာ တိုးတက်ကြောင်းများကို အချိန်ပြည့် ဆောင်ရွက်လျက်ရှိပေသည်။

ဆရာငယ် ဦးဣန္ဒာစာရသည် တတိယမြောက် ကမ္မဋ္ဌာနာစရိယ ဖြစ်သည့်အားလျော်စွာ မိမိ၏ရှေ့မှ ဆောင်ရွက်ခဲ့ကြသော ကမ္မဋ္ဌာနာစရိယ ဆရာငယ်(၂)ပါး၏ ဆောင်ရွက်ချက်များကို အစဉ်မပျက် ဆက်လက်၍ တိုးတက်နေရအောင် မိမိ၏ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အချိန်ပြည့် ကြိုးစား၍ ဆောင်ရွက်လျက် ရှိပေသည်။

ဆရာငယ် ဦးဣန္ဒာစာရသည် မြတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအင်ကျန်၊ ဦးယုလွင် တို့၏ အကူအညီဖြင့် အမျိုးသားယောဂီဆောင်တစ်ဆောင် ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပေသည်။ တို့အပြင် များစွာသော ထာဝရဆွမ်း ပဒေသာပင်များ ဖြစ်ပေါ်လာရအောင်လည်း ဆောင်ရွက်လျက်ပင် ရှိပေသည်။

ဦးကုဋ္ဌညာဘိဝံသ
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အမှတ်(၇)ဝေယျာဝေမာလမ်း
(ဂ)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။